
www.burmeseclassic.com

ရွှေဂကား စာပေ

ဂမ္ဘီရ ဆန်းကြယ် လုံးချင်း ဝတ္ထု

# မင်းစိကြ

မယောင်းမယ်



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား သို့ရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



# မင်းစိတြ

## မယောင်းမယ်



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၁၄၇၀၂၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၁၅၇၀၂၁၁

ထုတ်ဝေသူ
ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
အမှတ် (၆၆)၊ ၆-လမ်း၊ လမ်းမတော်။

အဖုံးပုံနှိပ်သူ
ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ် (၂၀၇)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

အတွင်းပုံနှိပ်သူ
ဒေါ်ချစ် (စန္ဒာမိုးပုံနှိပ်တိုက်)
အမှတ် (၂၀၀)၊ ၃၁-လမ်း၊ ပန်းဘဲတန်း။

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဧပြီလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀။

၈၉၅ ၈၃
မင်းစိုးခြ
ဖယောင်းမယ် / မင်းစိုးခြ - ရန်ကုန်။
စိန်သရဖူစာပေ ၊ ၂၀၁၁ ။
၂၇၈ - စာ ၊ ၁၂.၅ × ၁၇.၅ စင်တီ။
(၁) ဖယောင်းမယ်






# ဖယောင်းမယ်

## အခန်းစဉ်





၁။ အဖြူထည်မျက်လုံးနဲ့လူ
၂။ ရုပ်တုလေးတစ်ခု
၃။ ရှေးကလူသတ်ကုန်းကြီး
၄။ တစ်ဝက်စောရ
၅။ အဘမိုးနှင့်ပုရပိုက်များ
၆။ ခိုးသားဓားပြကြီး ငကြွေး
၇။ ထူးဆန်းသောစည်းပင်ကြီး
၈။ ဓားကြီးကို ခိုးသွားတဲ့သူ
၉။ ရည်ရွယ်ချက်ကြီးမားသူ
၁၀။ ဖယောင်းမယ်
၁၁။ ချုပ်နှောင်ထားသောကျိန်စာ
၁၂။ အကန်းတစ္ဆေ
၁၃။ လူသေးသေးလေးများ
၁၄။ ဆင်တူဇာတ်လမ်း

www.burmeseclassic.com

www.burmeseclassic.com






၁၅။ ထိပ်မံရှာဖွေကြပြန်ခြင်း

၁၆။ ရှုပ်တုကြီးမှာ

၁၇။ ထူးခြားသောဂူတစ်လုံး

၁၈။ ရှုပ်ကြွင်းများ

၁၉။ ထူးဆန်းသောတွေ့ကြက်များ

၂၀။ ရှုပ်တုဇာတ်သိမ်း

၂၁။ လွင့်ပြယ်သွားသောကျိန်စာ

၂၂။ သွေးသောက်ညီအစ်ကို




## အခန်း (၁)
## အဖြူထည်မျက်လုံး

တောလမ်းခရီး ...

လူသုံးယောက်သည် ခပ်သွက်သွက်ပင် ခရီးနှင်နေကြသည်။ သူတို့သည်ကောင်းကင်ထက်ဆီကိုမော့ကြည့်လိုက်၊ သေးဘီကိုကြည့်လိုက်နှင့် ရှိနေကြသည်။ နေမကွယ်မီရွာကိုမြန်မြန်ရောက်မှဖြစ်မည်ဟု နားလည်ထားကြသည်။

"မိုးသားတွေကလည်း တက်လာနေကြပြီ၊ နောက်ကျနေရတဲ့အထဲမှာ အမှောင်ကပိုပြီးတော့ကျလာတော့မယ်"

"ဟုတ်ပါ့ဗျာ၊ တောထဲမှာတင်မိုးချုပ်သွားလို့မဖြစ်ဘူး"

စိုးရိမ်စိတ်ကဝင်လာခဲ့ကြသည်။ တစ်ဖက်ရွာရှိ နာရေးကိစ္စတစ်ခုအတွက်အကူအညီပေးပြီး ပြန်လာခဲ့ကြခြင်းပင်။ တလေလာကကျားနာကြီးတစ်ကောင် သောင်းကျန်းခဲ့သည်။ မုဆိုးများ ပစ်

www.burmeseclassic.com



ခတ်၍ဒဏ်ရာရရှိထားသောကြောင့် သားကောင်ကိုလွယ်ကူစွာ မဖမ်းဆီးနိုင်။ ထို့ကြောင့် ရှာနားကိုချဉ်းကပ်ကာ ကျွဲ၊ နွား၊ သိုး၊ ဆိတ်တို့ကိုဆွဲသည်။

ရွာကကျားနာ၏ရန်ကိုကာကွယ်သည့်အနေဖြင့် ရွာစည်းရိုးကိုပြုပြင်ခြင်း၊ မြင့်မားစွာကာရံခြင်း၊ မိမိတို့၏အိမ်မွေး တိရစ္ဆာန်များကိုဂရုစိုက်ခြင်းနှင့် ထိန်းသိမ်းခြင်းများပြုလုပ်ကြသည်။ထို အပြင်ညအခါချဉ်းကပ်လာသည့်ကျားကို ချောင်းမြောင်းကာ ပစ်ခတ်ကြသည်။ သို့သော်ကျားကကံကောင်းနေသည်။ ဒူးလေးစာ၊ ဝါးချွန်လုံသွားစာမမိခဲ့၊ ထွက်ပြေးတိမ်းရှောင်နိုင်ခဲ့သည်။ကျားက ဖွဲ့ကောင်းသည်။ သုံးလေးကြိမ်ကြိုးစားသည်။ သို့သော် နောက်ထပ်ဒဏ်ရာသာရသွားခဲ့သည်။ သူ့အတွက် အကျိုးကမဖြစ်ခဲ့။ အကြိမ်ကြိမ်ထွက်ပြေးခဲ့ရသည်။ နောက်ထပ်လည်း ရွာနားကို ချဉ်းကပ်မလာတော့။ ကျား၏သတင်းကိုလည်း နောက်ထပ် မကြားရတော့။ တစ်နေရာကိုရောက်သွားခဲ့ပြီလား။ မည်သူမှ မသိနိုင်။ နောက်ဆုံးတော့သေဆုံးသွားခဲ့ပြီဟု ယူဆလိုက်ကြသည်။

ခရီးသွားသုံးယောက်သည် ယခုလိုသွားလာရင်းထိုကျားကို သတိရသွားခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက်နှုတ်က ဖွင့်ဟ်ပြီးတော့မပြောကြသည့်တိုင် ခံစားချက်ထဲမှာတော့-





"ကျားနဲ့များပက်ပင်းတိုးမိရင်"

ဟူသောအတွေးကခြောက်လှန့်နေသည်။သေသည်၊ရှင်သည်မသိရသောကျားကြောင့် စိတ်မအေးနိုင်ကြ။ သည့်လိုနှင့် မိုးသားများကတရိပ်ရိပ်နှင့် တက်လာခဲ့သည်။ ထိုအခါအမှောင်အားကပိုပြီးတော့ကောင်းလာသည်။

"ဂျိမ်း ... ဂျိမ်း"

"ဟိုက် ... မိုးရွာတော့မယ်"

ကောင်းကင်ထက်မှာပုဖွန်လက်မစည်တီးသံက မြည်ဟီးနေသည်။ ဒလိမ့်ဒလိမ့်နှင့်ဆင်းသွားသည့် ကျယ်လောင်သောအသံကြီးများ၊ လျှပ်စီးတွေကလည်းတဖျတ်ဖျတ်နှင့် ပြိုးပြက်လင်းလက်။ ထိုကြောင့် ခြေလှမ်းတွေကလည်း ထို့ထက်ပိုပြီးတော့ သွက်သွက်။

ထိုစဉ် ...

"ဝုန်း ... ဝေါ ... ဝေါ ... ဝုန်း ... ဝုန်း"

လေရောမိုးပါ တစ်ပြိုင်တည်းလိုလို ရွာချလာခဲ့သည်။ ရွာတော့လည်းချက်ချင်းပြိုလာသည့်မိုး အငြိုးကကြီးလွန်းလှထင်။ ရွာရောက်တဲ့အထိစောင့်ပါအုံးလား။ မိုးကိုမကျေမနပ်ဖြစ်မိကြသည်။ သွားရလာရခတ်သွားသည်။ မိုးကြောင့်ခရီးမတွင်ဟုညည်းကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးခြိမ်းသံများကလည်း လေးဘက်လေးတန်မှ ညှပ်ပြီးခြိမ်းခြောက်ဟိန်းဟောက်နေကြသလို။

"ဂျိမ်း ... ဂျိမ်း"

မြေပြင်ပင်တုန်ခါသွားစေခဲ့သည်အထိ၊ လေပါသဖြင့် တစ်ကိုယ်လုံးအေးစက်သွားခဲ့ရသည်။ အားလုံးစိုရွှဲနေကြသည်။

ထိုစဥ် ...

သူတို့ရှေ့ကိုလာနေသော သတ္တဝါန်တစ်ခု။ ဘာလဲဟု မျက်လုံးတွေက ပြူးပြဲကာအကြည့်။

"ဟိုက် ... ကျား"

ကျားကြီးတစ်ကောင်ဖြစ်နေသည်။ အားလုံးရင်တုန်ပန်းတုန်ဖြစ်သွားခဲ့ကြသည်။ ကျားမှတကယ့်ကျားအစစ်။ ကျားအရှင်တစ်ကောင်ကို ယခုမှမျက်ဝါးထင်ထင်မြင်ဖူးလိုက်ကြခြင်းပင်။ သို့သော်ဂုဏ်ယူစရာ၊ ကျေနပ်စရာတော့မဟုတ်၊ ကျားကသူတို့ရှေ့ ပေသုံးဆယ်လောက်ပဲကွာဝေးသည်။ ရှုတည်တည်မျက်နှာကြီးနှင့် စိုက်ကြည့်နေသည်။ ဆာလောင်မွတ်သိပ်နေသည့် အမူအရာ၊ စဉ်းလဲကောက်ကျစ်သောမျက်လုံးတွေက လူသုံးယောက်အနက် မည်သူ့ကိုအရင်ဦးစားပေးရပါ့မလည်းဟု ရွေးနေဟန်တူသည်။

လူသားစားဖူးသောကျားဖြစ်နေခဲ့ရင်တော့ ... လူသား အရသာကိုသိနေပေလိမ့်မည်။ ထို့ကြောင့် နောက်ထပ် ပွဲတော်





တည်ရင် အာသာငမ်းငမ်းနှင့် ဖြစ်နေပုံရသည်။

"ဘယ်လိုလုပ်ကြမလဲ၊ ငါတို့မှာလက်နက်ဆိုလို့ အပ်တစ်ချောင်းတောင်ပါမလာဘူး"

စိုးရိမ်စိတ်က ချက်ချင်းပင် အကြောင်အထည်ပေါ်လာခဲ့သည်။ တမ်းတလိုက်သလိုချက်ချင်းရောက်လာသော ကျားကြီး၏ရန်ကို မည်သို့ခုခံရမှန်းမသိ။ ထွက်ပြေးရန်အတက်သာ၊ ကျားကြီးနှင့်သူတို့၏အကွာအဝေး အနေအထားသည် တစ်ချက်ခုန်အုပ်စာလောက်ပဲရှိသည်။ ကျားကြီးကမိုးရွာသည်ကိုလည်း သတိမထား၊ မိုးခြိမ်းသံကိုလည်းမမှု၊ သူတို့သုံးယောက်ကို အပိုင်ဟုတွက်ထားဟန်တူသည်။

"ဝေါင်း" "ဂျိမ်း ... ဂျိမ်း"

မာန်ဖီကာတစ်ချက်ဟိန်းဟောက်လိုက်သည်။ မိုးခြိမ်းသံနှင့်အတူ ရောနှောသွားသည်။ တစ်လှမ်းချင်းပင် ရှေ့ကိုတိုးလာလျက်ရှိနေလေပြီ၊ သူတို့သုံးယောက်စလုံးသည် ထွက်ပြေးရန်မစုံကြ၊ ထို့ကြောင့်နောက်ကိုသာ ဖြည်းဖြည်းနှင့်ဆုတ်သွားခဲ့ကြသည်။ ကျားကြီးကတစ်လှမ်းတိုးလာလိုက်၊ သူတို့ကနောက်ကိုဆုတ်သွားလိုက်နှင့် တစ်ချက်တစ်ချက်မှာတော့ ခုန်အုပ်လိုက်ပေတော့မယ်။

သို့ရှိခိုက် ...



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်သောအခြေအနေတစ်ရပ်၊ လျှပ်တစ်ချက်အပြက်မှာသူတို့ဆီကိုခုန်ဝင်လာသော နောက်ထပ်သဏ္ဍာန်တစ်ခု လန့်သွားခဲ့ကြသည်။ သားကောင်ရိုင်းတစ်ကောင်များ အစာလုဖို့ရောက်လာပြန်လေသလားဟု နှစ်ကောင်ဆိုရင်မလွယ်တော့၊ ချောင်ပိတ်ကာညှပ်ပြီးတိုက်ခိုက်ခံကြရတော့မည်။

သို့သော်ရောက်လာသည့်သဏ္ဍာန်ကို သေချာမြင်လိုက်ရစဉ်မှာ အံ့အားသင့်သွားခဲ့ကြရသည်။ သားရိုင်းသတ္တဝါမဟုတ်ပါ။ လူသားတစ်ယောက်ပင်တည်း။ သို့သော်ထိုသူသည်ခမောက်ပြားကြီးတစ်ခုကိုဆောင်းထားသည်။ အကျီလက်တိုနှင့် ရှမ်းဘောင်းဘီကဲ့သို့အရှည်ကို ဝတ်ဆင်ထားသည်။ လက်ထဲမှာလည်း ဝါးဆစ်ပိုင်းကြီးတစ်ခုကို ကိုင်ဆောင်ထား၏။

သူတို့သုံးယောက်ကိုကျောပေးကာ ကျားနှင့်မျက်နှာချင်းဆိုင်ရပ်နေသည်။ မျက်နှာကိုမမြင်နိုင်၊ ကျားကြီးသည်သူ့ရှေ့ကိုအမှတ်မထင်ရောက်လာခဲ့သည့်သူ့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်သွားဟန်တူသည်။ သို့သော်ချက်ချင်းမှာပင် စိတ်ပြောင်းသွားကာ ...

"ဝေါင်း ..."

မိုးသံ၊ လေသံကြားထဲမှာ ဟိန်းဟောက်သံကြီးက တစ်ချက်ထွက်ပေါ်လာခဲ့သည်။ ထို့နောက် နောက်ခြေထောက်နှစ်ချောင်းကိုအားယူကာ ခုန်အုပ်လိုက်လေ၏။





"ဟင်"

"ဟာ"

အားလုံးအထိတ်တလန့်ဖြစ်သွားခဲ့ကြသည်။ ထိုသူ့အပေါ်ကိုကျားကြီးကအချိန်တိုအတွင်းမှာပင် ရောက်သွားကာ ဒုက္ခကောင်းကောင်းရောက်သွားတော့မည်မဟုတ်ပါလား။ သို့သော်မမြင်ရက်စရာ၊ မကြည့်ရက်စရာမြင်ကွင်းသည် သူတို့ရှေ့မှာဖြစ်မလာခဲ့။ ထိုသူသည် သွက်လက်ဖျတ်လတ်စွာရှောင်တိမ်းလိုက်သည်။ ကျားကသူ့အပေါ်ကိုခုန်မအုပ်မိဘဲ ဘေးကိုကျသွားခဲ့သည်။ ထို့နောက် သူသည် ကျားကြီး၏ခေါင်းကို ဝါးဆစ်ပိုင်းနှင့်ရိုက်ချလိုက်လေ၏။

"ခွပ်"

"ဝေါင်း"

ကျားကြီးသည်နာကျင်မှုကြောင့် ခေါင်းကြီးက လည်ထွက်သွားကာ အော်လိုက်သံကြီးကလည်းရှူးရှူးရှားရှား။

မိုးကလည်းသဲသဲမဲမဲ၊ တရဟောကိုအတောမသတ်ရွာချနေသည်။ လူနှင့်ကျားတိုက်ပွဲကလည်း မည်သို့ဖြစ်လာမည်လည်းမသိ။ ကျားကြီးကထွက်မပြေး။ သူ့ဒေါသကိုဆွပေးလိုက်သလိုဖြစ်နေသည်။ ကျားနာကြီးသည်တားမာန်ခုပ်ကာ ရင်ဆိုင်ရက်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကိုလည့်လိုက်ပြီး ထိုသူကိုလက်ဝါးနှင့်လှမ်းပုတ်လိုက်သည်။ သို့သော်ထိုသူကကျားထက်ပိုပြီးတော့ လျင်သည်။ ချက်ချင်းရှောင်လိုက်နိုင်သည်။ ဝါးဆစ်ပိုင်းကကျား၏ ခေါင်းပေါ်ကိုကျသွားခဲ့ပြန်သည်။

"ဖြောင်း" "ဝေါင်း"

ကျားကြီးသည်ဝမ်းခေါင်းသံကြီးပေးကာ အော်လိုက်ပြန်သည်။ ဤသို့ဖြင့်ကျားကတိုက်ခိုက်လိုက်တိုင်း သူကရှောင်လိုက်နိုင်ကာ ပြန်ပြီးတော့ရိုက်ချနိုင်လိုက်သည်သာ။ လူသုံးယောက်သည်ထိုသူကကျားကို တမင်ဆွပေးနေမှန်းသိသည်။ အခြေအနေအသဲတယားယားနှင့် စောင့်ကြည့်နေမိကြသည်။ ကျားကြီးကသူ့ကိုမထိတထိနာကျင်အောင်လုပ်ထားသဖြင့် လွှန်မင်းစွာပင်ဒေါသထွက်နေလေပြီ။ ထိုနောက်နောက်တစ်ကြိမ်ခွန်အားကို အကုန်အသုံးချကာ အနီးကပ်ခုန်အအုပ်လိုက်မှာ ...

"ဝေါင်း"

"ခွပ်" "ဖြောင်း" "အူး"

သည့်တစ်ခါတော့ယော်ထိပ်ကို မိမိရရကြီးထိသွားပြန်သဖြင့် အောက်ကိုဘိုင်းကနဲဆို ပစ်ကျသွားခဲ့လေသည်။ ထိုနောက်အကြောတွေဆွဲနေကာမထနိုင်တော့။ တခဏအကြာတွင် ငြိမ်သက်သွားခဲ့လေသည်။





ကျားကြီးသေဆုံးသွားခဲ့သဖြင့် အားလုံးအံ့အားသင့်သွားခဲ့ရသည်။ ထိုသူသည် ရက်စက်ရမ်းကားသည့် ကျားကြီး တစ်ကောင်ကိုဝါးဆစ်ပိုင်းတစ်ခုတည်းနှင့် အနိုင်တိုက်ခိုက်နိုင်ခဲ့သည်။ ထိုအပြင်ကြောက်စိတ်လုံးဝမရှိပဲ အေးဆေးစွာပင် အပေါ်စီးမှ အနိုင်ယူသွားခဲ့သည်။

"ဂျိမ်း" "ဂျိမ်း"

မိုးကအခုမှပိုပြီးတော့သဲလာသည်။ မိုးခြိမ်းသံတွေကလည်း မြေတုန်ခမန်းထွက်ပေါ်နေလျက် မိုးချုပ်စပြုလာသည်။ မိုးမှောင်ကြီးလည်းကျနေသောကြောင့် ပိုပြီးတော့မှောင်နေလျက် ထိုသူ့ကိုကျေးဇူးတင်စကားပြောရန် သတိရသွားခဲ့ကြသည်။ ထို့ကြောင့် ထိုသူ့ဆီကိုလျှောက်သွားခဲ့ကြသည်။

"ဒီ ... ဒီမှာ၊ ဒီကျားကြီးက ကျားဆိုးကြီးဗျ၊ နောင်ကြီးအခုလိုကူညီတာကျေးဇူးတင်ပါတယ်"

တယောက်ကပြောလိုက်သည်။ ထိုသူကကျောပေးလျက်အနေအထားဖြင့် ရပ်နေရာက နောက်ကိုတဖြည်းဖြည်းနှင့်လှည့်လိုက်သည်။ ခေါင်းငုံ့ထားသည်။ ခမောက်၏အနားပြားပေါ်မှ မိုးရေများက အောက်ကိုစီးကျနေလျက်။ သူသည်ခေါင်းကို မော့လာသည်။ လျှပ်နွယ်ကအပြက်မှာ ...

"ဟင်" "ဟာ"



www.burmeseclassic.com

www.burmeseclassic.com



အားလုံး၏နှုတ်မှဟာန်မဆောင်နိုင်တော့ပဲ အာမေဋိတ်သံ အသီးသီးထွက်ပေါ်လာလေ၏။ လျှပ်အပြက်တွင်သူတို့မြင်လိုက်ရသည်ကား ထိုသူ၏မျက်လုံးနှစ်လုံးသည် အဖြူထည်ကြီးသက်သက်ဖြစ်နေသောကြောင့်ပင်တည်း။



## အခန်း (၂)

### ရှုပ်တုလေးတာခဲ့

လှေတစ်စီးသည် ရေစုန်အတိုင်း ထိန်းပြီးလှော်ခတ်နေသျက်၊ လှေပေါ်တွင်လူငယ်လေးတစ်ယောက်၊ တစ်ဖက်ကမ်းမှာ မြှန်လာခဲ့ခြင်းပင်ဖြစ်သည်။ ဗလကောင်းပြီး အရပ်ကလည်း မြင့်တာသည်။ ခန္ဓာကိုယ်အချိုးအစားကလည်း ပြေပြစ်သူ။ သူသည် မိန်းကလေးတကာတို့ မျက်စိကျရလောက်အောင်ယောကျ်ားပီသသူ။ သူ့နာမည်က သို။

အမည်နှင့်လိုက်အောင်ပင် စိတ်ထားက နူးညံ့သိမ်မွေ့သည်။ နေထိုင်ပုံအပြုအမူကလည်း ပြောစရာမရှိအောင် အပြစ်ကင်းစင်သည်။ သို့သော် နေရာတကာမှာတော့ ပျော့ဖက်မဖော်တော့တ်၊ ပျော့ရင်ဖယောင်း။ မာရင်သံချောင်းဆိုသည့်ပုံစား။



www.burmeseclassic.com

www.burmeseclassic.com



အပြစ်ကင်းစင်အောင်နေတတ်သူဖြစ်၍ ရွာထဲတွင် ဘာပြဿနာမှမရှိ။

ရေစုန်တွင် လှေကိုလှော်နေရင်းက လှေနောက်မှကပ်ပြီး မျောပါလာသောအရာတစ်ခု ... ။

"ဒုတ် ... "

ထိုအရာသည် လှေဘေးနံရံကို လာတိုက်မိသည်။ ထို့နောက် ဆက်ပြီးတော့ မျောပါမသွားဘဲငြိနေလေသည်။ သစ်တုံးတစ်ခုဟုထင်မိသည်။ ယူပြီးလွှင့်ပစ်မည်အပြုမှာ ...

"ဟင်"

သစ်တုံးမဟုတ်ပဲ ဒိုက်ဖတ်များနှင့်ရောနေသောရုပ်တုလိုလိုအရာဖြစ်နေသည်။ ဒုတိယအကြိမ်လွှင့်ပစ်ရန်ကြံမိလိုက်သည်။ သို့သော်ချက်ချင်းပင်စိတ်ပြောင်းသွားသည်။ လွှင့်မပစ်တော့ လှေဝမ်းထဲပစ်ထည့်လိုက်သည်။ လှေသည်တခဏအကြာတွင် ကမ်းကပ်လိုက်သည်။ လှေကို ကမ်းပေါ်သို့ဆွဲတင်လိုက်သည်။ သူထွက်သွားမည်အပြု စိတ်ထဲမှာတစ်မျိုးဖြစ်လာမိသည်။ နောက်ကိုလှည့်ကြည့်မိလိုက်သည်။ လှေဝမ်းထဲထည့်ထားသည့်ပစ္စည်းကိုသတိရသွားမိသည်။ ကောက်ယူပြီးတော့ ကြည့်လိုက်သည်။ ရုပ်တုကိုယ်ပေါ်မှ လုံးထွေးနေသည့်အမှိုက်သရိုက်၊ ဒိုက်ဖတ်များကို ဖယ်ရှားပစ်လိုက်သည်။





ရုပ်တုယအနေအထားက ထင်ရှားစွာပင်ပေါ်လာခဲ့သည်။ မျက်နှာကတင်းတင်းမာမာ၊ ရုပ်ကြမ်းကြီးဟုပြောလည်းရသည်။ ဆံပင်များကရှည်လျားကာ ကုပ်အထိကျနေကြသည်။ နှာယောင်ကားပွပွ၊ နှုတ်ခမ်းကထူထူနှင့် မျက်နှာထားကိုပေါင်းစပ်လိုက်လျှင် ရက်စက်ကြမ်းကြုတ်သူတစ်ယောက်ဟု သတ်မှတ်နိုင်သည်။ အရပ်ကမနိမ့်မမြင့် ကိုယ်လုံးကတုတ်ခိုင်သဖြင့် အမှတ်တမဲ့ကြည့်လျှင် ဂင်တိုတိုလူတစ်ယောက်ဟုပြော၍ရသည်။

အင်္ကျီဝတ်မထား၍ ကိုယ်ပေါ်မှဆေးရေးမင်ကြောင်များကို ထိုးထားသည်။

ဆေးသားကကောင်းလွန်း၍ ရောဝနေသည့်တိုင် မပျက်ပြယ်သေး။ အထူးသဖြင့်မျက်လုံးအနေအထားက သေချာစွာကြည့်လျှင် မိမိ၏ ရင်ထဲကိုဓါးလက်နက်ဖြင့် ထိုးဖောက်မွှေနှောက်ခံလိုက်ရလိုနာကျင်စွာခံစားလိုက်ရသလို ဖြစ်သွားသည်။ ထို့ကြောင့်ချက်ချင်းပင် မျက်နှာကိုလွှဲပစ်လိုက်ရသည်။

"ဘယ်လိုရုပ်တုလဲ၊ ဘယ်လိုအကြောင်းကြောင့် ဒီလိုရက်စက်ကြမ်းကြုတ်တဲ့ လူတစ်ယောက်ရဲ့ပုံကို အသေအချာအသေးစိတ်ကအစထုထားရတာလဲ"

ကျောဘက်မှာလည်း ဓါးအိမ်နှင့်တကွ ထည့်ထားသောဓါးတစ်ချောင်း၊ ကြိုးပုံသဏ္ဌာန်ဖြင့်ထုဆစ်ကာ အကြောင်းဖော်



www.burmeseclassic.com

www.burmeseclassic.com



ထားကာ စလွယ်သိုင်းထားသည်။ သိုးသည်စိတ်ထဲမသိုးမသန့်ဖြစ်လာမိ၍ ...

"နှင် မျှော်ပါလာတဲ့လမ်းကြောင်းအတိုင်း ပြန်သွားမယ်တော့"

ရေထဲကိုပြန်ပြီးပစ်ချရန် လက်ကို မြှောက်လိုက်သည်။ သို့သော် စိတ်ထဲမှာတစ်မျိုးတစ်မည် ဖြစ်သွားခဲ့ရပြီးလက်ကို ပြန်ရုပ်လိုက်မိသည်။ သည့်အတိုင်း လက်မှာကိုင်ကာထူလာခဲ့သည်။ ကွင်းစပ်မှဖြတ်လာစဉ် ...

"ငါ ... ဘာမှန်းမသိတဲ့ဟာကြီးကိုရွာထဲကို ယူသွားမလို့လား ... ငါ့ကိုလူတွေကစပ်စုကြတော့မယ်"

သက်ပြင်းတစ်ချက်ချလိုက်ကာ ရွာနောက်လက်စည်းရိုးနှင့်မလှမ်းမကမ်းရှိ ညောင်ကြွတ်ပင်ဆီကို လျှောက်သွားသည်။ ထို့နောက်ယင်းအပင်ကြီး၏ အကိုင်းတုတ်တုတ်ခွကြားပေါ်တွင် တင်ထားလိုက်လေသည်။ ရွာအနောက်ဘက်လမ်းမှတစ်ဆင့် ဝင်လာခဲ့သည်။



"သား၊ ဒီနေ့ရွာတောင်ဘက်က ဖုန်းဆိုးမြေကြီးကိုရှင်းဖို့ သူကြီးကဆင့်ခေါ်ထားတယ်၊ အဖေသွားလိုက်ဦးမယ်"

ဦးမောက်တူကပေါက်တူးကို ဆွဲကိုင်ကာခြံထဲမှထွက်မည်အပြု ...

"ဟာ၊ အဖေကလည်း ဒီလိုကိစ္စမျိုးဆို သားသွားမှာပေါ့"

သိုးက ဦးမောက်တူ၏လက်ထဲမှ ပေါက်တူးကိုဆွဲယူမည်အပြု ...

"မဟုတ်တာပဲသားရယ် ... သားက လယ်ထဲမှာလည်း ပင်ပန်းတယ်၊ တခြားဟာဟီရတွေကိုလည်းလုပ်ရတယ်၊ ဘယ်ဖြစ်မလဲ"

"အဖေကအသက်ကြီးပြီ၊ နားနားနေနေနေခဲ့၊ သားလုပ်နိုင်ပါတယ်၊ ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



သိုးက ဖခင်၏လက်ထဲမှ ပေါက်တူးကိုယူပြီးတော့ ထွက်သွားသည်။ ဒေါ်ထားမိကအသံကြား၍ အိမ်ထဲမှထွက်လာသည်။

"တော်တို့သားအဖတွေ ဘာတွေပြောနေကြတာလဲ"

"ဟိုမှာလေ၊ ဖုန်းဆိုးမြေရှင်းမယ့်ကိစ္စ၊ ငါသွားပါမယ်ဆိုတာသားကသူသွားမယ်ဆိုပြီး ထွက်သွားလို့"

"ဩော် ... ဒါလား၊ သားက သူ့အဖေပင်ပန်းမှာစိုးလို့အလိုက်တသိရှိတာ ... ဝမ်းသာစရာပဲပေါ့"

"အေးကွယ်၊ နေရာတကာအလိုက်သိလွန်းတော့ ကိုယ့်သားကိုယ်ပြန်အားနာရမလိုဖြစ်နေတယ်၊ အလုပ်မှန်သမျှအားလုံးကိုသိမ်းကျုံးပြီးလုပ်နေတော့တာပဲ၊ ပင်ပန်းတယ်ကွယ့်"

"အင်း၊ ရှင်ပြောတာလည်းဟုတ်တာပဲ၊ ဒါပေမယ့် သားက ကျန်းမာရေးကောင်းပါတယ်၊ လူပုံနွဲ့ပေမဲ့ သန်မာတယ်၊ သူက မနားမနေလုပ်တာမှမဟုတ်တာ၊ နားနားနေနေလုပ်တယ်ဆိုတော့ ဒဏ်မပိပါဘူးလေ၊ ကိုယ့်ကိုယ်ကိုဘယ်လို ညှာရမယ်ဆိုတာ သူသိပါတယ်"

"အေးပါ၊ ငါက သားလောက် ဆင်ချင်ဉာဏ်မရှိခဲ့ဘူး၊ အလုပ်ကိုတစ်ခုပြီးတစ်ခုမနားမနေလုပ်ခဲ့လို့ ခုလိုအရွယ်မှာဒဏ်ပိပြီးခြေကုန်လက်ပန်းကျနေတာ၊ တော်သေးတာပေါ့၊ အားကိုးရတဲ့သားတစ်ယောက်ရှိနေပေလို့သာ"





ဦးမောက်တူသည် အသက်ငါးဆယ်ပင်မပြည့်သေး။ အင်အားသုံးပြီးလုပ်ရသည့် အလုပ်မျိုးကို မလုပ်နိုင်တော့။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ် အားမရဘဲဖြစ်နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

မိုးမဲရွာ၏တောင်ဘက်တွင် ဖုန်းဆိုးတောမြေကြီးတစ်ခုရှိသည်။ ရွာတွင်လူဦးရေက ပွားစည်းလာခဲ့သည်ဖြစ်ရကား လူနေအိမ်ခြေအတွက် နေရာချဲ့ထွင်ရန်လိုအပ်လာသည်။ ထို့ကြောင့် ဖုန်းဆိုးမြေကိုရှင်းလင်းရန် တစ်အိမ်တစ်ယောက်ထွက်ကြရသည်။ ကိုယ်ခွဲမရှိသော သက်ကြီးရွယ်အိုများ၏အိမ်ကိုတော့ ချွင်းချက်ထားသည်။ ရွာလယ်တွင်လူများစုပြီးသောအခါ သူကြီးဦးနယားကခေါင်းဆောင်ပြီး ထွက်သွားခဲ့ကြလေသည်။

ဤဖုန်းဆိုးမြေကြီးသည် မည်သည့်ကာလကတည်းကတည်ရှိနေခဲ့မှန်းမသိကြ။ မိုးမဲရွာကိုတည်ကာစက ရွာနှင့်အဝေးကြီးမှာရှိနေသည်။ နောက်တော့ အိမ်တွေကတဖြည်းဖြည်းနှင့်တိုးပွားလာခဲ့လေရာ ဤဖုန်းဆိုးမြေနှင့်မနီးမဝေးကိုပင် ရောက်ခဲ့လေပြီ။ ထို့ကြောင့် ဤနေရာကိုမြင်တွေ့နေကြရသည်မှာမြင်ကွင်း





မကောင်းသည့်အပြင် ချောက်ချားစရာလည်းကောင်းနေသည်။

ထို့အပြင်ဖုန်းဆိုးမြေကိုရှင်းပစ်လိုက်လျှင် ရွာကိုလည်း ချဲ့ထွင်နိုင်မည်။ မြင်ကွင်းလည်း ရှင်းသွားလိမ့်မည်ဟု သဘောရသွားခဲ့ကြသည်။ တစ်ရွာသားလုံးကလည်း တညီတညွတ်တည်းလက်ခံကြလေသည်။ ထို့ကြောင့် နေ့ကောင်းရက်သာကိုရွေးပြီးရှင်းလင်းရန် ဆုံးဖြတ်လိုက်ကြခြင်းပင်။ သို့သော် ဖုန်းဆိုးမြေတည်ရှိရာဆီကိုရောက်သွားကြသောအခါ စိတ်ထဲမှာ တစ်မျိုးတစ်မည်ခံစားသွားခဲ့ကြရသည်။

အထဲကိုဝင်ကြရန် ရှင်းလင်းကြရန်အတွက် စိတ်ထဲမှာအလိုလိုနေရင်း လေးလံလာကြသလိုပင်။ သို့သော် ထိုသို့အားလုံးဖြစ်ချင်မှဖြစ်ကြလိမ့်မည်။ တစ်ယောက်ခံစားချက် တစ်ယောက်ထုတ်ဖော်ပြီးတော့ မပြောကြ။ ထိုသူများအုပ်စုထဲတွင် သိုးလည်းပါသည်။

ဖုန်ဆိုးမြေသည် ရွာမြင်မှာရှိသည်။ အကယ်၍ရှင်းလင်းပြီးခဲ့လျှင် ရွာစည်းရိုးက ပြောင်းလဲသွားမည်ဖြစ်သည်။ ရှင်းလင်းခဲ့ပြီးသည့် ဖုန်းဆိုးမြေတည်ရှိခဲ့သည့်နေရာကိုပတ်ပြီးတော့ ကာရံကြရမည်။ သို့သော် တကယ်တမ်းရှင်းကြသည့်အခါမှုကား ...

"ဟင်၊ သိုး နင်လည်းပါလာတယ်၊ ငါကနင်ဟိုဘက်ကျွန်းဘိုရောက်နေတယ်ထင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



ဖွေးဖွေးကသိုးကိုမြင်သော် အံ့အားသင့်စွာဖြင့်ပြောလိုက်သည်။

"ငါ မနေ့ညနေကပဲပြန်ရောက်တာ၊ လယ်ထဲမှာ ပြူပြူစရာလေးတွေက နည်းနည်းပါးပါးပါ၊ ငါကလည်းပြန်မေးရဦးမယ်၊ မိန်းကလေးတွေလည်း ဒီအလုပ်မှာပါလာကြသလား"

"ပါရမှာပေါ့ဟာ၊ ငါတို့ကအိမ်မှာ အစ်ကိုမောင်ဘွားမှမရှိတာ၊ ကိုယ်တတ်နိုင်တဲ့ဘက်က ဝိုင်းလုပ်ပေးရမှာပေါ့"

ဖွေးဖွေးသည်သိုးနှင့် အရင်းနှီးဆုံးသူငယ်ချင်း။ သိုးကရွာမှာ အပေါင်းအသင်းများများစားစားမရှိ။ အနည်းငယ်သော အပေါင်းအသင်းများထဲတွင် ဖွေးဖွေးလည်းပါသည်။ သိုးက နှုတ်နည်းသည်။ လမ်းတွေ့ရင်လည်းဖွေးဖွေးကသာ စပြီးနှုတ်ဆက်ရတာများသည်။

"ကဲ၊ ငါတို့အစုခွဲကြမယ်၊ အစုခွဲပြီးရင်ကိုယ်တာဝန်ကျတဲ့နေရာမှာစပြီးလုပ်ကြ၊ မိန်းကလေးတွေဝင်လုပ်ဖို့မလိုဘူး၊ အလုပ်လုပ်ကြတဲ့သူတွေစားဖို့ ရွာမှာကောက်ညင်းပေါင်းနေကြတယ်၊ ရွာကအမျိုးသမီးကြီးတွေယူလာခဲ့ရင် အလုပ်သမားတွေနားကြတဲ့အခါမှာကြွေးမွေးဖို့ တာဝန်ယူကြ၊ လာခါနီးပြီ"

သူကြီးဦးနယားပ ပါလာကြသောမိန်းကလေးများကို ပြောလိုက်သည်။ ထိုအခါကျမှသူကြီးကို သဘောပေါက်သွားခဲ့ကြလေ





သည်။ ကျေးရူးလည်းတင်သွားခဲ့ကြသည်။

"သိုး၊ နင်ဖုန်းဆိုးမြေထဲကိုဝင်ရင် သတိထားနော်၊ မြွေပါး၊ ကင်းပါးဒီလိုနေရာမျိုးမှာ ခိုအောင်းနေတတ်တယ်"

သိုးကဖွေးဖွေးကိုတစ်ချက်ပြုံးကာ ကြည့်လိုက်ပြီးခေါင်းညိတ်လိုက်သည်။ ထို့နောက်ဖုန်းဆိုးတောဘက်ဆီကို လျှောက်သွားခဲ့လေ၏။

ထိုစဉ် ...

"ဖွေးဖွေး၊ နင်ကသိုးကိုတော့မှာနေတယ်၊ ငါတို့ကိုကော"

"နင်တို့မှာလည်းမျက်လုံးတွေပါကြသားပဲ၊ ဒါတင်မကဘူး၊ ခြေမျက်စိတွေလည်းရှိကြသေး၊ ကြည့်သွားကြပေါ့"

"အေးပါ၊ အေးပါ၊ နင်ကသိုးအပေါ်မှာထားတဲ့စေတနာနဲ့ ငါတို့အပေါ်မှာထားတဲ့စေတနာ၊ ဘယ်တူပါ့မလဲ"

လူငယ်တစ်စုက ဖွေးဖွေးကိုနောက်ပြောင်ပြီးတော့ ထွက်သွားခဲ့ကြလေသည်။ ဖွေးဖွေးက မသိမသာပြုံးပြီးတော့ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ရွာသားများသည်မိမိတို့ တာဝန်ကျရာအပိုင်းမှနေ၍ ဖုန်းဆိုးမြေနေရာကိုစတင်ပြီးတော့ ရှင်းလင်းကြသည်။ သိုးသည် ရွာသားငါးယောက်နှင့်အတူ ဖုန်းဆိုးမြေ၏အစပ်နားမှ စတင်ပြီးတော့ ရှင်းနေကြသည်။ တော်တော်ကလေးကြာသောအခါ သိုးသည် ပေါက်တူးဖြင့် ချုံတစ်ခုကိုဖယ်ရှားနေစဉ် ...

"ဒေါက်"

အမာခံတစ်ခုကိုပေါက်မိလေသည်။ ကျောက်တုံး၊ ကျောက်ခဲတစ်ခုခုဟုထင်မိလိုက်သည်။ ပေါက်တူးအသွားပဲ့သွားမည်စိုး၍ ဆဆလေးပေါက်ကာ တဖြည်းဖြည်းနှင့်ပေါ်လာခဲ့သည်က ရှည်လျားသော ဓါးကြီးတစ်ချောင်းဖြစ်နေသည်။ ဗျက်အကျယ်က ငှက်ပျောရွက်သဏ္ဍာန်ကြီးမားလှသည်။ အရှည်သုံးတောင်ခန့်ရှိသည်။ လက်ကိုင်ရိုးသည် သတ္တဝါတစ်ကောင်၏ အရိုး၊ အစွယ်များဖြစ်နိုင်သည်။ အထူးသဖြင့်ဆင်စွယ်လက်ကိုင်ရိုးဖြစ်နိုင်သည်။





အရောင်ကအနည်းငယ်ပါနေသော်လည်း ဓါးရိုးဖြင့် အခိုင်အခန့်ပင်ရစ်တည်နေနိုင်သေးသည်။ ထူးခြားသည်မှာဓါးတစ်ချောင်းလုံးသည် သံချေးမတက်၊ မပျက်စီးသေးဘဲ ကောင်းမွန်သောအခြေအနေမှာ ရပ်တည်နေသေးသည်။

"ဒါလောက်ကြီးမားတဲ့ဓါးကို ဘယ်သူ၊ ဘယ်လိုလူမျိုးက ကိုင်ဆောင်အသုံးပြုခဲ့ပါလိမ့်"

သိုးသည် ဓါး၏မျက်နှာပြင်ကို လက်ချောင်းများဖြင့်မှုတ်တိုက်လိုက်သည်။ ထိုအခါ စာကြောင်းလေးတွေပေါ်လာသည်။

"မရဏစေတမန်"

"မရဏစေတမန်၊ ဘာအဓိပ္ပါယ်လဲ"

လက်ကိုင်ရိုးမှဆုပ်ကိုင်ကာ ဆွဲယူလိုက်သည်။ ဓါးက အတော်အတန်ပင်လေးသည်။ အချိန်စီးသည်။ ကိုင်မိလိုက်သည့်တစ်ခဏအတွင်းမှာပင် သူတစ်ကိုယ်လုံးဖျင်းဖျင်းနှင့် ခံစားလိုက်ရသည်။ ရွာသားတစ်ယောက်က သိုး၏လက်ထဲမှာကိုင်ထားသော ဓါးကြီးကိုမြင်သွားခဲ့လေသည်။

"ဟင်၊ သိုး ... ဒီဓါးကြီးက ဘယ်ကရလာတာလဲ"

သိုးဆီကိုပြေးလာပြီးမေးသည်။

"ဟောဒီ နေရာကပဲကွ၊ ချုံကိုရှင်းရင်းနဲ့တွေ့တာ"

ပေါက်ကျော်က ဓါးကြီးကိုကိုင်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အားပါ၊ တော်တော်အချိန်စီးတာပဲကွ"

ထိုစဉ် ...

ဖုန်းဆိုးမြေကိုရှင်းလင်းနေကြသော သူများဆီက ကြွက်စီ၊ ကြွက်စီနှင့်အသံများက ထွက်လာခဲ့ကြသည်။

"ဟာ၊ဒါ ... ဒါ ဘာတွေလဲ ... ဟ"

"ဟော၊ ဒီမှာလဲ တွေ့နေရပါလား"

ဘာတွေတွေ့လို့ ဘာတွေဖြစ်ကုန်ကြမှန်း မသိကြ။ တစ်ခဏအကြာတွင် အဖြေကပေါ်လာခဲ့လေသည်။ ဆွေးမြည့်နေသောအရိုးများ၊ ပျဉ်ဆွေးများ၊ သစ်ဆွေးများကိုတွေ့ကြရသည်။ ထိုအမြင်ရှေးလက်ရေးများဖြင့် ရေးသားထားသောစာများပါသည့် ကျောက်ပြားဖြူဖြူများကိုလည်း ရရှိခဲ့ကြလေသည်။

"သိုး၊ မင်းဖတ်ကြည့်စမ်းကွာ"

"အေး၊ လက်ရေးကတော့ဘုန်းကြီးလက်ရေးမျိုးပဲကွ၊ ငါကြိုးစားဖတ်ကြည့်မယ်ကွာ"

(ဤရာဇဝတ်သားသည် ... မင်းဘဏ္ဍာကို ခိုးယူသောကြောင့်အပြစ်ဒဏ်ထိုက်၍ ကွပ်မျက်စီရင်လိုက်သည်။)

"ဟင်၊ ဒါဆိုရင် ငါတို့အခုဖော်နေတဲ့နေရာကြီးဟာ ရှေးက လူသတ်ကုန်းကြီးများလား ... သိုး"

"အတတ်တော့ပြောမရသေးဘူး၊ ဖြစ်တော့ဖြစ်နိုင်တယ်"





"ဒီတစ်ခုကိုလည်း ဖတ်ကြည့်စမ်းပါဦးကွာ ..."

နောက်ထပ် ကျောက်ပြားတစ်ချပ်ကို ဆက်ဖတ်ကြည့်သည်။

(ဤရာဇဝတ်သားသည် တစ်ပါးသူ၏အိမ်ရာကို ပြစ်မှားသောကြောင့် အပြစ်ဒဏ်ထိုက်၍ သေဒဏ်ပေးလိုက်သည်) တဲ့။

"ဟာ၊ ဒီနေရာဟာ လူသတ်ကုန်းတစ်ခုဖြစ်ခဲ့တယ်ဆိုတာ ဟုတ်တော့ဟုတ်နေပြီ သိုးရေ၊ ငါတို့ ဒါကြီးကိုဆက်ရှင်းလို့ဖြစ်ပါ့မလား"

"ဘာလို့မဖြစ်ရမှာလဲကွ၊ တချို့ဆိုသူ့သာန်ဟောင်းတွေ ဖျက်ပြီးတော့ရွာတည်၊ စိုက်ခင်းတွေလုပ်ထားကြတာတွေလည်း ရှိကြတာပဲ၊ ဟောဟိုမှာ သူကြီးက လူပြန်စုနေတယ်၊ လာကွာ သွားကြရအောင်ပေါက်ကျော် ..."

နှစ်ယောက်သား ထိုနေရာက ထွက်ခွာလာခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## ရှေးကလူသတ်ကုန်းကြီး

သူကြီးဦးနယားသည်ရွာသူရွာသားများကို ပြန်လည်၍ စုဝေးစေသည်။ သူသည် လက်ငင်းပြဿနာကို လက်ငင်းရှင်းတတ်သူဖြစ်သည်။

"ငါတို့ ... အခု ဒီဖုန်းဆိုးမြေကြီးကိုရှင်းတဲ့အခါမှာ မထင်မှတ်တာတွေကိုလတ်တလောတွေ့ကြရတယ်၊ နဂိုကတည်းကစော့ထင်မိပါတယ်၊ ဒီနေရာကြီးဟာအရင်ကရွာတည်ခဲ့ဖူးသလား၊လုပ်ငန်းတစ်ခုခုအတွက် အဆောက်အဦတွေ တည်ဆောက်ခဲ့ဖူးသလားလို့ပေါ့၊

ဒါမှမဟုတ်၊ နဂိုတည်းက ဒီလိုပဲ ဖုန်းဆိုးမြေအဖြင့် ရပ်တည်ခဲ့တာလားလို့ပေါ့၊ ဒါပေမယ့် ခုလိုလက်တွေ့ကျကျ ရှင်းလင်းမှပဲ အကြောင်းစုံကိုသိရတော့တယ်၊ သေချာတာကတော့





ဒီနေရာဟာ အရင်ကမြန်မာမင်းများလက်ထက်က ရာဇဝတ်သားတွေကို ကွပ်မျက်တဲ့လူသတ်ကုန်းကြီးပဲ၊ သူတို့ကိုမြှုပ်နှံတဲ့သုသာန်ကြီးတစ်ခုပဲ"

ထို့နောက် သူကြီးသည်ထိုနေရာမှာပင် ရွာလူကြီးတစ်ချို့နှင့်တိုင်ပင်ဆွေးနွေးသည်။ ထို့နောက် ...

"ကဲ၊ ရွာသားအားလုံးရဲ့ဆန္ဒကိုယူမယ် ငါတို့လူကြီးတွေနဲ့ သဘောတစ်ခုတည်းနဲ့ ဘာမှမလုပ်ဘူး။ ငါတို့ကိုအားနာတဲ့စိတ်မျိုးမမွေးကြဘဲ ပွင့်ပွင့်လင်းလင်းသာပြောကြပါ၊ ဒီဖုန်းဆိုးမြေကြီးကိုဆက်ပြီးရှင်းကြမလား။ ဒါမှမဟုတ် စိတ်မသိုးမသန့်ဖြစ်နေကြလို့ မရှင်းဘဲရပ်လိုက်ကြမလား"

သူကြီး၏အမေးကြောင့် အားလုံးငြိမ်သက်သွားခဲ့ကြသည်။ အစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ တီးတိုးစကားသံများထွက်ပေါ်လို့လာခဲ့ကြလေသည်။

ထိုမှုတော့အချိန်ပေးရမည်။ ထိုအခါ သိုးသည် သူရထားသောဓားကြီးကို သူကြီးဦးနယား၏လက်ထဲသို့ အပ်လိုက်လေသည်။

"သူကြီး၊ ဒီဟာကြီးကိုကျွန်တော် ချုံရှင်းရင်းနဲ့ရခဲ့တာပါ"

သူကြီးသည် သိုး၏လက်ထဲမှဓါးကြီးကို မြင်လိုက်ရသောအခါ မျက်လုံးပြူးသွားခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်၊ ဒီငါးကြီးက အကြီးကြီးပါလား ... ငါးပေါ်မှာလည်း စာကြောင်းတစ်ကြောင်း ဘာရေးထားတာလဲ၊ ငါ့ကိုဖတ်ပြစမ်း"

"မရဏာစေတမာန်တဲ့"

"ဟေ၊ ဟုတ်လား ... ဒါဆိုရင် ဒီငါးဟာ အဲ၊ မဟုတ်မှ လွဲရော ရာဇဝတ်သားတွေကို ကွပ်မျက်တဲ့အခါမှာသုံးတဲ့ ဓားကြီး ပဲဖြစ်လိမ့်မယ်၊ တစ်ယောက်ယောက်က သိမ်းမထားဘဲ ဘယ် လိုကြောင့် ... ဖုန်းဆိုးမြေထဲမှာနစ်မြုပ်နေရတာပဲ"

သူကြီးဦးနုယားသည် ဓားကိုကိုင်ထားရင်း မနိုင်မနင်းဖြစ် လာဟန်ဖြင့် အနားရှိလူကြီးတစ်ဦး၏လက်ထဲသို့ ထည့်ပေးလိုက် သည်။ ထိုသူကလည်း ခပ်ရွံ့ရွံ့နှင့်လှမ်းပြီးတော့ယူလိုက်လေ သည်။ ထို့နောက် ... ဓားကြီးကိုဖင်တစ်ပြန်ခေါင်းတစ်ပြန်ကြည့် သည်။ နောက်တော့ ကြာကြာမကိုင်နိုင် တစ်ယောက်ပြီးတစ် ယောက်လက်ပြောင်းသွားသည်။

ရွာသားများလည်း ဓားကြီးကို မြင်လိုက်ကြရသောအခါ ဝိုင်းအုံလာကြသည်။ ဓားကြီးအကြောင်းကို သိကြသောအခါ အချို့က ကိုင်ပင်မကြည့်ကြ။ အချို့စာ ကိုင်ကြည့်မလိုပြုပြီးမှစိတ် ပြောင်းကာထွက်သွားခဲ့ကြသည်။ ထို့ကြောင့် ထိုဓားကြီးကို မလှမ်းမကမ်းရှိ သစ်မြစ်ဆုံတစ်ခုပေါ်မှာ တင်ထားလိုက်လေသည်။





"ကဲ မင်းတို့အားလုံး ဆုံးဖြတ်ပြီးကြပြီလား"

သူတို့အထဲတွင် ခေါင်းဆောင်တင်ထားသူတစ်ယောက်က

"သူကြီး ကျွန်တော်တို့ဆုံးဖြတ်ချက်ချပြီးပါပြီ၊ ဘယ်လို မြေနေရာမျိုးမှ အပြစ်လွတ်ကင်းတယ်ရယ်လို့မရှိပါဘူး။ ကမ္ဘာ ...ည်လာကတည်းက မြေကြီးကို အမျိုးမျိုးပြောင်းလဲပြီးတော့ ...သုံးပြုလာခဲ့ကြတာပဲ၊ ဒါဟာ စိုးရွံ့စရာကြောက်စရာမဟုတ်တဲ့ ...တွက် ရွာသားအားလုံးက ဆက်ပြီးတော့ရှင်းကြမယ်လို့ ဆုံး ...တ်လိုက်ကြပါတယ်"

"အေးကောင်းတယ် ... စိတ်ထဲမှာ ရှင်းကြတယ်ဆိုရင် ...ည်း ဒီအတိုင်းဆက်ပြီးလုပ်ကြ"

သူကြီးက အမိန့်ပေးလိုက်သည်နှင့် ဖုန်းဆိုးမြေကြီးကို ...က်၍ရှင်းကြလေသည်။ အပင်ကြီးငယ်တို့သည်လည်း ခုတ်ရဲ ...ကြသည်။ ငုတ်တွေကိုလည်း ဖော်ကြသည်။ ထိုအခါ တွင်းများ ...ာင်မှုံများထဲမှာခိုအောင်းနေကြသော မြွေများ၊ ကင်းခြေများ ...င်းမြီးကောင်များက ထွက်လာခဲ့ကြလေသည်။

"ရှူး" "မြွေ"

"ဟာ ... မြွေတွေ ... မြွေတွေ ..."

"ဟိုက် ဒီဘက်မှာလည်းအများကြီးပဲဟ"

အချို့မြွေကြီးများက ဒေါသထွက်နေကြသည်။ လူကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ရန်ကြိုးစားကြသည်။ ထိုသတ္တဝါများကို ပေါက်တူးများဖြင့်ပေါက် သတ်ကြသည်။ ဓားများဖြင့် ခုတ်ပစ်ကြသည်။ အပိုင်းပိုင်းအထည် ထစ်ဖြစ်သွားခဲ့ကြသည်။ ကင်းမြေများ၊ ကင်းမြီးကောက်များသည် လူတို့၏ခုံဖိနပ်အောက်ကို ရောက်သွားခဲ့ကြကာ ဖိကြိတ်ခြေမွ ခြင်းကိုခံလိုက်ကြရသည်။

လူအားကောင်း၍ တက်ညီလက်ညီရှိကြ၍ ညနေစောင်း လောက်မှာပင် ဖုန်းဆိုးမြေကြီးတစ်ခုလုံး ပြောင်တလင်းကြီးဖြစ် သွားခဲ့ကြရသည်။ လွန်စွာမှ ကျယ်ပြန့်သော မြေနေရာကြီးတစ်ခု ကို ရရှိလိုက်ကြလေသည်။

ထို့နောက် ခုတ်ထွင်ရှင်းလင်းထားသော ချုံများ၊ အကိုင်း အခြောက်များ၊ အခြားသော အရှုပ်အထွေးပစ္စည်းများကို နေရာ အနှံ့အပြားစုပုံပြီး မီးရှို့ကြသည်။ ဖုန်းဆိုးမြေနေရာတွင် မီးတောက် မီးလျှံကြီးများက တစ်ရှိန်ထိုးပင်ထွက်ပေါ်လာခဲ့ကြသည်။ ရွာသူ ရွာသားများသည် မိမိတို့၏ရွာကိုတိုးချဲ့နိုင်ရန် အိမ်ရာအကွက် အကွင်းဖော်နိုင်ရန်အတွက်သာ စိတ်ဇောသန့်နေကြသည်။

မီးချုပ်၍ချုပ်မှန်းပင်မသိကြ။ တစ်နေ့တည်းတွင် အပြီးရှင် ကြမည်ဟုဆုံးဖြတ်ထားကြသည်။ နွားရိုင်းသွင်းချိန်ရောက်လာ သည်။ ဝန်းကျင်သည် အမှောင်သန်းလာခဲ့လေပြီ။ သို့သော် လူအားကကောင်း၍ အဖော်များရှိနေကြကာ ဘာကိုမှသည်





ခထားကြ။ အမှိုက်သရိုက်များကိုသာ မီးပုံထဲသို့ ဝါးလုံးများဖြင့် ထွန်းထိုးကာထည့်နေကြသည်။

မီးခိုးတွေကတော့ ကောင်းကင်ကိုလွင့်ပျံပြီးတော့တက်နေ ကြသည်။ မိန်းကလေးများသည် သူတို့အတွက် အလုပ်မရှိ၍ ပြန်သွားခဲ့ကြလေပြီ။

သိုးသည် ပေါက်ကျော်နှင့်အတူ အမှိုက်သရိုက်များကို သိုးဝါးတစ်ချောင်းစီကိုင်ကာ မီးပုံထဲသို့ထိုးထည့်လျက်ရှိနေသည်။ သိုး၏ထိုးဝါးလုံးက တစ်စုံတစ်ခုကို ကလော်တင်မိလိုက်သလို ဖြစ်သွားသည်။ မြေကြီးထဲနစ်မြှုပ်နေရာက မြေပေါ်ကိုရောက်လာ ခဲ့ကြလေသည်။ ပထမတော့ အမှတ်တမဲ့ နောက်တော့ အကြည့် က ထိုပစ္စည်းဆီကိုရောက်သွားခဲ့သည်။

"သိုး ... ဘာလဲ"

အလုပ်ဆက်မလုပ်ပဲရပ်နေသော သိုးကို ပေါက်ကျော်က မေးလိုက်သည်။

"ဟောဒီဟာကြီးဟာ အရိုးတစ်ချောင်းမဟုတ်လား"

ပေါက်ကျော်က သေချာစွာကြည့်သည်။

"ဟုတ်တယ် ဘာအရိုးလည်းတော့မသိဘူး၊ တိရစ္ဆာန်အရိုး သား၊ လူရိုး၊ ရှေးကရာဇဝတ်သားတွေကိုသတ်ပြီးမြှုပ်နှံထားတယ် ဆိုရင်လည်း နှစ်တွေမနည်းမနောကြာခဲ့ပြီပဲ၊ သူတို့ရဲ့အရိုးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဟာဆွေးလောက်ပြီပေါ့၊ အခုလိုရှိနိုင်ပါဦးမလား၊ တိရိစ္ဆာန်တ
ကောင်ကောင်ရဲ့အရိုးတွေပဲဖြစ်မှာပါ'' '

ထို့ကြောင့် မီးပုံထဲကို ထိုးကော်ကာထည့်လိုက်သည်
နောက်ထပ် အရိုးသုံးလေးချောင်းကပါ မြေကြီးထဲကထပ်ပြီးတော
ထွက်လာခဲ့ကြသည်။ မီးပုံထဲကိုပင်ရောက်သွားခဲ့ကြလေသည်
ဖုန်းဆိုးမြေနေရာမှာ မီးပုံတွေက ဟိုနေရာသည်နေရာအနှံ့အပြ
ရှိနေကြသည်။ မီးတောက်တွေကလည်း တရှိန်ထိုးတက်နေကြ
၍ စခန်းကျင်တစ်ခုလုံးလည်း နေ့ခင်းအလားလင်းထိန်နေလျက်
ချူကြီးနယားသည်လည်း ရွာလူကြီးအချို့နှင့်အတူ ဖွဲ့ကောင်
ကောင်းနှင့်လိုအပ်သမျှကို ဆောင်ရွက်ပေးလျက်ရှိသည်။ တစ်ခ
တစ်ရံမှာ သူတို့ပါဝင်ပြီးတော့ လုပ်ကိုင်ကြသည်။ ရွာသားများက
တားဆေးကြရသည်။

ထိုစဉ် ...

လေက အနည်းငယ်တိုက်ခတ်လာသည်။ မီးပွင့်၊ မီးပွား
များလွင့်ပါမသွားကြစေရန် အထူးဂရုစိုက်ကြရသည်။ လေက
ရပ်မသွားဘဲ အစဉ်မပြတ်တိုက်ခတ်နေဆဲ မီးခိုးတွေကလည်းငု
ပြီးတော့ အူထွက်လာကြသည်။ သို့သော် ရွာသားအချို့သည်
ထွက်လာသောမီးခိုးများကိုကြည့်ပြီးတော့ အံ့အားသင့်သွားခဲ့ကြ
လေသည်။ လေတိုက်ခံရ၍ လွင့်လူးနေကြသောမီးခိုးများ၏





သတ္တဝါန်သည် အမနုဿတို့၏ အသွင်သဏ္ဌာန်များပမာ ဖြစ်နေ
သောကြောင့်ပင်တည်း။

အသွင်အမျိုးမျိုးရှိနေကြသော ထိုသဏ္ဌာန်များသည် မီးပုံ
ထဲမှတစ်ရှိန်ထိုးထွက်သွားခဲ့ကြသည်။ အပေါ်ကိုတက်သွားခဲ့ကြ
သည်။ ဘေးဘီဝဲယာကိုထွက်သွားခဲ့ကြသည်။ အချို့လည်း
ကြောက်စရာမျက်နှာများ၊ အချို့လည်းသာမန်မျက်နှာများဖြင့်
ဘေးဘီကိုထွက်သွားခဲ့ကြသော မီးခိုးများသည် လူတွေကြားထဲမှာ
ကွေ့ဝိုက်ပြီးသွားနေကြသလို တစ်ခါတစ်ရံ လူတွေကိုပင်ထိုက်မိ
ကြတော့မလိုဖြစ်သွားကြသည်။ လန့်သည့်လူကလည်း လန့်ကြ
သည်။

အထူးအဆန်းဆိုပြီးတော့လည်း အံ့အားတသင့်ဖြစ်ကြသူ
များလည်းရှိကြသည်။

အချို့ရွာသားများက ဖုန်းဆိုးမြေနေရာ၏အပြင်ဘက်မှာ
ထွက်ပြီးတော့ရပ်ကြည့်နေကြသည်။ သိုးနှင့်ပေါက်ကျော်တို့သည်
လည်း စိတ်ထဲတွင်မသိုးမသန့်ဖြစ်လာခဲ့ကြ၍ အပြင်မှာထွက်ပြီး
တော့နေကြသည်။

''ဘာတွေလဲကွာ မီးခိုးတွေက ဒီလိုပုံသဏ္ဌာန်မျိုးဖြစ်နေ
တာ''

''ဒီနေရာမှာရှိနေတဲ့ အပင်တွေ၊ သစ်ခွေးတွေ မြေကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေက နှစ်အတန်ကြာတဲ့အထိ အောင်းနေခဲ့ကြတာ၊ မသန့်တဲ့ ပစ္စည်းတွေကလည်း ပုပ်သိုးပြီး လေပုတ်တွေ၊ အနံ့အသက်တွေ ကဖိသိပ်နေကြတယ်၊ မီးရှို့လိုက်တဲ့အခါမှာ အဲဒါတွေကိုမီးလောင်တော့ ခုလိုမီးခိုးငွေ့တွေက အသွင်အမျိုးမျိုးပြောင်းလဲသွားပြီး ထွက်လာခဲ့ကြတယ်လို့ထင်တယ်''

"ဟေ့ သိုး အဲဒီလိုဖြစ်တတ်သလား၊ ငါကကြောက်လို့ နှုတ်ကမထွက်ရဲတာကွ၊ ခုလိုဖြစ်တာဟာ ဒီနေရာကိုငါတို့က မီးရှို့ပစ်လိုက်ကြလို့ နာနာဘာဝတွေ၊ မကောင်းဆိုးဝါးတွေက အသွင်အမျိုးမျိုးနဲ့ထွက်လာခဲ့ကြတယ်လို့ထင်တာ''

"မင်းကွာ မဟုတ်ကဟုတ်ကအတွေးတွေဝင်ပြီး ကိုယ့်စိတ်ကိုညှဉ်းဆဲနေတယ်၊ မိုးပေါ်မှာ တိမ်တွေကို လေတိုက်လို့ လူသဏ္ဌာန်၊ ဆင်မြင်းသဏ္ဌာန်ရွေ့လျားနေတာတွေကလည်း မင်းထင်သလို တစ္ဆေ၊ နာနာဘာဝတွေဖြစ်နိုင်လားပေါက်ကျော်''

သိုးက ပေါက်ကျော်ကိုရှင်းပြနေသည်။ သို့သော် ကြောက်လန့်ခြင်းမဖြစ်စေရန်၊ တမင်လမ်းကြောင်းလွှဲပြီးတော့ပြောနေသလားဟု သူကြီးဦးနယားသည်လည်း မီးခိုးများကအသွင်အမျိုးမျိုးဖြင့်ရွေ့လျားနေကြသည့်မြင်ကွင်းကို အံ့အားသင့်ကာကြည့်နေမိသည်။

''တော်တော်ဆန်းပြားလှပါလား၊ မျက်စိနဲ့မြင်ရတာ





ဆောင်မယုံနိုင်စရာကောင်းနေပြီ''

"ဟုတ်ပါ့ဗျာ တစ်သက်နဲ့တစ်ကိုယ် ဒီလိုမျိုးတစ်ခါမှ မမြင်ဖူးခဲ့ဘူး''

(အချို့ကထင်ကြသည် သေဆုံးသွားကြသော ရာဇဝတ်သားများသည် မကျွတ်မလွတ်ဘဝတွင်ရှိနေကြရာမှ သူတို့၏ အရိုးအကြွင်းအကျန်တို့ကို မီးသင်္ဂြိုဟ်လိုက်သလိုဖြစ်သွား၍ ကျွတ်သွတ်သွားခဲ့ကြသည့် သဘောပေဟု)

တော်တော်လေးအကြာတွင် ယင်းထူးဆန်းသောမီးခိုးငွေ့များသည် တဖြည်းဖြည်းနှင့်ပါးလျားပြီး ပျောက်ကွယ်သွားခဲ့ကြသည်။ ထိုအခါကျမှ အသက်ရှူချောင်သွားကြကာ သက်ပြင်းချမိကြရသည်။ မီးတောက်များသည်လည်း ငြိမ်းသွားခဲ့ကြသည်။ သူကြီးဦးနယားသည် သူမြစ်ဆုံပေါ်မှာတင်ထားသည့် ဓားကြီးကို သတိရသွားမိသည်။ သွားကြည့်မိသောအခါ မရှိတော့ ...

"ဟင် ... ဟိုဓားကြီးဘယ်ရောက်သွားသလဲ''

"ဘာပျောက်လို့လဲ သူကြီး''

"သိုးလာအပ်ထားတဲ့ ဓားကြီး၊ ဒီအပေါ်မှာတင်ထားတာ တွေ့ရတော့လို့ တစ်ယောက်ယောက်ကယူသွားတာပဲဖြစ်ရမယ်''

"ဟာ သူကြီးကလည်း ဒီဓားကြီးကို ဘယ်သူကယူနိုင်မှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ယူရဲတဲ့သူရှိပါ့မလား''

လူကြီးအချို့က စောဒကတက်ကြသည်။

''ယူရဲတဲ့လူရှိလို့ပျောက်သွားတာပေါ့ဗျ၊ ဒါမှမဟုတ် တစ်

ယောက်ယောက်ကများ နောက်ထားသလား''

''ဘယ်သူကနောက်ဝံ့မှာလည်းဗျာ၊ တချို့ဆို ဒီဓားကြီး

ကိုကိုင်ကြည့်မိဖို့မပြောနဲ့ ဓားနာမည်ကိုကြားတာနဲ့ကြည့်တောင်

မကြည့်ရဲကြဘူး''

ထိုအခါ သူကြီးဦးနယ်သည် သိုးကိုခေါ်မေးရလေတော့

သည်။

''လူလေး မင်းပေးတဲ့ဓားကြီးပျောက်သွားတယ်ကွယ်

မင်းများပြန်သိမ်းထားသေးသလား''

''ဟင့်အင်း ကျွန်တော်ပြန်မယူထားပါဘူး''

''ဟေ ဒါဖြင့် ဒီဓားခြေထောက်ပေါက်ပြီး ဘယ်ကိုထွက်

သွားတာပါလိမ့်''

ဓားကြီးပျောက်သွားပုံက ဆန်းကြယ်နေသည်။ ဤဓား

ကြီးကိုရှုံ့နေသူ ကြောက်နေကြသူများရှိကြသလို စိတ်ဝင်စား

သူများရှိနေကြသလားဟု တစ်မျိုးတွေးကြရပြန်သည်။

''သူကြီးရယ် ဒီဓားကြီးရှိနေရင်လည်း ဘယ်မှထားရမှန်း

မသိဘဲ ဦးနှောက်စားနေရပါဦးမယ်၊ ခုလိုပျောက်သွားတာ





ခပ်ကောင်းကောင်းမဟုတ်လား''

တစ်ယောက်ယောက်က စိတ်ပြေစေရန်ပြောသည်။

ထိုစကားမှန်သလောက်မှန်သော်လည်း ပျောက်ဆုံးသွားသောဓား

ကြီးအတွက် စိတ်ထဲမှာအလိုလိုပင် မတင်မကျဖြစ်နေကြသေးခဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

### တစ်ဝက်ဆောရ

ဖုန်းဆိုးမြေကြီးကို ရှင်းလင်းပြီးကြသော်လည်း နောက်ထပ်ဘာမှမလုပ်ကြသေး။ ဤအတိုင်းပဲထားကြသေးသည်။ အိမ်မဲ့ယာမဲ့များအတွက် ... နေရာချပေးရန်စီစဉ်နေကြဆဲ ထိုရက်များအတွင်းမှာ သတင်းအချို့က ထွက်ပေါ်လာခဲ့ကြသည်။ ယင်းဖုန်းဆိုးမြေဖြစ်ခဲ့သောနေရာတွင် ညဘက်ကျလျှင် စကားသံများ အော်ဟစ်ညည်းညူသံများ၊ ရယ်မောသံ၊ ငိုကြွေးသံများကြားနေကြရသည်ဟုဆို၏။

အရိပ်သဏ္ဍာန်များကိုလည်း တွေ့ချင်တွေ့ရတတ်သည်တဲ့ လှုပ်ရှားသွားလာနေကြသည်တဲ့ ထိုအခါ ရွာမှလူကြီးများက ချင့်ချိန်စဉ်းစားကြရပြန်သည်။

"ဒီနေရာကြီးကို မရှင်းခင်က ဘာသံမှမကြားရတာ





လူပြောသူပြောလည်းမရှိကြတာ၊ ခုကျမှ ဘယ်လိုကြောင့် ဒီလိုအသံမျိုးတွေထွက်လာခဲ့ရတာလဲ"

"အေးဗျာ ... ဒါသွေးရိုးသားရိုးမှာဟုတ်ရဲ့လား၊ ဒီနေရာကိုအသုံးချမှာစိုးလို့ မလိုတဲ့လူတွေက အဖျက်သဘောနဲ့လံကြုတ်လုပ်ကြံစကားမျိုးတွေပြောပြီး သတင်းလွှင့်နေကြတာများလားဗျာ"

ထိုအခါ သူကြီးဦးနယားသည် ရွာဦးကျောင်းဆရာတော်နှင့် တိုင်ပင်ရလေတော့သည်။

"ဒကာတို့က ဒီကိစ္စကိုဘုန်းကြီးနဲ့မတိုင်ပင်ဘဲ လောလောလောလောနဲ့လုပ်ကြတာကိုး"

"တင့်ပါ့ဘုရား ဒါတပည့်တော်တို့ရဲ့ စိတ်လောကြီးသွားမှုကြောင့်ပါ၊ ပြီးတာလည်းပြီးပါပြီ၊ ရွာသားတွေရဲ့သံသယပျောက်သွားအောင် တပည့်တော်တို့ ဘာဆက်လုပ်ရမလဲဆိုတာ မိန့်တော်မူပါ"

"ခုမှ ဒီစကားမျိုးလာပြောတယ်၊ အစကတည်းက ညှိုးစားကြပါလား"

"တပည့်တော်တို့ လိုအပ်သွားပါတယ်လို့ ပြောပြီးပါပြီဘုရား၊ တကယ်လို့ အရှင်ဘုရား အကြံအဉာဏ်မထုတ်ပေးနိုင်ရင်း တပည့်တော်တို့ဘာသာကြည့်ပြီးစီစဉ်ပါ့မယ်၊ ဦးတင်ပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘုရား''

သူကြီးဦးနယားက ဦးချပြီးထွက်သွားမည်ပြုရာ ...

''ဟဲ့ ဒကာနေဦးလေ ငါစဉ်းစားပါဦးမယ်၊ အဲ အကြောင်းက ဒီလိုလည်းရှိတယ်ကွယ့်၊ အဲဒီနေရာဟာ ဒကာကြီးတို့ပြောခဲ့ကြတဲ့အတိုင်း ရှေးက လူသတ်ကုန်းမှန်ခဲ့ရင် ရာဇဝတ်သားတွေဟာ ဥပဒေ့ဒဏ်နဲ့သေလွန်ခဲ့ကြတာပဲမဟုတ်လား''

''တင်ပါ့ဘုရား''

''အေး ... အဲဒီလိုသေကြရတဲ့လူတွေဟာ မောဟဆိုတဲ့တွေဝေမှုနဲ့ ခန္ဓာပြောင်းခဲ့ရတာကြောင့် အပယ်လွဲခဲ့ကြမှာအမှန်ပဲ၊ ကျောင်းထိုင်ဘုန်းကြီးတစ်ပါးဟာ ပျံလွန်တော်မူခါနီးမှာ သူ့ကျောင်းကိုစွဲလမ်းခဲ့လို့ ဝေမာနိကပြိတ္တာကြီးဘဝကိုရောက်သွားခဲ့ရတယ်၊ လူဖြစ်ရင်လည်းသေခါနီးမှာ ကိုယ့်ရဲ့ ဇနီး၊ သား၊ သမီး၊ မြေး၊ မြစ်၊ ဥစ္စာရတနာတွေအပေါ်မှာတဏှာဖက်ပြီး စွဲလမ်းခဲ့ရင် ကောင်းရာသုဂတိဘုံကိုမရောက်နိုင်ကြဘူး၊ အဲဒီမောဟအာရုံကြောင့် ပရလောကသားဘဝကို ရောက်ကြရတယ်၊ အဲဒီလိုဘဝမျိုးကိုရောက်သွားရင် အတိုင်းအဆမရှိကာလရှည်ကြာစွာ နေရတတ်တယ် ... စဉ်းစားကြည့်ရင် ပေတဘဝမှာနေရတာကြောက်စရာကြီးကွယ်''

''တင်ပါ့ဘုရား ...''





''အေး၊ အဲ့ဒီလိုအကြောင်းတွေက ရှိခဲ့လေတော့၊ ဒကာကြီးတို့ရှင်းလင်းခဲ့တဲ့နေရာမှာလည်း အဲ့ဒီလိုအစွဲအလမ်းမျိုးတွေနဲ့နေကြတဲ့သူတွေ ရှိချင်ရှိနိုင်ကြတယ်ကွယ့်၊ ဒါကြောင့် သူတို့အတွက်ကုသိုလ်ကောင်းမှုပြုလုပ်ပေးပြီး၊ အမျှအတန်းပေးဝေလိုက်ရင် ကောင်းရာမွန်ရာကိုရောက်သွားကြလိမ့်မယ်၊ သူတို့ဟာအကယ်မကျွတ်မလွတ်တဲ့ဘဝနဲ့ ရှိနေကြသေးတယ်ဆိုရင်တာဝန်ရှိတဲ့သူတွေက စီစဉ်လုပ်ကိုင်ပေးဖို့လိုအပ်တယ်''

''တင်ပါ့ဘုရား၊ တပည့်တော်ရွာနဲ့တိုင်ပင်ပြီးစီစဉ်လိုက်ပါ့မယ်''

သူကြီးဦးနယားသည် ရွာသားများနှင့်တိုင်ပင်သည်။ ထို့နောက် ရှင်းလင်းခဲ့သောဖုန်းဆိုးနေရာတွင် ရဟန်းသံဃာများကိုပင့်ကာဆွမ်းကပ်လှူသည်။ ဝတ္ထုပစ္စည်းများဆက်ကပ်သည်။ ထို့နောက် ၎င်းနေရာနှင့် သက်ဆိုင်သူအားလုံးကို ဖိတ်မန္တကပြုသည်။ တရားနာစေသည်။ ရေစက်ချအမျှဝေပေးသေည်။ သာမကစေကာ ကောင်းရာမွန်ရာဆီကိုရောက်ပါစေကြောင်း ဆုတောင်းပေးကြသည်။ သည်နောက်မှာတော့ ဖုန်းဆိုးမြေနေရာနှင့်ပတ်သက်ပြီး မည်သည့်မကောင်းသတင်းမှထွက်ပေါ်လာခြင်းမရှိတော့ပေ။

အိမ်မဲ့၊ ယာမဲ့များသည်လည်းမြေကွက်များ ရရှိသွားခဲ့ကြ

www.burmeseclassic.com



သည်။ ဒါ့ထက်မကသေး ပိုနေသောနေရာများတွင် သူတို့အတွက် စိုက်ခင်းများ၊ ဥယျာဉ်ခြံမြေများအဖြစ်ဖန်တည်းကာ လုပ်ကိုင်စားသောက်ဖို့အခွင့်အလမ်းများကိုရရှိစေခဲ့လေသည်။



သိုးသည်အိမ်နောက်ဘက်မှနေ၍ ကမ်းနားဘက်ဆီကို ထွက်လာခဲ့သည်။ တစ်နေရာကိုအရောက်တွင် တစ်ခုခုကိုသတိရသလိုမျက်လုံးတွေက ညောင်ကြတ်ပင်ကြီးဆီကိုရောက်သွားသည်။ လျှောက်သွားခဲ့သည်။ ခွဆုံသစ်ကိုင်ကြားတွင်တင်ထားသော ရုပ်တုကိုသူမြင်လိုက်ရသည်။

"ငါ ... ထင်ထားခဲ့တဲ့အတိုင်းပါပဲလား"

ရုပ်တုသည် မျက်နှာကြမ်းကြမ်းကြီးနှင့် သူ့ကိုငုံ့ကြည့်နေသည်ဟုထင်ရသည်။ သူမေ့ထားသည်မှာကြာပြီ။ သတိရဖို့လည်း အချိန်ကမရှိ။ သိုးသည် သူ့မျက်လုံးများကို ရုပ်တုဆီမှချက်ချင်း လွှဲမိလိုက်သည်။ စိတ်ထဲတွင် တစ်မျိုးတစ်မည်ဖြစ်လာသောကြောင့်ပင်။

"ငါ ဒီနေရာကိုရောက်လာရင် ဒီဟာကြီးကို ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိမှာပဲ၊ ဒီတော့ _ သူ့ကိုရေထဲပြန်ပြီးတော့ ပစ်ချလိုက်တာပဲကောင်းတယ်”

ရုပ်တုကိုယူပြီးတော့ ရေထဲကိုပြန်ပြီးပစ်ချရန်ကြံသည်။ လက်ကလှမ်းမိလိုက်သည်နှင့် ... ။

“ဟင် ... ”

သူ့တစ်ကိုယ်လုံးကျင်စက်နှင့်တို့မိလိုက်သလိုခံစားလိုက်ရသည်။ လှမ်းမိသောလက်ကိုပင်လျှင် ကြောက်ကြောက်လန့်လန့်နှင့်ပင်ပြန်ပြီးတော့ ရုပ်မိလိုက်သည်။ လက်ချောင်းလေးတွေအထူထိခိုက်သွားသည်။ အကြောအချင်တွေဆိုင်းကာ လေဖြတ်ချင်သလိုပင်ဖြစ်သွားခဲ့ရသည်။

“ဝါ့ဘယ်လိုဖြစ်သွားတာပါလိမ့်”

ကိုယ့်ကိုယ်ကိုယ်လည်းတွေးမရအောင် ဖြစ်သွားခဲ့ရသည်။ ထိုရုပ်တုကိုပစ်ရန်ကြိုးစားမှုသည် နောက်ထပ်တစ်ကြိမ်ပျက်သွားခဲ့ရပြန်လေပြီ။ ထို့ကြောင့်နေရာမှပြန်ထွက်ခဲ့သည်။

“တစ်ယောက်ယောက်က တွေ့သွားရင်ကောင်းမှာပဲ ယူသွားပါစေ”

သို့သော်ယင်းရုပ်တုကို စည်သူကမှ ယူမသွားကြ၊ မမြင်ကြ၍ပဲလား။ မြင်မိသော်လည်း မယူရဲ၍ပဲလားမသိ။



သည့်နောက်ပိုင်းမှာတော့ မိုးမဲရွာ၏အပြင်ဘက်တွင် သတင်းထူး၊ သတင်းဆန်းများဖြစ်ပေါ်လာခဲ့သည်။ ညဘက်တွင် လူတစ်ယောက်ကို မြင်တွေ့နေရတတ်သည်ဆိုသော အကြောင်းများပင်။ ထိုသူသည် လူစိမ်းတစ်ယောက်ဖြစ်နိုင်ပြီး စည်းရိုး၏အပြင်ဘက်၌ ဟိုသွား သည်သွားနှင့်ရှိနေတတ်သည်။ အချို့တံငါသည်များသည် ရွာအပြင်ဘက်မှာရှိနေကြသည်။ ညအချိန်မတော် အကြောင်းကိစ္စရှိလျှင် တစ်နေရာမှတစ်နေရာသွားလာတတ်ကြသည်။

ထိုကဲ့သို့သော အချိန်မျိုးတွင် ထိုသူကိုအမှတ်မထင်တွေ့ရတတ်သည်ဟုဆို၏။ လူစိမ်းလား၊ ဘာလား၊ သူခိုးသူဝှက်လား၊ ဓားပြတိုက်ရန်အကြံအစည်ဖြင့် ချဉ်းကပ်လာသူလားဟူ၍ သိသာကောင်းဖြစ်မိကြသည်။ နောက်ယောင်ခံပြီးလိုက်ကြည့်ကြသည်။

www.burmeseclassic.com



သို့သော် ထိုသူသည် အမှောင်ထဲမှာပင်ပျောက်ကွယ်သွားခဲ့သည်။ နောက်မှနေ၍ဆက်မလိုက်ရဲကြ၊ ရှောင်တိမ်းသွားသော သူမှာ အကြံအစည်ရှိနိုင်သည်။ ဓားပြအဖွဲ့နှင့် အုပ်စုအဖွဲ့နှင့်ဆိုလျှင် လူကိုအန္တရာယ်ပြုနိုင်သည့်အတွက်ပင်။

သို့သော် ထိုလူစိမ်းကို မကြာမကြာတွေ့ကြရသော်လည်း ရွာထဲမှာမည်သူ့ညီပြဿနာမှမဖြစ်ခဲ့ပေ။ ထိုသတင်းစကားများကြောင့် ရွာထဲမှလူများက ထိုလူစိမ်းကိုချောင်းမြောင်းစောင့်ကြည့်ကြသော်လည်း မတွေ့ကြရတော့ပေ။

"ထူးတော့ထူးဆန်းတယ်ကွ၊ ဒီလူဟာ ဘယ်ကရောက်လာတာလဲ၊ ညဘက်မှာသာတွေ့တွေ့နေရတတ်တယ်၊ နောက်ကနေလိုက်ကြည့်ကြတော့လည်းပျောက်သွားတယ်၊ အရှောင်အတိမ်းက ကောင်းလှချည်လား"

"အေး နေ့ဘက်မှာလည်း အဲဒီလူစိမ်းကို မတွေ့ရဘူး။ ငါတို့ရွာလူစိမ်းတစ်ယောက်ယောက် ရောက်လာတယ်ဆိုရင် သိနိုင်တာပဲကွ၊ အကြောင်းတစ်ခုခုကြောင့် တစ်နေရာကနေ ရောက်ရောက်လာပြီး သူ့ကိစ္စပြီးတာနဲ့ပြန်ထွက်သွားတာလားမှ မသိတာ"

"သူ့ကိစ္စ ဟုတ်လား။ အဲဒါဘာလဲ ဘာဖြစ်နိုင်သလဲ"

"ရည်းစားသနာကိစ္စကွာ၊ ဒီလူဟာတို့ရွာကမိန်းကလေး





တစ်ယောက်ယောက်နဲ့ရည်ငံနေတဲ့သူဖြစ်ရမယ်၊ အဲဒီတော့လူခြေတိတ်ချိန်ကျမှရောက်လာတတ်ပြီး မိန်းကလေးနဲ့ချိန်းတွေ့ မိုးမလင်းခင်ပြန်သွားတာပေါ့ကွ"

"အေး ... ဒါလည်းဖြစ်နိုင်တာပဲကွ၊ အဲဒီလူကိုရွာပြင်မှာ တွေ့တွေ့နေတာကြာပြီ၊ ဒါပေမယ့် ခုထက်ထိ ဘာပြဿနာမှ မဖြစ်ဘူးဆိုတော့ မင်းပြောတာနီးစပ်တယ်၊ ဒီကောင်ဟာ ခိုးမှုက်ဖို့ရောက်လာတာမဟုတ်ဘဲ နှာခေါင်းကိစ္စနဲ့ရောက်လာတာဖြစ်ရမယ်"

သို့သော် လူတွေ ရိပ်မိသွားကြသောကြောင့်လားမသိ။ ထိုသူသည် နောက်ပိုင်းမှာ ရွာဆီသို့ရောက်မလာတော့။ အနိုက်အတန့်မှာကိုယ်ရောင်ဖျောက်လိုက်ဟန်တူသည်။ ရွာထဲမှာလည်း မိန်းကလေးတစ်ယောက်ယောက်နှင့်ပတ်သက်ပြီး မည်သည့်သဲလွန်စမှမရရှိကြပေ။ တစ်ရွာသားနှင့်ရည်းစားထားပြီး ဟန်ဆောင်ကောင်းစွာဖုံးဖိထားနိုင်သော မိန်းကလေးများဖြစ်နေမည်လားဟု သည်လိုနှင့်ထိုလူစိမ်းနှင့်ပတ်သက်ပြီး မေ့မေ့ပျောက်ပျောက်ရှိသွားခဲ့ကြလေသည်။

သို့သော် ...

မိုးပဲနှင့်အနီးဆုံးရှိမြို့များ၊ ကျေးရွာကြီးများတွင် ထူးခြားသောသတင်းများကဖြစ်ပေါ်လျက်ရှိသည်။ ယင်းကား သူခိုး



www.burmeseclassic.com

www.burmeseclassic.com



ပူနေသောကိစ္စပင်။

"သိုးရေ ... ရွာကြီးမှာ သူခိုးအခိုးခံရလို့တဲ့၊ အိမ်တံခါးလည်း အလုံပိတ်ထားလျက်သားနဲ့ အဖိုးတန်ပစ္စည်းတွေက ခြေရာလက်ရာမပျက်ပျောက်သွားတာတဲ့"

"ဟာ ဟုတ်လား ပေါက်ကျော်၊ အံ့အားသင့်စရာပဲ နေပါဦး အဲဒီလိုခြေရာလက်ရာမပျက်ပျောက်သွားတော့ အပြင်ကလာခိုးတဲ့သူမဟုတ်ဘဲ အိမ်တွင်းသူခိုးများဖြစ်နေမလား"

"အေး ... ဒါလည်းဖြစ်နိုင်တာပဲ နို့ပေမယ့် အဲဒီအိမ်မှာ အဘိုးကြီးနဲ့အဘွားကြီး နှစ်ယောက်တည်းနေတာကွ၊ သိပ်ပြီးတော့လည်းအသိမ်းအဆည်းကောင်းကြတာ၊ ညောင်းကမ်းလည်းကြီးတယ်၊ ပစ္စည်းပျောက်ဖို့မလွယ်တဲ့အိမ်မှာ ခြေရာလက်ရာမပျက်ပျောက်ရှမှုတွေဖြစ်ပွားတယ်ဆိုတော့ အံ့အားသင့်စရာပေါ့ကွာ"

"အင်း စဉ်းစားရခက်ခက်ပါလား"

မြို့ရှိ သူဌေးသူကြွယ်အိမ်များမှာလည်း ဤသို့ပင်ခြေရာလက်ရာမပျက်အခိုးခံကြရသည်။ အချို့ဆိုလျှင် သော့ခလောက်အကောင်းစားတွေကိုခတ်ထားလျက်ကြားက သော့မပွင့်ဘဲ သေတ္တာထဲကပစ္စည်းများပျောက်ဆုံးသွားခဲ့ကြသည်။ အိမ်တံခါးလည်းသော့ခတ်ထားသည်။ ခြံတံခါးသည်ပင် လုံခြုံမှုအပြည့်ရှိသည်။ စည်းရိုးကလည်းခိုင်ခံ့သည်။ မြင့်သည် အချို့ဆိုလျှင် ကိုက်တတ်သောခွေးကြီးများပင်မွေးထားကြသည်။ သို့စဉ်လျက် ပစ္စည်းတွေအခိုးခံကြရသည်။

ထူးခြားသည်မှာ ခြံထဲရှိခွေးများသည် တစ်ခုခုကိုကြောက်လန့်နေကြသလို တုန်တုန်ယင်ယင်ဖြစ်ရှိနေကြသည်ကိုတွေ့ကြသည်။ တစ်ဖန် သူခိုးသည် အဖိုးတန်ရတနာပစ္စည်းများနှင့် ငွေများကို အားလုံးခိုးယူမသွားဘဲ တစ်ဝက်လောက်ကိုသာယူသွားသောကြောင့်ပင် ... ။

အခိုးခံရသောအိမ်များလိုလို ထိုနည်းနှင့်သာဖြစ်သည်။

"ဘယ်လိုသူခိုးလဲဟ ... အကုန်ယူမသွားဘဲ တစ်ဝက်တစ်ဝက်ချန်ချန်ထားခဲ့တယ်"

ထို့ကြောင့် သူခိုးသည် တစ်ဦးတည်းဖြစ်ရမည်ဟုလက်ခံထားကြသည်။

ထိုသူခိုးကိုလည်း တစ်ဝက်သူခိုး (သို့မဟုတ်) တစ်ဝက်ဆာရာဟုအမည်ပေးထားကြလေသည်။ သူခိုးသည် တစ်ချီတစ်ချီမှ ထကြွတတ်ပြီး ရက်အတန်ကြာပျောက်သွားခဲ့ပြန်လေသည်။ ဆောင့်ဖမ်း၍လည်းမမိနိုင်ချေ။

အိမ်ထဲကိုမည်သို့မည်ပုံ ဝင်လာသလဲမသိ၊ ပြန်ထွက်သွားသည်ကိုလည်းမသိလိုက်ကြပေ။







www.burmeseclassic.com

www.burmeseclassic.com



"ဒီသူနိုးကတော့ အဟန့်တစ်ခုခုရှိပုံရတယ်၊ ဒါကြော င့်သူ့ကိုမမြင်ဖူးကြသလို ဖမ်းလို့လည်းမမိဖြစ်နေရတာ"

ထိုသို့သာလျှင် မှတ်ချက်ချမိကြရလေသည်။



တစ်ညတွင် ...

'သိုး'သည်အိပ်ပျော်နေရာက ဖျတ်ခနဲဆိုလန့်နိုးသွားခဲ့ရလေသည်။ ဆိုရလျှင် လန့်ပြီးတော့ နိုးလာခဲ့ခြင်းပင်ဖြစ်သည်။ အလိုလိုနေရင်သွေးလန့်တာလား၊ အကြောင်းတစ်ခုခုကြောင့်နှိမိတ်ပြပြီးနိုးသွားခဲ့ရတာလား။

ဆက်အိပ်ရန်ကြိုးစားသော်လည်း အိပ်မရ။ ထို့ကြောင့် အခန်းအပြင်သို့ထွက်လာခဲ့သည်။ မိဘနှစ်ပါးကတော့ အိပ်မောကျနေသည်။ နိုးသွားမှာစိုး၍ ကြမ်းခင်းမမြည်စေရန် ခြေသံဖွဖွနင်း၍လာခဲ့သည်။ အိမ်တံခါးဖွင့်ပြီးအိမ်ရှေ့မှာလည်း မှောင်နှင့်မည်းမည်း။ ထိုစဉ် စိတ်ကခြံအနောက်ဘက်ဆီကိုရောက်သွားခဲ့လေသည်။ တစ်ခုခုကိုသက်ာမကင်းဖြစ်မိသလို ခံစားနေရသည်။

ထို့ကြောင့် ... ထိုနေရာကိုသွားချင်စိတ်က အလိုလိုပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေါ်လျက်ရှိသည်။ တစ်ခဏအတွင်းမှာပင် ခြံနောက်ဘက်သို့ရောက်သွားခဲ့လေသည်။ ခြံထဲတွင်အပင်ကြီးငယ်တို့ပေါက်နေသောကြောင့် အလင်းရောင်ကကွက်တိကွက်ကြား ကျဆင်းလျက်ရှိနေသည်။

မိမိ၏ခြံထဲမှာသွားလာနေကျမို့ ညဘက်မှာပင်လျှင်ခလုတ်ကန်သင်းများကိုကျော်လွှားကာသွားနိုင်သည်။ ခြံစည်းရိုးသည်ခြောက်ပေအမြင့်ရှိပြီး ပြင်ပမှကြက်တစ်ကောင်တိုးပြီးတော့ မဝင်နိုင်အောင်ပင် စေ့စပ်စွာ ကာရံထားသည်။

သိုး၏မျက်လုံးများသည် သဏ္ဍာန်တစ်ခုကိုရိပ်ခနဲဆိုတွေ့မိလိုက်သလိုပင် ခါးကုန်းကာလှုပ်ရှားမှုတစ်ခုကိုပြုလုပ်နေသည်။ သေချာနေပြီ လူတစ်ယောက်ပဲ ထိုသူသည် အင်္ကျီဝတ်မထားကျောပြောင်ကြီးနှင့်ဖြစ်သည်။

"ဟိတ် … ဘယ်သူလဲ"

သိုးက အသံပြုလိုက်သည်။ ထိုသူသည် မိမိဘက်ကိုတစ်ချက် လှည့်ကြည့်လိုက်သလိုထင်လိုက်ရသည်။ ထို့နောက်ချက်ချင်းလိုလိုပင် စည်းရိုးဘက်ဆီကို ခြေလှမ်းသွက်သွက်ဖြင့်ထွက်သွားသည်။

"ဟင် … ဒီလူ"

သိုးသည် လက်နက်မပါဘဲနောက်မှချက်ချင်းပင်လိုက်သွား





သည်။ ခြံနောက်ဘက်တံခါးဆီသို့ရောက်သွားသည်။ ထိုသူ၏အရိပ်အယောင်ကိုသော်မှမတွေ့ရတော့။ ခြံနောက်ဘက် တံခါးသည်လည်းပွင့်မနေ။ စည်းရိုးကိုခွကျော်တက်ကာ ထွက်သွားခဲ့လေသလား။ အိမ်ဘက်ဆီပြန်လျှောက်လာခဲ့သည့်တိုင်_ ဘဝင်မကျမိ။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
## အဘိုးနှင့်ပုရပိုက်များ

ညကကိစ္စနှင့်ပတ်သက်ပြီး ဖခင်ဖြစ်သူဦးမောက်တူကို မှ
ပြောမိလိုက်သည်။

"ဟင် ဟုတ်လား၊ သားကတစ်ယောက်တည်းလိုက်သွာ
တာလား၊ အဖေ့ကို ဘာဖြစ်လို့မနှိုးတာလဲ"

"စိတ်က သက်မကောင်းဖြစ်မိတာလောက်ပဲရှိတာပါ၊ ခြံ
ကို လူရောက်နေလိမ့်မယ်လို့ မထင်မိဘူးအဖေ၊ သားက သူ
ရန်ပြုဖို့ မစဉ်းစားမိပါဘူး၊ အသံပေးလိုက်ရင် ထွက်သွားမှာ
ထင်လို့ ထင်တဲ့အတိုင်းပဲ သားရဲ့အသံလည်းကြားရော ချက်ခ
လှည့်ထွက်သွားတယ်"

"တော်သေးတာပေါ့ အဲလိုမဟုတ်ဘဲ လူသိသွားပြီဆိုပြ
ရန်ရှာသွားခဲ့ရင် ဘယ်နှယ့်လုပ်မလဲ"





မိခင်ဒေါ်ထားမိက အသံကြားတာနှင့်အိမ်ခန်းထဲကထွက်
လာပြီး ရင်ဘတ်ကိုလက်နှင့်ဖိကာပြောသည်။

"ထူးဆန်းတာက အဲဒီလူဟာ အေးအေးဆေးဆေးနဲ့
လှည့်ထွက်သွားခဲ့တာပဲ၊ အမှောင်ရိပ်သန်းနေလို့ ဘယ်သူဘယ်ဝါ
ဆိုတာမသိလိုက်ရဘူး"

"ရွာထဲကပဲဖြစ်ရမယ်၊ ခြံထဲကိုရောက်နေတယ်ဆိုမှတော့
ခိုးဖို့အကြံအစည်ကလွဲလို့တခြားမရှိဘူး"

ထိုအကြောင်းအရာကို မိသားစုအချင်းချင်းသာသိစေပြီး
ည်သူကိုမျှအသိမပေးဘဲ ရေငုံနှုတ်ပိတ်ထားကြသည်။ တစ်စိတ်
တစ်အိတ်လုပ်တတ်ကြသောကြောင့်ပင် ထိုနေ့ကစပြီး သတိ
ပြီးတော့ထားနေရသည်။ သို့သော် ညအချိန်မတော်ကြီးမှာ
မြဲတစေခြံထဲလှည့်ပတ်ပြီးတော့မကြည့်ဖြစ်။ သူခိုးအိမ်ပေါ်သို့
တက်လာမှသာ သိကြရတော့မည်။ ကြာတော့ ထိုကိစ္စသည်
မေ့ပျောက်ပျောက် ဖြစ်သွားခဲ့ကြသည်။

ရွာထဲတွင် အားလုံး အေးအေးဆေးဆေးအလုပ်အကိုင်
ပျက် အသွားအလာမပျက် ရွာစွန်တစ်နေရာတွင် သွပ်မိုး၊
ဆုံထောင်အိမ်ကလေးတစ်လုံးရှိသည်။ ထိုအိမ်တွင် ဦးမိုးဆိုသူ
တစ်ဦးနေထိုင်သည်။ အသက်ကတော့ ရစ်ဆယ်ကျော် ကိုးဆယ်
သို့ရောက်နေပြီ၊ သို့သော် ဆံပင်မဖြူသေး၊ မျက်စိမှုန်၊



www.burmeseclassic.com

နားမထိုင်းသေး။ သီလစောင့်ထိန်းမိုးကြောင့် ယခုလို တောင့်တင်းကြံ့ခိုင် နိုင်စွာရပ်တည်နေနိုင်ခဲ့သည်ဟု အများကယူဆထားကြသည်။

ဦးမိုးသည် နဝင်္ဂသီလကိုဆောက်တည် ခံယူထားသူ ဖြစ်သည်။ သူသည် အိမ်ထဲမှအပြင်သို့ထွက်ခဲ့သည်။ ခြံတံခါး အိမ်တံခါးကိုပိတ်ထားကာ တစ်ယောက်တည်းနေတတ်သော အကျင့်ရှိသည်။ သူ့ကို အဘမိုးဟု ခေါ်ကြသည်။ ရိုသေလေးစား ချစ်ခင်ကြသူများရှိကြသလို ဦးမိုးကိုမြင်လျှင် အလိုလိုကြောက်ရွံ့ သွားခဲ့ကြသူတွေလည်းရှိကြသည်။

သူသည်အိမ်ထောင်လုံးဝမပြုခဲ့ပေ။ မိဘနှစ်ပါးနှင့်အတူ လယ်လုပ်ခဲ့ဖူးသည်။ မွေးချင်းညီအစ်ကိုတစ်ယောက်ရှိသည်။ ယခု တော့ ဆုံးပါးခဲ့ပြီ။ ဦးမိုး (သို့မဟုတ်) ကိုမိုးသည် အစကတော့ သူ့လို၊ ကိုယ်လိုပင်၊ အနေအထိုင် အစားအသောက်ကမှအစ သာမန်လူတစ်ဦး၏စရိုက်၊ သဘာဝအတိုင်း နောက်တော့ ... လယ်လုပ်နေရင်းက ပြောင်းလဲလာခဲ့သည်။ ပြောင်းလဲလာပုံက ထူးခြားသည်။ လယ်ထဲမှာပဲနေနေ၊ အိမ်မှာပဲနေနေ တစ်ယောက် တည်းစကားပြောနေတတ်သည်။ ခေါင်းညိတ် ခေါင်းခါရှိနေတတ် သည်။ မိဘနှစ်ပါးက သားအဖြစ်ကိုမြင်တွေ့ရသောအခါ အံ့အား သင့်မိကြရသည်။ သားကိုမိုးတစ်ယောက်ကြောင်သွားပြီ ထင်မိကြသည်။ တစ်ခါတစ်ရံ သစ်ပင်ကြီးတစ်ပင်အောက်တွ





ကိုမိုးသည်တစ်ယောက်ယောက်နှင့် စကားပြောနေသလို စိတ်ပါ လက်ပါရှိနေတတ်သည်။ ရွာသားအချို့က ကိုမိုး၏အခြေအနေကို မြင်တွေ့ရသောအခါ ...

"ဒီကောင်ကြောင်သွားပြီထင်တယ်"

ဟုဆိုကြသည်။ သို့သော် ကိုမိုးသည် အများနှင့်ဆက်ဆံ သောအခါမှာ အကောင်းပင်၊ စိတ်သွက်၊ ရှုံးနှမ်းသောအမူအရာ မျိုးမရှိ။ ထို့ကြောင့် အံ့အားသင့်မိကြရလေသည်။ နောက်ပိုင်း တွင် ကိုမိုးသည်အိမ်တွင် ညပိုင်း၌အဂ္ဂိရတ်ထိုးလာသည်။ နေ့ လယ် နေ့ခင်းဘက်မှာတော့ လယ်ယာအလုပ်ကိုမိဘနှင့်ပိုင်းကူ ပြီးတော့လုပ်လေသည်။

နောက်တော့ ... လယ်ထွန်လည်း ပုတီးကြီးလည်ပင်းစွပ် ကာအလုပ်လုပ်သည်။ လယ်ထဲတွင်တစ်အောင့်နားလျှင်လည်း ပုတီးစိပ်သည်။ တရားထိုင်သည့်အလုပ်ကိုလုပ်သည်။

"သားတော့ ... ဘယ်လိုစိတ်ကူးပေါက်ပြီး ဒီအလုပ်တွေ လျှောက်လုပ်နေတာလည်းမသိဘူး။ ကြာရင် အသက်ငယ်ငယ် နဲ့ချောင်သွားမှာစိုးရိမ်ရတယ်"

"အေးကွယ် ဒီလိုလုပ်ပါလားရှင်မ၊ သားကိုမိန်းမပေးစား လိုက်ရင်ကောင်းလိုက်မယ်ထင်တယ်၊ ဒါမှစိတ်ပြောင်းသွားမှာ"

ထို့ကြောင့် ရွာမှသင့်တော်မည့်မိန်းကလေးတစ်ယောက်

www.burmeseclassic.com



နှင့်ပေးစားရန်သားကိုနားချကြသည်။

"ကျွန်တော်ဒီတစ်သက်မိန်းမမယူတော့ဘူးလို့ဆုံးဖြတ်ထားတယ်၊ အမေတို့ ဖွတ်ပေးစားရင် ကျွန်တော့်မျက်နှာကိုဒီတစ်သက်မြင်ရမှာမဟုတ်ဘူး"

ကိုမိုးက ခပ်ပြတ်ပြတ်ပြောသည်။ ထို့ကြောင့် မိမိတို့၏ရည်ရွယ်ချက်အထမမြောက်တော့ပေ။

"သားက မိန်းမပေးစားရင်အိမ်ကထွက်သွားမှာတဲ့ ပြောတဲ့အတိုင်းလုပ်မှာ သူ့ဆန္ဒမရှိရင် မတိုက်တွန်းပါနဲ့တော့လေ"

မိခင်သည် သားကိုချစ်၍လက်လျှော့လိုက်ရသည်။ ကိုမိုးနှင့်ငါးနှစ်ခြားပြီးမွေးသော ညီတစ်ယောက်ရှိသည်။ ကိုတိုးဟုခေါ်ကြသည်။ ကိုမိုးနှင့်ကိုတိုးလိုက်ဖက်ညီသွားသည်။

"အစ်ကိုကြီးရာ နေ့ဘက်မှာလယ်ထဲမှာအလုပ်လုပ်ရ ညဘက်ကျတော့လည်းဗိုထိုးနဲ့ ပြီးတော့ တစ်ခါတလေညလုံးပေါက်မအိပ်ဘူး၊ အစ်ကိုကြီးပင်ပန်းလွန်းလှပါတယ် အစ်ကိုကြီးဝါသနာပါတဲ့အလုပ်တွေကိုဖောက်ချပြီးတော့သာလုပ်၊ ကျွန်တော်တစ်ယောက်တည်း လယ်အလုပ်တွေကိုလုပ်မယ်"

"ဟာ မဖြစ်ဘူးထင်တယ်၊ ငါ့ညီကငယ်သေးတယ်၊ ပြီးတော့ အမေလည်း အသက်အရွယ်ရလာပြီ၊ ငါမရှိတော့နှစ်ယောက်စလုံးပိုပြီးတော့ပင်ပန်းမှာပေါ့"





"လူငှားတစ်ယောက်ခေါ်မှာပေါ့ ကျွန်တော့်သူငယ်ချင်းတစ်ယောက် အလုပ်က ဘယ်မှာမှအဆင်မပြေလို့အလုပ်တောင်းနေတာ သူ့ကိုခေါ်ခိုင်းမယ်လေ"

သည့်နောက်ပိုင်းမှာတော့ ကိုမိုးအတွက်အဆင်ပြေသွားခဲ့သည်လေ။ မိဘနှစ်ပါးကလည်း ကြည်ဖြူကြသည်။ တစ်ရက်တွင် ကိုမိုးသည်လယ်ထဲသို့ရောက်လာပြီး ...

"ကျွန်တော်ရွှေမိုးတွေရွာပေးမယ်"

ဟုဆိုကာ လက်သီးကိုဆုပ်ပြီးပစ်ကြသလိုလုပ်လိုက်သည်နှင့် လက်ထဲမှရွှေရောင်စက္ကူစလေးများက တလက်လက်နှင့်ထွက်သွားခဲ့ကြသည်။ သည်လိုနှင့် လေးငါးခါမက ကြဲဖြန့်လိုက်သောအခါ လေထဲတွင်ရွှေစလေးများက လွင့်ပါးသွားခဲ့ကြသည်။ သယ်မြေများပေါ်တွင်ကျသွားခဲ့ကြလေသည်။ မိဘနှစ်ပါးနှင့်ကိုတိုးတာ အံ့အားသင့်ပြီးတော့ကြည့်နေမိကြသည်။ ကိုမိုးကသူတို့ကိုမှုလက်ပြကွက်များပြသနေသည်ဟုလည်း ထင်နေမိကြသည်။

သည့်နောက်ပိုင်းတွင်ကား ...



www.burmeseclassic.com

www.burmeseclassic.com

သူတို့လယ်သည် အခြားလယ်များထက်ပိုပြီးတော့အထွက် ကောင်းလာသည်။ စပါးငါးဆခန့်ပိုထွက်လာသည်။ ထွက်သည့် စပါးများကလည်း အဖျဉ်းအဆုတ်မရှိ အောင်မြင် လိုက်သမှ လူတိုင်းလက်ဖျားခါကြရသည်။ ကိုင်းလုပ်ပြန်တော့လည်း ထို့ အတူပင် အောင်မြင်လိုက်သမှ ဝက်ဝက်ကိုကွဲ၊ အထွက်တိုးပြီး ဝင်ငွေကတိုးသည်။ နောက်ထပ်လယ်များကို ထပ်ပြီးဝယ်နိုင် သည်။ လက်ဖျားငွေသီးသည်။ ရွှေသီးလာကြသည်။

ရာသီဥတုဖောက်ပြန်၍ သူများတကာ၏လယ်တွေ ဆုတ် ယုတ်ကြသည့်တိုင် သူတို့လယ်က အောင်ပွဲခံကြသည်။ အများက အားကျကြသည်။ အချို့မနာလိုဖြစ်ကြရသည်။ ထိုအခါ ကိုမိုး စောင်မ၍ ယခုလို တိုးတတ်ကြီးပွားလာရသည်ဟု အယူရှိကြ သည်။ ထူးခြားသောသားဟု လက်ခံလာမိကြရသည်။





ညညတွင်လည်း ကိုမိုးကအိပ်ခဲ့သည်။ သူ၏ဗိုရုံထဲတွင် ဒိုကြီးတစ်လုံးနှင့်အလုပ်ရှုပ်နေသည်။ စာဖတ်ချင်ဖတ်နေ သည်။ သူဖတ်သောစာများသည်ကား စာအုပ်မဟုတ် ပေစာ၊ ပုရပိုက်စာများပင်ဖြစ်သည်။ သူ ဤပုရပိုက်ချပ်များကို မည်သည့် နေရာကရရှိခဲ့ပါသလဲ။

တစ်ရက်တွင် သူတစ်ယောက်တည်းလယ်ထဲတွင်ရှိနေစဉ် နှင့်မလှမ်းမကမ်းရှိတောင်ပို့ကြီးထဲမှ အသံအချို့ကိုကြားနေ သည်။ သူ့စိတ်ထဲမှာ ဖွတ်လား၊ မြွေတစ်ကောင်ပဲလားဟုထင် သည်။ သို့သော် သူ အဲဒီသတ္တဝါများ ဝင်ထွက်သွားလာနေကြ သည်ကို တစ်ကြိမ်တစ်ခါမှမမြင်ဖူးခဲ့၊ ခြတောင်ပို့တစ်ခုဟုပဲထင် ခဲ့မိသည်။ တောင်ပို့ကြီးထဲမှ ထွက်ပေါ်လျက်ရှိသောအသံများ သည် ယပ်တောင်ခပ်သလိုလို တဖျပ်ဖျပ်နှင့်ဖြစ်သည်။ စိတ်ဝင် စားလာခဲ့သည်နှင့် ပေါက်တူးတစ်လက်ကိုကိုင်ကာ တောင်ပို့ကြီး ဆီသို့လျှောက်သွားမိသည်။

သူရောက်သွားသည်အထိ တဖျတ်ဖျတ်အသံများကထွက် ပေါ်နေကြဆဲပင်။ ပိုပြီးတော့ပင်ကျယ်လောင်လာသလို အနားကို ကပ်သော် တောင်ပို့ကြီးသည် လှုပ်ယမ်းလျက်ရှိနေသည်ကို တွေ့လိုက်ရသည်။

"အင်း ... ဒီအထဲမှာအကောင်တစ်ကောင်ကောင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ရှိနေပြီ၊ လူ့ကိုအန္တရာယ်ပေးမယ့် အကောင်မျိုးဆိုရင် မဖြစ်ဘူးရှင်းပစ်မှ''

ထိုအခါ ကိုမိုးသည် တောင်ပို့ကိုဖြိုရန် ပေါက်တူးကို မြှောက်လိုက်သည်နှင့် ...

''ဖျစ် ... ဖျစ် ... ဖျစ်''

တောင်ပို့ကြီးသည် တစ်ဖျစ်ဖျစ်နှင့်မြည်လာသည်။ အက် ကွဲလာသည်။ ကိုမိုးလည်း မြှောက်ထားသောလက်ကိုပြန်မချနိုင် သေးဘဲ လေထဲမှာတန်းလန်းကြီးဖြစ်နေလျက်သားဘာကောင်ကြီး များထွက်လာလေမလဲဟု မျက်လုံးပြူးကြီးနှင့်ကြည့်နေမိသည်

''ဖျစ် ... ဖျစ် ... ဖျစ် ... ဖျစ်''

အသံက ပိုပြီးတော့မြည်လာခဲ့သည်။ အက်ကြောင်းနေ မှာ ဟသထက်ဟလာခဲ့သည်။ ထို့နောက် ...

''ဖတ် ... ဖြောင်း''

လုံးဝထက်ခြမ်းကွဲထွက်သွားသည်။ ဘေးတစ်ဘက်ထ ချက်ဆီကိုကျသွားခဲ့ကြသည်။ ကိုမိုး၏မျက်လုံးတွေထဲမှာ မည်းသတ္တဝါကြီးတစ်ကောင်ခုန်ထွက်လာသည်ဟု ထင်မိလို့ သည်။ ထို့ကြောင့် ပေါက်တူးကို တအားပေါက်ချလိုက်တော့ အပြု –

''ဟင်''





သူတစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားခဲ့ရသည်။ မြင် တွေ့လိုက်ရသည်ကား ယပ်တောင်သဏ္ဌာန်ကြီးဖြန့်ခင်းထား သော ပုရပိုက်များ၊ ထို့အပြင် အဂ္ဂရတ်ထိုးရာတွင် အသုံးပြု သောလုံများ၊ ဖားဖိုကြီးကတစ်ခု၊ မီးသွေးခဲများ၊ မမျှော်လင့်သော ပစ္စည်းများကိုတွေ့လိုက်ရသည့်အတွက် အံ့အားသင့်သွားခဲ့ရလေ သည်။

''ဒါ ... ဘာတွေပါလိမ့်''

ပုရပိုက်များဟုသိသော်လည်း တောင်ပို့ကြီးထဲမှထွက်လာ သည်မို့ အံ့အားတသင့်၊ ပေါက်တူးကိုဘေးမှာချပြီး မရဲတရဲနှင့် ကောက်ယူကာကြည့်လိုက်သည်။ ဖတ်တက်မှာတော့ မဟုတ်ဟု ထင်မိသည်။ အားလုံးသည် ပါဠိလိုလို၊ သင်္ကေတအမှတ်အသား များလိုလို ရောနှောပြီး ရေးသားထားသည်။ ပထမတော့ နား လည် မိမိနှင့်လုံးဝမသက်ဆိုင်သောစာများဟု ထင်မိသည်။ သို့သော် ဖတ်နေရင်းကပင်လျှင် တဖြည်းဖြည်းနှင့်နားလည်လာ သလိုရှိသည်။ အံ့အားသင့်မိသည်။

ယင်းပုရပိုက်များကိုလည်း စိတ်ဝင်စားလာမိသည်နှင့် ခေါင်းပြီးသိမ်းဆည်းလိုက်သည်။ ထို့နောက် လုံချည်ဟောင်း တစ်ထည်ဖြင့်ထုပ်ပိုးကာ ယူဆောင်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကိုမိုးသည် ဤပုရပိုက်များရရှိခဲ့သည့်အကြောင်းကိုမည်သူ
ကိုမှမပြော၊ မိဘများကိုပင်မပြောမိ၊ ပြောချင်စိတ်လည်းမရှိ
ထိုသို့မပြောမိစေရန် မိမိအပေါ်မှာ တစ်ဦးတစ်ယောက်က အဟန့်
အတားပြုထားသလိုပင်။ ထို့အပြင် ပုရပိုက်ပါစာများကို မိမိ
ဖတ်တတ်နေခြင်းက အံ့အားသင့်စရာပင်။ မိမိသည်စာပေနှင့်
ပတ်သက်ပြီး လေးနက်စွာ သင်ကြားပို့ချခဲ့ခြင်းမရှိခဲ့သူတစ်ဦး
သို့သော် ဤကဲ့သို့သော ခဲရာခဲဆစ်ဖတ်ရမည့်စာများကို ဖတ်
တတ်နေခဲ့ခြင်းသည် အတိတ်ကအကြောင်းပါလာ၍ပဲဟု နား
လည်မိသည်။

ပါဠိသက်သက်ကြားတွင် အင်္ဂလိပ်စာများဖြည့်စွက်ပါဝင်နေ
သောစာကိုသူဖတ်တတ်သော်လည်း တစ်ခါတစ်ရံတွင်သုံးလေး
ရက်ကြာသည်အထိ တွေးယူပြီးမှအဖြေကိုရခဲ့သည်လည်းရှိသည်၊





သည့်နောက်ပိုင်းတွင် ပုရပိုက်ပါအညွှန်းအရ အင်္ဂလိပ်ရက်ထိုးခဲ့ခြင်း
ပင်ဖြစ်သည်။ ထို့အပြင် သူနေထိုင်သော မိုးမဲ့ရွာ၏အနီးပတ်ဝန်း
ကျင်နှင့်ပတ်သက်ပြီး အဖြစ်သနစ်အချို့ကိုလည်း ပုရပိုက်ထဲမှာ
ရေးသားထားသည်။

ဤမှတ်တမ်းကို မည်သူကရေးမှတ်ထားခဲ့ကြောင်း မသိ
သော်လည်း ဂန္ဓာရီလောကတွင် ကျင်လည်နေသူတစ်ဦးဟု
သဘောပေါက်လာခဲ့သည်။ ကိုမိုးမှသည် ဦးမိုး၊ ယင်းမှသည်
သည်း အဘမိုးဘဝသို့ရောက်ခဲ့သော်လည်း သူ၏ပုရပိုက် မှတ်
တမ်းများကို လျှို့ဝှက်စွာသိမ်းဆည်းထားဆဲပင်။ မိဘနှစ်ပါးနှင့်
ညီဖြစ်သူတို့သည် လောကကြီးထဲက ထွက်ခွာသွားခဲ့သည်မှာ
ကြာခဲ့ပြီဖြစ်သည်။ သို့သော် အဘမိုးကား အသက်ရှည်စွာနေ
နေရဆဲ။

မိမိပိုင်ဆိုင်သော လယ်ယာမြေများကို နီးစပ်ရာဆွေမျိုး
သင်းရဲသား၊ လယ်မဲ့၊ ယာမဲ့များကို အားလုံးဝေခြမ်းကာပေးခဲ့
သည်။ သူကတော့ အိမ်ထဲကအိမ်ပြင်မထွက်။ တစ်ဦးတည်းအေး
အေးစွာပင်နေခဲ့လေသည်။ သို့သော် ကြာလာသောအခါ အဘမိုး
ကို တောထဲမတောင်ထဲမှာ တွေ့သူကတွေ့၊ တစ်ချိန်တည်းမှာ
ပင် ကျိုက်ထီးရိုးဘုရားပေါ်မှာသော်လည်းကောင်း၊ သထုံရွှေစာ
ရုံစေတီတော်မှာသော်လည်းကောင်း တွေ့သူကတွေ့။



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတော်၏ရင်ပြင်တစ်နေရာတွင် ရသေ့ကြီးတစ်ဦးနှင့် တရားဆွေးနွေးနေကြသည်ကို တွေ့ခဲ့ကြရသည်ဟူသော သတင်းစကားများကလည်း ထွက်ပေါ်လာခဲ့ကြသည်။

ထိုအခါ မိုးမဲရွာသားအချို့က ...

"ဟ မင်းတို့က အဘမိုးကို ဟိုမှာဒီမှာတွေ့ခဲ့တယ်လို့ ပြောကြတယ်၊ မင်းတို့အဲ့သလိုတွေ့ခဲ့တယ်ဆိုတဲ့ အချိန်မှာ အဘမိုးက သူ့ခြံထဲမှာရှိနေတာကွ၊ လမ်းလျှောက်နေတာကို နေ့တိုင်း တွေ့နေရတယ်"

"ငါတို့က အဘမိုးကိုအပြင်မှာသေသေချာချာတွေ့ခဲ့ရတာပါကွာ"

"အေး မင်းတို့က အဘမိုးနဲ့တူတဲ့လူကိုတွေ့ခဲ့ကြလို့ဖြစ်ပါလိမ့်မယ်"

ရွာမှလူများကလည်း အဘမိုး မိုးမဲရွာမှနေ၍ မည်သို့မှ ထွက်မသွားကြောင်း၊ အိမ်မှာပဲရှိနေကြောင်း အခိုင်အမာပင်ပြောကြသည်။ နောက်တော့ ... ဟိုစကားမှန်သလို၊ ဒီစကားမှန်သလိုလိုနှင့် ဇဝေဇဝါဖြစ်သွားခဲ့ကြလေသည်။



## အခန်း (၆)

## ဒိုးသားစားပွဲကြီးကြေး

တစ်ရက်တွင်သိုးသည် ကိစ္စတစ်ခုရှိ၍ ရွာထဲကိုအသွား
တွင် ဖွေးဖွေးနှင့်အမှတ်မထင်ဆုံမိကြသည်။

"သိုး ... နင်ဘယ်ကိုသွားမလို့လဲ"

"ဖွေးဖွေးပါလား ပေါက်ကျော်ဆီကိုသွားမလို့ဟ၊ ငါ့အလုပ်
ကူအညီလိုလို့ သူ့ကိုသွားခေါ်မလို့"

"ဩော် ... အင်း နင်လည်းဟာ ငါ့အိမ်ဘက်ကိုတောင်
ညီမလာခဲ့ဘူး၊ နေစိမ့်တယ်"

"ငါမအားလို့ပါ ဖွေးဖွေး၊ ဒါပေမယ့် ငါလာတော့လည်း
ဘမရှိဘူးလေ"

"အေး ... ဟုတ်တယ်၊ နင်လာတာအိမ်ကပြောတယ်၊
ထဲကအေးရီတို့အိမ်ရောက်နေလို့"

www.burmeseclassic.com



ဖွေးဖွေးသည် သိုးကိုစိတ်ဝင်စားနေသည်။ သိုးကတော့ အေးစက်စက်၊ သူခံစားချက်ကိုနားမလည်။ ဖွေးဖွေးကိုအခင်ဆုံးကလည်းသိုးမို့ စိတ်ညွှတ်နေပြီလား၊ သာမာန်ပဲလားဆိုသည်ကို မစဉ်းစားတတ်။ ဖွေးဖွေးကတော့ သိုးတစ်ယောက် အခြားမိန်းကလေးတစ်ယောက်နှင့် ဖြစ်သွားမှာကိုစိုးရိမ်မိသည်။

"ငါ အားရင်နင့်ဆီကိုလာခဲ့ပါဦးမယ်၊ နင် ငါ့ကို ဘာကျွေးမှာလဲ"

"နင်စားချင်တာကျွေးမှာပေါ့ဟ သွားပါ၊ ပြောပြီးလာမှလည်းဟုတ်ပဲနဲ့"

"တကယ်လာမှာ ငါအလုပ်အားမယ့်ရက်ကိုကြိုပြီးတော့ပြောမယ်သိလား"

"အင်း ... အင်း"

သိုးကလိုလိုလားလားနှင့်ပြော၍ ဝမ်းသာသွားမိသည်။

ထိုစဉ် ...

"လူလေး ခဏ ... "

ခေါ်သံကြားလိုက်ရသည်။ သူတို့ရပ်နေသောနေရာသည် အဘမိုး၏ခြံရှေ့မှာဖြစ်နေသည်ကို သတိထားမိသွားသည်။

"ဟင် ... ဒါ အဘမိုးရဲ့အသံပဲ၊ ငါတို့ခြံရှေ့မှာရပ်ပြီး စကားပြောမိတာ မကြိုက်ဘူးထင်တယ်"





"ဟုတ်လိမ့်မယ်ထင်တယ် နင့်ကိုခေါ်နေတာသိုး ..."

"အေး ငါသွားလိုက်မယ်၊ နင်ပြန်တော့ ဖွေးဖွေး"

ဖွေးဖွေးလည်း အလျင်စလိုခြေလှမ်းများဖြင့် ထွက်သွားခဲ့လေသည်။ သိုးသည် ခြံဘက်ဆီကိုခြေလှမ်းမှန်မှန်ဖြင့်လျှောက်သွားသည်။ စည်းရိုးသည်လုံခြုံသော်လည်း လက်တစ်လုံးနှစ်လုံးဟနေသောနေရာအချို့ရှိသည်။ အဘမိုးလမ်းလျှောက်နေလျှင် အပြင်ကရိပ်ခနဲ လှစ်ခနဲမြင်တွေ့နိုင်သည်။ လူတစ်ကိုယ်လုံးမမြင်ရ၊ မျက်နှာကိုမမြင်နိုင်။

ယခု အဘမိုး မည်သည့်နေရာကခေါ်နေမှန်း မသိ။ သိုးသည် ခြံတံခါးရှေ့မှာရပ်နေမိသည်။

"ထောက် ... ဂျလောက်"

တံခါးမင်းတုပ်ရွှေ့မသံကိုကြားလိုက်ရသည်။ တံခါးခပ်ဟဟပွင့်လာသည်။ အဘမိုးသည် သိုးကိုတည်ကြည်သောမျက်နှာဖြင့်ကြည့်နေသည်။

"လာကွယ့် ... လူလေး"

သိုးသည် အဘမိုးကိုရှိန်နေမိသည်။ သို့သော် မရှောင်ဆန်နိုင်၍ ခြံထဲကိုဝင်လိုက်ရသည်။ အဘမိုးကခြံတံခါးကိုပြန်ပြီးတော့ပိတ်လိုက်သည်။ ထို့နောက် အိမ်ထဲကိုခေါ်သွားလေသည်။ သိုးသည် အဘမိုးနှင့်ဆက်ဆံမှုတော့ရှိခဲ့ဖူးပါသည်။ ငယ်စဉ်က



www.burmeseclassic.com

www.burmeseclassic.com



ခုလိုပဲခေါ်ခေါ်ပြီး ဖွမ်း၊ ဖွမ်းသီးစသည်တို့ကိုဝယ်နိုင်းတတ်သည်။ သတိထားမိသည်မှာ အခြားမည်သူ့ကိုမှမခိုင်းတတ်၊ သိုးကိုပဲ ခိုင်းတတ်သည်။

အဘမိုးသည် အိမ်မှာမကြာမကြာပျောက်သွားတတ်သည်။ သူ့အကြောင်းကိစ္စနှင့်သူ ခရီးထွက်ခြင်းပဲဖြစ်လေ့မည်။ သို့သော် အဘမိုးတစ်ယောက် အိမ်မှာနေ၍ထွက်သွားသည်ကိုသော်လည်း ကောင်း၊ ပြန်လာခဲ့သည်ကိုသော်လည်းကောင်း မည်သူမှမသိ နိုင်။ ခြံတံခါး၊ အိမ်တံခါးကတော့ပိတ်ထားလျက်သားပင်။ သိုး အရွယ်ရောက်လာမှ အဘမိုးနှင့်အဆက်အသွယ်ပြတ်သွားခဲ့သလို ဖြစ်သွားခဲ့သည်။ ခုမှတစ်ကြိမ်ခေါ်တွေ့ခြင်းပင်။

"အဘ ... ကျွန်တော့်ကိုခိုင်းစရာရှိလို့ပါလား"

"မရှိပါဘူး ငါ့မှာခိုင်းရမယ့်ကိစ္စတွေမရှိတော့ပါဘူး"

အိမ်ရှေ့ဘုရားခန်းတွင် ထိုင်မိကြသည်။ အဘမိုးသည် အသက်ကိုးဆယ်နားနီးနေသော်လည်း သေချာကြည့်လျှင် ငါး ဆယ်ကျော်လောက်ပဲထင်ရသည်။ သိုးက အဘမိုးကိုဦးချကာ ကန်တော့လိုက်သည်။ ရွှေငှက်ပျောသီးတစ်လုံးကို အဘမိုး ဘယ် လိုယူလိုက်မှန်းမသိ။ သူ့လက်ထဲကိုရောက်နေသည်။

"ရော့ စားကွယ် ..."

သိုးသည် ချက်ချင်းပဲစားလိုက်သည်။ လျှာပေါ်မှာလည်း

ရွှေစကား ၁၀၁၉ပ



ညှိသည့်အရသာနှင့်မှမတူ တစ်ကိုယ်လုံးဖျင်းဖျင်းနှင့်နေအောင် ကိုပင် အကြောပေါင်းတစ်ထောင်စိမ့်တက်သွားရသည့် အထိခံ စားလိုက်ရသည်။ ဝမ်းထဲကိုရောက်သွားခဲ့သည်နှင့် ချက်ချင်းပင် ပေါ့ပါးလန်းဆန်းသွားခဲ့ရသည်။ တစ်ကိုယ်လုံးလည်း မှို့လေးများ မောလေထဲတွင်လွင့်ပါသွားသလိုပင်။ ဤငှက်ပျောသီးတစ်လုံး သည် သူ့အတွက် ထူးခြားမှုတစ်ခု ပေးလိုက်သည်ကိုသိသွားခဲ့ ရသည်။ ထို့နောက် ရေနွေးကြမ်းတစ်ခွက်တိုက်သည်။ သိုးမှာ အဘမိုး၏ရှေ့တွင် ထိုင်နေရသည်မှာ စိတ်မလုံခြုံသလိုပင်။ အကြောင်းမရှိပဲနှင့်တော့မခေါ် ...

"ငါရှေ့မှာ ပုံမှန်အတိုင်းသာနေပါ၊ ကြောက်စရာမလိုပါ ဘူးကွယ့်၊ သိစေချင်တာလေးရှိလို့ခေါ်လိုက်တာပါ"

"ဟုတ်ကဲ့"

"ဟို ဖုန်းဆိုးမြေကြီးကိုရှင်းပစ်ခဲ့ကြတယ်မဟုတ်လား"

"ဟုတ်ကဲ့"

အဘမိုးက စကားအစမပျိုးဘဲ ကောက်ကာငင်ကာမေး လိုက်လေသည်။ ဘာတွေထူးခြားသလဲ ဘာတွေ့သလဲ အစရှိ သည်တို့ကိုဆက်ပြီးတော့ မေးလိမ့်မည်ဟုထင်မိသည်။

"အဲဒီနေရာဟာ ရှေးကရာဇဝတ်သားတွေကို စီရင်တဲ့လူ့ သတ်ကုန်းဆိုတာ သိခဲ့ကြတယ်မဟုတ်လား"

ရွှေစကား ၁၀၁၉ပ

www.burmeseclassic.com

www.burmeseclassic.com



"အဲသလိုထင်နိုင်လောက်တဲ့ အထောက်အထားတွေကို တွေ့ခဲ့ကြရပါတယ် အဘ"

"အေး ... ရှေးသခင်က တိုင်းပြည်ငယ်လေးတစ်ခုရှိခဲ့တယ်၊ မိုးမဲ့ရွာရဲ့အရှေ့ဘက်မှာကျတယ်၊ အဲဒီတိုင်းပြည်ရဲ့အမည်ကတော့ သီရိလင်္ကာတဲ့ မင်းကျင့်တရားဆယ်ပါးနှင့်အညီ အုပ်ချုပ်တယ်၊ တိုင်းသူပြည်သားတွေကိုလည်း မရှိ မလောက်မငှ၊ မကြောင့်ကျစေရအောင် အလုပ်အကိုင်ကမှအစ လိုလေသေးမရှိသည်အထိ ဖြည့်ဆည်းပေးထားတယ်၊

မျိုးကြီးမင်္ဂကြီး အရာထမ်းအမှုထမ်းတွေကိုပြည်သူတွေထဲထဲဝင်ဝင်ရောက်စေပြီး လူမှုရေးကိစ္စတွေမှန်သမျှ လေ့လာစေတယ်၊ ဘာတွေလိုအပ်သလဲ လိုအပ်တာမှန်သမျှ ချက်ချင်းပဲဖြည့်ဆည်းပေးတယ်၊ အဲသည်တော့တိုင်းသူပြည်သားတွေလည်းပြည့်စုံလာခဲ့ကြတယ် တိုင်းပြည်အုပ်ချုပ်တဲ့ဘုရင်အပေါ်မှာလည်းချစ်ခင်လေးစားကြတာပေါ့"

အဘမိုးသည် သီရိလင်္ကာဆိုသည့်တိုင်းပြည်နှင့်ပတ်သတ်ပြီး မိမိအပေါ်မှာ မည်သည့်အကြောင်းကြောင့်ရှင်းပြနေပါလိမ့်ဟု နားမလည်နိုင်။

"မသိလို့မေးပါရစေအဘ ကျွန်တော်တို့ကြားဖူးခဲ့တဲ့ သီရိလင်္ကာတိုင်းပြည်ကိုပြောတာလားခင်ဗျာ"





မအောင့်နိုင်၍ မရဲတရဲနှင့်ပြုံးပြီးမေးလိုက်သည်။

"မဟုတ်ဘူးကွယ့် ခု ငါတို့ရဲ့အိမ်နီးနားချင်းတိုင်းပြည်ဆီတို့၌(အရင်အခေါ်)က သီရိလင်္ကာလို့နောက်မှပြောင်းတာ ငါပြောတဲ့သီရိလင်္ကာက ရှေးယခင်နှစ်ပေါင်းထောင်ချီမကကတည်းကရှိခဲ့တာ၊ အေးထားတော့ ဒါလောက်ပဲသိထားရင်တော်ပြီ၊ သီရိလင်္ကာမှာပြင်းထန်တဲ့ဥပဒေတစ်ခုထုတ်ထားတယ်၊ အဲဒါ ဘာလဲဆိုတော့ ခိုးဝှက်၊ လုယက်မှုကိုလက်မခံဘူး ပြင်းထန်စွာနှိပ်ကွပ်တယ်၊ တခြားပြစ်မှုတွေကျူးလွန်ခဲ့ရင်လည်း ပြစ်မှုအကြီးအသေးလိုက်စီရင်ပေမယ့် ခိုးဝှက် လုယက်မှုကျတော့ သေဒဏ်အထိချတ်တယ်"

"အဘပြောတာ ဖုန်းဆိုးမြေက လူသတ်ကုန်းဟောင်းကြီးဆက်စပ်မှုများရှိနေမလားခင်ဗျာ"

"အေး ဆက်စပ်မှုတော့ရှိတာပေါ့ အဲဒီလိုပြစ်မှုမျိုးကိုကျူးလွန်ခဲ့ရင် ဒီလူသတ်ကုန်းမှာပဲစီရင်လေ့ရှိတယ်"

အဘမိုး၏အကြောင်းအရာများကို မည်သို့သိနေပါလိမ့်တွေးတောနေမိသည်။ အဘမိုးက သိုးကိုထူးခြားသောအကြည့်မျိုးဖြင့်ကြည့်လိုက်သည်။ သိုးမလုံမလဲဖြစ်သွားခဲ့ရသည်။ အတွေးကိုသိသွားသလိုလို ...

"တိုတိုပြောရင် တစ်ရက်မှာနာမည်ကြီး ခိုးသားဓားပြကြီး

7



www.burmeseclassic.com

www.burmeseclassic.com



ငကြွေးကိုဖမ်းမိသွားကြတယ်၊ ငကြွေးဟာ နှယ်နှယ်ရရသူ မဟုတ်ဘူးကွယ်၊ သူ့ကိုဘယ်သူမှဖမ်းမမိနိုင်ကြဘူး ရှိန်းဆာယာ မောက်လို့ကိုယ်ပျောက်တဲ့စောရဆိုပြီး ဟိုးဟိုးကျော်နေတာပေ

သူခိုးဝင်တဲ့အိမ်မှန်သမျှ ခြေရာလက်ရာမပျက်ပစ္စည်း ပျောက်ကြတယ် အခိုးခံရရင်ချက်ချင်းမသိကြဘူး နောက် ကြာ သိကြတယ် အိမ်ဝင်အိမ်ထွက်၊ ခြံဝင်ခြံထွက် ခြေရာလက် မပျက်ဘဲဝင်ထွက်သွားလာနိုင်တဲ့ သူခိုးမျိုး''

"ဒါလောက်စွမ်းတဲ့ သူခိုးမျိုးကိုဘယ်လိုဖမ်းမိသွားတ လဲ အဘ''

"အစီအရင်ပေါ့ကွာ ... သူ့ရဲ့အစွမ်းအစကိုပျက်စေမ အစီအရင်နဲ့စီရင်ပြီးဖမ်းတာပေါ့၊ နောက်ဆုံးမှာတော့ ဒီနာမည် စောရငကြွေးဟာ သူ့ရဲ့စွမ်းအင်တွေပျက်ပျယ်ပြီး ဥပဒေလက် သက်ဆင်းခဲ့ရတာပဲပေါ့''

"ဟင် ... ဒါဖြင့် သူ့ရဲ့ကံကြမ္မာက ... ''

"အင်း ... ကိုယ့်အပြစ်နဲ့ကိုယ်ခံရတယ်ဆိုပေမယ့် စိတ် မကောင်းစရာပေါ့ကွယ်၊ ငကြွေးကိုလူသတ်ကုန်းမှာကားစင်တ ပြီး ရက်အတန်ကြာအစာမကျွေးဘဲထားပြီးမှ ကွပ်မျက်လိုက် တယ်၊ ငကြွေးဟာ သူ့ကိုကွပ်မျက်ခါနီးမှာတောင် နည်းနည်းလေး ဣန္ဒြေမပျက်ခဲ့ဘူးတဲ့၊ ပြီးတော့သူကပြောလိုက်သေးတယ်''





"စကားပြောနိုင်သေးတယ်ဟုတ်လား၊ ဘာတွေပြောခဲ့သလဲအဘ''

"အေး သူပြောခဲ့တဲ့စကားကတော့ ... ''

"ကျုပ်အစွမ်းအစတွေပြယ်လည်းခဏပဲ၊ တစ်ချိန်ချိန်ကျရင်ပြန်ပြီးတော့ အသုံးဝင်လာမှာ ငကြွေးဟာ ထာဝရသေသွားမယ့်သူမဟုတ်ဘူး၊ မှတ်ထားကြ''

"အဲသလိုပြောပြီး ခပ်ပြုံးပြုံးပဲအသေခံသွားသတဲ့ အဲသူ့ကို အဲဒီလူသတ်ကုန်းမှာပဲ ကောင်းမွန်စွာမြှုပ်နှံလိုက်ကြတယ်၊ အဲ နောက်တော့ သူ့ကိုကားစင်တင်တဲ့တိုင်ကြီးလည်းပျောက်သွား တယ် ဘယ်သူယူသွားမှန်းမသိဘူး''

"ဒီဟာကြီးကိုယူဝံ့တဲ့သူရှိမလား အဘရယ်''

"အေးပေါ့ ဒါမေးစရာပဲ ဒီလို ... ရာဇဝတ်သား ကွပ် မျက်ရာမှာအသုံးပြုခဲ့တဲ့ပစ္စည်းကို ဘယ်သူကယူဝံ့မှာလဲ ယူပြီးတော့ ဘာလုပ်မှာလဲ မသတီစရာ လက်မှာထားစရာမကောင်းတဲ့ပစ္စည်း ပဲမဟုတ်လား''

"ဟုတ်တာပေါ့ အဘရယ်''

"ဒါပေမယ့် လူတွေက အဲဒီပစ္စည်းပျောက်သွားခဲ့တာကို ကြာကြာစိတ်မဝင်စားခဲ့ကြဘူး၊ နောက်ပိုင်းမှာ မေ့မေ့ပျောက် ပျောက်ဖြစ်သွားခဲ့ကြတယ်၊ အရေးမကြီးဘူးလို့ထင်ရတဲ့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဟာ တစ်ချိန်မှာလူတွေအတွက် ထိခိုက်မှုဖြစ်လာခဲ့တယ် အဲဒီသစ်သားတိုင်ကားစင်ကြီးကို လူတစ်ယောက်က ခိုးယူသွားခဲ့တာမဲကွယ့်''

"ဟင် ... ခိုးယူသွားတယ်၊ အဲဒါကြီးကို သူက ဘာလုပ် မလို့လဲအဘ"

"ပန်းပုဆရာတစ်ယောက်ကိုအပ်ပြီး ပန်းပုထုခိုင်းတယ် သေသွားခဲ့တဲ့ ခိုးသားဓားပြကြီးငကြွေးရဲ့ ပုံတူပန်းပုကိုထုခိုင်း တာ''

"ဟင် ... "

"အဲဒီလူက တခြားသူမဟုတ်ဘူး၊ ငကြွေးကိုအစီအရင် တွေလုပ်ပေးခဲ့တဲ့ဆရာတစ်ယောက်ပဲ၊ ငကြွေးက သူ့ခိုးလို့ရလာခဲ့ တဲ့ ပစ္စည်းကို သူ့ဆရာအတွက်ထက်ဝက်စားပေးရတယ်''

"ဪ ... ဒီလိုလား အဲဒီလူက ငကြွေးနဲ့ပုံစံတူအရုပ် လိုထုပြီး ဘာလုပ်မလို့လဲအဘ"

"အင်း မကြံကောင်းမစည်ရာပဲပေါ့ကွယ်၊ ဒီအရုပ်ထဲ ငကြွေးရဲ့ဝိညာဉ်ကိုကိန်းစေပြီး ဆက်ခိုင်းစားမလို့ပေါ့ကွယ်"

"ဒါမျိုးလုပ်လို့ရသလားအဘ၊ ကျွန်တော်ကတော့မယုံဘူး ဒီလူသက်သက်မဲ့လောဘကြီးတာပဲဖြစ်ရမယ်''

သိုးက ဘွင်းဘွင်းပင်ပြောလိုက်လေသည်။ အဘမိုး သိုးကိုပြုံး၍ကြည့်လိုက်ပြီး ...

"အေး ဘယ်အရာမဆို သူများပြောတိုင်းမယုံနဲ့၊ အဲဒါ အကောင်းဆုံးပဲ၊ ကိုယ်ပိုင်အသိဉာဏ်ကိုသုံးပြီးတော့သုံး၊ ဝေဖန် ဆန်းစစ်၊ အဲဒါအကောင်းဆုံးပဲ''

ထို့နောက် ... အဘမိုးသည် ခိုးသားဓားပြကြီးငကြွေး၏ အကြောင်းကိုဆက်မပြောတော့ဘဲ ရပ်လိုက်သည်။ ထိုအခါ သိုး သည် ဆန္ဒတင့်ငုံဖြစ်သွားခဲ့ရသည်။ မည်သည့်အကြောင်းကြောင့် ရပ်လိုက်မှန်းလည်းမသိ။ ဆက်ပြောပါလို့လည်း မတိုက်တွန်းရဲ သေး၊ မိမိက မယုံဘူးဟုဆန္ဒစောစွာပြောလိုက်မိ၍လား ခုမှ နောင် တရသွားခဲ့မိသည်။ သို့သော် လွန်ခဲ့လေပြီ ပြန်ဆည်၍မရတော့။

"မင်းတို့ ဖုန်းဆိုးမြေထဲက ဓားကြီးတစ်ချောင်းကိုရခဲ့ပြီးမှ ပျောက်သွားခဲ့တယ်ဆို ... "

"ဟုတ်ကဲ့ ကျွန်တော်ကောက်ရခဲ့တာပါ၊ ဓားကအတော် ချိန်စီးတယ်၊ လူကြီးတွေခန့်မှန်းမိကြတာကတော့ အာဏာပါး ရှက်သားတွေကိုင်တဲ့ဓားတဲ့''

"ဟုတ်လိမ့်မယ်၊ အဲဒီဓားဟာ အကြောင်းမဲ့ပျောက်သွား တာမဟုတ်ဘူး''

"ဗျာ ... အဘ"

"တစ်ယောက်ယောက်ကခိုးယူသွားခဲ့တာပဲ''





www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်းထင်ပါတယ်၊ အဲသလိုဖြစ်ရမယ် ဒီလိုမသတ်စရာကောင်းလှတဲ့ ပစ္စည်းကိုခိုးယူပြီးဘာလုပ်မှာ လဲ"

"မကောင်းတဲ့အစီအရင်တစ်ခုခုလုပ်ချင်လုပ်၊ ဒါမှမဟု ရောင်းစားမှာပေါ့"

"ရောင်းစားမှာဟုတ်လား၊ ဘယ်သူတွေဝယ်ကြမှာ အဘ"

"အင်း မင်းလည်း ဗဟုသုတလိုသေးတာပဲ၊ ရှေးဟော ပစ္စည်းအနေနဲ့ရောင်းရင် ဈေးကောင်းပေးပြီးဝယ်ကြတယ်၊ ပေါင်းထောင်ချီမကကြာခဲ့တဲ့ ပစ္စည်းတွေကိုစီးပွားရေးသမား ရှေးဟောင်းပစ္စည်းစုဆောင်းဖို့ဝါသနာပါခဲ့ကြသူတွေက မက် မောမောနဲ့ဝယ်ကြတယ်၊ တချို့ပြတိုက်တွေမှာထားကြတ

"ပြတိုက်ဟုတ်လား၊ ပြတိုက်ဆိုတာက ဘာကိုပြော လည်းအဘ"

"ကိုယ့်နိုင်ငံ သူ့နိုင်ငံက ရှေးဟောင်းပစ္စည်းတွေ သ အမွေအနှစ်ပစ္စည်းတွေကို တစ်နေရာတည်းမှာ တစ်လုံးတ တစ်စည်းတည်း ထားတဲ့နေရာကိုပြတိုက်လို့ခေါ်တာ၊ နိုင်ငံရ မှာ အဲဒီပြတိုက်ကြီးတွေက ထည်ထည်ဝါဝါရှိနေကြတယ်"

"အဘ အဲဒီကိုရောက်ဖူးလို့လား"





အဘမိုးသည် သိုးကိုဖျတ်ခနဲဆိုကြည့်လိုက်ပြီး ...

"ရောက်ဖူးတယ် ရောက်ဖူးလို့ မင်းကိုဒီလိုပြန်ပြောနိုင် ပေါ့ကွယ်၊ ငါ ဘယ်လိုရောက်သွားသလဲဆိုတာကိုတော့ သိမှာမဟုတ်ဘူး လူလေး၊ ဟိုမှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တွေ များကြီးရှိတယ်၊ သူတို့နဲ့တွေ့ရအောင်လို့သွားရတာ ကဲကဲ လည်း သွားစရာရှိသေးတယ်မဟုတ်လား ... နောက်တစ်ခါ ပြီးတော့ဆုံကြသေးတာပေါ့ကွယ် ..."

သိုး၏စိတ်ထဲတွင်မချင့်မရဲဖြစ်သွားခဲ့ရသည်။ အဘမိုးက စကားပြောခဲ့သည်။ စိတ်လိုလက်ရပြောနေခြင်းပင်ဖြစ်သည်။ ဆက်ထပ်ဘာများပြောဦးမလည်းဟု ဆက်ပြီးနားထောင်ချင် သည်။ သို့သော်ပြန်ခဲ့ရသည်။

"အဘမိုးက နိုင်ငံခြားကိုရောက်ဖူးတယ်တဲ့၊ သူက အိမ်ထဲ အိမ်အပြင်ကိုထွက်တာမဟုတ်ဘူး၊ ဘယ်လိုနည်းနဲ့ရောက်သွား လဲ ဘယ်ကိုသွားတာလဲ ဒါပေမယ့် အဘမိုးဟာ အကျင့် နဲ့ပြည့်စုံတဲ့သူ မုသားစကားပြောမှာတော့မဟုတ်ဘူး"

လမ်းမှာတွေးတောလာမိသည်။ လူကြီးသူမများပြောသော အချို့က နားထဲကိုဝင်လာခဲ့လေသည်။

"တချို့ပုဂ္ဂိုလ်ကြီးတွေဟာ သမထတန်ခိုးနဲ့ပြည့်စုံပြီးသား တော့ တစ်နေရာကနေတစ်နေရာကို ဖျတ်ခနဲဖျတ်ခနဲဆို




www.burmeseclassic.com

ရောက်ရောက်သွားခဲ့ကြတယ်၊ စိတ်အစဉ်နဲ့ခရီးစဉ်တစ်ခုပြီးတစ်ခု
သွားလာနိုင်ကြတယ်''

''အင်း ... အဘမိုးဟာ ထူးခြားတဲ့ပုဂ္ဂိုလ်ကြီးတစ်ဦးဆို
တာကတော့အမှန်ပဲ၊ ဒါပေမယ့် ... သူကအနေသိုသိပ်တော့
သာမန်လူတစ်ယောက်ပဲလို့ထင်ရတယ်၊ ဖုန်းဆိုးမြေနဲ့ပတ်သက်တဲ့
အကြောင်းအရာတွေ သိရှိလက်ဝတိုင်းပြည်နဲ့ ခိုးသားဓားပြကြီး
ငကြွေးဆိုတာတွေကို သူဘယ်လိုသိနေတာလဲ၊ ဒီရွာကလူတွေ
လည်း အဲဒီအကြောင်းအရာတွေကို တစ်ယောက်မှမသိကြပါဘူး''

သိုးတစ်ယောက် မည်သို့မှနားမလည်နိုင်သော ဒဏ္ဍာရီလို
လို၊ ပုံပြင်လိုလို ဇာတ်လမ်းတစ်ပုဒ်ကိုကြားခဲ့ရပြီးဖြစ်သည်။ သူ
ခေါင်းထဲမှာ ခိုးသားဓားပြကြီးငကြွေးနှင့်ပတ်သက်၍သော်လည်း
ကောင်း မရဏစေတမာန်ဓားကြီး ပျောက်ဆုံးသွားခဲ့သည့် အဖြစ်
အပျက်ကိုသော်လည်းကောင်း မမေ့နိုင်ခဲ့၊ အမြဲမပြတ် အမှတ်ရ
နေဆဲပင်။







## အခန်း (၇)

## ထူးဆန်းသောချောင်းပင်ကြီး

တစ်ရက်တွင်သိုးနှင့်ပေါက်ကျော်တို့သည် တောတွင်းတစ်
နေရာကိုထွက်လာခဲ့ကြသည်။ ချောင်းသီးခွတ်ခူးရန်ဖြစ်သည်။
တော၏အမည်ကမိုးမခ၊ မိုးမခပင်ကြီးများ အများဆုံးပေါက်
ရောက်သော တောမည်ခဲ့၍အစွဲပြုကာမိုးမခတောဟုခေါ်ခဲ့ကြဟန်
တူသည်။ မိုးမခတောသည်ပါးသည့် နေရာကပါးသည်၊ ထူသည့်
နေရာကထူသည်။ သားကောင်များအသွင့်အတင့်ရှိကြ၏။ တစ်ခါ
တစ်ရံတွင် ရိုးမမှကျားများ နယ်ကျွံပြီးဝင်ရောက်လာတတ်ကြ
သည်။

''ငါတွေ့ခဲ့တဲ့ချောင်းပင်ကြီးက အတော့်ကိုကြီးတယ်ကွ၊
ချောင်းသီးတွေမှပြွတ်သိပ်နေတာပဲကွာ၊ ငါထင်တယ် တစ်ပတ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



လောက်တွေ့ရှုးရလိမ့်မယ်ထင်တယ်''

''ဟုတ်လား ပေါက်ကျော် ဒါဆိုရင်ဟန်ကျတာပဲကွား စားလည်းစား၊ ရောင်းလည်းရောင်းပေါ့ကွာ၊ ဒါပေမယ့် တစ်ယောက်ယောက်သာထပ်တွေ့သွားခဲ့ရင် အခုလောက်ဆိုပြောင်ပြီထင်တယ်''

''ဒါလောက်အချိန်လေးနဲ့တော့ မတွေ့နိုင်လောက်ဘူးထင်တယ်၊ တွေ့သွားလည်းကံတရားပေါ့ကွာ''

သူတို့ဆီမှာ အဆာပြေစားရန် ကောက်ညှင်းထုပ်များအပြင်၊ မနက်စာအတွက် ထမင်းထုပ်များပင် ထည့်လာခဲ့ကြသည်။ ချောင်းမင်ဆီကိုရောက်တော့မှ အဆာပြေစားကြမည်ဟု ဆုံးဖြတ်ထားကြသည်။ ယခုတော့ ခရီးကိုလောဘစိတ်နှင့် တက်သုတ်နှင်နေကြသည်။

ရွာမှထွက်ခါစက ရောင်နီပင်ပျို့မလာသေး။ အမှောင်လမ်းပေမင့်လည်း သွားလာနေကြမို့ ခြေလှမ်းသွက်သွက် တောထဲကိုအရောက်မှာတော့ အပင်ကြီးများ၏အုပ်ဆိုင်းနေမှုကြောင့် အမှောင်ထဲကိုတိုးပြီးတော့ လျှောက်လာခဲ့ကြရသည်။

''ဓါတော့ ဆာလာပြီဆိုး''

''အေး လမ်းလျှောက်ရလို့ ဗိုက်ကချောင်သွားတယ်၊ ဟိုရောက်မှ ကောက်ညှင်းထုပ်စားကြတာပေါ့ကွာ၊ အမေကညက





ည်းကထုပ်ထားတာကွ''

မှောင်နေသေး၍မြေပြင်ပါးကင်းပါးကြည့်ပြီးတော့လျှောက်နေကြရသည်။

''ဟေ့ ပေါက်ကျော် နေဦး''

သိုးက လေသံဖြင့် ဟန့်တားလိုက်သည်။ ပေါက်ကျော်ည်းခြေလှမ်းတွေတန့်သွားခဲ့ရသည်။

''ဟိုမှာ ... ''

''ဟာ ဒီသတ္တဝါလမ်းပေါ်မှာမှကွာ''

ရှေ့ငါးပေသာသာအကွာလောက်တွင် ခွေနေသော အရာကြီးတစ်ခု၊ မြွေပွေးတစ်ကောင် လမ်းဘေးကဆင်းပြီးသွားရန်ရောက်မရှိ။ ချုံတွေချည်းပဲ ချုံထဲလည်း ဒီလိုသတ္တဝါမျိုးတွေမရှိမပြောနိုင်၊ မြန်မြန်လျှောက်နေကြကာမှ နှောင့်နှေးကြရဦးမည်။

''ကဲ လမ်းပေါ်မှာမနေနဲ့ လက်ရဲဖက်ရဲတွေနဲ့တွေ့ရင် ဒုက္ခရောက်နေပါဦးမယ်၊ ကိုယ့်လမ်းကိုယ်သွားကွာ ငါတို့လည်းခရီးတော်ရဦးမယ်''

သိုးကမေတ္တာရပ်ခံလိုက်သည်။ ချက်ချင်းပင် မြွေကြီးသည်ရုပ်ရှားလာခဲ့ပြီး လမ်းမှခွာကာတစ်နေရာကိုထွက်သွားခဲ့လေသည်။

''တယ်ဟုတ်ပါလား နားလည်တယ်ထင်တယ်၊ အေး



www.burmeseclassic.com

www.burmeseclassic.com



ဒီလို သတ္တဝါမျိုးကို မေတ္တာရပ်ခံတဲ့နည်းက အကောင်းဆုံးပဲ"

ခရီးဆက်ခဲ့ကြသည်။ လမ်းလျှောက်မြန်ကြသူတွေထဲမှာ သူတို့နှစ်ယောက်ကိုမမီကြ။ ဟိုတက် သည်ဆင်းနှင့် တခဏအတွင်းမှာပင် ချည်းပင်ကြီးနှင့်အနီးကပ်ဆုံးနေရာကို ရောက်သွားခဲ့ကြလေသည်။

"ဟိုမှာတွေ့လား"

ပေါက်ကျော်ကလက်ညှိုးထိုးပြသည်။ အနိမ့်ပိုင်းတစ်နေရာတွင်အခြားအပင်တွေကြားမှာ ပေါက်ရောက်နေသော အပင်ကြီးတစ်ပင်၊ အခြားအပင်များထက်ပိုပြီးမြင့်မားသောကြောင့် သိသာထင်ရှားစွာမြင်လိုက်ရသည်။ သို့သော်အလင်းရောင်အနည်းငယ်သန်းလာခဲ့၍ မည်းမည်းသဏ္ဍာန်ကြီးအဖြစ်သာမြင်နေရသေးသည်။ သူတို့တက်သုတ်နှင်ကာလျှောက်သွားခဲ့ကြသည်။ အမြင့်နီးသလိုလိုနှင့် နည်းနည်းတော့လှမ်းသည်။

"ဟင်"

ပေါက်ကျော်၏ခြေလှမ်းတွေက ရုတ်တရက် တန့်သွားခဲ့ရပြန်သည်။

"ဘာလဲကွ"

"အပင်ပေါ်မှာ တလှုပ်လှုပ်နဲ့မင်းတွေ့လား"

ပေါက်ကျော်ကလေသံဖြင့်ပြောလိုက်သည်။ အဲသည်တော့





မှ သတိထားပြီးတော့ကြည့်မိလိုက်သည်။ တိုခုန်သည်ကျူးနှင့်လှုပ်ရှားနေသောသဏ္ဍာန်များ၊ သဲကွဲစွာတော့မမြင်ရ။

"ငါတို့နောက်ကျသွားပြီ ကိုယ့်ထက်ဦးတဲ့သူကရောက်နေကြတယ်"

"အေးကွာ ဒီအပင်ကြီးကိုငါတစ်ယောက်တည်းမြင်တွေ့ခဲ့တယ်ထင်တာ၊ အခုတော့ အကြိုတူရန်သူရှိနေတာကိုး"

"အကြိုတူပေမယ့် ရန်သူတော့မဖြစ်နိုင်ပါဘူးကွာ၊ သူတို့လည်းသွားရင်းလာရင်းနဲ့ အမှတ်မထင်တွေ့လိုက်ကြတာပေါ့၊ ခင်းပြောတော့ အပင်မှာချည်းသီးတွေက တစ်ပတ်တောင်ခူးမကုန်နိုင်ဘူးဆို၊ သူတို့ကိုပြောပြီး အတူတူခူးကြတာပေါ့ကွာ"

"လက်ခံပါ့မလားကွာ ဦးသူပိုင်စတမ်းပဲကွ ဘယ်သူကမှကိုယ့်လိုစိတ်မျိုးမရှိဘူး"

"အေး အဲဒီလိုဖြစ်လာခဲ့ရင်လည်း စိတ်လျှော့ထား၊ သူတို့ကလက်မခံကြဘူးဆိုရင် နောက်ကြောင်းလှည့်ပြန်ကြမယ်၊ ရန်အေးတာပေါ့ကွာ"

သည်လိုနှင့်အပင်ကြီးဆီကိုရောက်သွားခဲ့ကြသည်။

"ဗျို့ မိတ်ဆွေတို့ ခင်ဗျားတို့အရင်ရောက်နေကြပြီလား၊ ကျွန်တော်တို့လည်းနောက်ကျသွားတယ်ဗျာ၊ အတူတူခူးကြတာပေါ့ ဖြစ်ပါတယ်နော အများကြီးပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



သိုးက အပင်ထက်ကိုမော့ကြည့်ပြီးတော့ပြောလိုက်သည်။ အောက်ကကြည့်တော့ ဘာမှမမြင်ရ။ အရွက်၊ အလက်၊ အပင်အကိုင်း၊ အခက်တွေကပိတ်နေကြသည်။ တုန့်ပြန်သံမကြားရ၊ ငြိမ်သက်နေလျှက် ကေန္တ ထိုသူများသည် အောက်မှထွက်ပေါ်လာသောအသံများကြောင့် အံ့အားသင့်သွားကြဟန်တူသည်။ သူတို့အလုပ်ကိုလာရောက်နှောင့်ယှက်ကြသူတွေမို့ စိတ်အနှောင့်အယှက်လည်း ဖြစ်သွားကြဟန်တူသည်။

"ဘာဖြစ်တာလဲကွ စကားမပြန်ပါလား၊ ကေန္တ ငါတို့ကိုမလိုလားဘူးထင်တယ်၊ ဘာပဲဖြစ်ဖြစ်ကွာ ငါတို့လည်းတက်ရှုးမယ်"

ပေါက်ကျော်က ခါးတောင်းကျိုက်လိုက်သည်။ သိုးလည်းစောစောကဆုံးဖြတ်ထားခဲ့သည့် စိတ်ပြောင်းလည်းသွားခဲ့တာအပင်ပေါ်ကိုတက်မည်အပြုမှာ ...

"ဖျပ် ... ဖျပ် ... ဖျပ် ... ဖျပ်"

တဖျပ်ဖျပ်မြည်သံများကိုကြားလာခဲ့ရသည်။ သစ်ရွက်အချို့လည်း အောက်သို့ကျလာခဲ့ကြလေသည်။ ထို့နောက် မည်းမည်းသဏ္ဍာန်နှစ်ခုသည် သစ်ပင်အောက်ကို ခုန်ဆင်းလာခဲ့ကြသည်။

"ဟင်" "ဟာ"





အံ့အားသင့်သွားခဲ့ကြရသည်။ တွေ့လိုက်ကြရသောသူများသည်။ အရပ်သုံးပေထက်ပိုမြီးတော့ မမြင့်ကြ။ သို့သော်သစ်ရွက်များကိုလျှော်ကြိုးမျှင်များဖြင့်သီကာ အောက်ပိုင်းသာလုံခြုံအောင်ဝတ်ဆင်ထားကြသည်။ မျက်နှာသည်လူတစ်ယောက်၏မျက်နှာမျိုးသာဖြစ်သည်။ သို့သော်စင်စစ်ကြီးတူသည်မဟုတ်ပဲ အနည်းငယ်ဆင်သည်။ ရင်ဘတ်တွင်အမွေးအမျှင်ပါးပါးလေးရှိသည်။ လက်မောင်းလက်ဖျံများတွင်လည်း အမွေးရေးရေးပေါက်နေကြသည်။

အလင်းရောင်လည်း ပေါ်ထွက်လာခဲ့ပြီးဖြစ်ရာ သူတို့နှစ်ယောက်ကိုထင်ရှားစွာမြင်နိုင်လာခဲ့ရသည်။ လက်မှာလည်းညောင်းသီးတစ်တွဲကိုဆွဲကိုင်ထားကြသည်။ သူတို့သည်သိုးနှင့်ပေါက်ကျော်တို့ကိုကြောင်စီစီမျက်လုံးများဖြင့်ကြည့်နေကြသည်။ စက္ကန့်ပိုင်းလောက်ပဲကြမည်ထင်သည်။ ချက်ချင်းပဲ လှစ်ခနဲဆို နေရာမှထွက်ပြေးသွားခဲ့ကြလေတော့သည်။

"ဟင်း"

သိုးနှင့်ပေါက်ကျော်တို့မှာ မှင်တက်မိပြီးတော့ကျန်ရစ်ခဲ့ကြသည်။

"သိုး ဘယ်လိုလေးတွေလဲဟ၊ မှင်စာတစ္ဆေတွေလား"

"မဖြစ်နိုင်ဘူးထင်တယ်၊ သူတို့ကိုကြည့်ရတာ _ ဘာမန်



www.burmeseclassic.com

www.burmeseclassic.com



လူတွေလိုပဲ၊ အရှက်လုံအောင်ဝတ်ထားကြတာ၊ တိရစ္ဆာန်တွေလည်းမဖြစ်နိုင်ဘူး၊ အမွေးအမျှင်တွေနည်းနည်းပါးပါးရှိပေမယ့် လူပုပုလေးတွေ၊ ငါအခုမှပဲ မြင်ဖူးတော့တယ်''

''အေး၊ ငါရောပဲ၊ စဉ်းစားစရာပဲကွ၊ သူတို့က ဘယ်ကနေရောက်လာခဲ့ကြတာလဲ''

''ရှောင်ပြေးသွားကြတာကွ၊ သူတို့ကလူမြင်မခံဝံ့ကြဘူးနဲ့တူတယ်၊ ပြေးလိုက်ကြတာကွာ မျောက်လိုလည်းမဟုတ်ဘူး တစ္ဆေမှင်စာနဲ့လည်းမတူဘူး''

ထိုလူပုလေးများသည် အနိမ့်ပိုင်းတစ်နေရာသို့ဆင်းသွားခဲ့ကြသည်။ သူတို့ပျောက်ကွယ်သွားသောလှိုဏ်ကြီးကိုအသေအချာ ပင်မှတ်သားထားလိုက်ကြသည်။ နောက်တစ်ခေါက် ပြန်လာကြဦးမလားဟု တစ်ခဏတော့စောင့်ကြည့်နေမိကြသေးသည်၊ သို့သော် ထိုသတ္တဝါလေးများကား ပြန်ရောက်မလာကြတော့ပါ။ ထို့ကြောင့် ညောင်းပင်ပေါ်ကိုတက်ကြသည်။ ညောင်းသီးများကို အားပါတရပင်ဆွတ်ခူးကြလေတော့သည်။



ညောင်းသီးများကိုသုံးရက်ခန့် ဆက်တိုက်ဆွတ်ခူးကြသည်။ [...]ားဖို့အပြင် ဟိုရွာသည်ရွာများထံ ရောင်းချကြသည်။ မိမိတို့ [...]ွာသားများက သိုးတို့ရရှိခဲ့ကြသည့် ညောင်းသီးများကိုစိတ်ဝင်စား[...]သာခဲ့ကြသည်။

''မင်းတို့ ဘယ်ကနေရလာကြတာလဲကွာ၊ ငါတို့ကိုလည်း [...]ပြပေးလို့မရဘူးလား''

ထိုအခါ သိုးနှင့်ပေါက်ကျော်တို့သည် ဤသို့တိုင်ပင်ကြ[...]သည်။

''ငါတို့တစ်ကိုယ်ကောင်းဆန်နေသလို ဖြစ်နေတယ်ကွ၊ [...]ရွာသားတွေနဲ့မျှဝေပြီးယူသင့်တယ်''

''ဟုတ်တယ် သိုး၊ တို့လည်း သုံးရက်လုံးခူးထားခဲ့လို့ [...]အလုပ်ဖြစ်နေပါပြီကွာ၊ သူတို့ကို ဟင်းစားလောက်ပဲပေးပြီတာ၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကွန်ချက်လည်းပြမှကောင်းမယ်''

ထို့ကြောင့် မိမိတို့၏ရွာသားများကို ညောင်းပင်ကြီးရှိသည်

နေရာပြောပြလိုက်လေသည်။

''ခင်ဗျားတို့ အေးအေးဆေးဆေးလိုက်လာခဲ့ကြ၊ တစ်

တော့မှာချင်တယ်၊ ဖျက်ဆီးတာမျိုးတော့ မဖြစ်ကြပါစေ

ကျွန်တော်ဘာကြောင့် ဒီလိုစကားမျိုးပြောရတယ်ဆိုတာ ဟိုက

ရင်သိကြလိမ့်မယ်''

သိုး၏စကားကိုစိတ်ဝင်စားသွားခဲ့ကြသည်။ တစ်ရွာလုံ

ကိုခေါ်မသွားနိုင်ကြ၊ အယောက်သုံးဆယ်လောက်ကိုသာခေါ်သွာ

ခဲ့သည်။ ထိုသူများသည် တစ်ရွာလုံးအတွက်ကိုယ်စားပြုသည်

ရရှိလာသောညောင်းသီးများကို ဝေမျှပြီးပေးကြရမည်ဖြစ်သည်

မိုးမလင်းမီမှာထွက်လာခဲ့ကြသည်။ ညောင်းပင်ကြီးရှိသည့်နေရာ

ရောက်သောအခါ . . .

''ဟင် ညောင်းပင်ကြီးကော''

''အေး မရှိတော့ဘူးကွ ဘယ်ရောက်သွားပါလိမ့်''

ညောင်းပင်ကြီးကိုမတွေ့ရတော့၍ အံ့အားသင့်သွားခဲ့ကြ

သည်။ ထိုအခါ ရွာသားများမှာ . . .

''မင်းတို့က . . . ငါတို့ကိုညောင်းပင်ဆီခေါ်မသွားချင်

အကြောင်းရိုက်လိုက်ကြတာလား''





မကျေမနပ်နှင့်မေးလိုက်ကြသည်။ သိုးတို့သည် ရွာသား

များ၏အမေးကိုလက်တလောမှာမဖြေနိုင်ကြ။ သူ့နေရာနှင့်သူ

သတ်သတ်မှတ်မှတ်ပေါက်နေသည့် ညောင်းပင်ကြီးကိုမတွေ့ကြရ

၍ အံ့ဩဘနန်းဖြစ်သွားခဲ့ကြရသည်။ ပေါက်ကျော်က ထိုသို့

မေးလိုက်သည်ကိုမကြိုက် မိမိတို့အပေါ်မှာအထင်လွဲသည်ကို

သက်မခံ။

''ခင်ဗျားတို့အပေါ်မှာ ကျွန်တော်တို့ကဒီလိုစိတ်ဓာတ်မျိုးရှိ

လေလားဗျ။ ခုဟာက ဘယ်လိုမှစဉ်းစားလို့မရတာထူးဆန်းနေ

ပြီ''

ပေါက်ကျော်၏လေသံက မဆိုသလောက်တင်းမာသွား

သည်။ ထိုအခါကျမှ အနည်းငယ်ရိပ်စားမိသွားခဲ့ကြသည်။ တော

ကောင်ထဲတွင် ဤကဲ့သို့အခြေအနေမျိုးကြုံရတတ်သည်ဟူ၍–

''ငါတို့မျက်စိမှောက်နေတာလည်းဖြစ်နိုင်တယ်၊ နေရာ

လွဲထားလိုက်တာလား။ ထပ်ပြီးရှာကြတာပေါ့ကွာ''

ရွာသားတစ်ယောက်က သူတို့၏စကားမှားမှန်းသိသွား

၍ ဖျောင်းဖျဝင်ပြောသည်။ အချိန်ကလည်း မိုးမလင်းတလင်း

မှောင်ရိပ်ကမပြယ်သေး။ တစ်နေရာတည်းမှာရစ်နေကြပြီး

အားလုံးတွေက ဟိုကြည့်သည်ကြည့်နှင့် အပင်ကြီးကိုလိုက်ရှာနေ

ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖရပ် ... ဖရပ် ... ရှဲ ရှဲ"

ထိုစဉ် အသံတစ်သံကထွက်ပေါ်လာခဲ့သည်။ အသံထွက်ပေါ်လာရာဆီကိုလှည့်ကြည့်လိုက်သောအခါ ...

"ဟင်" "ဟာ"

အာမေဋိတ်သံများထွက်ပေါ်လာခဲ့ကြသည်။ သူတို့နေရာနှင့်သိပ်မဝေးသောနေရာမှာပင် ခေညင်းပင်ကြီးကိုတွေ့လိုက်ကြ သည်။ အပင်ကြီးသေးမှာလည်း အခြားအပင်ကြီးနှစ်ပင်ကရှိနေ ကြသည်။ မှတ်သားထားသည့်ပုံစံအတိုင်း သည့်နေရာမှာပ တည်ရှိနေသည်။

"ငါတို့မျက်လုံးပေါင်းတစ်ထောင်နဲ့ဝိုင်းပြီးရှာနေကြတာ ဒီနားလေးတင်ကပ်ပြီးလွဲနေတာကိုး ကဲ ကဲ တောင်မြောက်စကား တွေလျှောက်မပြောကြနဲ့တော့ အပင်ကြီးကိုတွေ့ကြပြီပဲ"

စကားအစွန်းထွက်ကြမည်စိုး၍ လူကြီးတစ်ယောက်က သတိပေးလိုက်သည်။ သိုးနှင့်ပေါက်ကျော်တို့သည်လည်း မ သင့်သည်ကိုလွဲခဲ့ရ၍ နားမလည်နိုင်ကြတော့။ အပင်ကြီးဆီ လျှောက်သွားခဲ့ကြသည်။ ထူးဆန်းသော လူပုလေးများ တစ်ကြိမ်သာတွေ့ပြီး နောက်ထပ်မတွေ့ကြရတော့ပေ။ ထိုလူ လေးများနှင့် ပတ်သက်ပြီး သိုးနှင့်ပေါက်ကျော်တို့က မည်သူ မှ အသိမပေးခဲ့ကြပေ။



သို့သော် ယခုတစ်ကြိမ်တွင် အပင်ထက်မှာများရောက်နေသလားဟု သံသယဝင်မိလိုက်ကြသေးသည်။ မိမိတို့ကြောင့် သူတို့၏အခွင့်အရေး ဆုံးရှုံးသွားခဲ့ကြသည်ကို စိတ်မကောင်းဖြစ်မိကြသည်။ ရွာသားများသည် ကြီးမားသောခေညင်းပင်ကြီးကို ကြည့်ကာ အံ့အားသင့်နေမိကြသည်။

သိုးတို့မှာထားသည့်အတိုင်း ခေညင်းပင်ကြီးကိုဖျက်ဆီးသည့် အခြေအနေမျိုးမဖြစ်စေရဘဲ စည်းကမ်းနှင့်ဆွတ်ခူးကြသည်။ သူတို့၏စိတ်ထဲတွင် ခေညင်းပင်ကြီးက ထူးခြားမှုတစ်ခုရှိနေသည်ဟုထင်နေမိကြသည်။ အဘယ်ကြောင့်ဆိုသော် ကြီးမားသောအပင်ကြီး၏အသွင်သဏ္ဌာန်ကို လူတိုင်းတွေ့မြင်နိုင်ရန်ခဲယဉ်းနိုင်။ သို့သော် မိမိတို့လူကွက်ကွက်ကလေးကသာ တွေ့ခဲ့ကြရသည်။

ထို့အပြင် မိမိတို့မျက်စိလျှမ်းသလိုလိုနှင့် အနားမှာ အပင်ကြီးရှိနေသည့်တိုင် ရှာတရက်မတွေ့ခဲ့ကြရသည်ကိုသော်လည်းကောင်း၊ တွေ့ချင်တော့လည်း အနီးကပ်အနေအထားမှာ ရှိနေသည့်အတွက် ထူးဆန်းနေသည်ဟု အားလုံးကထင်နေမိကြခြင်းသာဖြစ်ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

## ဓားကြီးကိုခိုးသွားတဲ့သူ

တောတွင်းတစ်နေရာ ...

လူနှစ်ယောက်သည် တီးတိုးစကားပြောနေကြသည်၊ တစ်ယောက်က အရပ်မြင့်မြင့်၊ အသားညိုညို ပါးမြိုင်းမွေးရေးရေး၊ နှုတ်ခမ်းမွေးရေးရေးနှင့် ဆံပင်ကကုပ်ထောက်နေသည်၊ ဘောင်းဘီပွပွအရှည်နှင့်ရှပ်အင်္ကျီအနက်ရောင်ကိုဝတ်ဆင်ထားသည်။ အသက်ကလေးဆယ်ကျော်ခန့် ... ။

"မင်း ဒီဓားကြီးကိုရလိုက်တာ ငါ့အတွက် တော်တော်အဆင်ပြေသွားတယ်၊ အေးကွာ ကျေးဇူးပဲ ဒါနဲ့ငါပေးတဲ့ငွေက မင်းအတွက်မနည်းပြါဘူးနော်"

"ဟာ ... ဆရာမနည်းပါဘူး၊ မျှတပါတယ်၊ ဒါပေမယ့် ရွာသားတွေက ဓားကြီးပျောက်သွားတဲ့အတွက် ကြောက်လ





သွားကြတယ်၊ ကျွန်တော်လည်း တစ်နေရာမှာ အချိန်မီဝှက်ထား လိုက်ရတာ ဆရာနဲ့လည်းအဆက်အသွယ်ပြန်မရဘူး ခုမှယူလာခဲ့ ရတာ"

မိုးမဲ့ရွာသား ဖိုးခွေးဖြစ်သည်။ သူနှင့်စကားပြောသူကတော့ ဖါပဆိုသည့်လူ။ သူသည် ရှေးဟောင်းပစ္စည်းများ၊ သမိုင်းဝင် ပစ္စည်းများကို မသိနားမလည်သူများထံမှ အောက်ဈေးနှင့်ပေး ဝယ်တတ်သည်။ ထို့နောက် ဈေးကောင်းပေး၍ဝယ်သူများကို ပြန်ပြီးတော့ရောင်းချတတ်သည်။ ပါပသည် အမည်နှင့်လိုက် အောင်ပင် မည်သူ့ကိုမှကောင်းကျိုးမပေး။ သူလိုချင်သည့်ပစ္စည်း တစ်ခုကိုလက်ထဲရောက်အောင် မဖြစ်ဖြစ်သည့်နည်းနှင့်ကြံဆောင် တတ်သည်။ မိမိလက်သွေးစွန်းရမှာကိုလည်းမမှု ဖိုးခွေးနှင့်နဂိုက တည်းက အဆက်အသွယ်ရှိသည်။

"အဲသလို ထူးထူးခြားခြားရတဲ့ ပစ္စည်းမျိုးရရင် ငါ့ကိုပေး မင်းကိုဈေးကောင်းပေးမယ်"

ဟုမှာကြားထားသည်။ ဖုန်းဆိုးမြေရှင်းလင်းစဉ်က မြေကြီး ထဲ နစ်မြုပ်နေသော ဓားကြီးကို သိုးကအကောင်းပကာတိအတိုင်း ရှိသည်။ သူကြီးဦးနယားကိုအပ်ထားခဲ့စဉ် ထူးခြားစွာ ပျောက် သွားခဲ့လေသည်။ ဖိုးခွေးက အများသူငါ အလုပ်ရှုပ်နေစဉ် တစ်မှာခိုးယူဝှက်ထားလိုက်ခြင်းပင်။ လူတွေမေ့လောက်သင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီထင်မှ ပါပနှင့်လည်းအဆက်အသွယ်ရလိုက်သည်နှင့် လျှို့ဝှက်စွာလာရောက်ပြီးတော့ပေးအပ်ခဲ့ခြင်းပင်။

"ဖိုးခွေး၊ အခုမင်းငါနဲ့ချိန်းတွေ့ရတဲ့အကြောင်းအရင်းက"

"အကြောင်းရှိလို့ပါ၊ ရွာမှာသိုးဆိုတဲ့ကောင်တစ်ယောက်ရှိတယ်၊ ဒီကောင်ကအဲ့ဒီဓားကြီးကိုရခဲ့တာ၊ ဖုန်းဆိုးမြေမှာဓားက ချက်ချင်းလိုလိုပျောက်သွားခဲ့တဲ့အတွက် ခုထက်ထိ မကျေမနပ်ဖြစ်နေတုန်းပဲ"

"ဒါပေမယ့်၊ အဲ့ဒီသိုးဆိုတဲ့ကောင်က ဘာတတ်နိုင်မှာလဲ ဓားကငါ့ဆီမှာလေ"

"ဟုတ်တော့၊ ဟုတ်ပါတယ်၊ ဘာမှတော့မတတ်နိုင်ပါဘူး ဒါပေမယ့် ဒီကောင်က ကျွန်တော့်ကို သက်သေမကင်းဖြစ်နေပုံရတယ်၊ သူကမပွင့်တပွင့်၊ မြုံစိစိနဲ့နေတတ်ပေမဲ့ စိတ်ထဲမှာတော့ မှတ်စရာရှိရင်တေးပြီးတော့မှတ်ထားတတ်တာ၊ သူ ကျွန်တော့် အသွားအလာကိုစောင့်ကြည့်နေတယ်လို့ထင်တယ်"

"ဒါနဲ့များ မင်းငါ့ကိုဘာဖြစ်လို့ လာတွေ့ရတာလဲ၊ မင်းနဲ့ ရှင်းပြီးသားကိစ္စကို"

"ဆရာ့ကိုသတိပေးချင်လို့ပါ၊ ဒီကောင်က သိပ်ပြီးအကဲ ပါးတဲ့ကောင်၊ ဆရာနဲ့ကျွန်တော်အဆက်အသွယ်ရှိနေတာ သိချင်သိနေမှာ"





"မင်း မဟုတ်ကဟုတ်ကတွေကို တွေးနေပြီး၊ ကြံဖန် ကြောက်နေတာပဲ၊ ဒီကောင်က ငါ့ကိုမြင်ဖူးလို့လား၊ ငါ့အကြောင်း ဘာဘာသိနိုင်မှာလဲ၊ ဒီပစ္စည်း ငါ့လက်ထဲကိုရောက်နေတာ သင်းသိသွားတော့ရော၊ ဘာတတ်နိုင်မှာလဲ၊ ကောက်ရတဲ့ပစ္စည်း ပဲ၊ အလေအလွင့်တစ်ခုပဲ"

ဖိုးခွေးအသိဉာဏ်နည်းမှန်း သိသွားခဲ့ရသည်။ ခုလိုအသိဉာဏ်နည်းနေလို့လည်း အထင်ကရပစ္စည်းကြီးတစ်ခုကို အရက်ဒီးလောက်နှင့်ရသွားခဲ့ခြင်းပင်။

"အေး ... သူမသိသေးတာတော့ငါသိတယ်၊ သိသွားသည်း သူတို့ကမင်းကိုဘာမှမလုပ်နိုင်ဘူး၊ တကယ်လို့ပြဿနာရှာရင် ငါကြည့်ပြီးစီစဉ်မယ်၊ ရော့ မင်းသုံးဖို့ နောက်တစ်ခါ အကြောင်းမရှိဘဲ ငါ့ကိုအဆက်အသွယ်လာမလုပ်နဲ့"

ပါပသည် ဖိုးခွေးကို ငွေစအနည်းငယ်ပေးလိုက်သည်။ ဖိုးခွေးလည်း ကျေးဇူးတင်စကားကိုအထပ်ထပ်ပြောကာ ထိုနေရာမှထွက်သွားခဲ့လေသည်။ သို့သော် တစ်နေရာတွင် ဖိုးခွေးအသွားအလာကိုစောင့်ကြည့်နေသူနှစ်ဦး အနီးကပ်အနေအထားမှာရှိနေကြသည်။ ဖိုးခွေးနှင့်ပါပပြောနေကြသည့်စကားများကို ကြားခဲ့ကြသည်။

"ငါထင်တဲ့အတိုင်းပဲ ပေါက်ကျော်၊ ဒီကောင်က မခြေဆော့



www.burmeseclassic.com

www.burmeseclassic.com



လက်ဆော့ရှိတယ်၊ ဒီမားကြီးကို ဒီကောင်ပဲယူသွားလိမ့်မယ်ဆို
တာငါထင်တယ်၊ ငါကလူတစ်ယောက်ကိုအထင်နဲ့မစွပ်စွဲချင်လို့

"ဒါဆို ဒီကိစ္စဘယ်လိုရှင်းမလဲသိုး၊ နိုးသူရောလက်ခံသူ
ရောတွေ့ကြရပြီ၊ လူကြီးတွေကိုအသိပေးလိုက်ကြမလား၊ ဟိုလူ
ကိုလည်း ငါတို့အခုဖမ်းလို့ဖြစ်တယ်၊ နှစ်ယောက်တစ်ယောက်
ကွာ သူက ဘယ်လောက်စွမ်းမှာမို့လို့လဲ"

"နေဦးကွ ... ပါပဆိုတဲ့လူက ခြေလှမ်းဘယ်လောက်ထိ
ရောက်နေပြီလဲ ငါတို့မသိရသေးဘူး၊ ဒီလိုလူမျိုးဟာ တခြား
တန်ဖိုးရှိတဲ့ရှေးဟောင်းပစ္စည်းတွေကိုလည်းပဲ၊ ရရင်ရသလို နှိုး
ရောင်းစားမှာပဲ ဥပမာဘုရားပစ္စည်းကျောင်းပစ္စည်းတွေပေါ့ကွာ

ဒီမားတစ်ချောင်းလောက်နဲ့ငါတို့သူကိုမဖမ်းချင်သေးဘူး
သည့်ထက်မက နှင့်နှင့်နဲနဲကိစ္စတွေကိုကျူးလွန်တော့မှ အမိဖမ်း
ရမယ်၊ ခုတော့လွှတ်ပေးထားဦးမယ်၊ ဖိုးခွေးကလည်း သူ့ စား
ကွက်အတွက် မဟုတ်တရုတ်တွေလျှောက်ပြီး ကြံစည်နေဦးမှာပဲ
ဒီလူနဲ့ပြန်ပြီးတော့ဆက်သွယ်ဦးမှာပဲ"

"အေး မင်းပြောတာလည်းငါလက်ခံရမလိုဖြစ်နေပြီ၊ ခုနေ
ဖိုးခွေးကိုဖမ်းပြီးစစ်လည်း နားရင်းနှစ်ချက်မအုပ်ရပါဘူးပေါ့မှာ
ပဲ၊ ခုတော့မသိချင်ယောင်ဆောင်နေကြပြီး ဒီကောင်တွေ ဘာ
ဆက်လုပ်ကြမလဲဆိုတာ စောင့်ကြည့်ကြရမယ်"





ဖိုးခွေးကိုလွှတ်ပေးလိုက်ကြသည်။ ပါပသည် နေရာမှာရပ်
နေပြီးတော့ကျန်ရစ်ခဲ့သည်။ သူဘယ်လိုဆက်သွားမလဲဟုစောင့်
ကြည့်နေကြသည်။ မရဏစေတမာန်မားကြီးဘယ်မှာလဲဆိုသည်
ကိုသိချင်နေကြသည်။ လက်လွန်ကာတစ်ယောက်လက်ထဲပြောင်း
သွားခဲ့ပြီလား။ တစ်ခဏအကြာတွင်ပါပသည် တောတွင်းတစ်
နေရာဆီကိုထွက်သွား၏။ သိုးနှင့်ပေါက်ကျော်တို့သည်လည်း
သူ့ကိုပြန်မည်ဟုဆုံးဖြတ်လိုက်ကြသည်။ သို့သော် ချက်ချင်းမှာပင်
စိတ်ကပြောင်းသွားခဲ့ကြသည်။

"ဟော့ကောင် ပေါက်ကျော် ငါတို့ ဒီလူနောက်ကိုနောက်
ယောင်ခံပြီးလိုက်သွားကြရင်မကောင်းဘူးလား"

"အေး ငါလည်း အဲဒီလိုပဲစိတ်ကူးမိတယ်၊ ဟိုမားကြီးကို
ဒီတောထဲမှာပဲ ဝှက်ထားသလားမသိဘူး"

နှစ်ယောက်သားပုန်းလျှိုးကွယ်လျှိုးဖြင့်လိုက်သွားခဲ့ကြသည်။
ပါပဆိုသည့်လူသည် သိုးတို့နောက်ယောင်ခံပြီးလိုက်လာကြသည်
ကိုမသိပေ။ ဤတောသည် သူကျက်စားရာနေရာများဖြစ်နေ
သလားဟုထင်မိသည်။

တစ်နေရာအရောက်တွင် ...

"ဖျောက် ... "



www.burmeseclassic.com

www.burmeseclassic.com



ပေါက်ကျော်က သစ်ကိုင်းခြောက်လေးတစ်ခုကို အမှတ်မထင်နင်းချမိလိုက်သည်။ ပါပသည် နောက်ကိုဆန်ခနဲဆိုလှည့်ကြည့်လိုက်၏။ ထို့ကြောင့် နှစ်ယောက်စလုံး ချုံတစ်ခုနောက်ကွယ်တွင် ဝပ်ချလိုက်ရသည်။ ပေါက်ကျော်သည် မိမိနမော်နမဲ့နိုင်လှသည်ကို စိတ်ထဲကနေ၍ အပြစ်တင်လိုက်မိသည်။ ဖွတ်တစ်ကောင်သည် မလှမ်းမကမ်းမှဖြတ်ပြေးဝင်သွား၏။

"ဒီကောင်ကွာ ..."

ပါပသည် ဖွတ်ကိုမြင်သော် တရားခံကိုရှာတွေ့သွားသလို စိတ်ပေါ့သွား၏။ အပြစ်ရှိသောသူသည် အမြဲတစေ နောက်ကြောင်းမအေးသလိုရှိနေတတ်သည်။ ထို့ကြောင့် ဘာမဆို သတိထားနေရသည်။ ဆက်လျှောက်သွားသည်။ သိုးတို့လည်း သတိထားကာ ဆက်လိုက်သွားကြ၏။

တစ်နေရာကိုအရောက်တွင် မမျှော်လင့်သောအခြေအနေတစ်ခုကဖြစ်ပေါ်လာခဲ့လေသည်။ သဏ္ဍာန်တစ်ခုသည် အပင်ကြီးတစ်ပင်ထက်က ရိပ်ခနဲဆိုခုန်ချလာခဲ့၏။ ပါပနှင့်မလှမ်းမကမ်းမှာကျသွား၏။ သူ၏ခန္ဓာကိုယ်သည် ဖက်ရွက်ကလေးကျလာသလိုပင်ပေါ့ပါးလျက် ပါပသည်ရုတ်တရက်ဆိုတော့ လန့်ရှင်းစွဲရှိသူမို့လန့်သွား၏။ 'ထိုသူကိုမှင်တတ်မိကာကြည့်နေမိ၏





ခမောက်ပြားကြီးကို ဆောင်းထားသူလူတစ်ယောက်။

အင်္ကျီလက်တိုနှင့်ရှမ်းဘောင်းဘီကဲ့သို့သော ဘောင်းဘီဖွားရှည်ကြီးကိုဝတ်ဆင်ထားသည်။ လက်ထဲမှာ ဓားရှည်တစ်လက်ကိုကိုင်ထား၏။ ခေါင်းကိုငုံ့ထားသည်။ နှာခေါင်းတစ်ဝက်အောက်ကိုလည်းမြင်ရသည်။ ပါပသည် တောပုန်းဓားပြတစ်ဦးဟုပဲထင်လိုက်သည်။ ထိတ်လန့်သွားမိသော်လည်း ဟန်ကိုယ်ဖို့ဆိုသလို ခါးကြားမှာထိုးထားသည့်ဓားကိုဆွဲထုတ်မိလိုက်သည်။

ခမောက်ပြားကြီးကိုဆောင်းထားသူက မလှုပ်မယှက်နှင့်ကျောက်ရုပ်ပမာငြိမ်သက်နေလျက် သိုးနှင့်ပေါက်ကျော်တို့သည်လည်း မမျှော်လင့်ဘဲရောက်လာခဲ့သည့်လူတစ်ယောက်ကိုမြင်လိုက်ရသည့်အတွက် အံ့အားသင့်မိသွားကြသည်။ ထို့ကြောင့် အပင်ကြီးတစ်ပင်၏အကွယ်မှနေ၍ အသာပင်ကြည့်မိလိုက်ကြ၏။ ပါပသည် သူ့ရှေ့မှာမလှုပ်မယှက်နှင့်ရပ်နေသူကို အလိုလိုနေရင်းနှင့်ကြောက်လာမိသည်။

"မင်းက ဘယ်သူလဲ ဘာဖြစ်လို့ငါသွားမယ့်လမ်းမှာပိတ်ပြီးတော့ရပ်နေရတာလဲ ခုဖယ်ပါ"

မရဲတရဲနှင့် မာန်တင်းကာပြောလိုက်လေသည်။ ထိုသူသည် ဓားတပြည်ပြည်းနှင့်ခေါင်းမော့လာခဲ့သည်။ ထိုသူကိုကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အံ့အားသင့်သွားမိသည်။

မျက်လုံးတွေက မျက်ခံမျက်နက်မရှိ အဖြူထည်မျက်လုံးများသက်သက်သာ မျက်လုံးတွေကွယ်နေသူ ကန်းနေသူတစ်ယောက် သည်လိုလူမျိုးက ဓားကိုကိုင်ထားရသေးသည်။ ပါဝ သူ့ကို အထင်သေးသွားသည်။ ကြောက်စိတ်တွေပျောက်ကုန်၏။

"ငါက အကောင်းမှတ်နေတာ၊ လက်စသတ်တော့အကန်းဖြစ်နေတာကိုး၊ ဒါနဲ့များမမြင်မကန်းနဲ့သူတစ်ပါးအနှောင့်အယှက်ပေးနေရသလား"

ပါပက ထိုသူ့လက်မောင်းကို တမင်ဝင်တိုက်ပြီးတော့ထွက်သွားသည်။ သို့သော် ထိုသူကပါပ၏ဇက်ပိုးကို နောက်မှနေ၍ လက်ဝါးဖြင့်ရိုက်ထည့်လိုက်၏။

"ဖြောင်း"

"ဟင် ဒီအကန်းက ငါ့ကိုစော်စော်ကားကား"

နောက်ကျင်စပ်ဖျင်းသောဝေဒနာကို ခံစားလိုက်ရသည်။ ထို့ကြောင့် ဒေါသထွက်ကာဓားနှင့်လှည့်ထိုးလိုက်၏။

"ထန်" "အား"

ပါပ၏လက်မှဓားသည် လွင့်ထွက်သွား၏။ ဓားကိုင်လက်သည်လည်း ကျင်ခနဲဆိုဖြစ်သွားခဲ့ရ၏။ ချက်ချင်းမှာပင် ဓားဦး





က သူ့လည်ပင်းကိုစူးစူးလေးထောက်လာခဲ့သည်။ ပါပသည် အံ့အားသင့်ခြင်းနှင့်အတူ ကြောက်လန့်စိတ်ကပြန်ပြီးတော့ဝင်လာပြန်၏။ အဖြူထည်မျက်လုံးနှင့်လူတစ်ယောက်က ဓားရေးကျွမ်းနေသူ သူ့ကိုလက်တလောမှာ တိုက်ခိုက်ပြီးအနိုင်ယူလိုက်သည်။

"ဒီ ဒီလူဟာ တောနက်ကြီးထဲကထွက်လာခဲ့သူဆိုတော့ မမြင်မကမ်းနဲ့အခုလိုစွမ်းဆောင်နိုင်တာ သာမန်လူတော့မဟုတ်ဘူး မကောင်းဆိုးဝါးတစ်ကောင်များဖြစ်နေမလား"

"မင်း မဟုတ်တာတွေလျှောက်တွေးမနေနဲ့ ချက်ချင်းဒီနေရာကထွက်သွား ... "

"ဟင် ဒီလူကစကားပြောတယ်၊ ငါ့စိတ်ထဲမှာရှိနေတာကိုသည်း သိနေတယ်ဆိုတော့ ဟုတ်ပါပြီ၊ ဒီလူဟာ နာနာဘာဝတစ်ကောင်ပဲ"

ပါပသည် ဓားဦးနှင့်အထောက်ခံထားရပြီး စိတ်လိုက်မာန်ပါဖြစ်ကာ ထိုးထည့်လိုက်မှုဖြင့်ဟူသောအတွေးကြောင့် အသည်းအယားယားဖြစ်နေမိသည်။ သို့သော် ထိုသူကဓားကိုပြန်ရုပ်သိမ်းလိုက်သည်။

"မင်း ထွက်သွား ငါ့ရှေ့မှာမနေနဲ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သွားလေ ဘာရပ်ကြည့်နေတာလဲ တယ်လေ ငါပိုင်းရ
လိုက်ရ"

ထိုသူက ခေါ်နှင့်ထပ်ပြီးတော့ ရွယ်လိုက်သည်နှင့်ပါး
လည်းခြေကုန်သုတ်ကာပြေးလေတော့သည်။ သိုးနှင့်ပေါက်ကျော်
တို့သည် မျက်မမြင်သောလူတစ်ယောက် လူကောင်းတစ်ယောက်
လို လှုပ်ရှားနိုင်သည့်အတွက် အံ့အားသင့်မဆုံးရှိနေကြလေသည်။
အသာပင်ငြိမ်ပြီးတော့ကြည့်နေမိကြသည်။ ထိုစဉ် ...

အဖြူထည်မျက်လုံးများနှင့်လူသည် သိုးတို့ရှိရာဘက်သို့
နားစွင့်လိုက်သည်။

"လူနှစ်ယောက်အပင်အကွယ်ကနေထွက်လာခဲ့ကြစမ်း"

"ဟင် ဒီလူငါတို့ဒီမှာရှိနေတာကို ဘယ်လိုသိသွားတာ
လဲ"

"အေးကွာ တော်တော်စဉ်းစားရခက်တာပဲ၊ တကယ့်လူ
မှလာပြီးတော့တွေ့နေရတယ်"

"ဟော့ ထွက်လာဆိုထွက်လာခဲ့၊ ပြောနေတာမကြားဘူး
လား"

"မသွားနဲ့ကွာ သူဘာလုပ်မလဲဆိုတာသိရတာပေါ့"

"ဖြစ်ပါ့မလားသိုး"





"ဖြစ်တယ်ကွာ ဒီတောထဲမှာ သင်းက ဘာမို့လို့လဲ ဒီလို
ဆော်ကားမိုလ်ကျလို့ရမတဲ့လား ဒီအတိုင်းပဲနေ"

သစ်ပင်အကွယ်မှထွက်မသွားကြ၊ အသာငြိမ်ပြီးတော့နေ
ကြသည်။

"သြော် ... အေး အေး မင်းတို့ထွက်မလာရင် ငါလာခဲ့
မယ်"

ထိုသူသည် တစ်ချက်ကြိမ်းဝါးလိုက်ပြီး သိုးတို့ဆီကိုခြေ
လှမ်းတွေက တန်းတန်းမတ်မတ်ပင်လျှောက်လာခဲ့လေသည်။
လမ်းတွင် ထိမိခိုက်မိမည့်အရာများကိုပင်သူရှောင်ကွင်းပြီးတော့
သွားနိုင်ခဲ့သည်။ သိုးနှင့်ပေါက်ကျော်တို့သည် ထိုသူ၏အပြုအမူ
ကို အံ့အားသင့်၍မဆုံးနိုင်ခဲ့ကြ။ သို့သော် အသံတော့မပြုကြချေ။

သိုးက ပေါက်ကျော်ကိုမျက်နှာရိပ် မျက်နှာကဲပြလိုက်ပြီး
တစ်နေရာကိုရှောင်ထွက်သွားခဲ့ကြသည်။ သို့သော် အဖြူထည်
မျက်လုံးများနှင့်လူသည် သိုးတို့ထွက်သွားမည့်နေရာကို ပိတ်ကာ
ရပ်လိုက်ပြီး ...

"ငါက မင်းတို့ကိုအမိန့်ပေးနေတာ ဘာဖြစ်လို့မနာခံတာ
သဲ"

ထိုသူသည် ခေါင်းကိုငုံ့လျက်ကပင် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လေသံက မဆိုသလောက်တင်းမာနေ၏။

"ကျုပ်တို့ကို အမိန့်ပေးရလောက်အောင် ခင်ဗျားက ဘာ မို့လဲ၊ ကိုယ့်လမ်းကိုယ်သွားနေတဲ့သူချင်းအတူတူ ခင်ဗျားက ဘာဖြစ်လို့ဆရာလုပ်ချင်ရတာလဲ၊ ခင်ဗျားကဘာလဲ တောပုန်း ဓားပြလား"

သိုးက လေသံတူပြန်ပြီးတော့ မေးလိုက်သည်။ ထိုသူ မှ ရယ်သံမပွင့်တပွင့်ထွက်ပေါ်လာခဲ့သည်။



အခန်း (၉)

ရည်ရွယ်ချက်ကြီးမားသူ

အဖြူထည်မျက်လုံးများနှင့်လူသည် ရှေ့ဆက်တိုးမလာ ဘဲ ခြေလှမ်းတွေရပ်တန့်လိုက်သည်။ သို့သော် မပွင့်တပွင့်ရယ် ကာ ဆက်လက်ပြီးတော့ထွက်ပေါ်နေဆဲ။ ငုံ့ထားသောခေါင်းက တဖြည်းဖြည်းနှင့်မော့လာခဲ့သည်။ ထိုအခါ သူ၏အဖြူထည် မျက်လုံးကို သေချာစွာပင်မြင်လိုက်ကြရသည်။ သိုးနှင့် ပေါက် ကျော်တို့ကလည်း ထိုသူ၏အလစ်မှာဝင်၍တိုက်ခိုက်မည်ကိုစိုး၍ ဓားကိုကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ထားလိုက်ကြသည်။

"ငါ တောပုန်းဓားပြမဟုတ်ပါဘူး။ အေး အဲသလို လုပ်စား တဲ့လူတစ်ယောက်ကြောင့် ငါ ဒီလိုဘဝမျိုးရောက်ခဲ့ရတာပဲ"

ထိုသူက လေသံအေးအေးဖြင့်တုန့်ပြန်လာခဲ့သည်အတွက် အံ့အားသင့်သွားခဲ့ကြရသည်။ စောစောကလို ခက်ထန်တင်းမာ



www.burmeseclassic.com

www.burmeseclassic.com



သောလေသံမျိုးမဟုတ်တော့။ သို့သော် မိမိတို့ကို ပရိယာယ်မာယာဖြင့် အချိုသပ်နေတာမျိုးလည်းဖြစ်နိုင်သည်။ မယုံနိုင်သတိတော့ထားနေကြရသည်။ သူက ဓားကျွမ်းပုံရသည်။ အလစ်တွင် တစ်ရှိန်ထိုးဝင်ရောက်တိုက်ခိုက်နိုင်သည်။ သို့သော် ထိုသူသည် ချက်ချင်းပင် ချာခနဲဆိုလှည့်ထွက်သွားခဲ့သည်။ သိုးနှင့်ပေါက်ကျော်တို့သည် ထိုသူ၏အပြုအမူကြောင့် အံ့အားသင့်သွားခဲ့ကြရသည်။

"သူ့ကိုကြည့်ရတာ နာကြည်းချက်တစ်ခုခုရှိနေသလိုပဲကွ၊ ဟိုလူနဲ့ဆက်ဆံတော့တစ်မျိုး၊ တကယ့်လူကြမ်းကြီးအတိုင်းပဲ ငါတို့ကိုဆက်ဆံတော့ပြောင်းလဲသွားတယ်"

"အေးကွ ဘယ်လိုခံစားချက်မျိုးရှိနေသလဲမသိဘူး"

တိုင်ပင်ထားကြသလို နောက်မှပြေးလိုက်သွားခဲ့ကြသည်။

"ဟေ့လူ ဟေ့လူ ခဏနေပါဦး"

သိုးက လှမ်းပြီးတော့ခေါ်လိုက်သည်။ ထိုသူရပ်တန့်သွားသည်။ နောက်ကိုလှည့်မကြည့် ဓားကိုကျောထက်ရှိဓားအိမ်ထဲသို့ထည့်လိုက်သည်။ ရန်မမူဘူးဆိုသည့်သင်္ကေတ။

"မင်းတို့ ငါ့ကို ဘာလုပ်မလို့လဲ ကိုယ့်လမ်းကိုသွားကြတော့"

"ကျွန်တော်တို့ခင်ဗျားနဲ့ စကားအေးအေးဆေးဆေးပြော





ချင်လို့ပါဗျာ"

သိုးက လေသံမှန်မှန်ဖြင့်ပြောလိုက်သည်။ ထိုသူသည် အနည်းငယ်တော့ တွေဝေသွားသည်။

"အေး ဒါဆိုလိုက်ခဲ့ကြ"

ထိုသူက ခြေလှမ်းမှန်မှန်ဖြင့်ဆက်လျှောက်သွားသည်။ ...းတို့လည်းနောက်မှခပ်ခွာခွာပင်လိုက်သွားခဲ့ကြသည်။ သည့် ...ာက် မသိမသာနီးကပ်သွားခဲ့ကြသည်။ သို့သော် ထိုသူသည် ...းတို့အနားရောက်လာကြသည့်တိုင် အေးအေးဆေးဆေး အတွေ ...ကွသွားလာနေကြသည့်အဖော်များလို နောက်ကိုတစ်ချက်လှည့် ...ကြည့်၊ ထူးတော့ထူးဆန်းသည်။ စောစောကအပြုအမူမျိုးနှင့် ...ားခြားသွားသည်မှာ ဆီနှင့်ရေပမာ။

တောက အတွင်းဘက်ကို ပိုပြီးတော့ရောက်လာသည်။ ...ကြာမီ နွယ်ပင်များနှင့်ရှုပ်ယှက်ခက်နေသော ဂူတစ်လုံးကိုတွေ့ ...ိက်ရသည်။ ထိုသူသည် ဂူဆီကိုတန်းတန်းမတ်မတ်ပင်လျှောက် ...ွားခဲ့သည်။ သိုးတို့လည်း ရဲတင်းစွာပင် နောက်မှလိုက်သွားခဲ့ ...လေသည်။ ဂူထဲတွင် မြက်အိပ်ရာခင်း၊ သောက်ရေအိုးတစ် ...းကလွဲပြီး အခြားဘာမှမတွေ့ရ။

"ကဲ ထိုင်ကြ"

အပြင်ဘက်တွင် ချုံများနွယ်များကဖိတ်ဆိုလှုပ်ရှားနေကြ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဂူထဲတွင် အနည်းငယ်မှောင်နေသည်။ သို့သေ
ဂူကားကျယ်ဝန်းသည်။ သူတို့နှစ်ယောက်လည်း ဂူအဝနားကပ်ပြ
တော့ထိုင်လိုက်ကြသည်။ ထိုသူသည် ကျောပေးလျက်ရပ်နေ
ကာပင် ခမောက်ကိုခေါင်းမှချွတ်လိုက်လေသည်။ ထို့နောက် သိုး
လက်လှည့်ကြည့်ကာမျက်နှာချင်းဆိုင်ထိုင်လိုက်သည်။ ပါးမြို
မွေးရေးရေး၊ နှုတ်ခမ်းမွေးရေးရေးနှင့် ဆံပင်ရှည်က ကုပ်
ထောက်နေကြသည်။ အသက်ကို ခန့်မှန်းကြည့်ရာတွင် သုံးဆယ်
ဝန်းကျင်ခန့်ရှိလိမ့်မည်ထင်သည်။

အဖြူထည်မျက်လုံးနှစ်လုံးက သူ့အင်္ကျီကိုပိုပြီးတော
အကြည့်ရဆိုးစေသည်။ တိမ်သဏ္ဌာန်စွဲနေသောမျက်လုံးများ
လား။ ထိုသူသည် သိုးနှင့်ပေါက်တို့ကို စိုက်ကြည့်နေသည်
ထင်ရသည်။

စကားမပြောဘဲ နှုတ်ဆိတ်နေသည်။ ထို့ကြောင့် ယ
အခြေအနေကိုသည်းမခံနိုင်တော့သည်နှင့် ...

"အစ်ကိုက ဒီမှာနေတာလား"

သိုးကမေးလိုက်သည်။ ထိုအခါ ထိုသူသည်ဖျတ်ခနဲပြ
သွားသည်။ အဝေးဆီ ရောက်နေသောအတွေးတွေက ပြ
ရောက်သလိုဖြစ်သွားသည်။

"အေးဟုတ်တယ်၊ ငါဒီမှာနေနေရတယ်၊ မင်းတို့ကတေ





တောထဲကို ဘယ်လိုကြောင့်နဲ့ရောက်လာတာလဲ"

ထိုအခါ သိုးသည်လှည့်ပတ်ပြီး မပြောလိုသည်ကတစ်
ကြောင်း ထိုသူ၏အကြောင်းကိုသိလိုသည်ကတစ်ကြောင်းမို့
မှုဖိုးခွေး၏ အနောက်ကိုနောက်ယောင်ခံပြီးလိုက်လာခဲ့သည့်
အကြောင်းကိုပြောပြလိုက်လေ၏။ ထိုသူသည် စိတ်ပါဝင်စားစွာ
ဖြင့် နားထောင်နေသလား ဘာလားတော့မသိ ငြိမ်ပြီးတော့နေ
သည်။ နားကိုလည်း စွင့်ထားဟန်တူသည်။

"အကြောင်းကတော့ အဲဒါပါပဲအစ်ကိုရာ"

သိုးစကားဆုံးသော် ထိုသူက ခေါင်းတညိတ်ညိတ်ဖြင့်ရှိနေ
သည်။

"ဖိုးခွေးဆိုသည့်လူက စောစောက ငါ့ကိုတိုက်ခိုက်တဲ့သူနဲ့
စကားပြောနေတဲ့သူကိုပြောတာလား"

"ဟုတ်ပါတယ်၊ အဲဒီပါပဆိုတဲ့လူကိုလည်း အခုမှပဲမြင်ဖူး
တာပါ၊ ဒီလူက အဲဒီဓားကြီးနဲ့ပတ်သက်ပြီး ဖိုးခွေးနဲ့ပေါင်းနေ
တယ်"

"ဟုတ်ပြီ အဲဒီလူဟာ တောထဲကိုမကြာခဏလာတတ်
တယ်၊ လူကောင်းမဟုတ်ဘူး အဲဒါကြောင့် ငါကြည့်မရတာ"

အဲဒါကြောင့် ကြည့်မရတာဟူသော စကားကြောင့်
နားလည်ရခက်သွားခဲ့ကြသည်။ အကြောင်းမှာ သူသည်မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



နှစ်ကွင်းအလင်းမရသူမို့ပင် ...

"ခြော် _ ကျွန်တော်အစ်ကို့ကိုမေးချင်တာတစ်ခုရှိတယ် စိတ်တော့မရှိနဲ့နော်"

"ငါနဲ့ပတ်သက်ပြီးတော့မေးချင်တာမဟုတ်လား၊ ပွင့်ပွင့်လင်းလင်းသာပြောစမ်းပါကွ"

"ဟုတ်ဟုတ်ပါတယ် ... အစ်ကို ဘယ်လိုအကြောင်းကြောင့် ဒီတောထဲမှာတစ်ယောက်တည်းနေနေရတာလဲဆိုတာ"

သိုးကလည်း စကားကိုတန်ဆာဆင်ကာ မပြောတတ်၊ လိုရင်းကိုပဲ မေးလိုက်သည်။ ထိုသူသည်တစ်ချက်တော့ငြိမ်သွားသည်။ ချိန်ဆနေဟန်တူပါသည်။ သည့်နောက်မှာတော့ သက်ပြင်းတစ်ချက်ချလိုက်ကာ ...

"ငါ့နာမည် မင်းနောင်၊ ဒီကနေ မိုင်ခြောက်ဆယ်လောက်ဝေးတဲ့ ကျောက်သွေးရွာမှာနေတယ်၊ မိဘရှိတယ်၊ ညီတစ်ယောက်ရှိတယ်၊အလုပ်ကတော့ လယ်ယာကိုင်းကျွန်းလုပ်ငန်းပေါ့ ငါတို့ညီအစ်ကိုနှစ်ယောက်စလုံး အိမ်ထောင်မကျသေးဘူး။ မိဘနဲ့ပဲအတူနေတယ် ငါ့ရဲ့ဆန္ဒကတော့ ငါ့မိဘနှစ်ပါးလုံးကိုပြည့်ပြည့်စုံစုံထားချင်တယ်၊

မြို့တက်ပြီးတော့ နိုင်လုံတဲ့စီးပွားရေးတစ်ခုရှိချင်တယ်၊ အိမ်ကြီးအိမ်ကောင်းနဲ့ထားချင်တယ်၊ တောမှာနေပြီးလယ်လုပ်





ဘယ်ဆိုတာပင်ပန်းတယ်ကွ၊ လယ်လေးငါးကေလောက်ကိုပိုင်ဆိုင်တာ ဒီတစ်သက် ဘယ်လိုကြီးပွားချမ်းသာမှာလဲကွာ၊ ငါဟာချမ်းသာချင်တဲ့စိတ်ကူးအမြဲရှိတယ်၊ တစ်နေ့တော့မမျှော်လင့်မိခဲ့တဲ့ အခွင့်အရေးတစ်ခုပေါ်လာခဲ့တယ်"

မင်းနောင်သည် အောက်ပါစိတ်ဝင်စားစရာကောင်းသော

သူ၏ဇာတ်လမ်းကို သိုးနှင့်ပေါက်ကျော်တို့အားပြောပြခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တွင် မင်းနောင်သည် ကိစ္စတစ်ခုကြောင့် တ
ဘက်ရွာကိုသွားပြီး တောလမ်းမှပြန်လာခဲ့စဉ် ...

"မင်းတို့က ငါ့ကို အခုလိုဓားပြတိုက်နေကြတာလဲ ဘာ
ရကြမှာမဟုတ်ဘူး။ ငါ့မှာအဖိုးတန်ပစ္စည်းဆိုလို့ဘာမှပါမလာ
ပဲ"

"ခင်ဗျားကြီးအပိုတွေလျှောက်ပြောမနေနဲ့ ရတနာ
ရောင်းလို့ရတဲ့ငွေတွေဘယ်မှာလဲ၊ ကျုပ်တို့သတင်းရပြီးပြီ၊ အ
ချက်ချင်းထုတ်ပေး"

"မင်းတို့ထင်တာ မဟုတ်ပါဘူးကွာ၊ ငါ့ကိစ္စနဲ့ငါလာခဲ့
တာပါ၊ ဘာပစ္စည်းမှမရောင်းခဲ့ပါဘူး"

"တိတ်စမ်း ငါပိုင်းချလိုက်ရ သေဖြစ်တော့မယ်၊ ခင်ဗျား
ကိုယ်ထဲကငွေထုတ်ကိုခုချက်ချင်းထုတ်ပေးမလား။ မထုတ်ပေ





ဘူးလား၊ တစ်ခွန်းတည်းပြော"

"ငါ ငါ့မှာ ..."

"အို ... ကြာတယ်ကွာ တယ်လေငါ ..."

တောပုန်းဓားပြတစ်ယောက်က ထိုလူကြီးကို ဓားဖြင့်ရွယ်လိုက်ရာ မင်းနောင်က မြင်လိုက်သဖြင့် ...

"ဟိတ် ရပ်လိုက်ကြစမ်း၊ လူတစ်ယောက်ကို ဒါလောက်ထိ အနိုင်ကျင့်ဖို့မလိုပါဘူး"

မင်းနောင်သည် ခပ်လှမ်းလှမ်းမှနေ၍ ဟန့်တားလိုက်သည်။ ဓားပြသည် မြှောက်ထားသောဓားကိုကိုင်လက်ကို ပြန်မချဘဲ လေထဲတွင်ရပ်တန့်သွားခဲ့သည်။ သူ့ဘေးမှာရှိနေကြသော အခြား ဓားပြများသည်လည်း အသံထွက်ပေါ်လာရာဆီကို ကြည့်လိုက်ကြသည်။ လူတစ်ယောက်က သူတို့ဆီလျှောက်လာခဲ့ကြသည်။

"ဟေ့ကောင် မင်းက ဘာကိစ္စကြောင့် ငါတို့အလုပ်ကို ဝင်ရှုပ်ရတာလဲကွ၊ ဘေးဖယ်နေ ဗိုက်ပွင့်သွားမယ်"

"ခင်ဗျားတို့က လူတစ်ယောက်ကိုဓားပြတိုက်နေကြတာ၊ ကျုပ်ကဒီအတိုင်းလက်ပိုက်ပြီးကြည့်နေရမှာလားဗျ"

"သြ မင်းက ဒီကနေ့ သေနေ့စေနေ့လို့လား။ မင်းကိုယ်က သေစော်နံတယ် ကဲ ..."



www.burmeseclassic.com

www.burmeseclassic.com



စားပြခေါင်းဆောင်က ကဲဟုပဲဆိုလိုက်သေးသည် မင်းနောင်က သူ့ဆီကိုတစ်ချက်တည်းနှင့်ခုန်ဝင်လာခဲ့လေသည်။

"ဟာ ..."

မထင်မှတ်သောအခြေအနေကြောင့် အံ့အားတသင့် ဖြစ်သွားခဲ့ရသည်။ မင်းနောင်သည် သူတို့ဆီကို ချက်ချင်းပင်ရောက်လာခဲ့လေသည်။ စားပြများသည် မင်းနောင်ကိုထစ်မံတားဆီးခွင့်မရလိုက်၊ ဓားမိုးက တရစပ်ပင် ရွာချလာခဲ့သောကြောင့်ပင်–

"ထန်" "ထန်"

ပန်းကုန်းပြုတ်၊ စင်ယော်သုတ်၊ အစရှိသည့်ဓားရေးအမျိုးမျိုးနှင့် ဝင်လာသောကြောင့် အသက်ရှူမှားသွားခဲ့ကြရသည်။ လူဆိုးများ၏ဓားကွက်များသည် ဖရိုဖရဲနှင့်စည်းစည်းလုံးလုံးမရှိကြ။ ထို့ကြောင့် တစ်ဘက်လူကိုထိအောင်တိုက်ခိုက်ဖို့ထက် မိမိတို့ကိုမထိအောင်တစ်ပြိုင်တည်းကာကွယ်နေကြရသည်။

"အား"

ဓားပြခေါင်းဆောင်၏လက်မောင်းကိုဓားထိသွားသည်။ ကျန်လူများသည်လည်း လက်ဖျံ လက်ခုံများတွင်ဓားဦးနှင့်ပွတ်ရှ ထိုးမိခြင်းခံလိုက်ကြရသည်။ မင်းနောင်က အသေမတိုက်ခိုက်ဘဲ မထိတထိနှင့်တိုက်ခိုက်ခဲ့ခြင်းပင်။

"ဟေ့ ဟေ့ကောင်တွေ မဟန်ဘူး ပြေး ပြေးကြ"





ကြာလျှင် အသက်နှင့်ခန္ဓာကိုယ်အိုးစားကွဲနိုင်သည်ဖြစ်၍ အားလုံးထွက်ပြေးကြလေတော့သည်။

မင်းနောင်သည် ဓားပြ နောက်ကို လိုက်သွားမည်ပြုရာ ...

"မလိုက်နဲ့တော့ ..."

ထိုလူကြီးက ဟန့်တားလိုက်လေသည်။ မင်းနောင်လည်း ပြန်လှည့်လာခဲ့ရသည်။

"ကျုပ် တမင်လွှတ်ပြီးတော့လျော့ပေးလိုက်တာ၊ လူမသတ်ချင်လို့ ဒီလိုသူခိုးဓားပြမျိုးကို နည်းနည်းလေးမှကြည့်ရတာမဟုတ်ဘူး"

မင်းနောင်က စိတ်မပြေသေး၊ ကြိမ်းဝါးလိုက်သည်။

"အေးကွယ် အခုလို ကိုယ့်အသက်ကိုယ်တောင်မငဲ့ဘဲ နှမ်းစားပြီးဝင်ရောက်ကူညီခဲ့သည့်အတွက် ကျေးဇူးတင်လိုက်တာကွယ်၊ ငါ့တူက ဓားရေးကောင်းတာပဲ"

"ဒါလောက်ကြီးလည်းမဟုတ်သေးပါဘူး ဦးရီး၊ သာမန်ဘတ်မြောက်ထားရုံလောက်ပဲရှိပါတယ်"

"ငါ့တူက ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်တာကိုးကွယ့်၊ သက်ရှုံးရည်ရော နှလုံးရည်ရောပြည့်စုံပါပေတယ်၊ ဒီလိုလူမျိုးဟာ ကြီးပွားချမ်းသာနိုင်တယ်ကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"စားရေးကောင်းတာနဲ့ဘယ်လိုကြီးပွားချမ်းသာနိုင်မှာလဲဗျာ"

"မဟုတ်သေးဘူးလေ၊ ဒီအတက်ပညာကို တတ်ထားတဲ့လူတစ်ယောက်အတွက် အခွင့်အလမ်းရှိတယ်၊ လမ်းကြောင်းတစ်ခုခုရှိနိုင်တယ်ကွယ့်"

"ဦးရီးမှာ အဲသလိုအခွင့်အလမ်းမျိုးရှိထားလို့လား"

မင်းနောင်သည် ကြီးပွားချမ်းသာလိုစိတ်ရှိ၍ မအောင့်အည်းနိုင်တော့ဘဲ တိုက်ရိုက်ပင်မေးလိုက်သည်။ လူကြီးသည် မင်းနောင်ကိုခပ်ကြာကြာကာ့အကဲခတ်ကြည့်လိုက်ပြီး ...

"အင်း မင်းကတော့ရိုးသားပုံပေါ်တယ် ... ဒီလိုလူမျိုးနဲ့ဆိုရင် ဟန်ကျလိမ့်မယ်ထင်တယ်"

"ပြောပါဦးရီး၊ ဘာများပါလဲ"

"အေး ပြောမယ်၊ လမ်းပေါ်မှာမကောင်းဘူးတစ်နေရာကိုသွားကြမယ်"



## အခန်း (၁၀)

## ဇယောင်းမယ်

နောက်တစ်ပတ်အကြာ ...

လူနှစ်ယောက်သည် တောလမ်းအတိုင်းခြေလှမ်းသွက်သွက်နှင့်ခရီးနှင်လျှက်ရှိနေကြသည်။ သူတို့နှစ်ကတော့ မင်းနောင်နှင့်အခြားတစ်ယောက်၊ ဦးစက်ရှိန်ဆိုသည့်လူ ... ။

"ဦးရီးပြောတဲ့အတိုင်းဆိုရင် တော်တော်လေးကိုစိတ်ဝင်စားဖို့ကောင်းတာပဲ တစ်ချက်တည်းနဲ့တစ်သက်စံရမယ့်ကိန်းပဲ"

"အေးပေါ့ကွ၊ သိပ်လည်း အားစိုက်ရတာမဟုတ်ဘူး၊ သက်ထဲကို ဥစ္စာကအထုပ်နဲ့အထည်နဲ့ရောက်လာမှာ၊ ဒါပေမယ့် အဲဒီနေရာအကြောင်းကိုမသိတော့ အဖော်တစ်ယောက်လိုတာပေါ့ကွာ၊ စိတ်ချရတဲ့အဖော်ဖြစ်တော့ကောင်းတာပေါ့၊ ကိုယ့်အပေါ်မှာလည်းသစ္စာရှိရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဒါတော့ စိတ်ချဦးရီး ကျွန်တော်ကတစ်နပ်စားဉာဏ် မဟုတ်ဘူး၊ ကျေးဇူးမကန်းတတ်ဘူး"

"မင်းရဲ့အင်္ဂရုပ်ကိုကြည့်ပြီးသိပါတယ်ကွာ၊ ဒါကြောင့်မို့ ယုံကြည်စိတ်နဲ့အလုံးစုံဖွင့်ပြီးတိုင်ပင်ခဲ့တာပေါ့"

မင်းနောင်သဘောကျသွားသည်။ သူ့ကိုယုံကြည်စိတ်ချ သည်ဆို၍ တစ်နေရာကိုအရောက်တွင် ...

"ဖရဲ ရှဲ ရှဲ ... "

"ဖလပ် ... ဖလပ် ... ဖလပ်"

မမျှော်လင့်ဘဲထွက်ပေါ်လာသောအသံကိုကြားလိုက်ကြရ သည်။ ထိုစဉ် သူတို့အနားကကပ်ပြီးပြန်သန်းသွားသောငှက်မဲကြီး တစ်ကောင် အရှောင်သာမမြန်ကြလျှင် ... မျက်နှာကိုပင် အတောင်ပံနှင့်ရိုက်ချသွားမည်လားမပြောတတ်ပေ။ မင်းနောင် သည်ကျောထက်မှဓားကိုထုတ်ကာ ပိုင်းချလိုက်သေးသည်။

"ဝှစ် ... ရွှင်"

"ဟာ ငှက်ကြီးထိုးဆင်းသွားပြီ၊ ဟောဟိုက ထန်းပင် ကြီးသုံးပင်လောက်နားဆီကပဲ ဦးရီး"

"အေး အဲဒီနေရာကိုလိုက်ကြမယ်"

ခြေလှမ်းတွေက မိုပြီးတော့ သွက်လာခဲ့ကြသည်။ မင်း နောင်၏စိတ်ထဲမှာတော့ ...





"ဒီလူကြီးဟာ ဒီခရီးမှာ အကျိုးအမြတ်ရှိလိမ့်မယ်ဆိုတာ ဘယ်လိုသိနေသလဲတော့မသိဘူး၊ သိုက်အညွှန်းများရထားလေ သလား"

ဒါလောက်ကတော့ တွေးမိသည်။ ဖောနှင့် လျှောက်လာ ခဲ့ကြရာ ထန်းသုံးပင်ဆီကိုရောက်လာခဲ့ကြလေသည်။ တောနက် ကြီးထဲတွင် ပေါက်နေကြသော ထန်းပင်သုံးပင်စာည်း တစ်နေရာ သည်းတွင် ယှဉ်လျက်ကြီးမားလှသည်။ ငှက်မဲကြီးဆင်းသွားသော နေရာသည် ဤအနားပတ်ဝန်းကျင်ပဲဆိုသည်ကို သေချာစွာသိ သည်။ တိုင်ပင်ထားကြသလိုပင် စကားမပြောကြ၊ မျက်စိလျှင် သွင်နှင့် ကြိတ်ပြီးတော့ ရှာနေကြသည်။ မင်းနောင်နှင့်ဦးစက် ရှိန် လူခွဲပြီးတော့ ရှာကြသည်။

"ဦးရီး ဒီကိုခဏ"

မင်းနောင်က အသံပြုလိုက်သည်။ ဦးစက်ရှိန်လျှောက် သွားသည်။ ရောက်သွားတော့ ချုံများကြားတွင် လူတစ်ရပ်ခန့် မြင့်မားသော ကျောက်တုံးနက်ကြီးနှစ်တုံးကို တွေ့လိုက်ကြရ သည်။ ကျောက်တုံးနှစ်တုံးသည် တစ်တုံးနှင့်တစ်တုံး ထိကပ် ခြင်းရှိမနေကြ၊ ကွာဟနေကြသည်။ ယင်းကွာဟနေသောကြား တွင် မြေပြင်၌ တွင်းပေါက်ကြီးတစ်ခုကိုတွေ့လိုက်ကြရသည်။ ဦးစက်ရှိန်၏မျက်လုံးအရောင်သည် တစ်မုဟုတ်ချင်းပင် ပြောင်း



www.burmeseclassic.com

www.burmeseclassic.com



လ်သွားသည်။

"ဒီချုံကြီးကို နည်းနည်းရှင်းလိုက်ကွာ ... လူဝင်လို့ရအောင်"

မင်းနောင်က ပါလာသောဓားဖြင့် ချုံကိုခုတ်ထွင်ရှင်းပစ်လိုက်သည်။ လူနှစ်ယောက်စာဝင်၍ရသည့်အထိ ချုံထဲတွင် မြွေဆိုးများ ရှိအောင်းနေ၊ မနေ၊ စောင့်ကြည့်ရသေးသည်။ စိတ်ချရပြီဆိုတော့မှ ဦးစက်ရှိန်က ရှေ့ဆောင်ပြီးတော့ ဝင်သွားသည်။ တွင်းပေါက်ကြီးကို ငုံ့ကြည့်လိုက်ကြသည်။ တွင်းသည် ဟောင်းလောင်းပေါက်ကြီးမဟုတ်ပေ။ အောက်ကို ပြေပြေဆင်းသွားနိုင်သော မြေသားအထစ်များကို တွေ့လိုက်ကြရသည်။

"ဒီအောက်ကို ဆင်းချင်တယ် ... ဒါပေမယ့် ... တွင်က မှောင်နေတယ်"

"ခဏကလေးဦးရီး"

မင်းနောင်သည် ချုံအပြင်ကို ပြေးထွက်သွားသည်။ တ ခဏအကြာတွင် ပြန်ရောက်လာသည်။ လက်ထဲတွင် တ တောင်သာသာရှိ သစ်ကိုင်းတုတ်တုတ်ကြီး သုံးခုပါလာခဲ့သည်

"ဒါ ... ပေါက်စေးပင်လို့ခေါ်တယ် ... တချို့က နံ စောင်းပင်လို့လည်းခေါ်ကြတယ် ... ဒီအပင်ကထွက်တဲ့အစေ ဟာ မီးတောက်တယ်"





"ဟုတ်လား ... ငါ့မှာ မီးခြစ်ပါလာတယ်"

ဓားနှင့်ခုတ်ထားသည့်နေရာမှ အစေးများက ထွက်နေကြသည်။ ရာဘာစေးများကဲ့သို့ပင်။ ဦးစက်ရှိန်က မီးခြစ်ဘူးထဲမှ မီးခြစ်ဆံကိုယူပြီး ခြစ်လိုက်သည်။ သစ်ကိုင်းပြတ်တောက်နေသောနေရာ၊ အစေးများထွက်နေသောနေရာကို တို့လိုက်ရာ မီးစွဲသွားသည်။ တဖြည်းဖြည်းနှင့် မီးတောက်က တက်လာခဲ့လေသည်။ မီးတုတ်တစ်ချောင်း ဖြစ်သွားလေ၏။

မီးတုတ်တစ်ယောက်တစ်ချောင်းစီကိုင်ကာ တွင်းပေါက်ကြီးထဲသို့ သတိနှင့်ဆင်းသွားခဲ့ကြသည်။ တွင်းထဲမှာ အောက်သို့သို့အနံ့အသက်များကို အနည်းငယ်ရရှိကြသည်။ ပေလေးဆယ်အနက်လောက်အထိ ရောက်သွားခဲ့ကြသည်။ တစ်ခဏရပ်ပြီးတော့ စောင့်ကြည့်နေကြသေးသည်။ အသက်ရှူရခြင်းခက်ခဲမှုမရှိ။ သက်သောင့်သက်သာရှိကြသည်။ ထို့နောက် မီးတုတ်ဖြင့် တွင်းကြီး၏အောက်ပတ်ပတ်လည်ကို လှော်လာကြည့်ကြလေသည်။

ကျယ်ပြန့်သော မြေအောက်ဂူကြီးတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ကြရသည်။ စောစောက ငုက်မဲကြီးသည် ဤမြေအောက် ဂူကြီးထဲကို ဆင်းသွားခဲ့လေသလားဟု မင်းနောင်ထင်



www.burmeseclassic.com

www.burmeseclassic.com



မိလိုက်သေးသည်။ သို့သော် တွင်းဝမှာ ပိတ်နေကြသော ချုံများကြောင့် ငှက်မည်းကြီး တွင်းထဲကိုရောက်သွားနိုင်ရန် ဖြစ်နိုင်ခြေကမရှိ။ ဦးစက်ရှိန်ကတော့ တစ်ခုခုကိုသိထားသည့်အလား ခြေလှမ်းသွက်သွက်ဖြင့် သွားနေသည်။ မင်းနောင်ကတော့ စိတ်ထဲမှာ အနည်းငယ်ကျဉ်းကြပ်နေမိသည်။

ထိုအပြင် ဆွဲငင်အားတစ်ခုက မိမိ၏ကိုယ်ပေါ်ကို သက်ရောက်နေသည်ဟု ခံစားနေရသည်။ ထိုမမြင်၊ မသိနိုင်သော အရာသည် မိမိကို ဆွဲခေါ်နေသည်ဟု ထင်နေမိသည်။ တစ်နေရာကိုအရောက်တွင် ဂူသည် တစ်မျိုးပြောင်းသွားသည်။ ဂူနံရများသည် အထွတ်အထွတ်များနှင့် ဖြစ်နေကာ မီးရောင်အောက်တွင် မြင်တွေ့လိုက်ရသည်။ လူမျက်နှာများနှင့်သဏ္ဌာန်တူနေကြခြင်းပင်။ သို့သော် မျက်နှာများသည် အားလုံးတစ်ပုံစံတည်းဖြစ်နေကြသည်။

အမျိုးသမီးတစ်ယောက်၏မျက်နှာမျိုးဆင်ဆင်တူနေကြသည်။ သဘာဝအလျောက်ဖြစ်နေခြင်းတော့မဟုတ်နိုင်။ တမင်ပြုလုပ်ဖန်တီးထားခြင်းပင်။ မည်သည့်အကြောင်းကြောင်းကြောင့် မျက်နှာတစ်ပုံစံတည်းကို အများအပြားပြုလုပ်ထားသလဲဆိုသည်ကို မသိနိုင်။ ဦးစက်ရှိန်ကတော့ ယင်းအရာများကို မြင်လိုက်ရ





သောအခါ ပြုံးမိလိုက်သည်။ အတွင်းသိသိသောအပြုံးမျိုး။ မင်းနောင်သည် ထိုမျက်နှာပုံများကို တစ်ချက်လောက်ကြည့်မိရုံနှင့် မိမိ၏ခန္ဓာကိုယ်ထဲမှ အသည်းနှလုံးတို့ ပြောင်းဆန်သွားခဲ့ကြသလို ခံစားလိုက်ရသည်။ မကြည့်ရဲတော့။ မျက်နှာကို ခပ်လွှဲလွှဲပင် ထားမိလိုက်သည်။

မီးတုတ်မီးက အားကောင်းနေဆဲ။ လောင်ကျွမ်းမှုမမြန်ဆန်။ အကိုင်းမှထွက်သော အစေးသည် လောင်စာဆီတစ်မျိုးပင်ဖြစ်သည်။ မီးရောင်အောက်တွင် ဖျတ်ခနဲဆိုတွေ့လိုက်ရသည့် အရာတစ်ခု။ လူအရိုးစု၊ ဝင်တိုက်မိမလို ဖြစ်သွားခဲ့ကြသေးသည်။

"ဦးရီး ... ဒါ ... ဒါတွေဟာ"

"အဲဒါတွေကို ဂရုမစိုက်နဲ့"

ဘေးမှ ကွေ့ရှောင်ပြီးလျှောက်သွားကြသည်။ မင်းနောင်ကတော့ နောက်ကျော်မလုံ။ အရိုးစုကြီးသည် မိမိ၏နောက်ကလိုက်လာလေမလားဟု။ သို့သော် အဓိပ္ပာယ်က ကင်းမဲ့နေသော ယင်းရုပ်ကြွင်းက ဘာလို့နောင့်ယှက်နိုင်မှာလဲ။ မိမိသတ္တိသည်းသွားသလို ဖြစ်သွားခဲ့ရသည်ကို မြန်ပြီးရှက်မိသည်။ ထိုရုပ်ကြွင်းသည် မူလအစကအသွေးအသားနှင့် လူသားတစ်ယောက်ပင်။ မည်သည့်အကြောင်းကြောင့် ယခုလို သေဆုံးသွားခဲ့ရပါ



www.burmeseclassic.com

www.burmeseclassic.com



သလဲ။ လူသူမနီးပြီး လျှို့ဝှက်သောနေရာမှာ ပိုးစိုးပက်စ
သေဆုံးနေသည်ကို သိနိုင်အုံ့မထင်။

တိုသူသည် ယောကျ်ားလား၊ မိန်းမလား၊ မည်သ
ဒဏ်ရာဖြင့် သေဆုံးနေသည်ကိုလည်း မသိနိုင်။ နောက်ထ
ရုပ်ကြွင်းတစ်ခုကိုလည်း ဂူလိုဏ်လမ်းကြောင်း၏ ဘေးနံရံ
ထိုင်လျက် တွေ့လိုက်ကြရပြန်သည်။ မင်းနောင်သည် စိတ်
တင်းထားသည့်အထဲက ကြောက်စိတ်က မသိမသာဝင်လာ
ပြန်သည်။ ဦးစက်ရှိန်ကတော့ ဘာကိုသတိမထားမိသလို ဂ္ဂ
မပျက် ဆက်ပြီးသွားနေသည်။

တစ်နေရာကိုအရောက်တွင် ဘေးထွက်ဂူတစ်လုံး
အမှတ်မထင် တွေ့လိုက်ရသည်။ ယင်းဂူထဲကိုမဝင်သေ
ကတည်းက အလင်းရောင်တစ်မျိုးရှိနေသည်ကို သိရသ
ယင်းဂူဆီကိုရောက်သောအခါ မီးတုတ်မှမီးသည်လည်း လော
ကုန်သွားဘိသကဲ့သို့ ဟုပ်ခနဲဆို ငြိမ်းသွားခဲ့လေသည်။

သို့သော် မှောင်မည်းမှုမကြုံတွေ့လိုက်ကြရဘဲ ဘေးထွ
ဂူထဲမှ ထွက်ပေါ်လျက်ရှိသော အလင်းရောင်ကြောင့် လင်
သိသာစွာပင် မြင်နေရလေသည်။ ဤဂူငယ်သည် အခန်းတ
ကဲ့သို့ရှိနေပြီး မည်သည့်အတွက်ကြောင့် အလင်းရောင်ကရှိ





သလဲ။ ဦးစက်ရှိန်သည် မဆိုင်းမတွပင် ဂူထဲကိုဝင်သွားခဲ့သည်။
င်းနောင်သည်လည်း လိုက်ဝင်သွားခဲ့လေသည်။ ဂူထဲကိုရောက်
သော် တွေ့လိုက်ကြရသည့်အရာကား ...



www.burmeseclassic.com

www.burmeseclassic.com

သလင်းကျောက်ပြားကြီးတစ်ခုထက်တွင် ရုပ်တည်နေ
သော ဖယောင်းရုပ်တုတစ်ခုပင်။ မိန်းကလေးတစ်ဦး၏အသွ
သဏ္ဌာန်ဖြစ်သည်။ ကိုယ်ဟန်မှာ ကြော့ရှင်းလှသည်။ ဖော့ယမ
လေးဟု တင်စားရလောက်အောင် ကြွကြွရွရွလေးရှိနေသည်
လက်ရာမြောက်စွာ ထုလုပ်ထားသောကြောင့် တကယ့်သက်
တစ်ဦးကဲ့သို့ ထင်မှတ်မှားရလေသည်။ ဝတ်စားထားသည့်မှ
လည်း ဖြူဆွတ်သောအဝတ်အစားများပင်။ အနုစိတ်ကာခြယ်
နဲ့ထားသောကြောင့် ခန္ဓာကိုယ်၏ အမို့အမောက်၊ အရှိုက်၊ အဝ
တို့သည် ပီပြင်သောကောက်ကြောင်းများပမာ မြင်ရသူ ပုရိသ
ရင်ဖိုလှိုက်မောဖွယ်ရာပဲ ဖြစ်သ်။

သေချာစွာကြည့်လျှင် အသက်ရှူနေသလားဟုပင် ထင်
ရသည်။ နှလုံးသားနှင့်လည်း မြတ်နိုးယုယချင်သည်။ ရမ္မက်သွေ





တို့လည်း ဆူပွက်လာစေသည်အထိ အမျိုးမျိုးရောထွေးပြီးတော့ ခံစားလာမိစေသည်။ မျက်နှာလေးကအစ ညှို့ငင်အားအပြည့်ရှိသည်။ ခန္ဓာကိုယ် အစိတ်အပိုင်းအားလုံးသည် သူ့နေရာနှင့်သူ အဆင်ပြေပြေ၊ ညီညွတ်မျှတစေသည်။ အပြစ်ပြောဖွယ်ရာမရှိ။

အထူးသဖြင့် အကြည်ဓာတ်နှင့် တောက်ပလင်းလက်နေသော မျက်ဝန်းများ၊ သောက်ရှူးကြယ်ညီနောင်တစ်ပြိုင်တည်း ထွန်းလင်းတောက်ပနေသလိုမ်၊ မဟာတဟာနှင့် ရှိနေသော နှုတ်ခမ်းအမြွှာလေးကလည်း အနမ်းကိုကြိုလင့်နေသည့်ဟန်။

ယင်းမျက်ဝန်းတစ်စုံသည် မည်သည့်အကြောင်းကြောင့် လင်းလက်တောက်ပနေရပါသလဲ။ ဦးစက်ရှိန်က သူမကိုရော မျက်ဝန်းတွေကိုပါ ကြာကြာမကြည့်။ တစ်ချက်သာကြည့်ပြီး မျက်နှာကိုလွှဲထားသည်။

"အဲဒါ ... ဖယောင်းမယ်လို့ခေါ်တယ်၊ သူ့ရဲ့မျက်လုံးတွေဟာ ညှို့ဓာတ်ပြင်းထန်လို့ အရာရာကို ဆွဲခေါ်နိုင်စွမ်းရှိတယ်၊ ဒီမျက်လုံးကိုသာရထားရင် မိမိအလိုဆန္ဒမှန်သမျှအားလုံး ပြည့်စုံလိမ့်မယ်၊ ယောကျ်ားတစ်ယောက်ဟာ မိန်းကလေးတစ်ယောက်ရဲ့အချစ်ကိုလည်း ရအောင်ယူနိုင်တယ်၊ ဥစ္စာပစ္စည်းကိုလည်း မိမိလက်ထဲကိုရောက်လာအောင် ရယူနိုင်၊ မင်းရအောင်ယူနိုင်ရင် ငါတို့တစ်ယောက်တစ်လုံးပေါ့၊ ဒါ ရှေးလူတွေက အစီ



www.burmeseclassic.com

www.burmeseclassic.com



အရင်နဲ့လုပ်ထားခဲ့တာ၊ ငါ တော်တော်လေးကို ရှာဖွေခဲ့ရတယ်၊ ကဲ ... အဲဒီမျက်လုံးကို မင်းသွားထုတ်ယူပေတော့"

"ဟင် ... ဒါလောက်လွယ်တဲ့ပစ္စည်းကို ဦးရိုးကိုယ်တိုင် ဘာဖြစ်လို့သွားမယူရတာလဲ"

"မင်း စောဒကမတက်နဲ့၊ ပျို့ရွယ်ပြီး အိမ်ထောင်မရှိတဲ့ သူမှသာ ရယူနိုင်တယ်၊ ဒါလည်း လူတိုင်းမဟုတ်ဘူး။ အစွမ်း အစရှိသူ၊ သတ္တိကောင်းသူမှသာ စွမ်းဆောင်နိုင်တယ်၊ အဲဒီလူ ဟာ သစ္စာလည်းရှိရမယ်၊ ဒါကြောင့် မင်းရဲ့အရည်အချင်းကို သိလို့ခေါ်လာခဲ့တာ"

မင်းနောင်သည် တစ်ချက်တော့ တွေဝေသွားခဲ့ရလေ၏။

"မင်းဆန္ဒမရှိဘူးဆိုရင်လည်း ရတယ်၊ ဒီနေရာကနေ လှည့်ပြန်ရုံပဲ၊ ဒီမျက်လုံးကိုရရင်လည်း မင်းရဲ့လက်ထဲကို စီးပွား ဥစ္စာရတနာတွေဟာ အလိုလိုရောက်လာကြမှာ၊ မင်းချမ်းသာ မယ်၊ မိသားစုလည်း ချမ်းသာမယ်"

ချမ်းသာမယ်ဟူသောစကားကြောင့် မင်းနောင်၏ရင်ထဲမှာ လှိုက်ခနဲ ဗိုခနဲ ဖြစ်သွားခဲ့ရသည်။

"သူ့ကို စက္ကူဒေဝီလို့လည်းခေါ်တယ်၊ ကောင်းခြင်း ငါး ဖြာနဲ့ ပြည့်စုံတဲ့မိန်းကလေးဆီမှာ ဒီလိုချမ်းသာခြင်းမျိုးတွေကို ပေးအပ်နိုင်တဲ့မင်္ဂလာလည်းရှိတယ်၊ ဒါပေမယ့်မင်း အဲဒီမျက်လုံး





တွေကိုမကြည့်နဲ့၊ မျက်လုံးတွေကိုထုတ်ယူတဲ့အခါမှာ မျက်နှာကို ဖွဲ့ထား"

"ဟုတ်ကဲ့"

မင်းနောင်သည် ခါကြားမှဓားမြှောင်ကိုထုတ်ကာဖယောင်း ယ်ရုပ်တုဆီကို တဖြည်းဖြည်းချဉ်းကပ်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
## ချုပ်နှောင်ထားသောကြိုးစ

ဖယောင်းမယ်၏မျက်လုံးများသည် မည်သည့်ကျော
မျက်ဖြင့် မြှုလုပ်ထားမှန်းမသိ။ ထာဝရလင်းလက်တောက်ပ
သည်။ မင်းနောင်သည် ယင်းမျက်ဝန်းတစ်စုံကိုမကြည့်မိစေ
စိတ်ကိုထိန်းချုပ်ထားသည်။ သို့သော် မျက်ဝန်းမှထွက်ပေါ်လျှ
ရှိသော အလင်းရောင်များက မင်းနောင်၏မျက်နှာပေါ်ကို နှ
ခတ်လျှက်ရှိနေလေသည်။

ကြယ်ရောင်လို ပြိုးပြက်နေသော အလင်းရောင်သ
မှိတ်တုတ်မှိတ်တုတ်ရှိနေကာ မျက်တောင်ခတ်နေသလားဟု
ထင်ရသည်။ ဖယောင်းမယ်၏အနားကို နီးကပ်လာလေ
ရင်တဖိုဖိုနှင့် ရှိလာခဲ့ရသည်။ သူမကို သက်ရှိလူသားတစ်
အသွင်း တကယ်ပင် စိတ်မှာထင်လာခဲ့မိသည်။





"ဟော့ ... မင်း ဘာလို့ရပ်နေတာလဲ၊ လုပ်စရာရှိတာကို
လုပ်တော့လေ"

ဦးစက်ရှိန်သည် မင်းနောင်ကိုလှမ်းပြီးတော့ သတိပေး
လိုက်သည်။ ထိုအခါကျမှ မင်းနောင်သည် မိမိသည် ခြေစုံရပ်
နေမိသည်ကို သတိထားမိလိုက်သည်။ ဖယောင်းမယ်နှင့်လည်း
သိပ်မဝေးကွာတော့၊ သူမသည် ညာလက်ကို ဆန့်တန်း၍ လက်
ဖဝါးကိုဖြန့်ထားသည်။ ဖဝါးပြင်ပေါ်တွင် မည်သည့်အရာမှ မရှိ
သော်လည်း တစ်စုံတစ်ခုကို တောင်းခံနေသည်ဟု ယူဆရသည်။

ချစ်ခြင်းမေတ္တာကို တောင်းခံနေသည်နှင့် တူနေလေတော့
သည်။ မင်းနောင်သည် ဖယောင်းမယ်ရုပ်တုမှ အငွေ့အသက်များ
ကို စတင်ပြီး ခံစားလာခဲ့ရသည်။ သူမသည် ဖယောင်းရုပ်တုမှ
ဟုတ်ပါလေရဲ့လား။ သာမန်လူသားစစ်စစ်လားဟု အတွေးများ
တွေပင် ဝင်လာခဲ့ရသည်။ ဤမျှလောက် လူသားဆန်သည့်
ရုပ်တုမှ မျက်လုံးများကို ဖောက်ထုတ်ပစ်ရန် သူဝန်လေးသွားခဲ့
ရသည်။

"ဟေ ... မြန်မြန်လုပ်တော့လေ၊ ဘာမှစဉ်းစားမနေနဲ့"

ဦးစက်ရှိန်သည် မင်းနောင်ကို အားမလို၊ အားမရဖြစ်ခဲ့
သည်။ စိတ်မရှည်၊ သည်းမခံတော့။ ထိုအခါ မင်းနောင်လည်း
ဖျတ်ခနဲဆို သတိရသွားခဲ့ပြန်ပြီ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါရုပ်တုပဲ၊ တကယ့်လူသားမှမဟုတ်ဘဲ၊ ငါဘာတွေတွေဝေနေတာလဲ'

ကိုယ့်ကိုယ်ကိုယ် သတိပေးလိုက်ပြန်သည်။ ထို့ကြောင့် ရုပ်တု၏မျက်နှာကိုမကြည့်ဘဲ လက်တစ်ဖက်က မျက်လုံးနေရာကို စမ်းလိုက်သည်။ မျက်နှာပြင်ကို အမှတ်မထင် စမ်းမိသွားသည်။ အလို တကယ့်အသားပြင်ကိုထိတွေ့လိုက်ရသလိုဖြစ်ရကား။ ထိုအခါ မည်သို့ ဖြစ်သွားသလဲမသိ။

ဖယောင်းမယ်၏မျက်နှာကို အနီးကပ်စေ့စေ့ကြည့်လိုသောဆန္ဒက ဖြစ်ပေါ်လာခဲ့လေသည်။ စိတ်ကို ထိန်းထားသော်လည်းမရ။ ဆန့်ကျင်အားတစ်ခုက သူ့ကို ...

"ကြည့်ပါ ... ကြည့်ပါ ကြည့်လိုက်လေ၊ ဘာမှမဖြစ်ဘူး"

ဟု တိုက်တွန်းနေသလိုလို၊ သုံးကြိမ်သုံးခါအထိ ရှောင်လွှဲသည်မရတော့၊ အလင်းရောင်ကပဲ ဆွဲငင်အားအပြည့်ရှိနေသည်လားမသိ။ ကြည့်ချင်စိတ်ကိုတားဆီး၍မရတော့။ ထို့ကြောင့် မျက်နှာကိုကြည့်မိလိုက်လေရာ ...

တစ်ခဏအတွင်းမှာပင် တစ်ကိုယ်လုံးကြက်သီးမွေးညင်းများ တဖြည်းဖြည်းနှင့်ထသွားခဲ့ရလေသည်။ မျက်လုံးနှစ်လုံးမှ တောက်ပလာသောအလင်းရောင်များသည် မင်းနောင်၏မျက်လုံးများထဲသို့ စူးလက်စွာဝင်သွားခဲ့ကြသည်။ ထိုအခါ ဘာကိုမှမမြင်





နိုင်တော့အောင် ဖြစ်သွားခဲ့ရသည်။ ထိုအလင်းရောင်များကာ စကြွာအာရုံတစ်ခုလုံးကိုသာမက အသိတရားကိုပင် ဖုံးအုပ်သွားခဲ့လေသည်။

သို့ရှိခိုက် ...

"ဂီး"

ငှက်မည်းကြီးတစ်ကောင်သည် ဂူအတွင်းတစ်နေရာမှ ပျံသန်းလာခဲ့သည်။ မင်းနောင်၏လက်မှာကိုင်ထားသော ဓားမြှောင်ကို နှုတ်သီးနှင့်ဆတ်ခနဲဆို ကိုက်ချီယူသွားခဲ့လေသည်။ မမျှော်လင့်သောအဖြစ်အပျက်များကို မှင်တက်မိကာကြည့်နေသူက ဦးစက်ရှိန်၊ ငှက်မည်းကြီးသည ဦးစက်ရှိန်ဆီကို တစ်ရှိန်ထိုးပျံသန်းသွားသည်။ ထို့နောက် နှုတ်မှကိုက်ထားသောဓားမြှောင်ကို ပစ်ပေါက်ချလိုက်လေသည်။

"အား"

ဓားက ဦးစက်ရှိန်၏ ပခုံးမှာ စိုက်ဝင်သွားခဲ့သည်။ ဦးစက်ရှိန်သည် ယယ်သံပါအောင် အော်လိုက်ပြီး နောက်ကြောင်းကိုပြန်လှည့်ကာပြေးလေတော့သည်။ ယင်းအချိန်တွင် မင်းနောင်သည်လည်း နောက်ကြောင်းကို ပြန်လှည့်ကာပြေးသည်။ သူ့မျက်လုံးများသည် ဘာကိုမှမမြင်နိုင်တော့သော်လည်း အသိအာရုံတစ်မျိုးက လမ်းဆော်ပေးခြင်းဖြင့် မြင်နိုင်သကဲ့သို့ ညွှန်ပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းနောင်သည် အလန့်တကြားဖြင့် တွင်းပေါက်ဆီကို ပြေးတက်လာခဲ့သည်။ မျက်လုံးတွေကို ဖွင့်ထားသော်လည်း အဖြူထည်မြင်ကွင်းကြီးကသာ ကြီးစိုးလျက်ရှိနေသည်။ သို့သော် ထူးခြားအာရုံတစ်ခု၏ ပံ့ပိုးမှုကြောင့် အခက်အခဲမရှိဘဲ တွင်းပေါ်ကို ရောက်လာခဲ့ရလေသည်။

"ဦးရိုး ... ဦးရိုး"

မင်းနောင်သည် ဦးစက်ရှိန်ကို လိုက်အော်ပြီးတော့ ခေါ်နေမိသည်။

သို့သော် ဦးစက်ရှိန်ကား မည်သည့်နေရာကိုရောက်နေမှန်းမသိ။

ငှက်မည်းကြီး၏တိုက်ခိုက်မှု၊ ဦးစက်ရှိန်၏နာကျင်စွာ အော်လိုက်သံများကိုတော့ သူကြားလိုက်ရသည်။ သို့သော် ဦးစက်ရှိန်ကာ ဘယ်ဆီကိုထွက်ပြေးသွားမှန်းမသိလိုက်။

သူ့မှာ လမ်းလည်းပျောက်နေလေပြီ။ လူကောင်းတစ်ယောက်ပကတိ မျက်လုံးများအတိုင်း မမြင်ရတော့၊ သို့သော် ယင်းနောက်ကွယ်မှ ထူးခြားသောအမြင်အာရုံတစ်ခုကို သူ ရရှိနေသည်။

ကောင်းကောင်း အသုံးချ၍ရသည်။ သို့သော် အဖြူထည်မြင်ကွင်းများထဲမှာ သစ်ပင်တောင်ဖို့၊ တောင်ကုန်းတို့သည် ခပ်





ရေးရေးသဏ္ဌာန်မျှသာ၊ မင်းနောင်သည် ဦးတည်ရာမျှော်သွားနေရင်း တစ်နေရာကိုအရောက်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ စိတ်မောလူမောဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

နားထဲမှာ စကားပြောသံများလိုလို ကြားလာခဲ့ရသည်။ မင်းနောင်သည် အိပ်ပျော်သွားခဲ့လေသလား၊ မိန်းမောသွားခဲ့သလား၊ မသိတော့။ ထိုအသံတွေကြောင့် နိုးလာခဲ့ရသည်ဟု ထင်မိသည်။

"ဒီစက်ရှိန်ဆိုတဲ့ လူကြီးက တောပုန်းဓားပြကြီးကွ၊ ဉစ္စာသိုက်လည်းတူးတယ်၊ ကြုံရင်ကြုံသလိုလည်း၊ လူသတ်မှုကိုကျူးလွန်တယ်၊ ခုတလောမှာ အဲဒီဓားပြအဖွဲ့ဟာ တို့ဘက်ကို ရောက်လာတယ်လို့ကြားရတယ်၊ သတိသာထားကြပေတော့ အေး အကြောင်းကိစ္စရှိလို့သွားကြလာကြရင်လည်း အုပ်စုနဲ့ သွားလာတာအကောင်းဆုံးပဲ"

"အေးဟုတ်တယ် ... သတိတော့ထားကြပေါ့၊ ကိုယ်နဲ့ ရွေးနည်းတာတော့ အပါမခံကြနဲ့၊ အေး တောင်းယန်မရရင်တော့





တောင်းတာပေးလိုက်ကြပေါ့ကွယ် ... ကိုယ့်အသက်ထက်ဘာမှအရေးမကြီးဘူး"

မည်သူတွေမှန်းမသိ၊ တောလမ်းက ဖြတ်သွားကြသော လူတစ်စု၏အသံများ။

"ဟင် လက်စသတ်တော့ ဒီဦးစက်ရှိန်ဆိုတဲ့လူကြီးဟာ တောပုန်းဓားပြကြီးတစ်ဦးပါလား၊ သူ သူဟာ ဓားပြတိုက်ခံရတဲ့ ခရီးသည်ဟန်ဆောင်ခဲ့ပြီး ငါ့ကိုလှည့်စားခဲ့တာပဲ၊ သူတို့ကိုတိုက်ခဲ့ကြတဲ့ ဓားပြတွေဟာ သူ့လူတွေပဲ၊ ငါ့ကိုအသုံးချချင်လို့ သူက အကွက်ဆင်ခဲ့တာကိုး"

မင်းနောင်သည် ယခုမှပင် ဦးစက်ရှိန့်ကိုသဘောပေါက်သွားခဲ့ရလေသည်။ ထို့ကြောင့် စိတ်ထဲမှာ မခံချိ မခံသာဖြစ်သွားမိသည်။

"ငါ့အကြောင်းကို သူသိထားလို့ ဒီလိုလုပ်ခဲ့တာပဲ၊ ငါ ဓားရေးကျွမ်းမှန်း သိုင်းပညာတတ်မှန်း သူ တစ်နည်းနည်းနဲ့ သိထားခဲ့တယ်၊ ငါ အလှည့်စားခံလိုက်ရပြီ ... တောက်"

မိမိနောက် မိမိလမ်းပျောက်နေသော အခြေအနေကို ချက်ချင်းပင် သတိရသွားခဲ့ရလေကား ...

"ဟင် ... ငါ အဲဒီလူတွေဆီကိုသွားမယ်၊ အကျိုးအကြောင်းပြောပြလိုက်ရင် ငါ့ရွာကိုပြန်ရောက်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



အသံထွက်ပေါ်လာရာဆီကို မှန်းဆပြီးတော့ ထွက်လာခဲ့သည်။ မျက်လုံးထဲတွင် အဖြူထည်မြင်ကွင်းကြီးတစ်ခုလုံး ဖြန့်ကြက်ထားသည်။ သို့သော် သစ်ပင်၊ ပန်းမန်ပင်တို့၏ အရိပ်သဏ္ဌာန်များကို မြင်တွေ့နေရသည်။ ရှေ့တွင် လှုပ်ရှားလျက်ရှိနေကြသော သဏ္ဌာန်များ၊ လူတစ်စုပင်ဖြစ်သည်။ သူ့ဆီကို လာနေကြသည်။ စုစုပေါင်းခြောက်ယောက်။ မင်းနောင်သည် သူတို့ရှေ့ကို ဖျတ်ခနဲဆိုရောက်လာသည်။

"မိတ်ဆွေတို့ ကျုပ် လမ်းပျောက်နေလို့ အကူအညီပေးပါ"

ထိုသူများသည် မမျှော်လင့်ဘဲ ရောက်လာသောလူ တစ်ယောက်ကို မြင်လိုက်ကြရသောအခါ ပထမတော့ ကြောင်ပြီးတော့ကြည့်နေကြသည်။ နောက်တော့ အံ့အားသင့် ထိတ်လန့်သွားခဲ့ကြကာ ...

"ဟင် ... ဟာ ... ဘယ်လိုလူလဲ၊ မျက်လုံးတွေက အဖြူထည်ကြီးနဲ့ မဟုတ်မှလွဲရော၊ ဒါ ဒါ မကောင်းဆိုးရွားလည်း ဖြစ်မယ်၊ ပြေးပြေးကြ"

အားလုံး အလန့်တကြားနှင့်အော်ဟစ်ကာ ထွက်ပြေးကြလေတော့သည်။

"ဟင် မပြေး မပြေးကြနဲ့လေ ... ကျုပ်ကျုပ် လူတစ်





ယောက်ပါ ... မကောင်းဆိုးရွားမဟုတ်ပါဘူး"

မင်းနောင်က အော်ဟစ်တားဆီးရင်း နောက်မှနေ၍ ပြေးလိုက်သွားသည်။ သို့သော် အဖြူထည်မြင်ကွင်းထဲတွင် သဏ္ဌာန်များက တဖြည်းဖြည်းနှင့်ပျောက်ကွယ်သွားခဲ့ကြလေသည်။ မင်းနောင်လည်း ခြေပစ်လက်ပစ်ဖြစ်သွားခဲ့ရလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com

မင်းနောင်သည် လမ်းရှာမတွေ့ဘဲ တောထဲတွင် တဝဲဝဲ လယ်လယ်နှင့်ဖြစ်နေသည်။

"ငါ့မျက်လုံးတွေကို အဖြူထည်မျက်လုံးလို့ပြောလိုက်ကြတာလား၊ ဟုတ်ကောဟုတ်လို့လား၊ ဒီလိုပြောင်းလဲသွားတာ ဘယ်လိုကြောင့်လဲ၊ ဟို ဟို ဖယောင်းမယ်ရုပ်တုက မျက်လုံးတွေကို ဖောက်ထုတ်ဖို့ကြံခဲ့မိလို့ ခုလိုဖြစ်သွားခဲ့တာလား။ ငါ ငါ မကြံစည်သင့်တာကို ကြံစည်မိခဲ့လို့ ကျိန်စာသင့်သွားခဲ့တာလား"

မင်းနောင်သည် ယခုမှ ပိုပြီးတော့ ယူကျုံးမရဖြစ်သွားခဲ့ရလေသည်။ သိုက်ဆရာတောပုန်းမားပြ စက်ရှိန်၏စကားကို ယုံစားမရ၍ မိမိဒုက္ခရောက်ရလေပြီ။

"အများကာသွားလာကြတဲ့လမ်းကိုပါ ရှာမတွေ့တော့ဘူး တွေ့တဲ့လူကို အကူအညီတောင်းပြန်တော့လည်း ငါ့ကို မကောင်း





ဆိုးဝါးဆိုပြီး ကြောက်ကြနဲ့ အနားကပ်မခံကြဘူး ထွက်ပြေးတယ်"

မင်းနောင်သည် မိမိ၏အဖြစ်ကို တွေးမိတိုင်း ယူကျုံးမရဖြစ်မိသည်။

တောထဲမှ ထွက်မရဖြစ်ရခြင်းသည် မိမိအပေါ်မှာ ချုပ်နှောင်ထားသောကျိန်စာဟုပင် ယုံကြည်မိလိုက်သည်။

"ငါ့အသက်ကို အသေမခံဘူး၊ အသက်ရှင်နိုင်အောင် ငါ ကြိုးစားရမယ်၊ ဒါပေမယ့် ငါ့မျက်လုံးတွေ ပြန်ကောင်းလာအောင် ဘယ်လိုလုပ်ရပါ့မလဲ"

ဖယောင်းမယ်ရုပ်တုရှိသည့် ဂူကိုပြန်သွားပြီး တောင်းပန်ရင်ရမလားဟု စဉ်းစားမိသည်။ သို့သော် ထိုနေရာကိုလည်း မမှတ်မိတော့ပြီ။

ဤသို့ပင် ကြုံရာနေ၊ ဖြစ်သလိုစားဖြင့် စိတ်ဓာတ်ကို ကြံ့ကြံ့ခံကာနေနေရသည်။

"ငါ ဒီလို အကန်းဘဝနဲ့လူတောထဲကိုလည်း ပြန်မဝင်ချင်တော့ပါဘူး၊ ငါ့ကိုမေးကြရင် ငါက ဘယ်လိုပြန်ဖြေရမှာလဲ၊ ဝိုင်းပြီးတော့အပြစ်တင်ကြမှာ ကျိန်းသေတယ်"

မင်းနောင်သည် လမ်းမှန်ကိုတွေ့သည့်တိုင် မိမိရွာကို မပြန်တော့ဟု ဆုံးဖြတ်လိုက်သည်။ မိဘနှစ်ပါးနှင့်ညီကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းဆွတ်မိသော်လည်း လောဘကြောင့် မှားခဲ့ရသော မိမိ၏ အဖြစ်ကို ရှင်းမပြဝံ့သည်နှင့် တောထဲမှာပင် နေပစ်လိုက်လေတော့သည်။



## အခန်း (၁၂)

## အကျန်းတာစွေ

"ငါ့အဖြစ်အပျက်ကတော့ အဲ့ဒါပါပဲကွာ၊ လူတောထဲမတိုးနိုင်တဲ့ငါ့ဘဝကို ဒီတောထဲမှာပဲ အဆုံးသတ်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်"

မင်းနောင်သည်ရင်နာစရာအဖြစ်အပျက်ကို သိုးနှင့်ပေါက်ကျော်တို့အားပြောပြလိုက်သည်။ လူတကာကိုရှောင်တိမ်းပြီးဖြစ်သလိုနေတတ်သော မင်းနောင်သည် သိုးနှင့်တွေ့တော့မှ ယခုလိုရင်ဖွင့်လိုက်ရသလဲဆိုတာ သူ့ကိုယ်သူလည်းနားမလည်နိုင်တော့ပေ။

"ဒါပေမယ့်အစ်ကိုရာ၊ အစ်ကိုက ကိုယ့်မိသားစုအတွက်ချမ်းသာကြွယ်ဝဖို့ လမ်းရှာတဲ့ကိစ္စပဲ၊ မကောင်းမှုကိုကျူးလွန်တာမှမဟုတ်တာ၊ ခုလိုဖြစ်သွားခဲ့ရတာပဲမဟုတ်လား။ အစ်ကိုအမှား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး''

''ဟုတ်ပါတယ်၊ အစ်ကိုပြောတဲ့အတိုင်းဆိုရင် ဒါမတော်တဆဖြစ်တဲ့ကိစ္စပဲ၊ ကံကြမ္မာကြောင့်ဖြစ်တာ ကိုယ့်အပေါ်မှာချည်း တစ်ဖက်သတ်အပြစ်ပုံချဖို့မလိုပါဘူး''

ဒေါပါက်ကျော်ကလည်း ဖျောင်းဖျပြောဆိုသည်။ သို့သော် မင်းနောင်သည်ခေါင်းကိုခါယမ်းလိုက်သည်။

''မဖြစ်ပါဘူးကွာ၊ ငါအဲ့ဒီလိုလုံးဝစဉ်းစားမှာမဟုတ်တော့ဘူး''

''အစ်ကိုကျောက်သွေးရွာကိုပြန်သွားမှဖြစ်မယ်၊ ကျွန်တော်တို့နဲ့အတူလိုက်ခဲ့ပါ''

''ငါ ရွာကိုမပြန်တော့ဘူးလို့ မင်းတို့ကိုပြောပြီးပြီပဲ''

''ဒီလိုဆိုရင် ကျွန်တော်တို့က အစ်ကို့မိဘတွေကို အကျိုးအကြောင်းပြောပြလိုက်ရမှာလား''

''ဟိုတ်''

ဟိုတ်ခနဲအသံနှင့်အတူ ဓါးသွားသည် သိုး၏လည်ပင်းဆီကိုရောက်လာခဲ့သည်။ မင်းနောင်၏အပြုအမူကြောင့် နှစ်ယောက်စလုံးအံ့အားသင့်သွားခဲ့ကြရသည်။

''မင်းတို့ ငါနဲ့ပတ်သက်ပြီး ဘယ်သူ့ကိုမှပြန်မပြောရဘူး ပြောခဲ့ရင် အေး မပြောပါဘူးလို့ကတိပေး''





ဓါးသွားကသိုး၏လည်ပင်းမှာတင်ထားဆဲ ...

အဖြူထည်မျက်လုံးများနှင့်မင်းနောင်က သူတို့နှစ်ယောက်ကိုတစ်လဲစီကြည့်နေသည်။

''စိတ်ချပါ၊ ကျွန်တော်တို့မပြောပါဘူး''

''ယောကျ်ားစကားနော်၊ ငါယုံလိုက်ပြီ''

ဓါးကိုပြန်ပြီးတော့ ရုပ်သိမ်းလိုက်သည်။ ထို့နောက် မင်းနောင်သည်သက်ပြင်းတစ်ချက်ချလိုက်ပြီး မျက်နှာကိုလွှဲလိုက်ကာ–

''မင်းတို့ပြန်ကြတော့ကွာ''

သိုးနှင့်ပေါက်ကျော်တို့သည်လည်း နေရာမှထလိုက်ကြသည်။

''အစ်ကိုလည်း တောထဲမှာသတိနဲ့နေပါ၊ ကဲ ကျွန်တော်တို့ပြန်ဦးမယ်''

နှုတ်ဆက်ကာလှည့်ထွက်ခဲ့ကြလေသည်။ မင်းနောင်ကား မလှုတ်မယှက်ကျန်ရစ်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com

သိုးနှင့်ပေါက်ကျော်တို့သည် ကျောက်သွေးရွာသား မင်းနောင်နှင့်ပတ်သက်ပြီး မည်သူ့ကိုမှပြောမပြကြ။ ကတိပေး ထားသည့်အတိုင်းတည်ကြသည်။ သို့သော် _တောထဲတွင် အဖြူထည်မျက်လုံးနှင့်လူတစ်ယောက်ရှိသည့်အကြောင်း ပြောသူ များကရှိလာခဲ့ကြသည်။ ထိုသူသည်တောထဲတွင် လျှောက်သွား နေသည်။ တစ်ခါတစ်ရံမှသာမြင်တွေ့ရသည့်အကြောင်း၊ နောက် ကိုလိုက်သွားခဲ့လျှင်လည်း ချက်ချင်းလိုပင်ပျောက်သွားသည့် အကြောင်းများ –

"အဲဒီအဖြူထည်မျက်လုံးနဲ့လူဟာ မမြင်မကန်းနဲ့သွားလာ နိုင်တာလူမဟုတ်လို့ပေါ့၊ မကောင်းဆိုးဝါးတစ်ကောင်ပဲဖြစ်ရ မယ်"

"မကောင်းဆိုးဝါးက အဲဒီလိုထင်ထင်ပေါ်နဲ့လျှောက်သွား





နေမလား။ တစ္ဆေဆိုတာကိုယ်ယောင်ဖျောက်ပြီးတော့ နေတာ များတယ်၊ မင်းတို့ပြောတဲ့အဖြူထည်မျက်လုံးနဲ့တစ္ဆေကျတော့မှ ဘယ်လိုဖြစ်ရတာလဲ၊ အကန်းတစ္ဆေကမမြင်မကန်းနဲ့ လျှောက် သွားနေတာလူတော်တော်များများကမြင်ဖူးနေကြတယ်၊ အံ့အား သင့်စရာပဲ"

"အဲဒါ လူတွေကထင်ကြေးနဲ့ပြောနေကြတာ၊ ဟိုတစ် လောက ခရီးသွားတစ်စုကို ကျားနာကြီးတစ်ကောင်က ရန်ပြုဖို့ ကြံတာအဲဒီအဖြူထည်မျက်လုံးနဲ့လူက ဝင်ကယ်လိုက်တာဆိုပဲ၊ ဒါဆိုအဲဒီလူဟာ တစ္ဆေတစ်ကောင်ကောဖြစ်နိုင်ပါ့မလား"

လူတွေလည်း တွေဝေကုန်ကြသည်။ မည်သည့်စကားကို အမှန်ယူရမလည်းမသိ။ စကားဆိုသည်ကလည်း စသည့်နေရာ က တဖြည်းဖြည်းနှင့်စိတ်ကူးထင်ရာ ချဲ့ကားပြီးပြောလာတတ်ကြ သည်။ သို့သော်အဖြစ်မှန်ကိုသိထားပြီးဖြစ်သည့် သိုးနှင့် ပေါက် ကျော်တို့ကတော့ သို့လော၊ သို့လောအတွေးမျိုးမရှိကြတော့ပေ။

တစ်ရက်တွင်သိုးသည် ကမ်းစပ်ရှိညောင်ကြတ်ပင်ပေါ်တင် ထားခဲ့သည့်ရုပ်တုကို အလိုလိုနေရင်းသတိရသွားခဲ့သည်။ ထို့ ကြောင့်နောက်နေ့ရောက်သော် အိမ်မှထွက်လာခဲ့သည်။ ညောင် ကြတ်ပင်ကြီးကိုရောက်လာခဲ့သည်။ ရုပ်တုသည်ထားမြဲနေရာမှာ ရှိနေသဲ။



www.burmeseclassic.com

www.burmeseclassic.com



ဤအတိုင်းပင်၊ ရုပ်တုဏ်မျက်လုံးတွေက သိုးကို စူးစိုက်ကာ ကြည့်နေသည်။

သိုးကလည်း ကြည့်နေမိရင်းက ဖျတ်ခနဲဆိုအတွေးတစ်ခု ဝင်လာခဲ့ရသည်။ အဘမိုးပြောပြခဲ့သည့် နိုးသားကြီးငွေကြွေးကို သတိရသွားသောကြောင့်ပင်။

"ဟာ၊ ဘာဆိုင်လို့လဲ၊ ဒီရုပ်တုဟာ ငွေကြွေးရုပ်တုမဖြစ်နိုင်ပါဘူး။ ငါလျှောက်ထင်နေမိတာပါ၊ ဒီလိုအတွေးမျိုးဘာကြောင့်ဝင်လာခဲ့ရတာလဲ"

အယူအရှိသည်နှင့် ထိုအတွေးကို ဖျောက်ဖျက်ပစ်နိုင်ခဲ့သည်။ လူတွေကလည်း ဤအပင်ကိုင်းမှာ ရုပ်တုတစ်ခုရှိသည်ကို မတွေ့ကြ။ အမှုမဲ့အမှတ်မဲ့ရှိနေကြဟန်တူသည်။ တွေ့စေချင်သည်။ တစ်ယောက်ယောက်က လက်ကမြင်းပြီး ယူသွားခဲ့လျှင် ကောင်းသားဟုတွေးမိသည်။ မိမိကိုယ်တိုင်ကတော့ ယူပြီးမလွှင့်ပစ်ရဲ။ ဘာကြောင့်လဲတော့မသိ။ စိတ်ထဲမှာအတားအဆီးတစ်ခုရှိနေသလိုခံစားရသည်။ ရေထဲမှာဆယ်ပြီးယူလာမိခဲ့သည် ကိုယ်က အမှားတစ်ခုဟု မိမိကိုယ်ကိုပင်အပြစ်တင်မိသည်။



တစ်ရက်တွင် ...

ဖခင်ဖြစ်သူဦးမောက်တူသည် သိုးကိုပြောလာခဲ့သည်။

"သား၊ ဟိုတစ်ညကခြံထဲကို သူခိုးရောက်လာတယ်လို့ထင်မိတယ်"

"ဟင်၊ ဟုတ်လားအဖေ၊ အဖေကသူခိုးကိုတွေ့လို့လား"

"အေး၊ တစ်ရေးနိုးအောက်ကိုဆင်းတော့ ခြံနောက်ဘက်မှာ လူသဏ္ဍာန်တစ်ခုကိုတွေ့လိုက်ရတယ်၊ အဖေက 'ဟိတ်' ဘယ်သူလဲလို့မေးလိုက်တော့ သူခြေလှမ်းသွက်သွက်နဲ့ ခြံအနောက်ဘက်ထွက်သွားတာကိုတွေ့လိုက်ရတယ်၊ အဲ့ဒါနဲ့ပဲ လိုက်သွားကြည့်တော့ မတွေ့ရတော့ဘူးကွယ့်၊ ဒါပေမယ့် စည်းရိုးတံခါးလည်းပွင့်မနေဘူး"

"ဒီသူခိုးဟာ ခြံထဲကိုဘယ်လိုဝင်လာသလဲတော့မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကြံစည်နေတာတော့ခဏခဏပဲ၊ အိမ်ဘက်ကိုလည်း မရောက်ဘူး၊ ခုလိုလူမိတဲ့အချိန်မျိုးရှိသလို လူမမိတဲ့အချိန်မျိုးလည်းရှိမှာပဲ၊ စဉ်းတော့စဉ်းစားစရာပဲ''

''အဖေတို့က သာမန်လူတန်းစားတွေပါကွယ်၊ ဒီလိုအိမ်မျိုးကို ဒီသူခိုးကမျက်စိကျရသလား။ ရွာသားထဲကတော့မဖြစ်နိုင်ဘူး။ တခြားကလာတာပဲဖြစ်ရမယ်၊ ခါတ်မသိတော့ ကြံ့ရာဝင်ခိုးမယ်ဆိုတဲ့စိတ်နဲ့ကြံစည်တာပဲဖြစ်ရမယ်''

''ကျွန်တော်တို့ကိုမလိုတဲ့သူတစ်ယောက်ယောက်က လက်ထောက်ချလိုက်တာကောမဖြစ်နိုင်ဘူးလား။ သူခိုးအထင်ကြီးအောင်၊ ဒီအိမ်ကငွေကြေးရှိတယ်၊ ချမ်းသာတယ်ဆိုပြီးတော့''

''အဲ့သလိုလည်းတွေးလို့ရတာပဲလေ''

သို့သော်ကြံစည်တိုင်းမအောင်မြင်သော သူခိုးတစ်ယောက်အတွက်ပေါ့ပေါ့ဆဆမနေကြဘဲ အစဉ်အမြဲသတိထားနေကြရသည်။ အခြားအိမ်များတွင် ထိုကဲ့သို့သော သတင်းများကို မကြားကြရ။ မိမိတို့တစ်အိမ်တည်းသာ လူစိမ်းကိုရံဖန်ရံခါတွေ့နေရတတ်သည်။ မိုးမဲရွာတွင်သူခိုးပူသည်ဟုဆိုသောသတင်း ဖြစ်ရပ်များ ကြားဖူး၊ ဖြစ်ဖူးခဲ့သည်ဟူ၍မရှိခဲ့။

တစ်ရက်တွင် သိုးသည်ဖွေးဖွေး၏ အိမ်ရှေ့လမ်းမှဖြတ်လျှောက်သွားခဲ့စဉ် . . .

''သိုး အိမ်ကိုဝင်ဦးလေ''

သိုးကိုလှမ်းမြင်လိုက်သော ဖွေးဖွေးကခေါ်လိုက်သည်။ သိုးလည်း မလွှဲမရှောင်သာမို့ ခြံထဲကိုဝင်လာခဲ့ရလေသည်။

''နင်က လမ်းပေါ်က ဖြတ်လျှောက်သွားတာ ငါ့အိမ်ဘက်တောင်လှည့်မကြည့်ဘူး။ ဝင်ကောင်းပါတယ်ဟာ''

''ငါ ဒီလိုမဟုတ်ပါဘူးဟာ၊ ကိစ္စလေးရှိလို့၊ စိတ်ကအဲ့ဒီကိုရောက်သွားလို့ပါ''

''ဘယ်ကောင်မလေးနဲ့ချိန်းထားလို့လဲ''

ဖွေးဖွေးက အစ်မေးမေးလိုက်သည်။

''ဘယ်ကောင်မလေးနဲ့မှ ချိန်းမထားပါဘူး။ အိမ်က နိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ ကဲ ယုံပြီလား''

''အင်း၊ နင်လိမ်မပြောတတ်ဘူးဆိုတာကိုတော့ ငါသိတယ်''

သိုးသည် အိမ်ရှေ့ကပြင်တွင် ဝင်ထိုင်လိုက်သည်။

''နင်ကလည်း အပေါ်တက်ထိုင်လေ''

''ရပါတယ်ဟာ၊ ဒီနေရာလေးပဲကောင်းပါတယ်၊ ဒါနဲ့ နင့်မိဘတွေကော''

''ဟိုဘက်ရွာကိုအလှူကိစ္စနဲ့သွားကြတယ်၊ ညီသည်ကို ဖိတ်သာဖိတ်လိုက်ရတယ်၊ ငါ့မှာကျွေးစရာဆိုလို့ ကောက်ညှင်းထုပ်ပဲရှိတယ်''

''ရပါတယ်ဟာ၊ ငါလည်းကောက်ညှင်းထုပ်ဆို ကြိုက်ပြီးသား''

''ခဏနော်၊ ငါသွားယူလိုက်ဦးမယ်''

ဖွေးဖွေးက အိမ်ထဲကို အပြေးတစ်ပိုင်းနှင့်ဝင်သွားသည်။

ဤသို့ဖြင့်ရေနွေးကြမ်းနှင့်စားရင်း၊ သောက်ရင်း ...

''ဪ၊ ဒါနဲ့နင်တို့တောထဲကိုဝင်ရင် သတိထားနော်''

''နင်က ဘာသတင်းကြားထားလို့လဲ ဖွေးဖွေး''

''အဖြူထည်မျက်လုံးနဲ့တစ္ဆေတစ်ကောင် တောထဲမှာသွားလာနေတတ်တယ်တဲ့၊ တွေ့တဲ့သူတွေကလည်း တွေ့လာခဲ့ကြ





တယ်၊ အဲ့ဒါသတိထားဖို့ပြောတာ''

''ဟာ၊ အဲ့ဒီလူကတစ္ဆေမဟုတ်ပါဘူးကွာ၊ လူသားစစ်စစ်တစ်ယောက်ပါ၊ ကိုယ်ထင်သလိုလျှောက်ပြောနေကြတာပါ''

''ဟင် တစ္ဆေမဟုတ်ဘူးဆိုတာ နင်ဘယ်လိုသိသလဲသိုး''

''ဟင်၊ ဟာဒီလိုလေ၊ ဟိုတလောကကျားသောင်းကျန်းနဲ့ရင်ဆိုင်တွေ့ကြတဲ့လူတစ်စုကို အဲ့သည်အဖြူထည်မျက်လုံးနဲ့လူက အကာအကွယ်ပေးလိုက်တယ်မဟုတ်လား၊ တစ္ဆေဆိုရင် ကျားဆိုးကြီးကိုတိုက်ခိုက်ဖို့ အဲ့သလောက်အထိစွမ်းဆောင်နိုင်ပါ့မလား၊ ပြီးတော့ အဲ့ဒီလူက သိုင်းပညာလည်းတတ်ပုံပေါ်တယ်တဲ့ဟ''

''ဟင် ဟုတ်လား ... အင်း ဒီလိုဆိုပြန်တော့လည်း စဉ်းစားစရာပဲ၊ တစ္ဆေသရဲဆိုတာကလည်း မြင်ဖူးကြတာမဟုတ်ဘူး၊ နင်ပြောတာ ငါလက်ခံတယ်၊ လူပဲဖြစ်ရမယ်''

ဖွေးဖွေးက သိုး၏စကားကိုလက်ခံလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်တွင် –

သိုးနှင့်ပေါက်ကျော်တို့သည် တောထဲသို့ရောက်ခဲ့ကြပြန်သည်။ အိမ်တိုင်းအတွက် သစ်ပင်ကောင်းကောင်းအရှာထွက်လာခဲ့ခြင်းပင်။ တောထဲကိုရောက်တော့ မင်းနောင်ကို သတိရသွားခဲ့ကြသည်။ မင်းနောင်သည်ဤတောထဲမှာ သွားလာကျက်စားနေသည်ပဲမဟုတ်ပါလား။ သိုးနှင့်ပေါက်ကျော်တို့သည် ရွာတွင်ပိုပြီးတော့အတွဲများသည်။ တစ်ယောက်ကိစ္စရှိက တစ်ယောက်က မဖြစ်မနေကူညီတတ်ကြသည်။

ယခုကိစ္စက ပေါက်ကျော်၏ကိစ္စ သိုးကအကူ၊ အဖော်အဖြစ်လိုက်လာခဲ့ခြင်းပင်။ စကားတပြောပြောနှင့် လျှောက်လာခဲ့ကြရင်း ညောင်းပင်ကြီးနှင့်နီးရာကိုရောက်လာခဲ့ကြလေသည်။

"ပေါက်ကျော်၊ ညောင်းပင်ကြီးကိုမတွေ့တော့ပါလားကွ"





"ရှိမှာပါကွာ၊ ဘယ်ရောက်သွားမှာမို့လဲ၊ ပေါ၊ဟုတ်တယ် ဟငါလည်းမမြင်ဘူး"

နှစ်ယောက်စလုံးအံ့အားသင့်သွားခဲ့ကြလေသည်။ မူလနေရာတွင်ညောင်းပင်ကြီးကိုမတွေ့ရတော့ပေ။ မူလကညောင်းပင်ကြီး၏ဘေးကတစ်ဖက်တစ်ချက်တွင် အခြားအပင်ကြီးနှစ်ပင်က ရှိနေသည်။ ယခု ယင်းအပင်ကြီးများကိုသာတွေ့လိုက်ရသည်။

"မဟုတ်သေးပါဘူးကွာ ... ငါတို့ ဒီနေရာကိုအခေါက်ခေါက်အခါခါရောက်ခဲ့တာပါ၊ မျက်စိမှားစရာလည်း မရှိပါဘူး။ နေရာလွဲစရာအကြောင်းလည်းမရှိပါဘူး၊ ဒါကဘယ်လိုဖြစ်ရတာလဲ"

နှစ်ယောက်စလုံးမကျေမနပ်ဖြစ်သွားခဲ့ကြသည်။ ထိုစဉ်တောတိုးသံ၊ စကားပြောသံများလိုလိုကြားလိုက်ကြရသည်။ ထို့ကြောင့်အသံထွက်ပေါ်လာရာဆီကို မျက်လုံးများက လိုက်လံရှာဖွေနေမိသည်။ ထိုစဉ် သူတို့နှစ်ယောက်တွေ့လိုက်ရသောအရာများကြောင့် အံ့အားသင့်သွားခဲ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

### လူသေးသေးလေးများ

နှစ်ယောက်လုံးချုံကြီးတစ်ခုမှာ ရုတ်တရက်ကွယ်လိုက်ကြသည်။ ထို့နောက်ယင်းသဏ္ဍာန်များကို စိတ်ဝင်စားစွာဖြင့် ကြည့်နေမိလေ၏။ လူပုလေးသုံးယောက်သည် သူတို့နှင့်ဝါးနှစ်ပြန်စာလောက်ပဲကွာဝေးသည်။ မြေပြင်တစ်နေရာကိုတူးဆွနေကြသလို ထိုသူလေးများကို စူးစူးရဲရဲပင် ကြည့်နေကြသည်။ တစ်ခါက ချောင်းပင်ထက်တွင်တွေ့ခဲ့ကြရသော သူများပင်၊ ခုတစ်ခါမှာတော့ သုံးယောက်။ တစ်ယောက်တိုးလာခဲ့သည်။

တူးသည့်သူကတူး၊ ဖော်သည့်သူကဖော်နှင့် ရှိနေကြသည်။ နောက်မှသိရသည်မှာ ကန်စွန်းဥများပင် ဖြစ်သည်။ သူတို့သည် ကန်စွန်းဥများကို နေရာမှာပင်စားကြသည်။ ဘေးမှာလည်းသပ်သပ်ပုံထားသေးသည်။ ထို့နောက်စားလို့ဝသောအခါ





ငှက်ပျောဖက်များနှင့်ထုပ်၍ တောတွင်းတစ်နေရာသို့ထွက်သွားခဲ့ကြလေသည်။

"ဟာ၊ ငါတို့တစ်ခါကတွေ့ခဲ့ကြတဲ့ လူသေးသေးလေးတွေပဲကွ၊ အဲ့ဒီတုန်းကမျက်ခြေပြတ်သွားခဲ့ကြတယ်၊ ငါတို့သူတို့နောက်ကို နောက်ယောင်ခံပြီးတော့ လိုက်သွားကြရင်ကောင်းမယ်"

"သိုး၊ ဟိုတုန်းကတည်းက ငါတို့အဲ့ဒီအစီအစဉ်ရှိတာပဲမဟုတ်လား၊ အေးကွာ၊ သူတို့ဘယ်မှာနေကြသလဲမသိဘူး၊ လိုက်ကြရအောင်"

ခြေသံလုံလုံနှင့်နောက်မှနေရင်း လိုက်သွားခဲ့ကြသည်။

ထိုလူသေးသေးများသည် သွက်လက်သောခြေလှမ်းများဖြင့် ရှေ့မှသွားနေကြသည်။ ကန်စွန်းဥအစိမ်းများကို တစ်ကိုက်ပြီးတစ်ကိုက်ဝါးရင်း ခြေလှမ်းတွေက သွက်သွက်လက်လက်။ သွားတာကတော့ လူနှင့်တူသော်လည်း ဆတ်တောက်၊ ဆတ်တောက်နှင့်ဖြစ်သည်။ ပုသလောက်၊ သေးကွေးသလောက်မြန်ဆန်ကြသည်။ ဤလိုနေရာမျိုးမှာ ရှားရှားပါးပါးတွေ့လိုက်ရသော မနုဿလူသားလေးတွေကို လွန်မင်းစွာပင် စိတ်ဝင်စားနေမိကြသည်။

သို့သော်ကိုယ်ပေါ်မှာ အမွေးအမျှင်ရေးရေးပါးပါးရှိနေသည့်အတွက်မျောက်၊ လူဝံမျိုးနွယ်တို့နှင့်စပ်ဟပ်နေသလားဟု သွားရင်းကတွေးမိကြရပြန်သည်။ ဖြစ်တော့မဖြစ်နိုင်။ အမူအရာ၊



www.burmeseclassic.com

www.burmeseclassic.com



အပြုအမူတွေကလူသားပိုပြီးတော့ဆန်းသည်။ ထိုလူသေးသေးလေးများသည် ပတ်ဝန်းကျင်ကိုယုံကြည်စိတ်ချဟန်ရှိနေကြသည်။ သူတို့ကိုအနှောင့်အယှက်ပေးမည့်သူ၊ အန္တရာယ်ပေးမည့်သူမရှိဟုယုံကြည်နေကြသလားမသိပေ။

သိုးက လမ်းမှတ်မိစေရန်အတွက် သစ်ပင်များကိုဓါးနှင့်ထစ်ထစ်သွားသည်။ တောအုပ်သည်တဖြည်းဖြည်းနှင့် အပင်များ၊ ချုံများထူထပ်လာခဲ့ကြသည်။ လူသေးသေးလေးများသည် အပေါ်ပိုင်းကအဝတ်အစားများမရှိ။ အောက်ပိုင်းကိုတော့ အရွက်လုံရုံသစ်ရွက်များကိုသီကာ ဖုံးအုပ်ထားကြသည်။

လျှော်ကြိုးမျှင်များဖြင့် သီကာစီစီရီရီရှိနေကြသော သစ်ရွက်များသည် စနစ်ကျလှသည်။ တိရစ္ဆာန်ဆိုလျှင်(လူဝံ၊ မျောက်ဝံ) ဤမျှလောက်စိတ်ကူးရှိမည်မဟုတ်ပေ။ ထိုလူသေးသေးလေးများသည် ချုံကွယ်တစ်ခုသို့အရောက်တွင် ပျောက်ကွယ်သွားကြလေသည်။ သို့သော်စကားပြောသံများကိုတော့ ကြားလိုက်ရသည်။ သူတို့ပြောကြသောစကားများသည် နားထဲတွင် တစ်မျိုးဆန်းနေသည်။ လည်းပင်ထဲမှ ခပ်ပြာပြာထွက်လာသောအသံမျိုးပင်ဖြစ်သည်။

ထိုစဉ် . . .

"အား" "အား"





အော်သံများကို အမှတ်မထင်ကြားလိုက်ကြရသည်။

"ဟာ၊ ဟိုကောင်လေးတွေ အန္တရာယ်တစ်ခုခုနဲ့ကြုံတွေ့နေရပြီထင်တယ်"

"ဟုတ်တယ်သိုး၊ လာ၊ လာ၊မြန်မြန်"

အသံထွက်ပေါ်လာရာဆီကို ပြေးသွားခဲ့ကြသည်။ သိုးက ဓါးပါသော်လည်း လမ်းမှာတွေ့သော တစ်ကိုင်းခြောက်တုတ်တုတ်ကြီးတစ်ချောင်းကို ကောက်ကာယူသွားသည်။ ချုံကွယ်၏တစ်ဖက်တွင်သူတို့တွေ့လိုက်ကြရသည်ကား။

"ဟင်" "ဟာ"

ဝက်ဝံကြီးတစ်ကောင်သည် လူသေးသေးလေးနှစ်ယောက်ကို လက်မောင်းတစ်ဖက်တစ်ချက်စီမှ ဆွဲကိုင်ကာ မြှောက်ထားသည်။ ထိုလူသေးသေးလေးများမှာ လေထဲတွင်ယက်ကန်ယက်ကန်နှင့်ဖြစ်နေကြသည်။ တစ်ယောက်ကတော့ မတွေ့တော့။ ဘယ်သို့ထွက်ပြေးသွားမှန်းမသိ။ ထိုလူလေးများသည် အကြောက်အကန်ပင်အော်ဟစ်နေကြသည်။

"ဟာ၊ မြေထိုင်ဝက်ဝံကြီးကွ၊ ဒီဟာလေးတွေကို ဒုက္ခပေးလိမ့်မယ်ထင်တယ်၊ ပေါက်ကျော့"

"အေး၊ စိတ်မချရဘူးကွ၊ ဘယ်လိုလုပ်ကြမလဲ"

"သူတို့သိပ်ကြောက်နေကြတယ်ကွ၊ အေးကွာဘယ်လိုပြန်



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ခုခံတိုက်ခိုက်နိုင်ကြမှာလဲ၊ သနားပါတယ်ကွာ၊ ငါတို့ဒီကောင်ကြီးကို မရက်စက်ချင်ဘူးကွာ၊ မှတ်လောက်သားလောက်ဖြစ်အောင်တော့တွယ်ပစ်လိုက်မယ်''

''မင်းကဘာယ်လိုလုပ်မလို့လဲသိုး၊ ဒီသတ္တဝါကြီးက ဒေါသသိပ်ကြီးနေတာ၊ ငါတော့တစ်ခါမှမကြုံဖူးဘူး''

''မင်းချည်းပဲလား၊ ငါလည်းမင်းလိုပါပဲ၊ ကြာကြာထားလို့မကောင်းဘူးကွ၊ တောကြာဒီလူလေးတွေကို တစ်စစီဖြစ်သွားအောင်လုပ်ပစ်လိုက်မှာစိုးရိမ်ရတယ်၊ မင်းနေခဲ့၊ ငါသွားမယ်''

သိုးသည် လေ၏လျင်မြန်သောအဟုန်ဖြင့် မြေထိုင်ဝက်ဝံကြီးဆီကို ပြေးသွားခဲ့သည်။ ထိုအခါကျမှဝက်ဝံကြီးသည်လည်းသိုးကိုမြင်တွေ့သွားခဲ့သည်။

''ဂါး ဂရူး''

ပါးစပ်ကြီးကိုဖြဲကာ ခြိမ်းခြောက်လိုက်သည်။ သူ့လက်နှစ်ဖက်စလုံးမှာ ဆွဲကိုင်မြှောက်ထားသော လူသေးသေးလေးများကိုလည်းမလွှတ်၊ သို့သော်ရန်လိုနေသော ဝက်ဝံညိုကြီးသည် သိုးကိုတိုက်ခိုက်ရန်ပြေးချလာသည်။ သို့သော်နောက်ကျသွားခဲ့လေပြီ။ သိုးသည်ပြေးသွားသည့် အရှိန်နှင့်မြေထိုင် ဝက်ဝံကြီးကိုရိုက်ချလိုက်သည်။ နှာနှကိုချိန်ပြီးတော့ ရိုက်လိုက်ခြင်းပင်။

''ဖြောင်း''





''အူး ဂရား''

ဝက်ဝံကြီးဆီက နာကျင်စွာအော်ဟစ်လိုက်သံသည် ထွက်ပေါ်လာခဲ့သည်။ တစ်တောလုံးညံညံစီသွားခဲ့သည်။ သူဆွဲကိုင်ထားသော လူနှစ်ယောက်သည်လည်း လက်မှလွတ်ကျသွားခဲ့သည်။ ထို့နောက်နှာခေါင်းကိုလက်နှင့် ပိတ်ကာထွက်ပြေးလေတော့သည်။

ပေါက်ကျော်သည်သိုး၏အနားကို ချက်ချင်းပင် ရောက်လာခဲ့သည်။

''မြန်လိုက်တာကွာ၊ မင်း ဒါလောက်လက်သွက်လိမ့်မယ်လို့ မထင်ဘူး''

''နှာနှရိုးကိုဒီလိုခပ်ပြင်းပြင်းလေးထိသွားတော့ ဒီကောင်ကြီးမခံနိုင်တော့ဘူးပေါ့ကွာ၊ ငါကဘယ်သတ္တဝါကိုမှ မသတ်ချင်ဘူး။ ခုလိုနာကျင်အောင်လုပ်မိတာကိုလည်း စိတ်မကောင်းဘူး''

''ဘယ်တတ်နိုင်မလည်းကွာ၊ မလွှဲမရှောင်သာလို့ လုပ်လိုက်ရတာပဲ''

မြေထိုင်ဝက်ဝံကြီး၏လက်မှ ပြုတ်ကျသွားခဲ့ကြသော လူသေးသေးလေးနှစ်ယောက်လည်း မြေပြင်ပေါ်မှာတလိမ့်လိမ့်နှင့်ဖြစ်သွားခဲ့ကြသည်။ ထို့နောက်ခရောမျောပါးနှင့်ထပြေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ၊ ပြေးကုန်ကြပြီကွ၊ သိပ်ကြောက်သွားကြတယ်ထင်တယ်"

"မကြောက်ပဲနေပါ့မလား၊ ဆင်နဲ့ဆိတ်လောက်ကွာတာ၊ ဟိုသတ္တဝါကြီးကသင်းတို့ရဲ့ ခြေလက်တွေကိုတစ်ချောင်းစီဖြုတ်ပစ်မှာ၊ လက်သည်းချွန်ကြီးတွေနဲ့ ဗိုက်ကိုလည်းထိုးဖောက်ပစ်မှာကွ၊ ဝက်ဝံညိုကြီးတွေက အဲ့သလောက်မက ရက်စက်တတ်ကြတာ၊ လူကိုမြင်ရင်လည်းအသေလိုက်တာ၊ သိပ်ပြီးတော့ရန်လိုကြတယ်"

"အေးကွာ၊ ဒီဘက်တောထဲမှာ ဝက်ဝံရိုင်းကြီးတွေရှိတတ်ကြတာကိုး၊ သို့ မင်းရဲ့ဖြုတ်ထိုးဉာဏ်ကိုတော့ ချီးကျူးတယ်ကွာ"

"ချီးမွမ်းတာထားတော့ကွာ၊ ဟိုလူလေးတွေ ဘယ်ရောက်သွားကုန်ကြပြီလဲ"

"ထွက်ပြေးသွားကုန်ကြပြီကွ"

လူသေးသေးပုပုလေးတွေကို စိတ်ဝင်စား၍ နောက်မှနောက်မှတောက်လျှောက်လိုက်ခဲ့ကြကာမှ မျက်ခြည်ပြတ်သွားခဲ့ကြရပြီဖြစ်သည်။

"နောက်ကြောင်းတောင် ပြန်လှည့်ကြည့်ကြမှာ မဟုတ်ဘူး"





"အေးကွာ၊ ငါတို့ ခဏတော့ လိုက်ကြည့်ကြမယ်ကွာ၊ အကြောင်းမထူးတော့လည်း လှည့်ပြန်ကြတာပေါ့ပေါက်ကျော်"

ရှေ့ဆက်လျှောက်သွားခဲ့ကြသည်။ လမ်းမှာကျခဲ့ကြသော ကန်စွန်းဥအချို့ကိုတွေ့လိုက်ကြရသည်။ မြက်ပင်အချို့ပြားကပ်လျက်ရှိနေကြသည်။ သူတို့နင်းသွားကြသည်။ ထိုအပြင်မြေမျှော့ပျော့မှာထင်ကျန်သွားခဲ့ကြသည်။ ခြေရာလေးများကလည်း သွားကြသည့်လမ်းကိုသက်သေခံနေကြသည်။

"သူတို့ဟာ လူမြင်ခံကြပုံမပေါ်ဘူးကွ၊ တောတွင်းတစ်နေရာမှာသီးခြားနေနေကြဟာသေချာတယ်၊ ဘယ်လိုလဲ ဆက်လိုက်ကြမှာလား၊ တော်ကြာ မင်းအိမ်ဇာတိုင်အတွက် သစ်ပင်ခုတ်ဖို့ကိစ္စ နောက်ကျသွားလိမ့်မယ်"

"ဒီနေ့မဖြစ်လည်းတစ်ရက်ရက်ပေါ့ကွာ၊ ခုကိစ္စက အခွင့်အရေးတစ်ခုကွ၊ ကြုံတုန်းကြုံခိုက်မှာလိုက်ရှာကြည့်ကြရအောင်"

"အေး၊ ဆက်လိုက်ကြမယ်၊ လမ်းလည်းပျောက်နေဦးမယ်၊ အမှတ်အသားလုပ်သွားရမယ်"

အပင်ကြီးများတွင် ဓါးနှင့်ထစ်သွားခဲ့ကြသည်။ အခြားအရာများကိုလည်း စိတ်ဖြင့်မှတ်သားသွားခဲ့ကြသည်။ တောက အပင်များပိုပြီးတော့စိပ်လာခဲ့သည်။ သစ်ပင်ကြီးများကလည်း ထူထပ်လာခဲ့ကြသည်။ တောကောင်ငယ်လေးများအတန်နိုတကြား



www.burmeseclassic.com

www.burmeseclassic.com



နှင့်ပြေးသွားကြသည်ကို တွေ့လိုက်ကြရသည်။ ချေတစ်ကောင် သူတို့နှင့်မလှမ်းမကမ်းမှ ပြေးထွက်သွားခဲ့သည်။ ဒရယ်ပေါက်လေး တစ်ကောင်လည်း ခြေကုန်သုတ်ကာပြေးသွားခဲ့သည်။ ဖွတ်ကြီး တစ်ကောင်သည် တောင်ပို့ကြီးတစ်ခုထဲကို အလန့်တကြားနှင့် ပြေးဝင်သွားခဲ့သည်။

"တောကောင်တွေတော့ ငါတို့ကိုမြင်လို့လန့်ပြေးကုန်ကြ ပြီကွ၊ ဟာ ဟော့ . . . သိုး ဟိုမှာကြည့်စမ်း"

ပေါက်ကျော်က တစ်နေရာကို လက်ညှိုးထိုးပြလိုက်သည်။

"ဟင်"

သူတို့တွေ့လိုက်ကြရသည်က လူသေးသေးလေး သုံး ယောက်၊ ချုံကြီးတစ်ချုံ၏ရှေ့မှာရပ်ကာ သိုးတို့ကိုကြည့်နေကြ သည်။ အတန်ငယ်လှမ်းနေကြ၍ မျောက်ကလေးသုံးကောင်လား ထင်ကြရသည်။

"ဟော့၊ ငါတို့ကိုကြည့်နေကြတာကွ၊ မပြေးဘဲရပ်ကြည့်နေ ကြတယ်၊ ဘာသဘော...သည်းမသိဘူး"

"အေးကွ၊ လူမြင်မခံတဲ့ဟာလေးတွေက ဒီလိုစောင့်ပြီး တော့ကြည့်နေတာစဉ်းစားစရာပဲ၊ အင်း၊ ဒီလိုဖြစ်လိမ့်မယ်၊ မင်းကဝက်ဝံကြီးကိုတိုက်ခိုက်ပြီး သူတို့ရဲ့အသက်ကိုကယ်လိုက် တယ်မဟုတ်လား၊ အဲ့ဒါကြောင့် ကျေးဇူးတင်တဲ့အကြည့်မျိုးနဲ့





ကြည့်နေကြတာပဲဖြစ်မယ်"

"ဟုတ်လိမ့်မယ်၊ အဲ့ဒီသဘောမျိုးပဲ၊ ဒီလိုနားလည်တယ် ဆိုရင် အသိဉာဏ်တော်တော်ရှိလို့ပဲကွ၊ ဒါပေမယ့်လူတော့တော် တော်ရှိန်ပုံရတယ်၊ ငါတို့အနားကိုမကပ်ရဲတာကြည့်ပါလား"

"ငါတို့၊ သူတို့နောက်ကိုလိုက်လာကြတာလည်း သိနေ တယ်ကွ၊ ဒါကြောင့်မို့ တောက်လျှောက်ပြေးမသွားကြဘဲ ပြေး လိုက်၊ ရပ်စောင့်လိုက်နဲ့လုပ်နေကြတာ"

"ပေါက်ကျော်၊ ဒါ ငါတို့ကိုလက်ခံတယ်ဆိုတဲ့သဘောမျိုး ပဲကွ"

ကြည့်နေရင်ကပင် လူပုလေးများသည်နေရာမှလှည့်ထွက် သွားခဲ့ကြပြန်သည်။ သိုးတို့လည်း ရပ်ပြီးစောင့်မနေကြတော့ဘဲ ထပ်ပြီးတော့မျက်ခြည်ပြတ်သွားမည်စိုး၍ ဆက်လိုက်ကြပြန်သည်။ သို့သော်ထိုခဏအတွင်းမှာပင် လူပုသေးသေးလေးများကို မတွေ့ ရတော့ပေ။ ရှေ့တွင်လမ်းကချုံများဖြင့်ပိတ်ဆို့နေသည်။

"ဟင်၊ လမ်းပျောက်သွားပြီကွ၊ သူတို့လည်း ဘယ်ရောက် သွားကြပါလိမ့်"

"အေးကွ၊ သူတို့လည်းဆက်ပြီးသွားစရာလမ်းမရှိတော့ဘူး။ ဘယ်လိုများထွက်သွားခဲ့ကြတာပါလိမ့်"

ဟိုဟိုသည်သည်လိုက်ပြီးတော့ ကြည့်နေမိကြသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတော့။

"တောနက်ကြီးထဲကို ဝင်သွားခဲ့ကြပြီနဲ့တူပါတယ်ကွာ၊ လာကွာပြန်ကြပါစို့"

သိုးလည်းစိတ်ပျက်သွားခဲ့သည်။ နေရာမှလှည့်ပြန်ခဲ့ကြသည်။နောက်တော့မှစိတ်မကျေပွဲနဲ့ပြီး လိုက်ရှာဦးမည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုစဉ် ခပ်လှမ်းလှမ်းရှိသစ်ပင်ကြီးတစ်ပင်ထက်ဆီက သူတို့ကိုလှမ်းပြီးကြည့်နေကြသော လူပုသေးသေးလေးသုံးယောက်။ သိုးတို့ကတော့မသိနိုင်တော့ပါချေ။



## အခန်း (၁၄)
## ဆင်ဗျူဇာတ်လမ်း

သိုးနှင့်ပေါက်ကျော်တို့သည် တောထဲတွင်မိမိတို့တွေ့ခဲ့ကြရသည့်လူပုသေးသေးလေးတွေနှင့် ပတ်သက်ပြီးမည်သူ့ကိုမှ ပြောမပြခဲ့ကြ။ မယုံကြသည့်သူကများပေလိမ့်မည်။ ထိုလူပုသေးသေးလေးများ၏အကြောင်းကို စကားစပ်ပြီးပြောပြဖူးခဲ့သည့် လူလည်းမရှိခဲ့။ နှစ်ယောက်တည်းအသိနှင့် မြှုံထားခဲ့ကြသော်လည်း–

တစ်ရက်တွင်သိုးသည် အဘမိုးဆီကို သွားချင်စိတ်ကအလိုလိုပင် ဖြစ်ပေါ်လာခဲ့သည်။ မသွားဘဲနှင့်မနေနိုင်အောင်ပင်ဖြစ်လာခဲ့ရလေသည်။

"အဘမိုးဟာသူမခေါ်ပဲနဲ့ သွားရင်မကြိုက်ဘူး။ ဒီ၊ ငါ့စိတ်ကဒါလောက်ဖြစ်နေတာ သွားကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှထွက်လာသည်။ အဘမိုး၏ခြေရှေ့ကိုရောက်လျှင် မခေါ်ရဲပဲ ရစ်သီရစ်သီလုပ်နေမိသည်။

"ဟဲ့၊ လူလေးလာလေ"

အဘမိုး၏အသံကိုကြားလိုက်ရသည်။ ရင်ထဲထိတ်ခနဲဆိုဖြစ်သွားသည်။ အဘမိုးသည် ခြံထဲမှနေ၍ မိမိကိုမည်သို့လှမ်း၍မြင်လိုက်သလည်းမသိ။ ထို့ကြောင့်ဟန်ဆောင်မနေတော့ပဲ အလျှင်စလိုပင် လျှောက်သွားခဲ့သည်။ ခြံတံခါးကိုလည်းအသင့်ပင်ဖွင့်ထားလေသည်။

"လူလေးကိုစောင့်နေတာ"

"ဗျာ"

သိုးက အဘမိုး၏စကားကြောင့် အံ့အားသင့်သွားခဲ့ရသည်။ အဘမိုးသည် နောက်ထပ်စကားမပြောတော့ဘဲ အိမ်ဘက်ဆီကို လျှောက်သွား၍ နောက်မှခြေလှမ်းသွက်သွက်ဖြင့် လိုက်သွားခဲ့လေသည်။

"ကဲ ... ထိုင်"

ထုံးစံအတိုင်းပင်ငှက်ပျောသီးတစ်လုံးကျွေးသည်။ ရေတစ်ခွက်တိုက်သည်။ အဘမိုးသည်အကြောင်းမရှိဘဲ သူ့ကိုခေါ်တွေ့မှာမဟုတ်။ သို့သော် မမေးရဲသဖြင့် မမေးဘဲနေသည်။





"ဒီလိုပါကွယ်၊ ငါက မင်းကိုဗဟုသုတရစရာလေးတွေကို ပြောပြချင်လို့ပါ"

"ဟုတ်ကဲ့၊ အဘ"

"ငါ ငယ်ငယ်တုန်းက အခု မင်းတို့သွားသွားနေကြတဲ့ မြောက်ဘက်တောကြီးထဲကို အခေါက်ခေါက်အခါခါရောက်ဖူးခဲ့တာပေါ့ကွယ်၊ ဟိုတုန်းကတော့ အိမ်ကိစ္စအတွက်၊ ထင်း၊ ဝါး၊ လိုချင်လို့၊ နောက်ပိုင်းမှာတော့ တရားဘာဝနာကိစ္စအတွက်ပေါ့"

"ဟုတ်ကဲ့"

"အဲ ... တစ်ရက်မှာ ငါတောထဲကိုရောက်သွားတော့ ငါ့စိတ်ထဲမှာ အဲ့ဒီနေ့ဟာ နည်းနည်းထူးခြားနေတယ်လို့ထင်မိတယ်၊ ဘာလဲဆိုတာကိုသာမသိတာ၊ ဒါနဲ့ ငါလည်းထိုင်နေကြသစ်ပင်ကြီးတစ်ပင်ရဲ့အောက်မှာ ထိုင်ပြီးဘုရားကိုအာရုံပြုတယ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တွေကိုမေတ္တာပို့၊ အမျှဝေတယ်၊ အဲပြီးတော့မှ ငါ့တရားအလုပ်ကိုလုပ်နေတာပေါ့"

"ဟုတ်ကဲ့"

"ဒါပေမယ့် ... ငါ့စိတ်တွေဟာမတည်ငြိမ်ဘူးဖြစ်နေတယ်၊ မျက်လုံးတွေကိုပိတ်ထားပေမယ့် ... ငါ့ကိုတစ်ယောက်ယောက်က စောင့်ကြည့်နေသလိုပဲခံစားနေရတယ်၊ အာရုံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာခဲ့တာ ကတစ်ယောက်ထက်မကဘူးလို့ပေါ့၊ ဒါနဲ့ငါလည်း အဲ့ဒီစိတ်အနှောင့်အယှက်တွေကို ဖျောက်ဖျက်ပစ်လိုက်တယ်၊ ငါ့အလုပ်ကိုသာပြီးအောင်ဆက်လုပ်သွားခဲ့တယ်၊ အဲ့သလိုနဲ့”



ဦးမိုးသည်တရားအလုပ်ပြီးသွားသော်လည်း မျက်လုံးတွေကိုပိတ်ထားဆဲ။ သို့သော် မိမိကိုစောင့်ကြည့်နေကြသော လူအချို့ရှိနေကြသေးသည်ဟု ထင်မိသေးဆဲ။ ထို့ကြောင့်မျက်လုံးတွေကိုဖွင့်ကြည့်နေလိုက်သည်။ ထင်သည့်အတိုင်းပင် မလှမ်းမကမ်းတွင် ရပ်နေသောလူနှစ်ယောက်ကိုတွေ့လိုက်ရသည်။ သို့သော်သူ့စိတ်ထဲတွင် လူဟုသတ်မှတ်လိုက်ပေမယ့် တကယ်တော့အရပ်သုံးပေထက်ပိုပြီးမမြင့်သော လူပုလေးများပင်။

ကိုယ်လုံးကိုယ်ထည်ထွားကျိုင်းခြင်းမရှိကြဘဲ တကယ့်ကိုသေးသေးကွေးကွေးလေးများပင်။ သို့သော်ဖျတ်လတ်၊ သွက်လက်ပုံတော့ရကြသည်။ ဦးမိုးလည်းသူတို့ကို မြင်လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။ မြင်ခါစမှာတော့ လူမှုဟုတ်ရဲ့လား။ မျောက်တစ်မျိုးမျိုးများဖြစ်နေသလားဟုထင်မိလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့မှ လူလည်းမက၊ မျောက်လည်းမကျရှိနေကြသော သတ္တဝါဆန်းလေးများဟုသိရသည်။

ခန္ဓာကိုယ်အထက်ပိုင်းသည် ဤအတိုင်း။ သို့သော်အမွေးအမျှင်များခပ်ပါးပါးရှိနေကြသည်။ ရွှေရောင်သန်းနေကြသော အမွေးအမျှင်များပင်။ အရှက်လုံအောင် အောက်ပိုင်းကိုတော့ သစ်ခက်များသီကာ အရှက်လုံအောင်ဖုံးအုပ်ထားကြသည်။ ခါးတွင် ကျောက်ခါးမြှောင်တစ်ချောင်းစီကို နွယ်ကြိုးခါးပတ်မှာ ချိတ်ဆွဲထားသည်ကို တွေ့လိုက်ရသည်။

ဦးမိုးကိုသူတို့ စောင့်ကြည့်နေသည်မှာကြာပြီဟုထင်သည်။ သို့သော် ရန်လိုသောအမူအရာများကိုမတွေ့ရပေ။ မျက်နှာမှာတော့အမွေးအမျှင်များမရှိကြ။

"မင်းတို့ ဘာကိစ္စရှိလို့လဲ၊ ငါ့ဆီကဘာလိုချင်လို့လဲ၊ ဘာအကူအညီပေးရမလဲ"

ဦးမိုးက သူတို့ကိုအေးအေးဆေးဆေးပင် မေးလိုက်သည်။ စကားနားလည်ကြပုံတော့မပေါ်။ သို့သော် တစ်ယောက်ဆီက အသံတစ်မျိုးထွက်လာခဲ့သည်။

"အင်း ... အူး"

အသံကခပ်ပြာပြာ၊ ရှတတနှင့်တိုတောင်းသည်။ ဦးမိုး၏ မျှော်ဓါတ်ထဲတွင် ခံစားမိလိုက်သည်က ...





"ငါ့ကိုတစ်ခုခုသိစေချင်လို့ပဲ၊ ပြချင်လို့ပဲ"

ထို့ကြောင့်နေရာမှထလိုက်လေသည်။ လူပုသေးသေးလေးနှစ်ယောက်သည် ဦးမိုးကိုခါးညွှတ်ကာ အရိုအသေပေးလိုက်ကြပြီးမှ လှည့်ထွက်သွားခဲ့ကြလေသည်။ မလှမ်းမကမ်းသို့အရောက်တွင် နောက်ကိုတစ်ချက်လှည့်ကြည့်လိုက်ကြသည်။ ဦးမိုးလိုက်ပါလာ၊ ပါမလာသိချင်၍ဖြစ်ဟန်တူသည်။ ဦးမိုးက တောထဲကိုခြေလှမ်းမှန်မှန်ဖြင့်လိုက်သွားခဲ့လေသည်။

တဖြည်းဖြည်းနှင့် တောနက်ထဲကိုရောက်သွားခဲ့သည်။ လူပုသေးသလောက် ခြေလှမ်းကသွက်ကြသည်။ သူ့ကိုမည်သည့်နေရာကိုခေါ်သွားကြမည်ကို မသိနိုင်။ သို့သော် အကြောင်းထူးကတော့ရှိလိမ့်မည်။ လူသူအရောက်အပေါက်နည်းသော နေရာမှာပင်ဖြစ်သည်။ ရွာဘက်နှင့်လည်းအတော်ပင်ဝေးသည်။

နွယ်ပင်ကြီးများသည် အပင်ကြီးများကိုရစ်ပတ်ကာ ရှင်သန်နေကြသည်။ လူကြီးလက်မောင်းလုံးခန့်တုတ်ခိုင်ကြသည်။ တနေရာကိုအရောက်တွင် လူပုလေးများသည် ဆက်မသွားကြတော့ဘဲ ရပ်ထားလိုက်ကြသည်။ ဦးမိုးသည်လည်း သူတို့၏အနားကိုရောက်သွားသည်။ ခုတစ်ခါတော့ လူပုသေးလေးနှစ်ယောက်သည် ဦးမိုးနှင့် အနီးကပ်ဆုံးအနေအထားတွင်ရှိနေကြသည်။ သူ့ကြောက်လေးများဖြစ်ကြသော်လည်းသိပ်ခွာပြီးတော့မနေကြပေ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ... စိုးရွံ့သော အမှုအရာများဖြင့် ဦးမိုးကိုကြည့်ကာတစ်နေရာကိုလက်ညှိုးထိုးပြလိုက်ကြသည်။ မြေတွင်းပေါက်ကြီးတစ်ခုပင်။ ဦးမိုးလည်းစိတ်ဝင်စားသွားသည်။ တွင်းကြီးထဲမှာ သတ္တဝါတစ်ကောင်ကောင်များ ရှိနေသလား။ သူတို့ကိုအန္တရာယ်ပြုမည်စိုး၍ နှိမ်နင်းစေချင်သည့်သဘောမျိုးလား။ ဦးမိုးသည်တွင်းထဲကို တစ်ချက်အကဲခတ်ကာ ကြည့်လိုက်သည်။ အန္တရာယ်ပေးမည့်သတ္တဝါများမရှိနိုင်ဟု စိတ်မှာခံစားမိသည်။

"အင်း၊ ငါ့ကိုဆင်းကြည့်စေချင်တဲ့သဘောမျိုးပဲ"

ဦးမိုးသည်လူပုလေးလေးများကို တစ်ချက်ကြည့်လိုက်ပြီးမှ တွင်းထဲကိုမည်သို့ဆင်းရပါ့မလည်းဟု လေ့လာမိလိုက်သည်။ သူတွေ့လိုက်ရသောသည်ကား တွင်းသည်တိုက်ရိုက်အပေါက်ကြီးမဟုတ်ဘဲ အောက်ကိုဆင်း၍ရသည့် မြေအထစ်လေးများကို တွေ့လိုက်ရသောကြောင့်ပင်။

"ဟင် ... ဒီနေရာဟာ အသုံးပြုထားဖူးတယ်ထင်တယ်၊ အောက်ကိုဆင်းတဲ့လမ်းလိုဖြစ်နေတာပဲ"

ထို့ကြောင့်စိတ်ဝင်စားလာမိသည်နှင့် ရတနာသုံးပါးကို ဦးထိပ်ထားကာ အောက်ကိုဆင်းသွားခဲ့လေသည်။ တော်တော်ကလေးဆင်းသွားခဲ့ပြီးမှ အောက်ကိုရောက်သွားခဲ့သည်။ ထိုစဉ်–

"ဝိုး ... ဖလပ် ... ဖလပ် ... ဖလပ်"





တွင်းထဲမှ ရုတ်တရက်ပျံသန်းပြီး တွင်းပေါ်ကိုတက်သွားသော သတ္တဝါတစ်ကောင်၊ ငှက်မည်းကြီးတစ်ကောင်ဖြစ်နေသည်။

"ဒီငှက်ဟာ မြေပြင်ပေါ်မှာမနေပဲ ဘယ်လိုအကြောင်းကြောင့် တွင်းထဲမှာနေနေတာပါလိမ့်"

ပထမတော့ လင်းနို့တစ်ကောင်ဟု ထင်မိသည်။ နောက်တော့ ငှက်တစ်ကောင် ဖြစ်နေ၍ အံ့အားသင့်သွားမိသည်။ အောက်ခြေတွင်ကျယ်ပြန့်သော မြေအောက်ဂူကြီးလိုဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ထို့အပြင်အလင်းရောင်သည် ထူးခြားစွာပင် တစ်နေရာမှထုတ်လွှတ်နေသည်ကိုသိလိုက်ရသည်။ ဂူလိုဏ်ခေါင်းလမ်းကြောင်းအချို့ကိုတွေ့နေရသည်။ သို့သော် အလင်းရောင်ထွက်ပေါ်လာသည့်နေရာက တစ်နေရာတည်းမှာဖြစ်သည်။

ဦးမိုးသည်အလင်းရောင်ရှိသည့်နေရာကို ခြေလှမ်းမှန်မှန်နှင့်လျှောက်သွားခဲ့သည်။ ဂူထဲမှာမည်သည့်အနံ့အသက်ဆိုးကိုမှ မခံစားရ။

မြေသင်းနံ့လောက်သာရှိသည်။ သန့်ရှင်းသော မြေအောက်ဂူကြီးတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ဤဂူကြီး၏ တစ်နေရာတွင် ထူးခြားချက်တစ်ခုခုရှိနေလိမ့်မည်ဟု မနောထဲမှာသိနေမိသည်။ တစ်ခဏအတွင်းမှာပင် အလင်းရောင်များ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ပေါ်လျက်ရှိသော ဘေးထွက်ဂူကြီးတစ်ခုဆီကို ရောက်သွားခဲ့လေသည်။

ဂူထဲကိုအဝင်တွင် မြင်လိုက်ရသည်ကား ...

တစ်နေရာတွင် ကြော့ရှင်းသောကိုယ်ဟန်နှင့် ရပ်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ရသည်။ သူမသည် ညာလက်ကိုဆန့်တန်း၍ လက်ဝါးကိုဖြန့်ထားသည်။ တစ်စုံတစ်ရာကိုတောင်းခံနေသည့်ဟန်မျိုးဖြစ်သည်။

"ဘယ်သူတွေက ဘယ်လိုအကြောင်းကြောင့် ဒီလိုနေရာမှာလာထုလုပ်ထားတာပါလိမ့်"

မျက်ဝန်းတစ်စုံကလည်း လင်းလက်တောက်ပလွန်းနေသည်။ ယင်းမှထွက်သောအလင်းရောင်သည် ဂူအပြင်အထိ အောင်ပင်ရောက်သည်။ ညို့အားကောင်းသောမျက်ဝန်းများသည် သွေးဆောင်နေသည်ဟု လက်ခံမိသည်။ ပုရိသတို့၏အသည်းနှလုံးကိုသိမ်းကျုံးဆွဲငင်နိုင်စွမ်းရှိသည်။ မျက်နှာအမူအရာသည် ရမ္မက်ဆန္ဒယောင်ယောင်လေးကိုပြနေသည်။ ထို့ကြောင့် ဖြန့်ထားသောလက်သည် အချစ်ကိုတောင်းခံနေဟန်တူသည်။

ရုပ်သွင်၊ ကိုယ်ဟန်ကအစ ဝတ်စားဆင်ယင်မှုသည် မြန်မာမဆန်၊ ဘာသာခြား လူမျိုးတစ်မျိုးမျိုးနွယ်သည်။ မည်သည့် ခေတ်ကာလကတည်းက ယင်းဖယောင်းရုပ်တုကို ထုလုပ်ခဲ့





သလဲမခန့်မှန်းနိုင်။ အထူးသဖြင့်မျက်လုံးများသည် အစိအရင် ဖြင့်ပြုလုပ်ထားဟန်တူ၏။ ယင်းမျက်လုံးများသည် ဆိုးကျိုးများကိုလည်းပေးနိုင်သည်။ ကောင်းကျိုးများကိုလည်းပေးနိုင်သည်။ သို့သော်လူအများသည် ယင်းဖယောင်းမယ်ရုပ်တုအား လာဘ်လာဘထက်နှလုံးသားရေးရာကိစ္စများအတွက် ပိုပြီးပူဇော်ပသခဲ့ကြဟန်တူသည်။ ဦးမိုးသည် ထိုနေရာတွင် ကြာကြာမနေဘဲ တစ်ခဏသာကြည့်ပြီးချက်ချင်းပဲ လှည့်ပြန်ခဲ့သည်။

သို့သော် စိတ်ထဲမှာတော့ ဖယောင်းမယ်ရုပ်တုသည် လူသားစင်စစ်များဖြစ်နေလေမလားဟု ထင်မိမှားခဲ့ရသေးသည်။ တွင်းပေါ်ကို ပြန်ရောက်လာသောအခါ လူပုသေးလေးများကို မတွေ့ရတော့ပေ။



www.burmeseclassic.com

www.burmeseclassic.com

အဘမိုးသည် သူလွန်ခဲ့သောနှစ်ပေါင်းများစွာက တွေ့ကြုံခဲ့သည့်အဖြစ်အပျက်တစ်ခုကို သိုးအား ပြန်ပြီးပြောပြလိုက်သည်။

"ဟင်၊ ဒီ ဖယောင်းမယ်နဲ့ပတ်သက်ပြီး ကိုမင်းနောင်က ငါတို့ကိုပြောပြခဲ့တာပဲ၊ အခုအဘမိုးကတိုက်တိုက်ဆိုင်ဆိုင်ပြောပြနေပြန်ပြီ၊ ငါတို့ ... ကိုမင်းနောင်ဆီက သိခဲ့တာတွေကို အဘမိုးလည်းသိနေလို့များလား"

သိုး အံ့အားသင့်ကာ ငြိမ်နေမိသည်။ အဘမိုးကတော့ ထူးခြွေအပြည့်နှင့် အကြမ်းရေကိုသောက်နေသည်။

"ဒါနဲ့၊ မင်းတို့ပျောက်ဆုံးသွားတဲ့ ဓားကြီးကိုတွေ့ပြီလား"

"ဗျာ၊ ဟင့်အင်း၊ မတွေ့သေးပါဘူးအဘ"

"အေး၊ မကြာခင်မှာတွေ့လိမ့်မယ်၊ ဒီဓားဟာအပြင်မှာ





အကြာကြီးထားလို့မကောင်းဘူး၊ ဒုက္ခပေးနိုင်တယ်၊ ဖျောက်ဖျက်ပစ်လိုက်ကြ"

"ဟုတ်၊ ဟုတ်ကဲ့"

အဘမိုးကစကားမဆက်တော့၍ နှုတ်ဆက်ကာပြန်လာခဲ့သည်။ ဤဓားကြီးကိုပါပဆိုသည့် လူကယူသွားခဲ့သည်၊ နိုးသူကို သိနေခဲ့သည်။ ပြန်တွေ့မည်ဟုဆိုသည်က မည်သူမတွေ့မှာလဲ။ ထိုအပြင်အရင်ကပြောဖူးခဲ့သည့် အဖြစ်အပျက်များအရ ပေါင်းစပ်လိုက်လျှင်နိုးသားဓားပြကြီးကြွေး၊ ဤဓားကြီး၊ တစ်ခြားစီမဟုတ်ပဲ ဆက်စပ်နေသလားဟု သံသယဖြစ်လာမိသည်။ အဘမိုးသည်မိမိကိုအကြောင်းအရာ အားလုံးကိုသိလျက်နှင့်မပြောပဲတမင်နည်းနည်းစီပြောနေသလားဟု ...



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

## ထပ်မံ၍ရွာဓလွကြပြန်ခြင်း

သိုးနှင့်ပေါက်ကျော်တို့သည် တောထဲတွင် မင်းနောင်ကို ကတိပေးထားခဲ့ကြသည်။ သူနှင့်ပတ်သက်ပြီး ဇာတိရွာဖြစ်သော ကျောက်သွေးရွာဆီကိုသွားပြီး မပြောပါဟု။ သို့သော် ... ရက်အတန်ကြာလာသောအခါ သိုး၏စိတ်ထဲတွင် ဘဝင်မကျဖြစ် လာခဲ့ရသည်။

“ငါတော့ ဒီလူကို ခုလိုပစ်မထားချင်ဘူးကွာ၊ တောထဲမှာ ခုလိုပဲပစ္စလက္ခတ်နေရင် နစ်မွန်းသွားလိမ့်မယ်”

“အဲဒီတော့ မင်းက ဘယ်လိုလုပ်ချင်လို့လဲသိုး”

“ပေါက်ကျော်၊ ငါဒီလိုစဉ်းစားမိတယ်၊ ငါတို့ကျောက်သွေး ရွာကိုသွားပြီး သူ့မိသားစုကိုလိုက်ရှာမယ်၊ အကျိုးအကြောင်း ပြောပြရရင်ကောင်းမလားလို့”





“ငါလည်း မင်းလိုပဲ မကြာခဏစဉ်းစားမိပါတယ်ကွာ၊ ဒီလူဟာမိဘအပေါ်မှာစေတနာထားတယ်၊ မိဘချမ်းသာစေချင်လို့ ဦးစက်ရှိန်ရဲ့အလုပ်ကိုလက်ခံခဲ့တာ၊ ဒါပေမယ့်ဆန်းကြယ်တဲ့ ကံတရားက သူ့ကိုဒီဘဝရောက်အောင်တွန်းပို့ပေးခဲ့တာ၊ ဒီလိုစိတ် ကောင်းရှိတဲ့လူကိုငါတို့ပစ်မထားသင့်ဘူး”

“အဲ့ဒီတော့၊ ငါ့ပြောတာကိုမင်းလက်ခံသလား”

“လက်ခံတယ်ကွာ၊ ဒါပေမယ့် သူ့ဘဝကဒုက္ခတလိုလို ဖြစ်နေတယ်ဆိုတော့၊ ရွာကိုပြန်မလာချင်တာ သူ့ဘက်က မှန်နေ သလိုလိုပဲ၊ တစ်ဖက်ကကြည့်ရင်လည်း မိဘတွေက သားဘယ် ရောက်သွားမှန်းမသိ၊ သေသလား၊ ရှင်သလားမသိနဲ့၊ သောက ရောက်နေကြမှာ၊ ငါတို့က သူတို့စိတ်သက်သာရာရစေဖို့ အကြောင်းကြားချင်တယ်”

“အေး၊ ဒါဆိုရင်အတိုင်းထက်အလွန်ပေါ့ကွာ၊ ကဲ၊ စီစဉ် လိုက်ကြရအောင်”



www.burmeseclassic.com

www.burmeseclassic.com

သိုးနှင့်ပေါက်ကျော်တို့သည် ကျောက်သွေးရွာဆီကို ခြေလျင်တစ်တန်၊ လှည်းတစ်တန်ဖြင့်ရောက်သွားခဲ့ကြ၏။ ဤသို့ဖြင့် မေးစမ်းရင် ကျောက်သွေးရွာကို ရှာတွေ့သွားခဲ့ကြလေသည်။ ဤသို့ဖြင့် မင်းနောင်၏မိဘများအိမ်ဆီကို ရောက်သွားခဲ့ကြ၏။

ရပ်ဝေးမှရောက်လာကြသော တစ်ရွာသားလူစိမ်းများ ဖြစ်နေကြ၍ အံ့အားသင့်သွားခဲ့ကြလေသည်။

"ဩော်၊ မိုးမဲရွာကကိုး။ ရွာအမည်ကိုတော့ကြားဖူးပါတယ်၊ မိတ်ဆွေတချို့က အဲ့ဒီရွာကိုသွားဖူးကြတယ်လေ၊ ဒါနဲ့ မောင်ရင်တို့ကဘာကိစ္စ"

"ဦးက ကိုမင်းနောင်ရဲ့ဖခင်ပေါ့နော်"

သိုး၏စကားကြောင့် ထိုလူကြီးမှာမျက်နှာအပြောင်းအလဲ





ဖြစ်သွားခဲ့ရလေသည်။ အနားမှာထိုင်နေသူအမျိုးသမီးကြီးသည်လည်းစိတ်ဂယောက်ဂယက်အမူအရာဖြစ်သွားခဲ့ရသည်။

"ဟင်၊ သား သားကိုပြောနေတာလား၊ သူပျောက်နေတာကြာပြီ၊ သား၊ ဘာဖြစ်သွားလို့လဲ၊ မင်းတို့သိနေကြလို့လား"

အလောတကြီးဖြင့်မေးလိုက်လေရာ ...

"ကျွန်တော်တို့သိသမျှပြောပြပါ့မယ်ခင်ဗျာ၊ အရင်ဆုံးပြောချင်တာကတော့၊ ကိုမင်းနောင်ဟာ သက်ရှိထင်ရှားရှိနေပါသေးတယ်ဆိုတဲ့အကြောင်းပါပဲ"

သူတို့စိတ်ချမ်းသာသွားကြစေရန် အရေးကြီးသည့်အဓိကအချက်ကိုအရင်ပြောလိုက်လေသည်။

"အေး အေး၊ သားကြီးမသေဘူး၊ အသက်ရှင်နေဆဲပဲ ဟုတ်လား၊ ဝမ်းသာလိုက်တာကွယ် ... ကျေးဇူးတင်လိုက်တာ"

ဖခင်ဖြစ်သူမှာစိတ်သက်သာရာရသွားပုံပေါ်သည်။ မိခင်ကတော့ စိတ်လှုပ်ရှားလျက်ရှိနေသေးသည်။

"ကဲကွယ်၊ ခုလိုမင်္ဂလာသတင်းကိုယူလာခဲ့တာ ကျေးဇူးတင်ပါတယ်၊ သစ်အရောင်းအဝယ်လုပ်မယ်ဆိုပြီး ထွက်သွားခဲ့တာ၊ သစ်ကောင်းဝါးကောင်းပေါတဲ့တောကို သူလိုက်ရှာတာထင်ပါရဲ့"

"အိုတော်၊ ဒါတွေကိုနောက်မှပြောစမ်းပါ၊ သူတို့ပြောမယ့်



www.burmeseclassic.com

www.burmeseclassic.com



စကားကိုသာအရင်ဆုံးနားထောင်လေ ... ကဲကဲ ... ပြောပါ မောင်ရင်"

"ဟုတ်ကဲ့၊ ဒီလိုပါခင်ဗျာ၊ ကျွန်တော်တို့နှစ်ယောက်တော ထဲကိုအသွားမှာ မမျှော်လင့်ဘဲနဲ့ ... "



သိုးသည်စကားကိုအစချီကာ မြောက်ဘက်တောထဲတွင် မင်းနောင်နှင့်မမျှော်လင့်ဘဲ တွေ့လိုက်ရပုံ၊ မင်းနောင်က သူ၏ အဖြစ်အပျက်များကို ပြောပြခဲ့ပုံများ၊ ထို့နောက်ရပ်ရွာကိုမပြန် တော့ပဲတောထဲမှာပင်နေခဲ့ပုံများကို ပြောပြလိုက်လေသည်။

"ဟင်၊ ဟုတ်လား၊ ဒါဆိုတောထဲမှာ သူတစ်ယောက် တည်းဒုက္ခခံစားပြီးကျန်ရစ်ခဲ့တာပေါ့၊ ဘုရား၊ ဘုရား၊ ဘယ်လို ကြောင့် ဒီလိုကံကြမ္မာမျိုးနဲ့များ ကြုံတွေ့ခဲ့ရပါလိမ့်သားရယ်"

မိခင်ဖြစ်သူမှာ ငိုပင်မငိုနိုင်တော့ဘဲ ဆို့နင့်ကြေကွဲသွားခဲ့ရ လေသည်။

"ကဲ ... ရှင်မ သားအသက်ရှင်နေသေးရင် မျှော်လင့်ချက် ရှိပါသေးတယ်၊ ဒါပေမယ့် သူ့မျက်လုံးတွေက ချို့ယွင်းချက် ရှိနေပြီဆိုတော့ လူတောထဲတိုးမဝင်ချင်တော့ဘူးပေါ့



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘာပဲဖြစ်ဖြစ်၊ ကျွန်မသားလေးကိုမဖြစ်ဖြစ်တဲ့နည်းနဲ့သွားခေါ်မယ်"

"ဒီလိုလည်းလောကြီးလို့ မဖြစ်ပါဘူးခင်ဗျာ၊ သူကဒီကိစ္စတွေကိုဘယ်သူ့ကိုမှပြောမပြပါနဲ့လို့ ကျွန်တော်တို့ဆီက ကတိတောင်းထားခဲ့တာ၊ ကျွန်တော်တို့ကမိသားစုကိုသိစေချင်တဲ့ဆန္ဒရှိလို့စေတနာနဲ့လာအကြောင်းကြားကြရတာပါ ...

ကိုမင်းနောင်သာ ကျွန်တော်တို့ ကတိမတည်မှန်းသိသွားခဲ့စိတ်ဆိုးမှာကေန်ပဲ၊ ဒေါ်သလည်းဖြစ်မှာ"

"အဲ့ဒီတော့ မောင်ရင်တို့က ဘယ်လိုဖြစ်စေချင်သလဲ"

"ကျွန်တော်တို့၊ ကိုမင်းနောင်ကိုထပ်ရှာမယ်၊ သူဟာအဲဒီအနီးအနားတစ်ပိုက်မှာပဲရှိနေမှာ၊ ပြီးတော့သူဒီလိုအမြင်အာရုံတစ်မျိုးဖြစ်နေတာကို ဘယ်လိုပျောက်ကင်းအောင် ကုသနိုင်မလဲဆိုတာ နည်းလမ်းရှာပါ့မယ်"

"ဟုတ်တယ်၊ ခုနေ တကယ်လို့ ငါတို့သားနောက်ကိုလိုက်သွားခဲ့ကြရင် သူကအတွေ့မခံဘဲ၊ ရှောင်ပြေးမှာပဲ၊ အဲ့သလိုသာဖြစ်ခဲ့ရင် သားကိုဘယ်တော့မှ ရှာတွေ့မှာမဟုတ်တော့ဘူး"

ဖခင်ဖြစ်သူက စဉ်းစားဉာဏ်ရှိသည်။ ဆင်ခြင်တုံတရားရှိသည်။ မိခင်ကမူ ...

"အေးကွယ်၊ မောင်ရင်တို့က သားကိစ္စကို ဘယ်လိုကူညီ





နိုင်မှာလဲ၊ အားကိုးပါတယ်ကွယ်၊ ဒေါ်ဒေါ်ကသားကိုအဆုံးရှုံးမခံချင်လို့ပါ"

"စိတ်ချပါဒေါ်ဒေါ်၊ ကျွန်တော်တို့ကိုယ်စွမ်းဉာဏ်စရှိသမျှကူညီကြမှာပါ၊ ဒါစိတ်ရင်းနဲ့ပြောတာပါ၊ ဒေါ်ဒေါ်တို့သားကို မဆုံးရှုံးစေရပါဘူး"

ထိုစဉ် လူတစ်ယောက်က အိမ်ပေါ်ကိုတက်လာခဲ့သည်။ မျက်နှာကိုမြင်လိုက်သည်နှင့် မင်းနောင်၏ညီဖြစ်နိုင်သည်ကိုသိလိုက်သည်။ သူသည်သိုးနှင့်ပေါက်ကျော်ကိုမြင်လိုက်သည်နှင့် အံ့အားသင့်သွားခဲ့ရလေသည်။

"ဩော် ... သား၊ ဒီမှာမိုးမဲ့ရွာကဧည့်သည်တွေရောက်နေတယ်၊ သားအစ်ကိုကြီးရဲ့ကိစ္စနဲ့လာကြတာကွယ့်"

"ဟင် ... အစ်ကိုကြီး ... ဟုတ်လား"

ပိုပြီးတော့အံ့အားသင့်သွားမိသည်။ သူသည်မင်းနောင်၏ညီ စောနောင်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်နှစ်ရက်အကြာတွင် သိုးနှင့်ပေါက်ကျော်တို့သည် မြောက်ဘက်တောထဲကိုရောက်လာခဲ့ကြပြန်လေသည်။

"ငါတို့ကတောထဲကိုရောက်လာကြရပြန်ပြီ၊ အကြောင်းပြချက်ကကောင်းနေလို့သာ၊ မဟုတ်ရင် ဒီကောင်တွေတောထဲကိုခဏခဏသွားနေကြတယ်၊ ဘာအကြောင်းပါလိမ့်ဟုထင်နေကြမှာ"

"ငါက မင်းကိစ္စကြောင့်၊ မင်းကလည်း ငါ့ကိစ္စကြောင့်၊ အဲ့ဒီလိုပြောပြောပြီး တောထဲကို ရောက်ရောက်လာခဲ့ကြတာ၊ တကယ်လည်းတောထဲမှာ ယူစရာတွေကလည်းရှိနေတာကိုးကွ၊ ဒီမြောက်ဘက်တောကြီးကိုပဲ ကျေးဇူးတင်နေရတယ်သိုး"

ခုတစ်ခေါက်ရောက်လာခဲ့ကြခြင်းသည် မင်းနောင်ကိုရှာဖွေဖို့ဖြစ်သည်။ သူ၏မိဘများနှင့်သဘောတူညီချက်တစ်ခုကို ယူထားကြသည်။ မြောက်ဘက်တောကြီးထဲကိုလာရန်မကြိုးစားကြပါနှင့်ဟု မင်းနောင်ကိစ္စနှင့်ပတ်သက်ပြီး သူတို့တာဝန်ထားပါ





ဟု အာမခံခဲ့ကြသည်။ ညီဖြစ်သူစောနောင်သည်ပင် သိုးတို့နှင့်လိုက်မည်တကဲကဲဖြစ်နေ၍ မနည်းဖျောင်းဖျပြီးထားခဲ့ရသည်။

"ငါတို့ကတော့ ကိုမင်းနောင်ကိစ္စနဲ့ပတ်သက်ပြီး ခေါင်းခံခဲ့ပြီကွာ၊ ဘယ်လိုဖြစ်လာဦးမလဲတော့မသိဘူး ပေါက်ကျော်"

"ခေါင်းခံတာက စေတနာနဲ့ကူညီတဲ့ကိစ္စပဲကွာ၊ အတတ်နိုင်ဆုံးကတော့ကြိုးစားကြည့်ရမှာပေါ့၊ ကိုမင်းနောင်ကအရေးကြီးတယ်၊ သူ့ကိုမျက်ချည်ပြတ်ခံလို့မဖြစ်တော့ဘူး။ သူလည်း လူစဉ်မှီတဲ့ဘဝကိုပြန်ရောက်မှ လူ့တောထဲကိုပြန်ဝင်မှာပေါ့"

"ဒါကတော့ သူ့သူ့ကိုယ်ကိုယ်ပဲလေ၊ ခန္ဓာကိုယ်ချို့ယွင်းချက်ကြီးတစ်ခုရှိပေမယ့် လူလုံးပြလို့မှမလှတာ၊ ဒီလိုမျိုးဖြစ်လာရင် ဘယ်သူက ပြန်ချင်မှာလဲပေါက်ကျော်"

စကားတပြောပြောနှင့် တောနက်ထဲကိုရောက်လာခဲ့ကြပြန်သည်။

"ဟာ ... ဟေ့ ... ဟိုမှာကြည့်စမ်းသိုး"

ပေါက်ကျော်က တအံ့တဩနှင့် တစ်နေရာကိုလက်ညှိုးထိုးပြလိုက်သည်။ သိုးကလည်း သူညွှန်ပြရာကိုကြည့်လိုက်ရာ ပါးစပ်အဟောင်းသား ဖြစ်သွားခဲ့ရလေ၏။ ညောင်းပင်ကြီးကို တွေ့လိုက်ရသောကြောင့်ပင်။

"ညောင်းပင်ကြီးပါလား၊ ဘယ်လိုကြောင့်ပြန်တွေ့ပြန်တာလဲ"

"သိုး၊ ဒီညောင်းပင်ကြီးက ပျောက်သွားလိုက်၊ ပြန်ပေါ်လာ



www.burmeseclassic.com

လိုက်နဲ့ဖြစ်နေတာတော့ မဟုတ်နိုင်ဘူး။ ငါတို့ပဲအကြည့်မှားကြသလား''

''အကြည့်မှားတာ၊ ဟုတ်လား ... ငါတို့ရဲ့မျက်လုံးတွေက တစ်မိုင်အကွာအဝေးလောက်က ခါချဉ်ကိုတောင်သဲသဲကွဲကွဲ မြင်နိုင်တာ၊ အနီးကလေးမှာရှိတဲ့ ဒီအပင်ကြီးကိုမမြင်နိုင်ဘဲရှိပါ့မလားကွ၊ အေးတစ်ခုတော့ရှိတယ်၊ ဒီလိုနေရာဆင်ဆင်တူတာမျိုးရှိနေလို့ ငါတို့ကလည်း အဲ့ဒီနေရာကို တိုက်တိုက်ဆိုင်ဆိုင် ရောက်သွားခဲ့ကြလို့ဆိုရင်တော့၊ ညောင်းပင်ကြီးကို မမြင်ရတာမျိုး ဟုတ်လိမ့်မယ်ပေါက်ကျော်''

''အေးကွာ၊ မင်းပြောသလိုဖြစ်နိုင်ပေမယ့် တစ်ဖက်က ပြန်တွေးကြည့်မိတော့လည်း မဖြစ်နိုင်ဘူးပြန်ဘူးလို့ထင်မိရပြန်ရော၊ ဘယ်လိုနားလည်ရမှာလဲ''

''တောက်ကျယ်တယ်ကွ၊ သူ့ဟာနဲ့သူဖြစ်နေတာ၊ ဒါ အတွေးနက်နက်နဲ့ ခေါင်းအခြောက်ခံပြီး စဉ်းစားစရာမလိုဘူးတော်ပြီ''

ညောင်းပင်ကြီးကိုစောင်းကန်းစောင်းကန်းနှင့် ကြည့်ရင်း ထိုနေရာမှထွက်လာခဲ့ကြသည်။



တောသည် နက်သထက်နက်လာသည်။ မင်းနောင်နှင့် ဆုံဖူးခဲ့သည့်နေရာကိုရောက်လာခဲ့ကြသည်။ ယင်းနေရာတွင် ရွာက ဖိုးခွေးနှင့်ပါပတို့ကိုလည်း မြင်တွေ့ခဲ့ကြရသည်မဟုတ်လား။ မင်းနောင်၏အရိပ်အယောင်ကိုသော်မှ မတွေ့ရပေ။

''ဒီလူ၊ ရှိမှရှိပါမလား၊ အရိပ်အခြည်တောင်မတွေ့ရပါလားသိုး''

''လျှောက်သွားနေမှာပေါ့ကွာ၊ သူနေတဲ့ဂူဆီမှာများရှိနေမလား''

''အေး၊ ဟုတ်တယ်၊ အဲ့ဒါကိုမေ့နေတယ်၊ သွားကြည့်ကြရအောင်''

တစ်ခဏအကြာတွင် ဂူဆီကိုရောက်လာခဲ့ကြသည်။ ဂူက ဟောင်းလောင်း၊ မင်းနောင်ကိုမတွေ့ရ၊ သိုးတို့၏ရင်ထဲမှာ

www.burmeseclassic.com



ဟာခနဲဖြစ်သွားခဲ့ရသည်။ တောထဲမှာမမြင်သလိုလို၊ မြင်သလိုလိုနှင့်လျှောက်သွားနေရင်း အန္တရာယ်တစ်ခုခုနှင့်များ ကြုံတွေ့သွားခဲ့ပြီလားဟု ...

ထိုစဉ် ...

"မင်းတို့ ငါ့ဆီကိုရောက်လာကြပြန်ပြီလား"

အသံတစ်သံက မမျှော်လင့်ဘဲ ထွက်ပေါ်လာသည်။ လှည့်ကြည့်မိလိုက်ကြသည်။ ထင်သည့်အတိုင်းပင် သူတို့ကို ခါးထောက်ကာရပ်ကြည့်နေသည်။ အဖြူထည်မျက်လုံးကြီးနှင့် မြင်သလား၊ မမြင်ဘူးလားမသိ။ တစ်ခါတရံမှာသံသယဝင်မိသည်။ အကြား အာရုံကြောင့်မည်သူ၊ ဘယ်မှာရှိသည်ကိုခန့်မှန်းပြီးတော့ ပြောနိုင်တာလားဟု ...

"အစ်ကို၊ ဒေါသကအရင်မထွက်ပါနဲ့ဗျာ၊ ကျွန်တော်တို့ ဒီကိုရောက်လာခဲ့တာ အကြောင်းရှိလို့ပေါ့"

"ဘာအကြောင်းလဲကွ၊ ကေန္တ၊ မင်းတို့ငါနဲ့ပတ်သက်ပြီး ရွာကိုသွားအကြောင်းကြားလိုက်ပြီထင်တယ်"

"ကျွန်တော်တို့က ပေးထားတဲ့ကတိကိုမဖျက်ပါဘူး။ အခု အစ်ကို့ဆီကအကူအညီတစ်ခုတောင်းချင်လို့"

"အကူအညီဟုတ်လား၊ ဆိုစမ်းပါဦး၊ ဘာအကူအညီလဲ"

လေသံက အနည်းငယ် ပျော့ပြောင်းလာသည်။ သူက





လူတွေအပေါ်မှာ စေတနာထားသူ။ လိုအပ်သောအကူအညီကို မဆိုင်းမတွပေးတတ်သူပင်မဟုတ်ပါလား။ ထိုအခါသိုးသည် ရွာမှ ဖုန်းဆိုးမြေနေရာကို ရှင်းလင်းသည့်ကိစ္စ၊ ယင်းနေရာမှရရှိခဲ့သော မရဏစေတမာန်ဓားကြီး ပျောက်ဆုံးသွားသည့်အကြောင်း၊ ယင်းဓားကြီးကိုရွာမှဖိုးခွေးဆိုသည့်လူက ခိုးယူသွားခဲ့ပြီး ပါပဆိုသည့် လူ၏လက်ထဲကိုအပ်ခဲ့သည့်အကြောင်းများကိုပြောပြလိုက်သည်။

"ဒီဓားကြီးဟာ ဟိုးအရင်က ရာဇဝတ်သားတွေကို ကွပ်မျက်စီရင်ခဲ့တဲ့ဓားလို့သိရတယ်၊ ဒါကြောင့်အဲ့ဒီဓားကို မဖျက်ဆီးဘဲထားရင် ဆိုးကျိုးတွေဖြစ်ပေါ်လာနိုင်တယ်လို့ ရွာကဖိုးသက်ရှည် အဘမိုးဆိုတဲ့သူကပြောတယ်"

"ဒါကြောင့်အဲ့ဒီဓားကိုပြန်ရှာဖို့အတွက် အစ်ကို့အကူအညီလိုတယ်၊ ကူညီပါ၊ ဒီဓားကို ပါပဟာရှေးဟောင်းပစ္စည်းဆိုပြီး ရောင်းထုတ်မှာကျိန်းသေတယ်၊ သူများတွေရဲ့လက်ထဲကို ဆင့်ကဲဆင့်ကဲရောက်သွားခဲ့ရင် ဆိုးကျိုးတွေဖြစ်ပေါ်လာနိုင်တယ်"

သိုးက စိတ်ရှည်စွာပင် ရှင်းပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)
## ရှုပ်တုကြမ္မာ

မင်းနောင်သည် ထိုကိစ္စကို စိတ်ဝင်စားသွားခဲ့သည်။

"အဲ့ဒီပါပဆိုတဲ့သူဟာ ငါနဲ့တောထဲမှာတစ်ကြိမ်တွေ့ဖူးခဲ့တာပဲ၊ သည်လူဟာအကျင့်စရိုက်မကောင်းဘူး၊ မကောင်းမှုနဲ့အသက်မွေးဝမ်းကြောင်းပြုတယ်ဆိုတာ ငါ့စိတ်ထဲကအလိုလိုသိနေတယ်၊ အဲ့ဒီတုန်းကသာမင်းတို့က ငါ့ကိုပြောပြခဲ့ရင်သူ့ကို ဒီအတိုင်းဘယ်လွှတ်ပေးလိုက်ပါ့မလဲ"

"ဟုတ်တယ်၊ အဲ့ဒါကတော့ ကျွန်တော်တို့ရဲ့လိုအပ်ချက်ပါ"

"ဒီကောင်၊ ဒီတောထဲမှာပဲရှိနေတတ်တယ်၊ တစ်ယောက်ယောက်၊ ဒါမှမဟုတ်၊ လူတစ်စုကိုစောင့်နေပုံရတယ်၊ မင်းတို့ပြောခဲ့တဲ့အတိုင်းဆိုရင် ဒီဓားကြီးကိုဝယ်မယ့်သူကို စောင့်နေတာ





မျိုးလား၊ ထွက်တော့မထွက်သေးဘူး၊ သူလက်ထဲမှာပဲရှိနေလိမ့်ဦးမယ်"

"ဟင်၊ ဟုတ်လား၊ အစ်ကို ပါပကိုတွေ့သေးသလား"

"အေး၊ နှစ်ခါလောက်တော့တွေ့တယ်၊ ငါလည်းပြဿနာမရှာချင်လို့ ဒီအတိုင်းလွှတ်ပေးထားခဲ့တာ၊ ဒီအကြောင်းစောစောပိုင်းကတည်းကသိခဲ့ရင် ငါ မရမကမေးမှာပေါ့ကွာ၊ ဒီကောင့်ပါးစပ်ထဲကအံကိုထွက်လာရမယ်၊ အင်း၊ ဒါပေမယ့် ခုလည်းမနှောင်းသေးပါဘူးလေ"

"ဟာ၊ အစ်ကို၊ ဒါဆိုဒီလူကို ဘယ်လိုလိုက်ရှာကြမလဲ"

"စောင့်ကြည့်ရမှာပေါ့ကွာ ... ဒီကောင် ခုတလောမှာပျောက်နေတယ်ကွ၊ လာတော့လာဦးမှာပါကွာ၊ ငါတို့ ဒီကောင်သွားလာနေကြလမ်းကနေသွားပြီးတော့ စောင့်ကြည့်ကြမယ်"

ထိုအကြံကို သိုးတို့ကလည်း လက်ခံကြသည်။ မင်းနောင်သည်သူ့ဆောင်ဓားကြီးကိုပါတစ်ပါတည်း ယူဆောင်လာခဲ့သည်။ အမှန်တော့ သိုးသည် သူ့ကိုတမင်တကာလာရောက်၍ရှာသည်ဟူသောအထင်မျိုးမရောက်ရှိစေရန် အကူအညီတောင်းသည့်အခြေအနေမျိုးဖန်တီးလိုက်ခြင်းပင်။

သို့သော် တဖက်ကစဉ်းစားလျှင်လည်း ...

"ဒီဓားဟာ အပြင်မှာ အကြာကြီးထားလို့မကောင်းဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေးနိုင်တယ်၊ ဖျောက်ဖျက်ပစ်လိုက်ကြ''

ဟူသောအဘမိုး၏စကားကြောင့်လည်းပါသည်။ ဓားကိစ္စနှင့်ပတ်သက်ပြီး အဘမိုး၏ပြောစကားကို ရွာသူရွာသားများအား မပြောပြ၊ ဓား၏အကြောင်းကိုသာခြေခြေမြစ်မြစ်သိခဲ့ကြလျှင်--

''ရာဇဝတ်သားတွေကို ကွပ်မျက်ခဲ့တဲ့ ဒီဓားကြီးဟာ မကောင်းဆိုးဝါးတွေစီးနေလို့လား''

ဟု တောင်တောင်အီအီအတွေးတွေနှင့် တွေးကြ၊ မေးကြမှာအမှန်ပင်။ ဓားကြီးပျောက်ဆုံးသွားသည့်အတွက်လည်း ဝမ်းသာနေကြသည်ကအမှန်၊ ဖိုးခွေးကသာ ဘာမသိ၊ ညာမသိနှင့် ယူသွားခဲ့သည်။ ယခုတော့ မင်းနောင်နှင့်လည်း အဆက်အသွယ်ပြန်ရ၊ ဓားကိစ္စလည်း ပြီးမြောက်စေ၊ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်သဘောမျိုးဖြစ်သွားသည်။ ဓားကိစ္စနှင့် ပတ်သက်ပြီး သိုးနှင့်ဖိုးကျော်တို့နှစ်ယောက်တည်း လှုပ်ရှားနေကြသည်။

ရွာကိုအသိပေး၍မဖြစ်၊ သိကုန်လျှင် ကျယ်ပြန့်သွားနိုင်သည်။ အဘမိုးသည် ဤဓားကိစ္စနှင့်ပတ်သက်ပြီး သိုးကိုပြောပြခဲ့သည်က အကြောင်းတစ်စုံတရာများ ရှိခဲ့လေမလား။ ဤဓားကိစ္စနှင့်ပတ်သက်ပြီး သိုးက ပြီးမြောက်အောင်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ထားမိ၍လား၊ သို့မဟုတ် မင်းပဲလုပ်ကွာ၊ အောင်မြင်လိမ့်မယ်ဟု တိုက်တွန်းသလိုများဖြစ်နေမလား၊





တကယ်တော့ အဘမိုးသည် အိမ်ထဲမှာပဲနေသည်ဆိုပေမယ့် အပြင်ကကိစ္စများအားလုံးကို သိနေသည်။ နောက်ထပ်လည်း သိနေတာတွေ ရှိချင်ရှိလိမ့်ဦးမည်။

မင်းနောင်သည် တစ်နေရာကိုအရောက်တွင် ...

''ဟောဟိုက တောလမ်းလေးကို တွေ့သလား၊ အဲဒါ ပါပဆိုတဲ့ကောင် သွားလာနေကြလမ်း၊ ဒီအကောင် လွန်ခဲ့တဲ့ တစ်ပတ်လောက်ကတည်းက ယောက်ယက်ခတ်နေတာကွ၊ ဘာကြောင့်လည်းတော့မသိဘူး၊ အဲဒီကတည်းက ပျောက်သွားခဲ့တာ ခုထက်ထိပဲ၊ အင်း ဒီကောင် ဒီနေရာနဲ့သိပ်ကင်းကွာလို့မရဘူး ရောက်လာလိမ့်မယ်ထင်တယ်''

ပြော၍မှမဆုံးမီ တစ်ခဏအကြာတွင် လူသံသူသံ၊ စကားပြောသံများလိုလို ကြားလိုက်ကြရသည်။ ထို့ကြောင့် ချုံကွယ်တစ်ခုမှာ ပုန်းအောင်းပြီး နေလိုက်ကြသည်၊ လမ်းပေါ်ကို စိတ်ဝင်စားစွာနှင့်ကြည့်နေမိကြသည်။ သိပ်မစောင့်လိုက်ကြရပါ။ လူတစ်စုသည် တောလမ်းအတိုင်းလျှောက်လာနေကြသည်။ ကြည့်လိုက်သည်နှင့်သိသည်။ ထိုငါးယောက်အထဲတွင် ပါပ မပါ။

ပါပနှင့်မဆိုင်ဘဲ အကြောင်းတစ်ခုခုနှင့်ရောက်လာကြသည့်သူများဟု ထင်မိလိုက်ကြသည်။ သို့သော် ထိုသူများသည် သူတို့ရှေ့မလှမ်းမကမ်းမှာ ရပ်လိုက်ကြ၏။ လောင်းအုတ်အကျိ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုဝတ်ထားပြီး သကလပ်ဦးထုပ်ကိုဆောင်းထားသည့်သူက–

"ပါပလည်းရောက်မလာသေးဘူး။ ဒီလူက ကြို့စောင့်နေမယ်ဆိုပြီးတော့"

ထိုသူကိုကြည့်ရသည်မှာ ချမ်းသာကြွယ်ဝပုံရသည်။ ရွှေနာရီ ရွှေဆွဲကြိုးကြီးတွေနှင့် ဟီးနေသည်။ ရှေးဟောင်းပစ္စည်းခိုးထုတ်သော အရောင်းအဝယ်အလုပ်နှင့် ဟန်ကျနေပုံရသည်။ သူတို့သည် ပါပနှင့်အဆက်အသွယ်ရှိနေကြသူပင်တည်း။ မရဏစေတမန်ဓားကြီးနှင့်ပတ်သက်ပြီး စိတ်ဝင်စားနေကြသူများ ဖြစ်သည်။

တစ်ခဏအကြာတွင် ...

ခြေသံကြောင့် အားလုံးလှုပ်လှုပ်ရှားရှားဖြစ်သွားခဲ့ကြရသည်။

သူတို့ဆီကို လျှောက်လာသူတစ်ယောက် ပါပပင်။

"ရောက်လာပြီ ..."

"ဆရာတို့ ရောက်နေတာကြာပြီလား"

"မင်းက အခုမှ ဘာဖြစ်လို့ရောက်လာခဲ့ရတာလဲ၊ ငါတို့အဝေးကြီးကလူတွေတောင် အချိန်မီရောက်နှင့်နေကြပြီ"

ထိုသူက မကျေမနပ်နှင့်ပြောလိုက်လေ၏။

"မဟုတ်ဘူးဆရာ ... ဟိုကောင် ဖိုးအေးက ကျွန်တော့်





ကို ဂျီကျနေလို့ ... ဒီကောင်က ဘယ်လောက်ပေးပေး သောက်စားလို့ကုန်သွားရင် ... လာပြန်တောင်းတာပဲ၊ ပေးလို့ကို မဆုံးနိုင်တော့ဘူး"

"မင်းက မီးသေအောင်မှလုပ်မထားဘဲကွ၊ ကဲ ဘယ်မှာလဲ ပစ္စည်း"

"ရှိပါတယ်ဆရာ ... လိုက်ခဲ့ပါ"

"အေး ... မြန်မြန်လုပ်ကွာ ... ငါတို့လည်း အချိန်သိပ်ရတာမဟုတ်ဘူး ... ဟိုရှောင်ဒီကွင်းနဲ့ ခြေရာဖျောက်ပြီးတော့မှ ရောက်လာခဲ့ရတာ"

"ကျွန်တော် တောင်းပန်ပါတယ်ဆရာ၊ ခုချက်ချင်းပဲ ကျွန်တော်နဲ့အတူလိုက်ခဲ့ကြပါ"

ပါပသည် ရှေ့ကနေထိုသူတို့ကို ဦးဆောင်ပြီးတော့ ခေါ်သွားခဲ့လေသည်။

ယင်းကိစ္စမတိုင်မီ အဖြစ်အပျက်တစ်ခုကား ...



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ည မိုးမလင်းမီအချိန်လောက်တွင် လူတစ်ယောက်သည် မိုးမဲ့ရွာ၏ကမ်းခြေဆီသို့ ရောက်လာခဲ့လေ၏။ ယင်းရွာသားတစ်ဦးပင် ဖြစ်သည်။ သူသည် ကမ်းနှင့်မနီးမဝေးရှိ ညောင်ကြွတ်ပင်ကြီး၏အနားကို ရောက်လာခဲ့သည်။ အချိန်ကရောင်နီပျို့ခါစပင် ရှိသေးသည်။ မိုးအောက်မြေပြင်ပေါ်ကို အလင်းသည် နှံ့စပ်စွာ မဖြန့်ကြက်နိုင်သေး။ ထီးတည်းမားမားတည်ရှိနေသော ညောင်ကြွတ်ပင်ကြီးသည် မည်းမည်းငုတ်တုတ် အသွင်သဏ္ဍာန်မျိုးနှင့် ငြိမ်သက်စွာရှိနေရာက ...

"ဖရော ... ဖျော ... ဖျော"

လေပြင်းတစ်ချက်တိုက်ခတ်လိုက်စဉ်တွင် အတိုင်းအခက်အရွက်အလက်များက လှုပ်ခါသွားခဲ့ကြလေ၏။

"ဘုတ်"





ထိုစဉ် အရာတစ်ခုက အပင်ထက်မှ ပြုတ်ကျလာခဲ့သည်။

"ဟင်"

ရွာသားသည် လန့်ပြီးတော့ ထခုန်မိလိုက်လေ၏။ အပင်ထက်မှ အောက်ကိုပြုတ်ကျလာသောအရာသည် သူ့ဆီကို လိမ့်လိမ့် လိမ့်လိမ့်နှင့်ရောက်လာခဲ့လေ၏။ ခြေထောက်အနားကိုရောက်တော့မှရပ်သွားခဲ့လေသည်။ သူသည် မျက်မှောင်ကုတ်ကာ ငုံ့ကြည့်လိုက်မိသည်။ အရာဝတ္ထုသည် ထူးခြားသည်ဟုထင်လာမိ၍အမှတ်တမဲ့ကောက်ယူမိလိုက်လေသည်။

"ဘာကြီးပါလိမ့်"

သေချာစွာကြည့်မိရာ ရုပ်တုတစ်ခုဖြစ်နေသည်ကိုသိလိုက်ရသည်။ ရုပ်တု၏မျက်နှာကို အလင်းရောင်ပါးပါးအောက်မှာမြင်လိုက်ရသောအခါ ရင်ထဲမှာ တစ်မျိုးဖြစ်သွားခဲ့ရသည်။ ကြောက်စိတ်၊ ရွံရှာစိတ်၊ မသဒ္ဒါစိတ်များက ချက်ချင်းလိုလိုပင်ဖြစ်ပေါ်ခံစားမိလာခဲ့လေ၏။

"ဒီအရုပ်ကြီးဟာ ကြည့်ရတာ ကျက်သရေတုံးလိုက်တာ၊ သစ်ပင်ပေါ်ကို ဘယ်သူက လာတင်ထားတာပါလိမ့်"

သူသည် ညောင်ကြွတ်ပင်ကြီးပေါ်ကိုပင် ပြန်တင်ဖို့စိတ်ကူးလိုက်သေးသည်။ သို့သော် ချက်ချင်းမှာပင် ရည်ရွယ်ချက်က ပြောင်းလဲသွားခဲ့ရပြီ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုကွာ ... ရှုပ်ပါတယ် ... ဒီဟာကြီးဟာ ဘယ်က ရောက်လာမှန်းမသိနဲ့ ကောင်းကျိုးပေးမယ့်ပုံတော့မပေါ်ဘူး"

သူသည်အရုပ်ကိုလက်မှကိုင်ကာ ကမ်းစပ်ဆီကိုလျှောက်သွား၏။ ချောင်းထဲသို့ ပစ်ချလိုက်သည်။ သို့သော် ရုပ်တုသည် လက်မှလွတ်ထွက်မသွား။ တစ်ခုခုနှင့်ငြိနေသလို မြဲမြဲနေလေ၏။

"ဘာနဲ့ငြိနေပါလိမ့်"

ဘာနဲ့မှ မငြိ၊ သူ့ စိတ်မရှည်စွာဖြင့် အကြိမ်ကြိမ်ကြိုးစားကြည့်တော့မှ လွတ်ထွက်သွားခဲ့လေတော့၏။

"ဘွမ်း"

ရေထဲကိုကျသွားခဲ့သည်။ အလင်းရောင်သည် ထင်ရှားလာခဲ့ပြီဖြစ်၍ ရေထဲမျောပါသွားသော ရုပ်တု၏သဏ္ဍာန်ကို ကောင်းစွာမြင်တွေ့လိုက်ရလေတော့၏။

ပါးစနှင့်လူတစ်စုသည် တောနက်ထဲကို တဖြည်းဖြည်းနှင့် ဝင်ရောက်လာကြသည်။ တစ်ခါတစ်ရံမှာ အလင်းရောင်က ပျောက်သလိုပင် ဖြစ်သွားခဲ့ရသည်။ အပင်ကြီးများက နီးကပ်နေကြကာ အကိုင်း၊ အခက်၊ အရွက်တွေက ယှက်နေကြသော ကြောင့်ပင်။

"ပါပ၊ မင်းပစ္စည်းကို ဒီလောက်ဝေးတဲ့အထိ လာထားရသလားကွ ... မင်းဟာက ဟုတ်ကောဟုတ်သေးရဲ့လား"





"ကျွန်တော်က အရေးကြီးတဲ့ပစ္စည်းမို့ ဒီလိုပဲထားတတ်တယ်လေ၊ ခါတိုင်းလိုပဲဟာ"

ကိုဦးသည် ကြက်တောကိုသက်သာမကောင်းဖြစ်လာမိသည်။

"ဟော့ကောင် ... မင်းပစ္စည်းကော ရှိသေးရဲ့လား၊ တစ်ယောက်ယောက်ကများ လက်ပြောင်းလက်လွှဲလုပ်လိုက်ပြီလား။ ဝါ့ဆီက စရံငွေတွေယူထားပြီးတော့ ဒီလိုလူလည်ကျရင် မင်းနာမယ်နော်"

"ဟာ ... ဆရာ ... ကျွန်တော် ဒီလိုအကျင့်မျိုးမရှိပါဘူး။ ကျွန်တော့်အကြောင်း ဆရာလည်းသိသားနဲ့၊ လက်တွဲလာခဲ့တာပဲ ဘယ်လောက်ကြာခဲ့ပြီလဲ"

ပါပက သူ့ကို ခုလိုစွပ်စွဲတာ မခံချင်။ ဟုတ်တော့လည်းဟုတ်သည်။ ပါပသည် ဤအလုပ်မျိုးကို လုပ်နေမင့် သစ္စာတော့ရှိသည်။ ကိုဦးဆိုသည့်လူက ရှေးဟောင်းပစ္စည်းများကိုခိုးထုတ်သည့်ဘက်မှာ နာမည်ကြီး။ ကုန်းလမ်း၊ ရေလမ်းများကအဆင်ပြေလျှင်ပြေသလို ထုတ်တတ်သည်။ ပါပသည် သမိုင်းကြောင်းရှိသည့်ပစ္စည်းမျိုးကို ရတတ်သည်။ ထို့ကြောင့် ကိုဦးက သူ့ကိုအားထားမိသည်။ ပစ္စည်းအလိုက် ကောင်းသောပါဖကိုငွေကြိုတင်ပေးထားတတ်သည်။

"ဒီတားကိစ္စကို လူတချို့လည်းသိသွားခဲ့ပြီဆရာ၊ ဒါမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



အနှံ့ခံတတ်ကြတဲ့သူတွေဆီ၊ တစ်ဆင့်စကား၊ တစ်ဆင့်နားဆိုသလို ရောက်သွားခဲ့တာပေါ့၊ ဒါပေမယ့် ကျွန်တော့်လက်ထဲရောက်နေတယ်ဆိုတာကိုတော့ သိချင်မှသိကြလိမ့်မယ်၊ ဖိုးခွေးအာမချောင်ပါစေနဲ့လို့တော့ ဆုတောင်းရတာပဲ၊ သိသွားခဲ့ကြရင်လိုက်လာကြမှာ၊ ကျွန်တော်က အလုပ်တစ်ခုကို ရှင်းရှင်းလေးပဲလုပ်ချင်တယ်''

''အေးပါကွာ ... ငါက မင်းကိုမယုံလို့မဟုတ်ပါဘူး။ စိတ်ပူပြီးပြောမိလိုက်တာပါ ... မင်း ဒီတောထဲမှာ သွားလာနေတာကို ဘယ်သူမှမသိကြဘူးမဟုတ်လား''

''မသိ ... ဟာ ... မဟုတ်သေးဘူး ... ဖိုးခွေးအပြင်လူတစ်ယောက်ကတော့သိနေတယ်ဆရာ''

''ဘယ်သူလဲကွ ... ဒီလူက မင်းကိုအနှောင့်အယှက်ပေးမယ့်လူလား''

''ဆန်းတော့ဆန်းတယ်ဆရာ ... အဲဒီလူက မျက်စိမမြင်ဘူး။ အဖြူထည်မျက်လုံးတွေနဲ့ ... ဒါပေမယ့် အရာရာအားလုံးကို မြင်နိုင်သလိုပဲ၊ စားရေးလည်းကျွမ်းပုံရတယ် ... ကျွန်တော်နဲ့ပြဿနာတက်လိုက်သေးတယ်''

ပါပဓါစကားကြောင့် နောက်မှပုန်းလျှိုးကွယ်လျှိုးနှင့်လိုက်လာခဲ့ကြသော သိုးတို့သည်ပင် ခြေလှမ်းတန့်သွားမတတ်





ဖြစ်သွားခဲ့ကြရသည်။

''မင်းစကားက ဘာလဲကွ ... မျက်စိမမြင်တဲ့သူလို့လည်းပြောသေးတယ် ... အရာရာအားလုံးကို မြင်နိုင်သလိုပဲလည်းပြောတယ်၊ ငါက ဘယ်လိုနားလည်ရမှာလဲကွ''

''ဟုတ်တယ် ... ကျွန်တော်ပြောတဲ့အတိုင်းပါပဲဆရာ၊ သည့်ထက်ပိုပြီးတော့လည်း ရှင်းမပြတတ်တော့ဘူး''

''ခုကော ... ဒီလူကိုတွေ့သေးသလား''

''မတွေ့တော့ဘူးဆရာ''

''ဒါနဲ့များကွာ ... တစ်ခါတလေတွေ့တဲ့သူကိုကြောက်နေရသလား''



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)
## ထူးခြားသောဂူတစ်လုံး

မင်းနောင်သည် သူတို့ပြောနေကြသော စကားများကို ကြားလိုက်ရ၍ စိတ်ထဲမှာ ‘တစ်မျိုးဖြစ်သွားခဲ့ရသည်။

“အင်း ဒီလူတွေနဲ့များပက်ပင်းတိုးမိရင် ပြဿနာတော့ ကောင်းကောင်းတက်တော့မှာပဲ”

“ကိုမင်းနောင် ကြားတယ်မဟုတ်လား”

“အင်း ကြားတယ်လေ၊ ခုနေ ရန်ရှာကြည့်ပါလား။ ဘာဖြစ်သွားမလဲဆိုတာ”

လေသံဖြင့် ပြန်ပြီးတော့ပြောလိုက်သည်။ နောက်ယောင်ခံပြီးတော့ ဆက်လိုက်ကြရာ မထင်မှတ်ဘဲ မျက်ခြည်ပြတ်သွားခဲ့လေသည်။

“ဟင် ... မတွေ့တော့ဘူး။ ဘယ်ရောက်သွားကြပါလိမ့်”





ချုံအကွယ်တစ်ခုလောက်ပဲခြားသွားသည်နှင့် ရှေ့တလူတွေကိုမတွေ့ရတော့၊ အံ့အားသင့်သွားခဲ့ကြသည်။

“ငါတို့ နောက်ကနေလိုက်နေကြမှန်းသိလို့ ကိုယ်ယောင်ဖျောက်လိုက်ကြတာလား”

“ဟုတ်တယ် ... သတိတော့ထားမှ”

သက်ာမကင်းဖြစ်သွားခဲ့ကြသည်။ ထို့ကြောင့် ဆက်မသွားကြတော့ဘဲ အကွယ်တစ်ခုမှနေ၍ အသာစောင့်ကြည့်နေကြသည်။

“ဖျတ် ... ဖျတ် ... ဖျတ် ... ဖျတ်”

အမှတ်မထင် တဖျတ်ဖျတ်နှင့် အသံများထွက်ပေါ်လာသည်။ အသံထွက်ပေါ်လာရာဆီကို လှည့်ကြည့်လိုက်ကြသည်။

“ဟင်”

သူတို့တွေ့လိုက်ကြရသည်ကား လူသေးသေးမှုပုလေးသုံးယောက်။ ပါပတို့ပျောက်သွားခဲ့ကြသည်။ ချုံနှင့်မလှမ်းမကမ်းမှာ ရပ်နေကြသည်။

“တောလူလေးတွေပါလား”

မင်းနောင်၏နှုတ်မှ ထွက်လာသည့်အသံ၊ သိုးနှင့်ပေါက်ကျော်တို့သည် အံ့အားသင့်သွားခဲ့ကြသည်။ ထိုလူပုလေးသုံးယောက်တို့၏နေရာသည် သူတို့နှင့်ခဲတပစ်စာကွာလှမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



လူသာမန်တို့၏မျက်လုံးများနှင့် မြင်နိုင်သော်လည်း မင်းနောင်လို အမြင်အာရုံချို့ယွင်းနေသူများအဖို့ မည်သို့မှ မြင်နိုင်မှာမဟုတ်။ ယခုတော့ မြင်နေသလိုပင်။

ထို့အပြင် မင်းနောင်သည် ထိုလူပုသေးလေးများကို တောလူဟုခေါ်လိုက်သည်။ တောထဲမှာနေကြသည့် လူသားဆန်သည့်လူ၊ ထိုနာမည်က သဘာဝကျလွန်းလှပါသည်။ [တောလူနှင့်ပတ်သက်သည့်အတွေ့အကြုံများကို ဟိုမှ၊ သည်မှ ကြားသိနေရသည်။ အချို့ကလည်း အမှန်တကယ်ကိုယ်တွေ့ရှိခဲ့ကြသည်။ သူတို့သည် နှင်းလူများကဲ့သို့ပင် တမင်တကာလိုက်ရှာကြလည်း တွေ့နိုင်သည်မဟုတ်။ အမှတ်မထင်သွားလာရင်း ပက်ပင်းတိုးမိမှသာ ကြုံမိပါလားဟု သိရသည့်အဖြစ်မျိုး။

သို့သော် သူတို့သည် တောတွင်းတစ်နေရာရာမှာသာ နေကြသည်။ အုသိုက်အမြုံ ကျင်းများမှာသာနေတတ်ကြသည်။ လျှို့ဝှက်လွန်းလှသောကြောင့် သူတို့နေထိုင်ကြသောနေရာကို လွယ်ကူစွာရှာမတွေ့နိုင်ပါ။ သစ်ပင်တက်လည်း ကျွမ်းကျင်ကြသည်ဟု သိရလေသည်။ တောလူနှင့်ပတ်သက်ပြီး အတွေ့အကြုံရှိကြသူများ ရှိကြပါလိမ့်မည်။ ထို့ထက်မက ပိုပြီးတော့ သိခွင့်ရလျှင် ဗဟုသုတတိုးပွားပါလိမ့်မည်။]

"အစ်ကိုက သူတို့ကိုမြင်ဖူး၊ သိဖူးနေသလား"





"တစ်ခါတစ်ခါ တွေ့ရတတ်တယ်၊ သွားတာ လာတာ သိပ်မြန်တယ်၊ လူမြင်မခံဘူး၊ လှစ်ခနဲဆို ပျောက်ပျောက်သွားတတ်တယ်"

"ကျွန်တော်တို့လည်း သူတို့နဲ့ဆုံဖူးတယ်၊ မြေထိုင်ဝက်ဝံကြီးတစ်ကောင်က အန္တရာယ်ပေးလို့ ကူညီခဲ့ဖူးတယ်"

"ဟုတ်လား၊ ဒါကြောင့်မို့ သူတို့က မင်းကိုသိနေကြတယ်ထင်တယ်၊ ဆက်မသွားကြဘဲရပ်နေကြတယ်"

"တခြား'တောလူ'တော့ မဖြစ်နိုင်ဘူး၊ ဟုတ်တယ်၊ သူတို့ပဲဖြစ်ရမယ်၊ တမင်တကာ ရပ်စောင့်နေတာတော့ မဟုတ်ဘူး၊ အကြောင်းတစ်ခုခုတော့ရှိရမယ်"

"ဟုတ်တယ်သိုး၊ မင်းပြောတဲ့အတိုင်းပဲ ဖြစ်ရမယ်"

ထိုစဉ် တောလူတစ်ယောက်ဆီက အသံပြာပြာနှင့် (အူးအာ နှင့် စူးရှရှပြာပြာအသံမျိုး)ထွက်လာသည်။ တစ်နေရာကိုလည်း လက်ညှိုးထိုးပြနေလေသည်။

"အစ်ကို ... ဒီလူလေးတွေရဲ့ အပြုအမူက ဆန်းတယ်၊ တစ်နေရာကို လက်ညှိုးထိုးပြနေတယ်၊ အကြောင်းတော့ရှိရမယ်"

"အေး ... အဲဒီဘက်ကို သွားကြည့်ကြတာပေါ့ကွာ၊ စောစောက လူတွေများဖြစ်နေမလား၊ သင်းတို့ရှိတဲ့နေရာကို



www.burmeseclassic.com

www.burmeseclassic.com



သိကြတယ်နဲ့တူတယ်''

မင်းနောင်က ထိုကဲ့သို့ပင် တွေးလိုက်သည်။ တောလူသုံးယောက်သည် ထိုနေရာမှ ထွက်သွားခဲ့ကြသည်။ အပြေးထွက်သွားကြခြင်းမဟုတ်၊ ခြေလှမ်းသွက်သွက်နှင့် ထွက်သွားခဲ့ကြခြင်းပင်။ သိုးတို့ကို နောက်မှလိုက်လာစေလိုသည့်ဆန္ဒက ထင်ရှားနေသည်။ ထို့ကြောင့် သိုးတို့လည်း မျက်ခြည်မပြတ် လိုက်သွားခဲ့ကြလေသည်။ တောလူလေးများမှာ လူသေးသလောက် လမ်းလျှောက်ပုံက လှစ်လှစ်၊ လှစ်လှစ်နှင့်ပင် နေကြသည်။ သူတို့သည် အသိုက်အမြုံကို လျှို့ဝှက်ထားကြသူများ ဖြစ်ကြသည်။ လူသိခံကြမှာမဟုတ်။ ယင်းနေရာဆီကိုလည်း ခေါ်သွားကြမှာမဟုတ်။

အနိမ့်ပိုင်းဆီကို ဆင်းသွားခဲ့ကြသည်။ သိုးတို့လည်း လိုက်ပြီးတော့ ဆင်းသွားခဲ့ကြလေသည်။ တော၏အနက်ရှိုင်းဆုံးအပိုင်းသည် ဤနေရာပင် ဖြစ်လိမ့်မည်ဟုထင်မိသည်။ သစ်ပင်ကြီးတွေများသည်။ ချုံနွယ်ပိတ်ပေါင်းတွေများသည်။ ဤတောလူလေးများခိုအောင်းပြီးနေရန် အကောင်းဆုံးနေရာဖြစ်သည်။

တစ်နေရာကိုအရောက်တွင် ...

''ဝေါ ... ဝေါ ... ဝေါ ... ဝေါ''

တဝေါဝေါနှင့် စီးဆင်းနေသော ရေသံများကို ကြားလိုက်





ကြရသည်။ မကြာမီ ထိုနေရာကို ရောက်သွားခဲ့ကြသည်။ ရိုးချောင်းငယ်လေးတစ်ခုသည် တောထဲမှာဖြတ်ပြီး တစ်နေရာကို စီးဆင်းလျက်ရှိသည်။ ပင်မချောင်းကြီးထဲက ခွဲထွက်ပြီး တောနက်ထဲကိုဖြတ်ကာ စီးဆင်းနေသည်။ တောလူတစ်ဦးသည် ချောင်းစပ်မှာရပ်ကာ ရေထဲကိုငုံ့ကြည့်နေသည်။

လက်ထဲမှာလည်း ဝါးချွန်သေးသေးလေးကို ကိုင်ထား၏။ ချက်ချင်းပင် ရေထဲကို ထိုးချလိုက်၏။ ပြန်ရုပ်လိုက်တော့ ငါးတစ်ကောင်က တဖျတ်ဖျတ်နှင့် လွန့်လူးကာ ပါလာခဲ့လေသည်။ သွားရင်း၊ လာရင်း သူတို့၏စရိုက်သဘာဝတစ်ခုကို တွေ့လိုက်ကြရခြင်းပင်။ ထို့နောက် ငါးကို ပါးဟက်မှနေ၍ နွယ်ကြိုးသေးသေးလေးဖြင့် သီယူလိုက်သည်။ အသိဉာဏ်ကြီးမားသောလူသားတစ်ဦး၏ အပြုအမူအတိုင်းပါတကား။ သွားရင်းလာရင်း ငါးတစ်ကောင်ကို အမိအရဖမ်းသွားခဲ့သေးသည်။ သို့သော် သိုးတို့နောက်မှ လိုက်ပါလာ၊ မပါလာ၊ မကြာခဏလှည့်ကြည့်တတ်ကြသည်။ တစ်နေရာကိုအရောက်တွင် ရှေ့မှကြိုပြီးတော့သွားနေ၈ ၈ လူပုကလေးများသည် ရပ်လိုက်ကြ၏။

''သူတို့ ဆက်မသွားကြတော့ဘူးအစ်ကို''

''အေး ... အဲဒီနေရာမှာ ထူးခြားချက်တစ်ခုခုရှိလိမ့်မယ် ထင်တယ်''



www.burmeseclassic.com

www.burmeseclassic.com



တောလူ လူပုလေးတစ်ယောက်က အူးအူးအဲအဲနှင့် စကားသံထွက်လာခဲ့သည်။ ထို့နောက် သိုးကို လက်ညှိုးထိုး လိုက်သည်။

"သိုး ... မင်းကို လက်ညှိုးထိုးပြနေတယ်ကွ"

"ငါ သွားရမလား"

"ဒီကောင်လေးတွေက လူတွေနဲ့အဆက်အဆံပြုရမှာကို လိုလားကြတာမဟုတ်ဘူး။ မင်းက သူတို့အသက်ကို ကယ်ထား လို့ အရောဇာဝင်လုပ်ချင်တာဖြစ်မယ်၊ သွားလိုက်"

မင်းနောင်က တိုက်တွန်းသည်။ ထို့ကြောင့် သိုးလည်း သူတို့ဆီကို လျှောက်သွားခဲ့လေသည်။ သို့သော် တောလူသုံးဦး က သိုးအနားကိုမရောက်မီ နောက်ကို သုံးလေးလှမ်းမျှ ဆုတ် လိုက်၏။ ထို့နောက် တစ်နေရာကိုလက်ညှိုးထိုးပြလိုက်သည်။ သိုးသည် တောလူလေးများကို အနီးကပ်မြင်ဖူးလိုက်ခြင်းပင်။ အတော်လေးကို လူသားဆန်သောမျက်နှာမျိုးဖြစ်သည်။တိရစ္ဆာန် လည်းမဟုတ်၊ လူတစ်ပိုင်း၊ တိရစ္ဆာန်တစ်ပိုင်းလည်းမဟုတ်။ သို့စဉ်လျက် မည်သည့်အတွက် ဤမျှအထိ သေးကွေးနေကြပါ သလဲ။

သိုးက သူတို့ကို ရနိုင်သမျှသောအချိန်တိုတိုအတွင်းမှာ လေ့လာမိလိုက်သည်။ ထိုစဉ် တောလူသုံးယောက်သည် နေရာမှ ချက်ချင်းပင်လှည့်ထွက်သွားခဲ့ကြလေ၏။ အနားကိုအကပ်မခံကြ ဘဲ ရှောင်တိမ်းသွားခဲ့ကြခြင်းပင်။ တောထူထူထဲကို ဝင်ရောက် ပျောက်ကွယ်သွားခဲ့ကြလေ၏။



သိုးကလည်း တောလူလက်ညှိုးထိုးပြလိုက်သည့်ဆီကို လှမ်းပြီးတော့ ကြည့်မိလိုက်လေရာ ...

"ဟင် ... "

ဂူတစ်လုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ဂူက ခပ်သေးသေးပင်။ ဘေးနှစ်ဘက်မှာ ချုံများက ဖုံးလွှမ်းလျက်ရှိ နေကြသည်။ မင်းနောင်နှင့်ပေါက်ကျော်တို့သည်လည်း သိုးဆီကို ရောက်လာခဲ့ကြသည်။

"ဘာထူးသလဲ သိုး"

"ဟိုမှာ ဂူတစ်လုံးကွ ... တောလူလေးတွေတော့ ထွက်သွားကြပြီ ... သူတို့က အဲဒီဂူကိုပြခဲ့တာကွ၊ ကေနှ ပါပ တို့ဝင်သွားကြတာ အဲဒီဂူပဲဖြစ်ရမယ်"

"ဟုတ်တယ် ... ငါ့ညီ တောလူလေးတွေက အကြောင်း မရှိဘဲ ဒီဂူကိုပြခဲ့မှာမဟုတ်ဘူး"

သိုးသည် ဆိုင်လိုက်ကာ မြေပြင်တစ်နေရာကို စစ်ဆေး ကြည့်လိုက်သည်။ ထို့နောက် လေသံဖြင့် ...

"ခြေရာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျိန်းသေနေပြီ၊ ဒီလူတွေ ဟောဟိုဂူထဲကိုဝင်သွားခဲ့ကြတာပဲ"

"မင်းတို့ပြောတဲ့ ဓားကြီးကို ပါပဟာ အဲဒီဂူထဲမှာပဲ ထားသလား ... အင်း ... ဂူထဲမှာ တခြားစိတ်ဝင်စားစရာကောင်းတာတွေရှိလိမ့်ဦးမယ်ထင်တယ်"

မင်းနောင်က အမှတ်မှုထင်ပြောလိုက်လေသည်။ သို့သော် သိုးနှင့်ပေါက်ကျော်တို့က ထိုစကားကို မှတ်ထားမိလိုက်သည်။

"ဘယ်လိုလဲ ... ဝင်လိုက်ကြမယ်မဟုတ်လား"

"ဝင်မယ်မျာ ... ကျွန်တော်တို့လာတာ အဲဒီဓားကိုစွပဲမဟုတ်လား၊ ပေါက်ကျော် မင်းကော"

"အတိုင်းထက်အလွန်ပေါ့ကွာ ... ဒီလူတွေကို ငါတို့ကကြောက်ဖို့မလိုပါဘူး"

သည်လိုနှင့် ဂူဆီကိုတဖြည်းဖြည်းနှင့် ချဉ်းကပ်လာခဲ့ကြသည်။

သူတို့သည် အစောင့်ချထားခဲ့ခြင်းရှိ၊ မရှိ ပါးနပ်စွာလေ့လာကြရသေးသည်။ ဂူသည် အဝေးကအမြင်နှင့်ကွာခြားသည်။ အနီးရောက်ကာမှ အလတ်စားဂူဖြစ်နေသည်။ ဂူပေါက်ကတော့ ကျယ်သည်။ ဂူဝမှာလည်း ခြေရာများကိုတွေ့လိုက်ကြရသည်။ ထိုသူများ ဂူထဲသို့ ဝင်သွားခဲ့ကြသည်မှာ ကျိန်းသေနေ





လေပြီ။ မင်းနောင်သည် ဂူဝမှာရပ်ကာ အထဲကိုလှမ်းကြည့်လိုက်သည်။

"ဒီကောင်တွေ အတွင်းဘက်ကို ရောက်သွားခဲ့ကြပြီကွ။ ဂူက အထဲမှာ ပိုပြီးတော့ကျယ်တယ် ... ပြီးတော့ ဂူလိုဏ်လမ်းတွေလည်းရှိတယ်၊ အဲ ... ဒီထက် စိတ်ဝင်စားဖို့ကောင်းတာတွေလည်းရှိသေးတယ်ကွ"

မင်းနောင်က တောက်လျှောက်ပင် ပြောချလိုက်သည်။ ထိုအခါ သူတို့နှစ်ယောက်စလုံး အံ့အားသင့်သွားခဲ့ကြလေသည်။ မင်းနောင်လည်း မမြင်မကမ်းနှင့် ရမ်းပြီးပြောလိုက်တာလား။ ပြီးတော့ ဂူလိုဏ်လမ်းတွေရှိသည်ဆိုတာတွေ စိတ်ဝင်စားဖို့ကောင်းတာတွေဆိုတာတွေက ဘာတွေလဲ၊ မျက်စိကွယ်နေသည့်သူက မည်သို့မြင်နိုင်သလဲ။

ကြားဖူး၊ မှတ်သားဖူးထားသည့် အပိုအာရုံ(ခေါ်)တတိယမျက်လုံးများရှိနေသည်ပဲလား။ တွေး၍မှမဆုံးမီ မင်းနောင်က ဂူထဲကိုဝင်သွားခဲ့လေပြီ။ သိုးနှင့်ပေါက်ကျော်တို့သည်လည်း မင်းနောင်ကို စိုးရိမ်သွားကြ၍ အလျင်စလိုနှင့် လိုက်ဝင်သွားခဲ့ကြလေသည်။

အပြင်မှ အလင်းရောင်က ဂူထဲကိုဝင်နေသည်။ အထဲတွင် ဂူက ကျယ်သည်။ အပြင်ကနေကြည့်လျှင်တော့ ဘာမှမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အတွင်းဘက်ကို တောက်လျှောက်ဝင်သွား၍ရအောင် လမ်းကြောင်းတစ်ခုကရှိနေသည်။ မင်းနောင်သည် မျက်မမြင်တစ်ဦးကဲ့သို့ စမ်းစမ်း။ စမ်းစမ်းနှင့် သွားခြင်းမျိုးမဟုတ်ဘဲ ခြေလှမ်းမှန်မှန်နှင့်သာ သွားနေသည်။ တစ်နေရာကိုအရောက်တွင် လမ်းနှစ်သွယ်က ဘယ်၊ ညာခွဲပြီးတော့ ထွက်သွားသည်။ မည်သည့်လမ်းကို , လိုက်ရမှန်းမသိ။

အလင်းအားက လျော့သွားသည်။ သို့သော် မှောင်မနေ၍ မြင်သာသေးသည်။ သီးသည် ခြေရာများကိုကြည့်သည်။ မြေကမာနေ၍ ခြေရာမထင်၊ မင်းနောင်က တစ်ချက်ငြိမ်သက်စွာစဉ်းစားလိုက်သလိုပြုလိုက်ပြီးမှ လေသံဖြင့် ...

"ညာဘက်ကို"

ထို့ကြောင့် ညာဘက်ကို ဆက်လျှောက်သွားကြသည်။ ဂူလိုဏ်လမ်းကြောင်းကြီးက ရှည်လျားသည်။ သို့သော် အမိုးမျက်နှာကြက်မှာ အက်ကြောင်းလေးတွေက ဖြစ်ပေါ်လျက်ရှိသည်။ အလင်းရောင်သည် ယင်းအက်ကြောင်းလေးများဆီက ဝင်ရောက်လာခဲ့ခြင်းပင်။ စိတ်ထဲမှာတော့ ပါပတို့လူစုသည် တစ်နေရာရာတွင် ရှိနေကြမည်ကို အလိုလိုပင် သိနေကြလေသည်။



## အခန်း (၁၈)

## ရုပ်ကြွင်းများ

မင်းနောင် သွားနေပုံသည် စက္ခုအာရုံနှင့်မဟုတ်ဘဲ အကြားအာရုံ၊ ဃာနအာရုံအနံ့အသက်များနှင့်စိတ်မှန်းကာလိုက်နေသလိုမျိုးဟုထင်ရသည်။ တစ်နေရာကိုရောက်လျှင် တစ်ဆစ်ချိုးကွေ့သွားခဲ့ကြရသည်။ ဂူအမိုးသည် တဖြည်းဖြည်းနှင့် မြင့်တက်လာသည်။ နောက်တော့ သိလာခဲ့ရသည်မှာ ဂူအမိုးကမြင့်တက်လာခြင်းမဟုတ်ဘဲ လမ်းကြောင်းက အောက်ကိုမသိမသာနိမ့်ဆင်းသွားခဲ့ခြင်းပင်။ တစ်နေရာကိုအရောက်တွင် စကားပြောသံများကိုကြားလိုက်ကြရသည်။

"ပါပ မင်းကဒီအထဲဝင်ရလောက်အောင် ပစ္စည်းကို ဒီလောက်ထိလျှို့ဝှက်သိမ်းဆည်းထားဖို့လိုသလားကွ"

ကိုဦးကမကျေမနပ်နှင့်ပြောလိုက်သည့်အသံ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆရာကျွန်တော့်ကိုအပြစ်တင်မစောပါနဲ့၊ ဒီဓား တစ်လက်ထဲနဲ့ ဒီအထိရောက်အောင်ခေါ်လာပါ့မလား"

"ဟင် မင်းရဲ့စကားက ဘာလဲကွ၊ ဩ ငါသဘောပေါက်ပြီ၊ နောက်ထပ် မင်းရထားတဲ့ပစ္စည်းတွေလည်းရှိသေးသပေါ့ ဟုတ်လား"

"အဲဒီအတိုင်းပဲပေါ့ဆရာ – ဆရာနဲ့အဆက်အသွယ်ပြတ်နေတဲ့အတောအတွင်းမှာ ကျွန်တော်လှုပ်ရှားထားတာလေးတွေပေါ့၊ အဲဒီအတွက် ဆရာ ကျွန်တော့်ကို ထိုက်ထိုက်တန်တန်ပေးရမယ်နော်"

"ပါပ မင်းရဲ့အရည်အချင်းကို ငါသိတယ်၊ ငါကြိုက်တဲ့ပစ္စည်းဆိုရင် မင်းကိုငါငွေပုံပြီးပေးသွားမယ်၊ ငါနဲ့အလုပ်လုပ်လာခဲ့တာပဲ၊ အိုသေတော့မယ် ငါ့ကိုနည်းနည်းလေးမှ သဘောမပေါက်သေးဘူးလား"

"ပေါက်ပြီးသားပါဆရာ၊ ကျွန်တော်ကလည်းစကားအဖြစ်ကိုပြောတာပါ၊ ကဲ လာပါဆရာ၊ ကျွန်တော့်ကိုအရင်လိုပဲစိတ်ချယုံကြည်ထားလိုက်စမ်းပါ"

ပါပက ရှေ့ကနေထွက်သွားသည်။ ယင်းနေရာသည် ဂူအမိုးမျက်နှာကျက်မှာရော မြေပြင်မှာပါကျောက်တိုင်ချွန်ချွန်လေးများကိုတွေ့လိုက်ကြရသည်။ ဂူအမိုးမျက်နှာကျက်မှာတော့ အချွန်





ကြီးတွေအောက်ကိုစိုက်ကျနေသည်။ ပြုတ်ကျလာခဲ့လျှင်တော့မလွယ် တွေးမိရင်းကပင် ကြက်သီးထလာမိကြသည်။

အပေါ်ကို တစ်ချက် မော့ကြည့်မိကြသည်။ သဘာဝအလျောက်ဖြစ်ပေါ်နေကြသော ကျောက်လုံးချွန်ကြီးများသည်လှုပ်ရှားသွားခဲ့ကြသည်ဟု ထင်မိလိုက်ကြသည်။ သေချာပြန်ပြီးတော့ကြည့်လိုက်သောအခါ မူလအတိုင်းပင်၊ လှုပ်ရှားမှုမရှိကြ၊ စိုးရိမ်စိတ်ကြောင့် ယိမ်းယိုင်သွားသည့်အာရုံများပင်။

သို့သော် တစ်နေရာကိုရောက်သွားသောအခါတွင်ကားထူးခြားသောဂူကြီးတစ်လုံးကိုမြင်တွေ့လိုက်ရသည်။ ဂူကြီးထဲမှာဂူပွားတစ်ခုဟုဆိုရလေးမည်လားမသိ ယင်းဂူပွားထဲမှာ သဘာဝကျောက်ဆင့်အထပ်များကိုတွေ့လိုက်ကြရသည်။ အဆင့်ဆင့်တည်နေကြသည်မှာ လူတို့၏လက်ဖြင့်ပြုလုပ်ထားသလားဟုမင်ထင်မှတ်ရသည်။ ယင်းကျောက်ဆင့်များပေါ်တွင် ရှေးဟောင်းပစ္စည်းများကိုတွေ့လိုက်ကြရသည်။ ထူးခြားသောပန်းချီများဖြင့်ရေးခြယ်ထားသောကြွေပန်းအိုး၊ ကြွေတကောင်းများ၊ ဓား၊ လှံ၊ လက်နက်များ၊ ကျောက်ပြားပေါ်မှာစာရေးထိုးထားသော ကျောက်စာချပ်များ၊ ပုလဲပုတီးများ၊ လက်ရေးမူဖြင့်ရေးထားသောစာအုပ်တစ်အုပ်၊ စာအုပ်ပေါ်တွင်တိုက်ရိုက်ရေးဆွဲထားသော ပန်းချီကားချပ်များ (ယင်းစာအုပ်သည် ၁၄ ရာစုလောက်က အတော်ပညာ



www.burmeseclassic.com

www.burmeseclassic.com



ရှင်တစ်ဦးဖန်တီးထားသည့် စာအုပ်တစ်အုပ်ဖြစ်နိုင်သည်။ လက်ဖြစ်စာအုပ်တစ်အုပ်ပင်)

ထို့အပြင် ရုပ်ကြွင်းအရိုးခေါင်းများ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများကိုလည်းတင်ထားသည်။ ကိုဦးသည်ယင်းပစ္စည်းများကို တွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ရသည်။ ယင်းအချိန်တွင် သိုးတို့သည်လည်း ပါပတို့လူစုနှင့်မလှမ်းမကမ်းနေရာကို ရောက်နေကြပြီဖြစ်သည်။ သူတို့လည်း ဂူကြီး၏အနေအထားနှင့် ရှေးဟောင်းပစ္စည်းအချို့ကိုတွေ့လိုက်ရသောအခါ အံ့အားသင့်သွားခဲ့ကြရလေသည်။

ကိုဦးသည်လည်း စိတ်လှုပ်ရှားသွားသည် ရုပ်ကြွင်းအရိုးခေါင်းတစ်ခု၏ နဖူးပြင်တွင် သံမြားတစ်စင်းက စိုက်နေသည်။ သေဆုံးသွားသောသူသည် ရဲမက်လား စစ်သူကြီးလားမသိနိုင်။ နှစ်ကအတန်ကြာခဲ့လေပြီ။ ယခင်က ဤနေရာတွင်လူမျိုးတစ်မျိုး အခြေချနေထိုင်ခဲ့ဟန်တူသည်။ စစ်ပြေးဒုက္ခသည်များလားမသိပေ။ ဤဂူထဲမှာပင် သူတို့ဘဝနိဂုံးချုပ်သွားခဲ့ဟန်တူသည်။ ယင်းပစ္စည်းများကိုကြည့်ပြီး ...

ကိုဦးစိတ်လှုပ်ရှားသွားခဲ့ရသည်။ ရောင်းချခဲ့လျှင် မြိုးမြိုးမြက်မြက်ကလေးရနိုင်သည်။

"ဒါ ဒါတွေကို ... မင်းဘယ်ကနေရထားတာလဲ"

တုန်ယင်သောအသံဖြင့်မေးလိုက်သည်။





"ဒီဂူကြီးထဲကပဲ ကျွန်တော်လိုက်စုထားတာ၊ ဘယ့်နှယ့်လဲ ဆရာ့စိတ်ကြိုက်ဖြစ်သွားပြီမဟုတ်လား"

"နောက်ထပ် ဘာတွေရှေးထားသေးလဲ၊ ဥပမာ အဖိုးတန်ရတနာပစ္စည်းကွာ"

"မတွေ့ဘူးဆရာ ... ဒါတွေကိုပဲတွေ့လို့ကောက်သိမ်းထားတာ၊ အရင်ကတော့ ကျွန်တော် ဒီအထဲထိ မရောက်လို့ ဒါတွေရှိမှန်းမသိဘူး"

ပါပ၏စကားသည် ကိုဦး၏နားထဲမှာလျှံထွက်သွားခဲ့သည်။ သူသည် မြေပြင်အနေအထားကိုကြည့်လိုက်ကြသည်။ တူးဆွထားသောလက္ခဏာများကိုမတွေ့ရ။

"မြေကြီးထဲမှာမြှုပ်ထားတာမျိုးရှိချင်ရှိနိုင်တယ်ကွ၊ မင်းတူးမကြည့်ဘူးလား"

"ဟင့်အင်း ... ကျွန်တော်ကတော့မထင်ဘူး"

"ဒီအထဲကိုရောက်လာခဲ့တဲ့လူတွေဟာ စစ်ပြေးဒုက္ခသည်တွေဖြစ်နိုင်တယ်ကွ၊ ဟောဟိုနဖူးမှာမြားစိုက်နေတဲ့လူဟာ တစ်နေရာမှာ မြားမှန်ခံရပြီး ဒီအထိသူ့အလောင်းကိုသယ်ခဲ့တာ အတူပါလာတဲ့သူတွေက အဲဒီလူကိုတမင်သယ်လာခဲ့ကြပုံထောက်ရင် သူတို့ရဲ့အကြီးအကဲလား၊ ဒါမှမဟုတ် ရာထူးအဆင့်မသေးတဲ့ သူတစ်ဦးဦးပဲဖြစ်ရမယ်၊ အဲဒီလူတွေဆီမှာ အဖိုးတန်ရတနာတွေ ပါလာမှာကျိန်းသေးတယ် ...



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံတဲ့နေရာမှာဝှက်ထားကြမှာပဲ သည်ထက်ပိုပြီးတော့ လုံခြုံတဲ့နေရာက ဘယ်မှာရှိနိုင်သလဲ၊ မြေကြီးထဲမှာမြှုပ်ထားလိုက်တာမျိုးပေါ့ ဘယ်သူမှလည်းမမြင်နိုင်တော့ဘူးလေ"

ကိုဦး၏စကားကြောင့် ပါပလည်းတွေဝေသွားခဲ့ရသည်။ ဖြစ်နိုင်သည်ဟုလည်းစိတ်ထဲမှာထင်မိလိုက်သည်။ သည်လို စိတ်ကူးမျိုး မိမိဘာကြောင့်ပေါ်မလာခဲ့တာလဲဟုတွေးပြီး နောင်တရသွားခဲ့လေသည်၊ ကိုဦးတို့သာ မြေအောက်မှအဖိုးတန်ရတနာများကိုတွေ့သွားခဲ့လျှင် အကယ်၍ထိုရတနာပစ္စည်းများက မြေအောက်မှာရှိနေခဲ့လျှင်ပေါ့ ...

"တကယ်လို့သာ မြေအောက်က အဖိုးတန်ပစ္စည်းတွေထွက်လာခဲ့ရင်တော့ မင်းရဲ့ကျေးဇူးပေါ့ကွာ မင်းနဲ့လည်းဆိုင်တာပဲ၊ ငါခေါင်းပုံမဖြတ်ပါဘူး စိတ်မပူပါနဲ့"

ကိုဦးက ပါပ၏အခြေအနေကို သိသွားဟန်တူသည်။ မျက်နှာပျက်နေသောကြောင့် နှစ်သိမ့်စကားဆိုလိုက်သည်။

"ဟာ ကျွန်တော် ဒီလိုမဟုတ်ပါဘူး၊ ဆရာ ကျွန်တော့်ကို ဥပေက္ခာမပြုတော့ဘူးဆိုတာ သိပြီးသားပါ"

ယင်းအချိန်တွင် သူတို့သည် ဓားကြီးမည်သည့်နေရာမှာရှိနေသလဲဟုသိချင်နေသည်။ ကိုဦးသည် ဓားကြီးကို မေ့လျော့နေလေပြီ။ ရှေးဟောင်းလက်နက်ပစ္စည်းများထဲတွင် နိုင်မာသောပေါက်ချွန်းတစ်ခုကိုလည်းတွေ့လိုက်ရသည်။ အမိုးမရှိတော့။ ဓား





မြောင်အချို့ကိုလည်းတွေ့ရသည်။ ကိုဦးစိတ်ကူးရသွားသည်။

"ဒါတွေနဲ့ပဲတူးဆွရမှာပဲ"

သူထင်သည့်နေရာကိုလိုက်ကြည့်သည်။

"ဟောဒီနေရာကိုတူးကြည့်မယ်ကွာ"

တစ်နေရာကိုလက်ညှိုးထိုးပြလိုက်သည်။ ပါလာကြသူများက ရရာလက်နက်များဖြင့် တူးဆွနေကြသည်။ သူတို့ကတော့စောင့်ကြည့်နေကြသည်။ တကယ်သိချင်နေသည်က ဓားကြီးရှိနေသည့်နေရာ တစ်တောင်၊ နှစ်တောင်၊ သုံးတောင်မကတူးလာခဲ့ကြသည်။ အကြောင်းက မထူးသေး။ သို့သော် လေးတောင်လောက်အနက်တွင် ...

"ဒေါက်"

ပေါက်ချွန်းက တစ်စုံတစ်ခုကို ထိမိသွားသည်။ စိတ်ဝင်စားသွားခဲ့ကြသည်။

"ဟော့ ဘာလဲမသိဘူး၊ ဖြည်းဖြည်း ဖြည်းဖြည်း ကွဲရှစရာတွေဖြစ်နေဦးမယ်"

ကိုဦးကသတိပေးလိုက်သည်။ ထို့ကြောင့် ဓားမြှောင်တို့ပြောင်းပြီးသုံးသည်။ သေးကနေဆွပြီး မြေကြီးကိုဖော်သည်။ ကြွေရေတကောင်းတစ်လုံးက တဖြည်းဖြည်းနှင့်ပေါ်လာခဲ့လေသည်။ သေးမှာရေးခြယ်ထားသည့်ဆေးရေးပန်းချီများက အကောင်းအတိုင်းရှိနေသေးသည်။ သို့သော် အရုပ်များက ကိုမ်ဆွာများ၏



www.burmeseclassic.com

www.burmeseclassic.com



ပုံများဖြစ်နေကြသည်။ ပစ္စည်းများမြေကြီးထဲကနေဖော်ယူနေသော လူတစ်စုကို ခက်ရင်းသုံးခွမှိန်းကြီးများ၊ လှံကြီးများဖြင့် ထိုးခုတ်နေကြသောပုံများဖြစ်သည်။

သို့သော် ... ကိုဦးတို့သည် ယင်းပုံများကိုဂရုမစိုက်အားကြ၊ ရေတကောင်းကြီးထဲမှ မည်သည့်အရာများရှိနေသလဲဟုသာ စိတ်ဝင်စားနေကြသည်။ ပါပသည်လည်း ထို့အတူ ရေတကောင်းကြီးကို စိတ်ဝင်စားနေမိသည်။ တစ်တောင်ခန့်ရှိသော ရေတကောင်းကြီးကို အထိအခိုက်မရှိ မြေသားထဲနစ်ဝင်နေရာမှ ဆွဲထုတ်လိုက်လေသည်။ သို့သော် ရေတကောင်းကြီး၏အဖုံးကို စေးကပ်သောအရာများဖြင့်ထပ်ကာကပ်ထားသည်။ ထို့ကြောင့် ဤအတိုင်းခွာရခက်နေသည်။ မြဲမြဲလွန်းလှသည်။

"ဆရာ အဖုံးကိုခွဲပစ်လိုက်ရမလား"

"ဟေ့ ဟေ့ မလုပ်နဲ့ ရေတကောင်းကလည်း တန်ဖိုးရှိတယ်ကွ နေနေငါလုပ်မယ်"

ကိုဦးသည် ရေတကောင်းအဖုံးနှင့် ဆက်စပ်နေသောနေရာကို ပါလာသောဓားမြှောင်ဖြင့် အသာအယာလေး ဆွပေးနေသည်။ စေးကပ်မာကျောနေသောအရာများက တော်တော်လေးကိုအားစိုက်မှသာ နည်းနည်းချင်း ကွာထွက်လာခဲ့ကြသည်။ အားလုံးသည် ရေတကောင်းအဖုံးလွတ်ကျွတ်စွာကွာသွားမည့်အချိန်ကို စိတ်ဝင်စားစွာဖြင့် ကြည့်နေကြသည်။





ယင်းအချိန်တွင် ...

လွန်စွာကြီးမားသော ကြွက်ကြီးတစ်ကောင်သည် နံရံကပ်ကျောက်အဆင့်များပေါ်မှာ ယောက်ယက်ခတ်ကာပြေးသွားလျက်ရှိသည်။

"ကျွိ ... ကျွိ ... ကျွိ ..."

သည့်နောက် ကြွက်တွေ တစ်ကောင်စနှစ်ကောင်စဖြင့် ရောက်လာကြသည်။ အကောင်နှစ်ဆယ်ခန့်ဖြစ်လာခဲ့ကြသည်။

"ကျွိ ... ကျွိ ... ကျွိ ..."

သူတို့သည်လည်း ကျောက်ဆင့်များပေါ်မှ လျှောက်ပြေးနေကြသည်။ သိုးတို့သုံးယောက်သည် ပထမတော့ ဂရုမပြုမိ။ နောက်တော့မှ များပြားလာသောကြွက်များကို သတိထားမိလာခဲ့ကြသည်။ ထိုအထဲတွင် ခေါင်းဆောင်ကြွက်ကြီးသည် တစ်လသားဝက်ပေါက်လေးတစ်ကောင်နီးပါး ရှိနေသည်ကိုတွေ့လိုက်ကြရ၍ အံ့အားသင့်သွားခဲ့ကြရလေသည်။ ပါပနှင့်ကိုဦးတို့ကားပစ္စည်းဖောကပ်နေ၍ ကြွက်သံများကိုကြားနေကြရသည့်တိုင် ဂရုမစိုက်ကြ၊ သတိမမူမိကြ၊ သိုး၊ မင်းနောင်နှင့်ပေါက်ကျော်တို့သည် ရှေ့ကို တစ်ဆင့်တိုးပြီးကပ်လာခဲ့ကြသည်။ ထို့နောက် ဂူအပြင်အကွယ်တစ်ခုမှနေ၍ အထဲကို လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ ကျောက်စင်များ၏အထက်အပေါ်ဆုံးတွင် မီးမီးတို့



www.burmeseclassic.com

www.burmeseclassic.com



ရှာဖွေနေကြသော ဓားကြီးကိုတွေ့လိုက်ကြရလေသည်။

"အစ်ကို ဓားကြီးကဟိုး အပေါ်မှာ ..."

"ဟုတ်လား အင်း ... ရအောင်ယူရမှာပေါ့"

မင်းနောင်က အပေါ်ကိုမော့ကြည့်ပြီးတော့ပြောလိုက်သည်။ သို့သော် မကြာမီတွင်ထိတ်လန့်စရာကောင်းသော အဖြစ်အပျက်တစ်ခု ဖြစ်ပွားတော့မည်ကို သိလိုက်ကြရသည်။ ကြွက်ခေါင်းဆောင်နှင့်တူသော ကြွက်ကြီးသည် ယင်းစင်ပေါ်တွင် ကျွန်မရသလိုလျှောက်ပြေးနေသည်။ သူ့ကိုယ်လုံးနှင့်ခြေထောက်များနှင့်ဓားကြီးကိုတိုက်ခတ်သွားသည်။ ထိုအခါ ဓားကြီးသည်ရွေ့လျားသွားသည်။ အပြင်ဘက်ကို တဖြည်းဖြည်းနှင့်ထွက်လာခဲ့လေ၏။

ထို့နောက် ကြွက်ကြီးသည်တမင်တကာပင်လျှင် ဓားကြီးကိုနှုတ်သီးနှင့် ခေါင်းနှင့်တိုးဝှေ့ကာ အောက်ကိုမကျကျအောင် တွန်းချနေသကဲ့သို့ရှိနေသည်။ ယင်းမြင်ကွင်းကြောင့် သိုးနှင့်အဖော်များသည် အောက်မှလူများကိုစိုးရိမ်မကင်းဖြစ်သွားခဲ့ကြလေသည်။



အခန်း (၁၉)

ထူးဆန်းသောကြွက်များ

စိုးရိမ်စိတ်ဖြစ်၍မဆုံးမီ ထိတ်လန့်စရာအဖြစ်အပျက်က ဆိုက်ရောက်လာခဲ့သည်။ ပါပသည် လူတစ်စုကရေတကောင်းကြီးဖွင့်နေသည့်အခြေအနေတစ်ရပ်အား စိတ်ဝင်စားစွာဖြင့် ငုံ့ကြည့်နေခိုက်မှာ ကြွက်ကြီးတစ်ကောင်ဓားကြီးကို မည်သည့်အငြိုးဖြင့် . အောက်ကိုတွန်းချလိုက်မှန်းမသိ။ ဓားကြီးသည် ကျောက်စက်ထက်မှပြုတ်ကျသွားခဲ့လေတော့သည်။

"ဟာ" "ဓား"

"ဓားကြီးကျလာပြီ မြန်မြန်ရှောင်"

သိုးနှင့်ပေါက်ကျော်တို့က အထိတ်တလန့်နှင့်အော်ဟစ်ပြီး သတိပေးလိုက်ကြသည်။ ပါပကလည်းမော့အကြည့် လူအားလုံးကလည်း လှစ်လှစ်ရှားရှားဖြစ်သွားကြချိန်မှာ ...



www.burmeseclassic.com

"ပါပ ဖယ်လေမြန်မြန် ..."

ကိုဦးက ရိပ်ခနဲဆိုကျလာသောဓားကြီးကြောင့် အော်ဟစ်ပြီးတော့သတိပေးလိုက်ပြန်သည်။ သို့သော် ပါပကား ခေါင်းကိုမော့လျက် မလှုပ်မယှက် ထိုအခါဓားကြီးသည် သူ့ကိုယ်ပေါ် တည့်တည့်ကျသွားခဲ့လေသည်။

"အား"

"ဟင်" "ဟာ"

အားလုံးသည် သွေးပျက်စရာမြင်ကွင်းကြောင့် အလန့်တကြားနှင့်အော်မိလိုက်ကြသည်။ ပါပကား မလှုပ်မယှက်သေပွဲဝင်ခဲ့လေပြီ။ ယင်းတို့ထဲမှတစ်ယောက်သည် စိတ်ဖောက်သွားသလိုဖြစ်သွားခဲ့သည်။ ပါပ၏ကိုယ်ပေါ်မှအောက်ကိုစင်၍ကျလာခဲ့သောဓားကြီးကိုပြေးကောက်ယူလိုက်သည်။

"ဟော့ ဟော့ကောင် မင်း မင်း ဒါဘာလုပ်တာလဲကွ"

ကိုဦးက သူ့လူ၏အပြုအမူကိုနားမလည်။

"ဘာလုပ်ရမှာလဲ မင်းတို့အားလုံးကိုငါသတ်မယ်"

"ဟာ ဟော့ကောင် သ သတိထားပါဦး၊ မင်းဘာယ်လိုဖြစ်သွားတာလဲ လက်ထဲကဓားကိုလွှတ်လျှလိုက်စမ်း"

"ဟား ဟား ဘာလို့ဓားကိုလွှတ်ချရမှာလဲ၊ မင်းတို့အားလုံးရဲ့အသက်ကိုငါယူမှာ ဟောဒီဓားကြီးကမင်းတို့အတွက်ဘာဝ





နိဂုံးချုပ်ပေးမှာ ဇာ်ပြည်ကိုပို့ပေးမှာ တစ်ယောက်မှထွက်မပြေးကြနဲ့"

ထိုသူက အသံနက်ကြီးဖြင့်အော်ဟစ်ကာပြောလိုက်သည်။ ရုပ်ရည်သည်လည်း ခက်ထန်ကြမ်းတမ်းသော အမူအရာသို့ပြောင်းသွားခဲ့လေပြီ။ ပြီးတော့ ဓားကြီးကိုကိုင်ကာ လူအားကိုပတ်ချာလှည့်ပြီးကြည့်လိုက်သည်။

"မြမောင် ... မင်းသတိထားစမ်းပါ၊ ငါ ကိုဦးလေကွာ မင်းရဲ့ဆရာလေ ဓားကြီးကိုချလိုက်စမ်းပါ"

"ဘာလဲ ဘာတွေလာ်ပြောနေတာလဲ ငါ့မှာဆရာဆိုတာမရှိဘူး၊ တပည့်လည်းမရှိဘူး၊ သေရမှာကြောက်လို့သွေးရူးသွေးတမ်းနဲ့လိုက်ပြောနေတာလား ဟား ဟား ဟား ဟား"

"ဆရာ မဖြစ်တော့ ... ဒီကောင့်လက်ထဲကဓားကြီးက အန္တရာယ်ကောင်းကောင်းပေးနိုင်တယ်၊ မရရအောင်လုယူမှဖြစ်မယ်"

"ဟုတ်တယ် အခြေအနေစိတ်မချရတော့ဘူး"

မြမောင်၏လက်ထဲမှ ဓားကြီးကိုလုယူရန် စိတ်ဆုံးဖြတ်လိုက်ကြသည်။ ထို့ကြောင့် ကိုဦးအပါအဝင်လူလေးယောက်တို့သည် မြမောင်ကို မသိမသာဝိုင်းထားလိုက်ကြ၏။ မြမောင်ကလည်း ကြောင်စီစီမျက်လုံးများဖြင့် အလစ်မပေးဘဲကြည့်နေသည်။

www.burmeseclassic.com



"မင်းတို့က ဘာဖြစ်လို့ ငါ့ဆီကိုမဝင်ရဲကြတာလဲ၊ လာခဲ့ကြစမ်း ဟောဒီဓားကြီးအကြောင်းကို မင်းတို့မသိကြသေးဘူးမဟုတ်လား။ ရာဇဝတ်သားတွေကို စီရင်ခဲ့တဲ့မရဏစေတမာန်ဓားကြီးကွ၊ အေး မင်းတို့လည်းသေဖို့သာပြင်ထား"

မြမောင်သည် မဆင်မခြင်နှင့်အဖော်များကို ဓားကြီးနှင့်လိုက်ပြီးတိုက်ခိုက်လေတော့သည်။

"ဝှစ် ဝှစ် ဝှစ် ဝှစ်"

"ဟား ဟား ဟား ရာဇဝတ်သားတွေ မင်းတို့အားလုံးကိုကွပ်မျက်ပစ်မယ်၊ သေကြစမ်း သေကြစမ်း"

မြမောင်၏ နဂိုအသံ လုံးဝပျောက်ကွယ်သွားသည်။ တူးဆန်းသောအသံမျိုးဖြစ်လာခဲ့သည်။ ထို့နောက် သူကပင်စတင်ပြီးတိုက်ခိုက်လေတော့သည်။

"ဟာ ဟေ့ကောင် မြမောင်၊ မြမောင် မင်းသတိထားလေ ငါတို့က မင်းကိုဒုက္ခပေးမလို့မဟုတ်ပါဘူး။ မင်းအန္တရာယ်ဖြစ်မှာစိုးလို့တားဆီးမလို့ပါ၊ ဓားကြီးကိုအောက်ချလိုက် အောက်ချလိုက်နော်"

"ဘာလို့အောက်ချရမှာလဲ၊ မင်းတို့က ဒီဓားကြီးနဲ့ငါ့ကိုပြန်ပြီးတိုက်ခိုက်ကြမလို့မဟုတ်လား။ ဟိုမှာ ပါပလည်းသေပြီ မင်းတို့လည်းသေစေရမယ်၊ အဲဒါကိုငါကအဆုံးသတ်ပေးရမှာ





လေ ဟား ဟား ဟား"

မြမောင်သည် ပြောရင်းနှင့် စိတ်ကိုမထိန်းနိုင်ဖြစ်ကာ ပြေးဝင်လာပြီး တစ်ယောက်ကိုခုတ်ချလိုက်သည်။

"အား"

ထိုသူကရှောင်လိုက်သော်လည်း လက်မောင်းကိုရှပ်ပြီးတော့ထိသွားသည်။ ကျန်လူများက မြမောင်ကိုဝိုင်းချုပ်လိုက်ကြသည်။

"ဟေ့ ဟေ့ကောင်တွေ လွှတ်စမ်း၊ ငါ့ကိုလွှတ်ကြစမ်း။ ငါကအာဏာပါးကွက်သား မင်းတို့ငါ့ကိုဒီလိုလုပ်ကြရင် အားလုံးဒုက္ခများသွားကြလိမ့်မယ်"

မြမောင်ကရုန်းကန်သည်။ ထိုအခါ လက်မှာကိုင်ထားသောဓားကြီးက လွတ်ထွက်သွားခဲ့သည်။ လွင့်စင်သွားခဲ့သည်။

"ဒေါက်"

"'ဟာ"

သိုးတို့ဆီရောက်သွားခဲ့လေသည်။ ဓားကြီးက သူတို့အနားမှာကပ်ပြီးတော့ကျလာသည်။ ကိုဦးသည် လောဘရမ္မက်ဖြင့် ဓားကိုပြေးကောက်မည်ပြုသည်။ သို့သော် သိုးကအရင်ကောက်ယူလိုက်လေပြီ။ ထိုအခါကျမှ ကိုဦးသည် သိုးတို့သုံးယောက်ကိုမြင်တွေ့သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် မင်းတို့ဘယ်သူတွေလဲ ဘယ်လိုရောက်လာခဲ့တာလဲ"

အုံ့အားတသင့်ဖြင့်မေးလိုက်လေသည်။ သို့ကာအဖြေမပေးမီ မင်းနောင်ကိုတွေ့သွားခဲ့သည်။

"ဟင် ဒီလူက ပါပပြောတဲ့အဖြူထည်မျက်လုံးနဲ့လူ"

"ဟုတ်တယ် ကျုပ်ပဲ ခင်ဗျားတို့အလိုရှမှုက်ကြီးပြီး ဒုက္ခရောက်ကုန်ကြမှာစိုးလို့ အချိန်မီတားဆီးဖို့ရောက်လာခဲ့ကြတာပဲ၊ ဒါပေမယ့် နောက်ကျသွားပြီ"

"ဘာကွ ဘာပြောတယ် ငါတို့ကိုတားဆီးဖို့ရောက်လာတာဟုတ်လား။ ကြီးကြီးကျယ်ကျယ်ကွာ၊ ဒါငါတို့အလုပ်ကိစ္စ မင်းတို့နဲ့ဘာမှမပတ်သက်ဘူး။ အဲဒီဓားကြီးကိုသာပြန်ပေးပါ"

"မပေးနိုင်ဘူး ဒီဓားကြောင့်ဟိုတစ်ကောက်ဘာဖြစ်သွားခဲ့ပြီလဲ၊ ခင်ဗျားတို့မျက်မြင်ပဲ"

"ဟာ ဒါ ဒါ မင်းတို့ငါ့ကိုသက်သက်မယ့် ကန့်လန့်တိုက်တာပဲ၊ ငါဒီဓားကိုရဖို့အတွက် အပင်ပန်းခံပြီး ဒီကိုရောက်လာခဲ့ရတာ မင်းတို့က ဘာဆိုင်လို့ဝင်ပြီးတော့ဖွတ်ဖက်တာလဲ"

"ဆိုင်ပါသော်ကောဗျာ ဒီဓားဟာ ကျုပ်တို့ရွာကပျောက်သွားတဲ့ ဓားကြီးမို့ပဲ၊ အခုလည်း လိုက်ရှာပြီးဖျောက်ဖျက်ပစ်မလို့"

"ဖျောက်ဖျက်ပစ်မလို့ဟုတ်လား။ ဟာ ဟာကွာ ဒီလိုတော့မလုပ်ပါနဲ့၊ ငါ့ကိုပေးပါ ငါ့ကိုပြန်ရောင်းပါ၊ ငါမင်းတို့ကိုထိုက်တန်တဲ့ဈေးပေးဝယ်ပါ့မယ်"

ကိုဦးသည် ဓားကြီးကိုဖျောက်ဖျက်ပစ်မည်ဆို၍ ပျာပျာသလဲဖြစ်သွားခဲ့ရလေသည်။

"ခင်ဗျားလက်လွှော့လိုက်ပါတော့ ကျွန်တော်က ဟင်ဆိုရင်နောက်ကိုပြန်ပြီးတော့လှည့်မကြည့်တတ်ဘူး"

"ဩ မင်းကဒီလိုလား၊ ငါ့ဘက်ကလိုက်လျော့ခဲ့တာတောင်လက်မခံဘူးဆိုရင် ဒီဓားကြီးကိုမရရအောင်ယူရတော့မှာပေါ့ကွာ"

ကိုဦးသည် နောက်ကိုလှည့်ကြည့်လိုက်သည်။ သူ့လူတွေနှင့်တိုက်ခိုင်းမလို့ပင်။ သို့သော် သူ့လူတွေက မြမောင်ကိုချုပ်ထားကြသည်ဖြစ်၍ ...

"ဟော့ကောင်တွေ မြမောင်ကိုလွှတ်လိုက် ဒီမှာလာပြီးရှင်းကြစမ်း"

ထိုအခါ သူ့လူများကလည်း ကိုဦးသေဆိုသေ ရှင်ဆိုရှင်ဆိုသည့်လူစားတွေ မြမောင်ကိုလွှတ်လိုက်ကြပြီးပြေးလာခဲ့ကြသည်။

"ခင်ဗျားတို့ဒီလိုနည်းနဲ့ ဒီဓားကိုပြန်လုချင်တယ်ပေါ့ ဟုတ်လား မှားသွားတာပေါ့ဗျာ"





www.burmeseclassic.com

"ဟော့ မှားမှား မှန်မှန် မင်းဝေဖန်စရာမလိုဘူး။ မင်းက လူငယ်ပြီးတော့်တော်စွာချင်တဲ့ကောင် အေး ငါကလည်းအဆုံးသတ်ပေးရမှာပေါ့ကွာ"

ကိုဦးသည် စိတ်မထိမ်းနိုင်တော့ဘဲ သိုးဆီသို့ပြေးဝင်ခဲ့သည်။ မဆင်မခြင်အမှားတစ်ခုပင် မင်းနောင်က ချက်ချင်းပင် သိုးကို လက်နှင့်တွန်းဖယ်ပစ်လိုက်သည်။

"အံမာ ဒီအကန်းကရာရာစစ၊ ငါ့ကိုလာယှဉ်ဦးမလို့လား"

ကိုဦးက မင်းနောင်ကို ပမာမခန့်ပြောလိုက်သည်။ သို့သော် မင်းနောင်သည် ကိုဦးကိုနောက်ထပ်စကားဆက်ခွင့်မပေးတော့။

"ခွပ်" "အား"

ပါးချိတ်ရိုးဆီကို လက်သီးတစ်လုံးပစ်သွင်းလိုက်သည်။ ကိုဦးအံ့အားသင့်ချိန်ပင်မရလိုက်။ ခေါင်းကလည်ထွက်သွားသည်။ ကိုယ်ကိုမထိန်းနိုင်တော့ပဲ တစောင်းပစ်လဲကျသွားခဲ့လေသည်။ ပြေးဝင်လာခဲ့ကြသောကိုဦး၏လူများသည် သူ့ဆရာကိုအလဲထိုးလိုက်သောမင်းနောင်အား ဓားမြှောင်များဖြင့်ပြေးထိုးကြလေ၏။

သို့သော် ပေါက်ကျော်နှင့်သိုးတို့မှာမနေသာကြတော့ပဲ ထိုသူများကိုရင်ဆိုင်တိုက်ခိုက်ကြသည်။ ထိုသူများသည် မိုက်ရူးရဲ တဖွတ်ထိုးသမားများသာဖြစ်ကြသည်။ ကိုယ်ခံပညာကိုမတတ်ကြ၊ အရမ်းကာရောဝင်ကြသည်။





"ငါလုပ်လိုက်ရင်တော့သေတော့မယ်"

ပေါက်ကျော်က အရှောင်အတိမ်းနှင့်ခုန်ထွက်သွားပြီး တစ်ယောက်၏ဓားကိုင်လက်ကို ဓားပြားနှင့်ရိုက်ချလိုက်သည်။

"ဖြန်း" "အား" "ဒုတ်" "အား"

လက်ထဲက ဓားမြှောင်လွတ်ကျသွားသည်။ တစ်ဆက်တည်းမှာပင် ဓားနှောင့်က ခေါင်းပေါ်ကိုကျလာခဲ့လေသည်။ ခေါင်းထဲမှာနားကျင်မှုနှင့်အတူ အမှောင်ကချက်ချင်းကျသွားခဲ့လေသည်။ တစ်ယောက်က ဘာမပြောညာမပြောနှင့် သိုးလက်ထဲက ဓားကြီးကိုပြေးလုသည်။ ထိုသူ၏ နားရင်းကိုဓားပြားနှင့်ရိုက်ထည့်လိုက်လေသည်။

"ဖြန်း" "အား"

အားထည့်ကာရိုက်ထည့်လိုက်၍ နား[illegible]ကင်းပါးရင်းတွေပူထူသွားခဲ့ရသည်။ ပျင်းပြသောနာကျင်မှုကြောင့် ဒူးထောက်ကျ[illegible]ွားခဲ့ရလေသည်။ ထွက်ပြေးသောတစ်ယောက်ကို မင်းနောင်က ခြေသိမ်းကာရိုက်ထည့်လိုက်သည်။

"ဖြောင်း" "အား"

ထိုသူသည် မျက်နှာနှင့်မြေကြီးပစ်ရိုက်သွားသည်။ လဲကျနေသူတစ်ယောက်ကနောက်မှပြေးလိုက်လာသောသိုးကိုအုတ်တုံးတစ်တုံးဖြင့်ပစ်ပေါက်လိုက်ရာ ...



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



"ခွပ်"

စာစာကသူတို့ဖွင့်နေသော ရေတကောင်းကိုထိသွားသည်။ အစိတ်စိတ်အမွှာမွှာကွဲထွက်သွားသည်။ အထဲမှထွက်လာသည်မှာ အရိုးပြာများသာ၊ ပြာမှုန့်များသာလေထဲတွင် လွင့်ပျံ့သွားခဲ့ကြလေ၏။ (အရိုးပြာများကို ရေတကောင်းထဲထည့်ပြီး မည်သည့်အကြောင်းကြောင့် မြေကြီးထဲမြှုပ်ထားမှန်းနားမလည်ကြချေ)

ထိုစဉ် ...

စင်များပေါ်တွင်လျှောက်ပြေးနေသောကြွက်များကြောင့် ပစ္စည်းတချို့သည် အောက်ကိုပြုတ်ကျလာခဲ့ကြသည်။ ကြွက်များသည် ယင်းပစ္စည်းများအောက်ကိုကျအောင်တမင်တကာ တိုက်ချနေကြသလိုပင်။ ယင်းအချိန်တွင် ကိုဦးသည်လည်းသတိရလာခဲ့ပြီဖြစ်သည်။

"ဟင်၊ ငါ့ကို ဟိုအဖြူထည်မျက်လုံးနဲ့ကောင်က တွယ်ထည့်လိုက်တာပဲ၊ ဒီကောင်တွေ၊ ဒီကောင်တွေ၊ အခုဘယ်ကိုရောက် ..."

ကိုဦးသည် သိုးတို့ကိုကျောက်စင်ကြီးများရှိနေသော နေရာတွင်ရောက်နေကြောင်းတွေ့သွားခဲ့လေရာ ...

"ဟင်၊ ဒီကောင်တွေ ဟိုပစ္စည်းကိုတွေ့သွားပြီ၊ ယူသွား





ကြရင်တော့အခက်၊ ဓား ... ဓား၊ ဓားကြီးကိုလည်းအပိုင်စီးသွားခဲ့ကြပြီ၊ မဖြစ်ဘူး၊ မဖြစ်ဘူး၊ ငါသွားမှ၊ ဟော့၊ ဟော့ကောင်တွေ၊ ထကြစမ်း၊ ဟိုမှာမင်းပထွေးတွေ၊ ပစ္စည်းတွေကိုတွေ့သွားကြပြီ"

ဒဏ်ရာရပြီးသတိလစ်နေကြသူများသည် ကိုဦး၏အကန်ခံလိုက်ရမှုကြောင့် သတိရလာခဲ့ကြသည်။ ယင်းအချိန်တွင် သိုးတို့သည်ဂူအတွင်းရှိကျောက်စင်ကြီး၏တစ်ဖက်တွင် လမ်းတစ်လမ်းရှိနေကြောင်းတွေ့သွားခဲ့ကြသည်။ ထို့ကြောင့် စိတ်ကူးမရှိကြပဲ တိုင်ပင်ထားသည့်အလားပြေးထွက်လာခဲ့ကြသည်။

"အစ်ကို၊ ဒီဘက်မှာဂူလိုဏ်လမ်းကြီးရှိတယ်"

"အင်း၊ ဟုတ်တယ်၊ ငါ့ညီ၊ အဲ့ဒီဘက်ကိုတည့်တည့်သွား၊ ငါ့စိတ်ထဲမှာ ထူးခြားမှုတစ်ခုခုရှိနေလိမ့်မယ်လို့ထင်တယ်"

မင်းနောင်က ညာလက်လမ်းကိုလက်ညှိုးထိုးကာ ထပ်ပြီးတော့ညွှန်လိုပြန်သည်။ သူပြောလျှင်မှန်တတ်၍ ...

"သွားလေ ..."

သုံးယောက်သားပြေးထွက်လာခဲ့ကြလေသည်။ နောက်မှ ကိုဦးနှင့်သူ့လူများသည်လည်း ထပ်ချပ်မကွာပြေးလိုက်လာခဲ့ကြသည်။

"ဟိုကောင်တွေလက်ထဲမှာ ဓားကြီးပါသွားပြီ၊ မျက်ခြည်



www.burmeseclassic.com

www.burmeseclassic.com



မပြတ်ကြစေနဲ့၊ လိုက်၊ လိုက်ကြ''

ကိုဦးမှာ ဤ်ဓားကြီးကိုပင်မရမကလိုချင်နေသည်။ သူတို့ပြေးလိုက်လာကြသည့်လမ်း၏ ဘယ်ဘက်တွင် ဂူလိုဏ်လမ်းကြောင်းလေးတစ်ခုကရှိနေပြန်သည်။ ထိုအနားကိုရောက်သော်စိတ်ပြောင်းသွားကြသည်။ ရှေ့ကိုဆက်မလိုက်ကြတော့ပဲ ...

''ဟေ့၊ ဒီကောင်တွေ၊ ငါတို့လိုက်လာမယ်မှန်းသိလို့ဒီလမ်းအတိုင်းပြေးကြမှာမဟုတ်ဘူး။ ဟောဒီလမ်းသွယ်လေးထဲကနေပြေးသွားပြီး ပုန်းချင်ပုန်းနေကြလိမ့်မယ်၊ လာကြ''

ထို့ကြောင့် ထိုလမ်းသွယ်လေးထဲကိုဝင်သွားခဲ့ကြသည်။ ရှေ့တည့်တည့်ကိုဆက်ပြေးသွားသော သိုးတို့နှင့်လွဲသွားလေခဲ့ကြလေပြီ။



## အခန်း (၂၀)
## ရုပ်တုဇာတ်သိမ်း

သိုးတို့သည်စိတ်ကူးမရှိဘဲ ဤနေရာတစ်လျှောက်ပြေးလွှားလာခဲ့ကြ၏။

နောက်ကိုလှည့်ကြည့်မိလိုက်ကြရာ ...

''ဟိုလူတွေလိုက်လာကြတဲ့ အသံတွေကိုကြားလိုက်ရပြီးဘယ်ကိုရောက်သွားကြပါလိမ့်''

''ငါတို့ပြေးလာခဲ့ကြတဲ့လမ်းတစ်နေရာမှာ ဘယ်ဘက်ကိုချိုးသွားတဲ့လမ်းသွယ်လေးတစ်ခုကို ငါတွေ့လိုက်တယ်သိုး၊ ဒီလူတွေ အဲ့ဒီလမ်းထဲကိုဝင်သွားခဲ့ကြသလားမှမသိတာ''

''ဖြစ်နိုင်တယ်၊ ငါတို့အဲ့ဒီအထဲကိုဝင်သွားကြတယ်လို့ထင်ပြီးလိုက်သွားကြတာဖြစ်ရမယ်၊ ကောင်းတာပေါ့ကွာ၊ ငါဒီလူတွေနဲ့ထပ်ပြီးတော့ မဆုံချင်တော့ဘူး''



www.burmeseclassic.com

www.burmeseclassic.com



မင်းနောင်က စိတ်ပျက်သောလေသံဖြင့် ပြောလိုက်လေသည်။

ထိုစဉ် ...

"ငါ့နားထဲမှာရေစီးသံလိုလိုကြားနေရတယ်ကွ"

မင်းနောင်ကပြောလိုက်သည်။ အားလုံးငြိမ်သွားခဲ့ကြသည်။ အသံကိုနားထောင်ကြခြင်းပင်။ တိတ်ဆိတ်နေသာ ဂူလိုဏ်လမ်းကြောင်းကြီးတစ်နေရာမှာ ရေစီးသံကတိုးတိုးသဲ့သဲ့ပင်ထွက်ပေါ်နေကြသည်။

"ဟုတ်တယ် အစ်ကိုနားတော်တော်ပါးတာပဲ၊ တစ်နေရာမှာရေတွေကျနေကြတယ်၊ ဟိုဘက်ထောင့်ဆီကပဲ"

"ဒါဆို ရှေ့ဆက်လျှောက်ရမှာပေါ့ လာသွားကြမယ်"

ထွက်ပေါက်တစ်နေရာရာမှာရှိလိမ့်မည်ဟု ယုံကြည်ထားကြသည်။ ထို့ကြောင့် ခြေလှမ်းခပ်သွက်သွက်နှင့်ပင်ထွက်လာခဲ့ကြလေသည်။ ထို့နောက် တစ်နေရာအရောက်တွင် ရပ်ပြီးတော့နားထောင်ကြပြန်သည်။ ရေသံများကပိုပြီးတော့နီးကပ်လာခဲ့သည်။ ရေကျနေသံမဟုတ် တစ်နေရာကိုစီးဆင်းနေသောအသံများပင် မြေအောက်ဂူထဲမှာ စမ်းချောင်းကြီးတစ်ခုရှိနေသလားဟု ထင်မိလိုက်ကြသည်။ မကြာမီ ဘယ်ဘက်ခြမ်းတွင် ဘေးထွက်ဂူတစ်ခုကို မမျှော်လင့်ဘဲတွေ့လိုက်ကြရပြန်သည်။





"ဟောဒီ အထဲကပဲ"

ဂူဝကိုရောက်သော် အပြင်ဘက်ကနေကြည့်လိုက်ကြရာ အတန်ငယ်ကျယ်ဝန်းနေသည်ကိုတွေ့လိုက်ကြရသည်။ ထို့အပြင် ဂူအမိုးအက်ကြောင်းအချို့မှ ကျဆင်းလာသောအလင်းရောင်အောက်တွင် မြင်လိုက်ရသည်ကား ချောင်းလက်တက်လေး တစ်ခုလိုရေများက အောက်ဘက်ကို အရှိန်နှင့်စီးဆင်းလျက်ရှိနေခြင်းပင်။

မင်းနောင်သည် မြင့်သည့်ဟန်ဖြင့်ကြည့်လိုက်ပြီး ...

"ဒါ စမ်းချောင်းမဟုတ်ဘဲ ချောင်းရေကတစ်နေရာကနေပြီး မြေအောက်ကိုဖြတ်ပြီးတော့စီးဆင်းနေတာ"

သိုးနှင့်ပေါက်ကျော်တို့သည် မင်းနောင်ကိုကြည့်ပြီးအံ့အားသင့်သွားခဲ့ကြရသည်။ စိတ်ထဲမှာတော့ ဒီလူမမြင်တာမှဟုတ်ရဲ့လားဟု ထိုနောက်အထဲကိုဝင်ကြည့်ကြလေသည်။ ရေတက်နေချိန်ဖြစ်ဟန်တူသည်။ ရေတွေပြည့်လျှံစွာပင်တစ်ရှိန်ထိုးစီးဆင်းလျက် ...

ယင်းအချိန်တွင် အရာဝတ္ထုတစ်ခုသည် ရေစီးထဲတွင်မျောပါလာသည်။ ရေပြင်တစ်နေရာတွင် ကျောက်တုံးတစ်ခုကထွက်ပေါ်လျက်ရှိနေသည်။ ရေပြင်အထက်ကို တစ်တောင်သာသာခန့်လွတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်ပါလာသောယင်းအရာဝတ္ထုသည် ထိုကျောက်တုံးကို အရှိန်နှင့်ဝင်တိုက်မိသည်။ လှိုင်းကလည်း တစ်ချက်ပုတ်လိုက်လေရာ ...

"ဝုန်း"

ထိုအရာဝတ္ထုသည် လေထဲတွင်မြောက်တက်သွားကာ ကမ်းပေါ်လွင့်စင်ကျခဲ့လေသည်။

"ဘုတ်"

သိုး၏ခြေရင်းမှာအမှတ်မထင်ကျလာသည်။ သိုးသည် ထိုပစ္စည်းကိုပထမတော့ အမှုမဲ့အမှတ်မဲ့နှင့်ပင်ကြည့်နေမိသည်။ နောက်တော့ အံ့အားသင့်သွားသည်။ မျက်လုံးတွေပြူးသွားခဲ့ရသည်။ ထိုပစ္စည်းကား အခြားမဟုတ်၊ ရုပ်တုတစ်ခုပင် သူရေထဲကဆယ်ယူခဲ့ကာ ညောင်ကြက်ပင်ကြီးပေါ် တင်ထားခဲ့သောသစ်သားရုပ်တုကြီးပင်တည်း။ ရက်စက်ကြမ်းကြုပ်သောမျက်နှာထားရှိသည့် ရုပ်တုကြီး၊ သိုးကိုမထီမဲ့မြင်အမူအရာဖြင့်ကြည့်နေသည်ဟုထင်မိသည်။

"ငါ အပင်ပေါ်ကိုတင်ထားတဲ့အရုပ်က ဘယ်လိုကြောင့် ဒီနေရာကိုရောက်လာခဲ့ပါလိမ့်၊ ကြည့်ရတာ ဘယ်သူ့ဖို့မှကောင်းကျိုးပေးမှာတော့မဟုတ်ဘူး"

သိုး၏ခေါင်းထဲတွင် အဘမိုးပြောခဲ့ဖူးသောရာဇဝတ်ကောင် နိုးသားဓားပြကြီး ငကြွေး၏အကြောင်းကိုအမှတ်ရလာခဲ့သည်။ ဤရုပ်တုသည် ငကြွေး၏ပုံတူရုပ်တု ဟုတ်သော်ရှိ မဟုတ်သော်ရှိ စိတ်ထဲတွင် မသင်္ကာစရာကောင်းအောင်ဖြစ်လာခဲ့ရသည်။ ထို့အပြင် လက်ထဲမှာကိုင်ထားသည့် မရဏစေတမာန်ဓားကြီးကလည်း တဆက်ဆက်နှင့်လှုပ်လာသည်ဟု ထင်လာမိသည်။

ထို့ကြောင့် ဓားကိုလက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ကာ တအားမြှောက်ပြီးတော့ အရှိန်နှင့်ခုတ်ချလိုက်လေတော့သည်။

"ခွမ်း"

ဓားသည် ဒေါင်လိုက်တည်နေသောရုပ်တုပေါ်ကိုတည့်တည့်ကျသွားခဲ့သည်။ ထင်းချောင်းကိုခွဲချလိုက်သလို ထက်ခြမ်းကွဲထွက်သွားလေ၏။ ထို့နောက် ဆက်ကာဆက်ကာ ခုတ်ထစ်ပစ်လိုက်သည်။ တစ်စစီ တစ်ခုစီ အပိုင်းပိုင်း အထစ်ထစ်ဖြစ်သွားခဲ့လေ၏။ ယခင်က ရုပ်တုတစ်ခုဖြစ်ခဲ့သည်ကိုပြောပြရန် ခက်ခဲသွားခဲ့လေပြီ။

သိုး၏လျှင်မြန်လွန်းသောအပြုအမူကြောင့် အားလုံး အံ့အားသင့်သွားခဲ့ရသည်။ တားဆီးချိန်ပင်မရလိုက်ကြ။ မည်သူမဆိုလက်နက်တစ်ခုကိုကိုင်မိလျှင် သွေးကြွတတ်သည်။ သိုးသည်လည်း ထိုသို့ ဖြစ်သွားခဲ့လေပြီလားဟု ထင်မိကြသည်။







www.burmeseclassic.com

www.burmeseclassic.com



မြမောင်သည်လည်း ထိုကဲ့သို့ စိတ်ဖောက်သွားခဲ့သည်မဟုတ်လား။

"သိုး မင်းဘယ်လိုဖြစ်သွားခဲ့တာလဲ၊ ဒီရုပ်တုကို ဘာဖြစ်လို့ အခုလိုလုပ်လိုက်ရတာလဲ"

ပေါက်ကျော်မေးလိုက်သည်။ ပြီးတော့ သတိလည်း ထားနေရသည်။ ဓားကြီးကိုင်ပြီး လျှောက်ရမ်းမည်ဆိုးသောကြောင့်ပင် ...

"ငါစိတ်ဖောက်သွားတာမဟုတ်ဘူး၊ ဒီလိုလုပ်ရတာ ငါ့အကြောင်းနဲ့ငါပဲ မင်းတို့ရှင်းအောင်ငါပြောပြမယ်"

သိုးသည် ဤရုပ်တုရောက်လာခဲ့သည်ကအစ ရွာကမ်းစပ်ရှိ ညောင်ကြက်ပင်ကြီးပေါ်မှာတင်ထားခဲ့ပုံ အဘမိုးက နိုးသားဓားပြငကြွေးနှင့်ပတ်သက်ပြီး သူကြားသိခဲ့ဖူး ဖတ်ဖူးမှတ်ဖူးခဲ့သည့် အတိတ်ဇာတ်လမ်းကြောင်းကို ပြောပြခဲ့ပုံ ...

ငကြွေးကားစင်တင်ပြီး ကွပ်မျက်ခံရသည့်ကိစ္စ၊ ငကြွေး၏ဆရာက ကားစင်တိုင်ကိုငကြွေးပုံရုပ်တုထုလုပ်ခဲ့သည်များကအစ အားလုံးပြောပြလိုက်သည်။

"ဟင် ဟုတ်လား ဒါဆိုမင်းက ဒီရုပ်တုငကြွေးရဲ့ရုပ်တုလို့ပဲထင်နေတာပေါ့"

မင်းနောင်ကမေးလိုက်သည်။





"ဟုတ်တယ် ကျွန်တော့်စိတ်ထဲမှာ အဲသလိုပဲထင်မိတယ် ပြီးတော့ အဘမိုးက ဒီဓားကြီးကိုပါ ဖျောက်ဖျက်ပစ်နိုင်းတယ် ဒါကို အစ်ကိုလည်းသိပြီးသားပါ"

"ခုတော့ မင်းရဲ့ဆန္ဒပြည့်သွားပြီပေါ့ကွာ"

"မဟုတ်သေးဘူးလေ ဒီဓားကို ဘယ်လိုဖျက်ဆီးရမလဲဆိုတာကရှိသေးတယ်"

"အဲဒါ ဦးနှောက်စားစရာမဟုတ်ပါဘူးကွာ၊ မင်းကိုင်ထားတဲ့ ဓားကိုပြန်ကြည့်ပါဦး"

မင်းနောင်သည် သိုးကိုအဖြူထည်မျက်လုံးကြီးများဖြင့်ကြည့်ကာပြောလိုက်သည်။ သိုးကလက်ထဲမှဓားကို မြှောက်ကြည့်လိုက်သည်။ ဓားသွားကပဲ့သွားသည်။ ကြည့်နေရင်းကပင် အက်ကြောင်းများက တဖြည်းဖြည်းနှင့်ပေါ်လာကာ တစ်စစီ တစ်ခုစီ ပဲ့ပဲ့ပြီးတော့ကျသွားခဲ့ကြလေသည်။ ကိုင်ထားသော ဆင်စွယ်လက်ကိုင်ရိုးသည် တဖြည်းဖြည်းနှင့်အက်ကြောင်းများထင်လာကာ ကြေမွပျက်စီးသွားခဲ့လေသည်။

ဆင်စွယ်မှန်ပြားပိုးမစား မဆွေးမြည့်ဆိုသည့်စကားကို ယခုတော့မည်သို့နားလည်ရမှန်းမသိတော့။

"ကဲ ဓားကြီးတော့ထူးဆန်းစွာပျက်ဆီးသွားပြီ မင်းထင်ထားတဲ့ ဓားပြကြီးငကြွေးရဲ့ရုပ်တုသာမှန်ခဲ့လျှင် သူ့မှာနှစ်ခါသေ



www.burmeseclassic.com

www.burmeseclassic.com



သွားရတဲ့အဖြစ်မျိုးကိုကြုံသွားခဲ့ရတာပေါ့ကွာ''

မင်းနောင်က သိုး၏ပခုံးကိုပုတ်ကာပြောလိုက်သည်။ သိုးလည်း အစာကြေသွားသလို ရင်ချောင်သွားခဲ့သလို စိတ်ထဲမှာ ရှင်းသွားခဲ့သည်။ ထို့နောက် ဂူထဲမှာထွက်လာခဲ့ကြလေသည်။

ဂူလိုဏ်လမ်းကြောင်းသည် သုံးလေးဆစ်လောက်ချိုးကွေ့ရနှင့် ကွေ့ကွေ့ကောက်ကောက်ရှိလာသည်။ အောက်ကိုလည်း သိသိသာသာပင် နိမ့်ဆင်းသွားခဲ့လေသည်။ သွားနေရင်းကပင် မင်းနောင်က ...

"ငါတို့တစ်နေရာကိုရောက်လိမ့်ဦးမယ်၊ ငါထင်တယ် အားလုံးအံ့အားသင့်စရာဖြစ်လောက်အောင် အဆန်းတကြယ်မြင်ကွင်းတစ်ခုကို မြင်ကြရလိမ့်ဦးမယ်၊ ထွက်ပေါက်ကလည်း အဲဒီနေရာမှာပဲရှိတယ်''

ဟုကြိုတင်ပြီးတော့ နိမိတ်ဖတ်လိုက်ပြန်သည်။ သူ့စိတ်မှန်းနှင့်ပြောလျှင်မလွဲ၍ စိတ်ထဲမှာ လက်ခံလိုက်ကြရပြန်သည်။ တစ်နေရာကိုအရောက်တွင် အနည်းငယ်မှောင်ကျသွားခဲ့သည်။ လမ်းကိုလည်းကောင်းစွာမမြင်ရတော့။ ဂူအမိုးမျက်နှာကျက်မှ


ရှေ စကားစာပေ

www.burmeseclassic.com

www.burmeseclassic.com



အက်ကြောင်းတို့မရှိတော့သောကြောင့်ပင်။ နောက်တော့ အလင်းရောင်တစ်ခုကြောင့် လမ်းကိုဝိုးတဝါးပြန်ပြီးတော့မြင်လာခဲ့ရသည်။

ယင်းအလင်းရောင်သည် မည်သည့်နေရာကရောက်လာခဲ့ပါသလဲ။ ပါးပါးရေးရေးအလင်းရောင်သည် ဂူထွက်ပေါက်တစ်ခုဆီကရောက်လာခဲ့ဟန်တူသည်။ ဂူဝသည်အနည်းငယ်တော့ လှမ်းနေလိမ့်ဦးမည်။

သို့သော် မှန်းဆပြီးလျှောက်နေရင်းကပင်အလင်းရောင်ကတဖြည်းဖြည်းနှင့်ကျယ်ပြန့်လာသည်။ ထို့နောက် အနည်းငယ်မော့နေသော လမ်းလေးအတိုင်းတက်ကြရပြန်သည်။ တစ်ဖန်လမ်းကညီညာသွားခဲ့ပြန်သည်။ အလင်းရောင်က ပိုပြီးတော့ထင်ရှားလာခဲ့သည်။ လူတစ်ယောက်စာသာသာဝင်နိုင်သည့် ဂူပေါက်တစ်ခုက ဆီးပြီးတော့ကြိုနေသည်။

မျက်စိမမြင်သည့်သူက ရှေ့ကဖြစ်နေသည်။ မင်းနောင်သည် သူတို့၏ရှေ့မှဝင်သွားခဲ့သည်။ သိုးနှင့်ပေါက်ကျော်တို့က နောက်မှနေ၍လိုက်သွားခဲ့ကြသည်။ ထိုအခါ ဂူတစ်လုံးသည် လင်းချင်းနေသည်ကိုတွေ့လိုက်ကြရသည်။ အလင်းရောင်ထွက်ပေါ်လာရာဆီကို လှမ်းကြည့်လိုက်ကြရာ ...

"ဟင်"

အံ့အားသင့်သွားခဲ့ကြသည်။ အမြင့်တစ်နေရာတွင် ကိုယ်





ဟန်နွဲ့နွဲ့နှင့်ရပ်နေသော မိန်းကလေးတစ်ယောက်ကို တွေ့လိုက်ကြရသောကြောင့်ပင်တည်း။ ထိုမိန်းကလေး၏ မျက်ဝန်းတစ်စုံမှ တောက်ပသောအလင်းရောင်များက ထွက်နေကြသည်။ သူမသည် ညာလက်ကိုဖြန့်ကာ ရှေ့ကိုဆန့်တန်းထားသည်။ ရုပ်ရည်ချောမောလှပလွန်းပြီး ချစ်ချင်သဖွယ်၊ နှစ်လိုဖွယ်ရာအဆင်းရှိသည်။ သို့သော် မလှုပ်မယှက်ငြိမ်သက်နေသောကြောင့် ရုပ်တုတစ်ခုမှန်းသိသွားခဲ့ကြသည်။

အဘမိုးပြောပြခဲ့ဖူးသော ဖယောင်းမယ်ရုပ်တုကို ဖျတ်ခနဲဆို သတိရသွားခဲ့သည်။

"ဟင် ... ဒါ ... ဒါ ... အဘမိုးပြောဖူးခဲ့တဲ့ ဖယောင်းမယ်ပဲ"

"ဘာ ... အဘမိုးက ဖယောင်းမယ်ဆိုတဲ့ရုပ်တုအကြောင်းကို ပြောပြခဲ့တယ်၊ ဟုတ်လား"

"ဟုတ်တယ် ... ပေါက်ကျော် ... ငါ့ကို မကြာသေးမီကမှ ပြောပြခဲ့တာ"

သို့သော် မင်းနောင်ကတော့ ထိုရုပ်တုကို ကြည့်ပြီးတော့

"ငါကတော့ ဒီရုပ်တုမယ်နဲ့ ဒုတိယအကြိမ်ပြန်ပြီးတော့ဆုံစည်းမိပြန်ပြီပေါ့ကွာ"

ဟု ညည်းညူသလိုပြောလိုက်သည်။ ဤရုပ်တုမယ်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများသည် ထူးဆန်းစွာ ပြောင်းလဲသွားခဲ့ရသည် မဟုတ်ပါလား။ ထိုအခါကျမှ သိုးနှင့်ပေါက်ကျော်တို့သည်လည်း ဦးစက်ရှိန်နှင့် မင်းနောင်တို့ ဤဂူထဲသို့ ရောက်ဖူးခဲ့သည့်အကြောင်း မြန်ပြီးတော့ သတိရသွားခဲ့ကြသည်။

"ဟုတ်သားပဲ၊ ဒီနေရာကို အစ်ကိုလည်းရောက်ဖူးခဲ့တာလဲ"

"ဟိုဂူကြီးနဲ့ ဒီဂူက တစ်ဆက်တည်းဖြစ်နေတာကိုး။ ကံကြမ္မာက ငါ့ကိုဘယ်လိုအကြောင်းကြောင့် ဒီနေရာကိုရောက်အောင် ထပ်ပြီးတွန်းပို့လိုက်ပြန်ပါလိမ့်၊ ထိုလူကြီး ဦးစက်ရှိန်ကတော့ ကြောက်လန့်သွားပြီးနောက် တစ်ခေါက်ထပ်မလာရဲတော့ဘူးထင်ပါရဲ့"

မင်းနောင်သည် ဦးစက်ရှိန်ကိုရော သူ့ကိုယ်ကိုပါ နာကြည်းနေမိသည်။

"ကဲ ... ဒီအထဲမှာ ကြာကြာမနေကြနဲ့၊ မင်းတို့လည်း ဒုက္ခရောက်သွားကြလိမ့်မယ်၊ ထွက်ပေါက်ရှိတယ်၊ ထွက်ကြမယ်"

မင်းနောင်က ထွက်ပေါက်ရှိရာတွင်းဝဆီကို ခြေဦးအလှည့်လိုက်မှာ ...



အခန်း (၂၁)

လွင့်ပြယ်သွားသောကျိန်စာ

ထိုစဉ် ...

"ဖျပ် ... ဖျပ် ... ဖျပ် ... ဖျပ်"

တဖျပ်ဖျပ်နှင့် မြည်သံများကို ကြားလာခဲ့ကြရသည်။ ခြေသံများပင်တည်း ...

"ဟိုလူတွေလိုက်လာကြပြီထင်တယ်၊ လာကြ ... ဒီဘက်ကို"

မင်းနောင်သည် အကြားအာရုံ စက္ခုအာရုံအသိနှင့် သိုးနှင့်ပေါက်ကျော်တို့ကို ဂူထဲတစ်နေရာဆီသို့ ခေါ်သွားခဲ့သည်။ မလှမ်းမကမ်းရှိ ကျောက်ပိုကြီးတစ်ခု၏အကွယ်တွင် ရပ်နေလိုက်ကြသည်။ ကျောက်ပိုကြီးသည် လူတစ်ရပ်လောက်ကိုမြင့်မားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖျပ် ... ဖျပ် ... ဖျပ် ... ဖျပ်"

ခြေသံများသည် ပို၍နီးကပ်လာခဲ့ကြသည်၊ ချက်ချင်းလိုလိုပင် ဂူထဲသို့ လူတစ်စုက ရောက်လာခဲ့ကြလေသည်။ သို့သော် သုံးယောက်တည်းသာ လူကမစုံတော့။ ကိုဦးနှင့်သူ့လူနှစ်ယောက်ပင်တည်း။ သူတို့သည် အံ့အားသင့်စရာမြင်ကွင်းကို ကြုံတွေ့လိုက်ကြရသည်။

"ဟင် ... ဒါ ဘာကြီးလဲ ... ရုပ်တုလေးတစ်ခုပါလား"

ကိုဦးသည် အစက သက်ရှိမိန်းကလေးတစ်ယောက်ဟု ထင်မိသွားသော်လည်း နောက်တော့မှ ရုပ်တုတစ်ခုမှန်းသိသွားခဲ့ရသည်။ ထို့အပြင် အလင်းရောင်တွေ ထွက်နေသော မျက်ဝန်းတစ်စုံကြောင့် ပိုပြီးတော့ အံ့အားသင့်သွားခဲ့ကြရသည်။

"မျက်လုံးတွေက အလင်းရောင်ထွက်နေတယ်၊ ဒါထူးခြားမှုပဲ၊ ဒီမျက်လုံးတွေဟာ ထူးခြားမှုရှိလိမ့်မယ်၊ ငါရအောင်ယူရမယ် ... တောက် ... ဒီကောင်မလေးဟာ တကယ်သက်ရှိလေးဖြစ်ရင်သိပ်ကောင်းမှာပဲ၊ အဲဒါဆိုရင် ငါ့မယားဖြစ်မှာ၊ ငါသိမ်းပိုက်လို့ရတာပေါ့ ... ဟိုဂူထဲမှာလည်း ရှေးဟောင်းပစ္စည်းတွေက အများကြီး၊ ဒီမှာလည်းရဦးမယ်ဆိုတော့ ဒီကမ္ဘာမှာ ငါ့လောက် ကံကောင်းတဲ့သူမရှိတော့ဘူးဟေ့ ... ဟား ဟား ဟား ဟား ဟား"





ကိုဦးသည် စကားကိုမဆင်မချင်ပြောလိုက်သည်။

"ဟာ ဆရာကလည်း ဒီလိုမပြောနဲ့လေ၊ ကျွန်တော်တို့တော့ စိတ်လေးတယ်ဗျာ၊ ဆိုးကျိုးတွေဖြစ်လာရင် မလွယ်ဘူးနော်"

"ဟုတ်တယ်ဆရာ ... ဟိုဂူထဲမှာလည်း ဘာတွေဖြစ်ပြီးကျန်ရစ်ခဲ့ကြသလည်းဆိုတာ ဆရာမြင်တဲ့အတိုင်းပဲလေ၊ ဒီဓားကြီးက ဘယ်လောက်မွှေသလဲဆိုတာ၊ ကျွန်တော်တို့ လူနှစ်ယောက်လည်း ဘယ်မှာကျန်ခဲ့ကြသလဲမသိဘူး၊ တော်ပါတော့ဆရာရယ်၊ လက်လျှော့လိုက်ပါတော့၊ ပြန်ကြရင်ကောင်းလိမ့်မယ်ထင်တယ်"

"ဟာ ... ဘာဖြစ်လို့ ပြန်ရမှာလဲကွ၊ ဒီလိုအခွင့်အရေးမျိုး နောက်တစ်ခါထပ်မရနိုင်ဘူး။ မင်းတို့ပြောမှပဲ၊ ဟိုဓားကြီးကို ငါသတိရသွားတယ်၊ ဟိုကောင်တွေ ယူပြေးသွားခဲ့ကြပြီးဒါပေမယ့် ငါကတော့ ဒီဓားကြီးကို ငါ့လက်ထဲမရောက်ရောက်အောင် ထပ်ပြီးကြိုးစားရမှာပဲ၊ ဒီကောင်တွေ နုံအအနဲ့ ငါ့လက်ထဲက ပြေးမလွတ်ကြပါဘူးကွာ၊ အခုလောလောဆယ် ဟောဒီ ငါ့မယားလေးဆီက မျက်လုံးတွေကို ထုတ်ယူရမယ်၊

အဲ ... မဟုတ်သေးဘူး၊ ရုပ်တုကိုပါ ယူသွားမယ်၊ အဲဒါကိုပြပြီး ရောင်းစားရင် မြိုးမြိုးမြက်မြက်ကလေးရမှာ တဲ



www.burmeseclassic.com

www.burmeseclassic.com



လာကြမော့ ရုပ်တုကို ဘယ်လိုရအောင်ယူရမလဲဆိုတာ နည်းလမ်းရှာကြရအောင်''

ကိုဦးသည် သူ့လူနှစ်ယောက်ကိုခေါ်ပြီး ရုပ်တုဆီကို လျှောက်သွားကြသည်။ ထိုစဉ် ...

''မင်းတို့ ဒီရုပ်တုကိုလက်ဖျားနဲ့တောင်မတို့ရဘူး''

အော်ပြောပြီးတော့ဖွက်သွားသောသူက မင်းနောင်၊ ထို့နောက် သိုး၊ ပေါက်ကျော်၊ တစ်ယောက်ပြီးတစ်ယောက်ဆိုသလို ကိုဦးသည် သိုးတို့ဥ်နေရာကိုရောက်နေသည်ဟုမထင်မိ ထို့ကြောင့် အံ့အားသင့်သွားခဲ့ရလေ၏။

''ဟင် မင်း မင်းတို့ ဒီနေရာမှာရှိနေခဲ့ကြတာကို။ အကြွေတရှုန်သူဖြစ်သွားကြပြီပေါ့ကွာ၊ ဟိုနေရာမှာလည်းငါတို့ကိုနှောက်ယှက်တယ်၊ ဒီနေရာမှာလည်း ထပ်ပြီးတော့ နှောင့်ယှက်ကြပြန်ပြီ၊ မလွှန်လွှန်းဘူးလား။ ဘယ်မှာလဲကွ၊ ဟိုတားကြီး။ မင်းတို့လုပ်လို့ ငါ့လူတွေလည်း သေးသလား၊ ရှင်းသလားမသိနဲ့၊ ကျန်ရစ်ခဲ့ကြတယ်၊ တစ်ယောက်ကတော့ သေကျန်ရစ်ခဲ့ပြီ''

''ကျုပ်က စေတနာနဲ့ သတိပေးတာကိုယ့်လူ၊ ဒီရုပ်တုကို ထိရင် ခင်ဗျားတို့အားလုံး ဒုက္ခရောက်သွားကြလိမ့်မယ်''

''မင်းက ငါ့ကိုလာပြီးခြိမ်းခြောက်နေပြန်ပြီ၊ မင်းယူချင်လို့ ဒီလိုစကားမျိုးကိုပြောနေတာ၊ မမြင်မကန်းနဲ့ ရမ်းသန်းပြောမနေ





နဲ့ဟေ့၊ ဒီတစ်ခါ ငါ မင်းတို့ကိုအခွင့်အရေးပေးလိုက်မယ်၊ အားလုံးထွက်သွားကြ၊ ငါတို့အလုပ်ကိုလာပြီးမနှောင့်ယှက်နဲ့''

''ခြော် ... ကျုပ်စကားကိုမယုံဘဲကိုး၊ အဲဒီရုပ်တုနဲ့ပတ်သက်ပြီး ကျုပ်ကလက်တွေ့ခံစားရတာ၊ စေတနာနဲ့သတိပေးတာကို နားမလည်ရင် အကျိုးနည်းကုန်ကြလိမ့်မယ်နော်''

''တော်ပြီ ... မင်းပါးစပ်ကိုပိတ်ထားတော့၊ အိုမင်းတို့ရှိနေကြရင် ထပ်ပြီးတော့ နှောင့်ယှက်ကြဦးမှာ၊ အပြတ်ရှင်းပစ်တာပဲကောင်းပါတယ်''

ကိုဦးသည် စိတ်ဖောက်သွားသည့်အလား မင်းနောင်ဆီကို ပြေးဝင်လာခဲ့သည်။ ပါလာသောသေနတ်လည်း ဘယ်ဆီကျကျန်ရစ်ခဲ့မှန်းမသိ။ ထို့ကြောင့် လက်ချည်းသက်သက် ဝင်ရောက်တိုက်ခိုက်လေတော့သည်။ ကိုဦးသည် မျက်မမြင်တစ်ယောက်ကို လွယ်လွယ်နှင့်အနိုင်ယူနိုင်လိမ့်မည်ဟု ထင်မိသည်။ သို့သော် မမြင်သူက မြင်သလို တိုက်ခိုက်နိုင်စွမ်းရှိနေသည်ကို သူမေ့လျော့သွားဟန်တူသည်။

မင်းနောင်သည် အရမ်းကာရောဝင်လာသောသူကို–

''ဒီလူ ခံခဲ့ရတာမမှတ်သေးဘူးထင်တယ်''

''ခွပ် ...''

''အား ...''

လက်သီးတစ်လုံးက မေးရိုးကို ထိမိစွာကျော်ထည့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကိုဦးသည် ကိုယ်တစ်ပတ်လည်ထွက်သွားကာ ဒူးထောက်ပြီးတော့ ကျသွားခဲ့ရသည်။ သူ့လူနှစ်ယောက်သည်လည်း သူတို့ဆရာ မရှုမလှခံလိုက်ရသည်ကိုမြင်သွားခဲ့ကြရပြန်၍ တိုက်ခိုက်ရန် ပြေးဝင်လာခဲ့ကြပြန်သည်။

"ဟော့ ... မင်းတို့နေရာမှာရပ်လိုက်ကြစမ်း"

သိုးက ချက်ချင်းပင် တားဆီးလိုက်သည်။ သို့သော် သူတို့ကတော့ ဘာမှမကြားတော့သလို ဓားကိုမြှောက်ကာ အနားကိုတစ်ရှိန်ထိုးရောက်လာခဲ့သည်နှင့် ...

"ထန် ... ထန်"

သံသံချင်းထိခက်သွားကြသည်။ သိုးနှင့်ပေါက်ကျော်တို့က သူတို့၏ဓားများဖြင့် ရိုက်ခတ်ထုတ်လိုက်သဖြင့် လက်ထဲမှလွတ်ထွက်သွားခဲ့ကြသည်။

"ပြောမရတဲ့လူတွေ"

ငယ်ထိပ်ကိုဓားနှောင့်နှင့်ထုချလိုက်ကြလေသည်။

"ဒုတ် ... ဒုတ် ... အား ... အား"

ကိုဦးသည် မြေပြင်ထက်မှာ ကုန်းကုန်းကွကွကြီးဖြစ်နေရာက မတ်တတ်ထရပ်လိုက်သည်။ ထို့နောက် ဖယောင်းမယ်ရပ်တုဆီကို တစ်ရှိန်ထိုးပြေး၏။ ထိုစဉ် မမျှော်လင့်သော အခြင်းအရာတစ်ခုသည် ဖြစ်ပေါ်လာခဲ့လေသည်။

"ဂီး"





ငှက်မည်းကြီးတစ်ကောင်သည် စူးရှသောအသံကိုပေး၍ ဂူတွင်းတစ်နေရာမှ ထွက်ပေါ်လာခဲ့လေသည်။ ကြီးမားသောတောင်ပံနှစ်ဖက်ကိုဖြန့်ကာ ကိုဦးဆီကို တစ်ဟုန်ထိုးပျံသန်းလာခဲ့သည်။

"အား ... အား"

ကိုဦး၏မျက်လုံးများသည် ပူခနဲဖြစ်ကာ နာကျင်စွာခံစားလိုက်ရ၏။ ငှက်မည်းကြီးသည် ကိုဦး၏မျက်လုံးနှစ်လုံးကို သူ၏ချွန်ထက်သောနှုတ်သီးဖြင့် ဖောက်ပစ်လိုက်လေပြီ။ မျက်လုံးနှစ်လုံးကို လက်ဝါးများဖြင့် ပိတ်ကာ သွေးရူးသွေးတန်းဖြင့် ထွက်ပြေးသည်။ မမြင်မကန်းနှင့် ဟိုတိုက်၊ သည်တိုက်နှင့် ဖြစ်ကုန်သည်။ ထို့နောက် ငှက်မည်းကြီးသည် ဂူထဲမှာ တစ်ပတ်ဝဲကာ ဂူလိုဏ်လမ်းကြောင်းတစ်နေရာဆီသို့ ပျံသန်းဝင်ရောက်သွားခဲ့လေ၏။

ထူးဆန်းသော အဖြစ်အပျက်ကြောင့် သိုးတို့လည်း မှင်တက်မိကာ အံ့အားတသင့်ဖြင့် ကြည့်နေမိကြသည်။

"ငါ့မျက်လုံးတွေ ပျက်စီးသွားပြီ၊ ဘာကိုမှ မမြင်ရတော့ဘူး၊ မမြင်နိုင်တော့ဘူး"

ကိုဦးသည် မျက်နှာတစ်ပြင်လုံး သွေးသံရဲရဲဖြင့် အော်ဟစ်ညည်းညူနေလေတော့သည်။ သိုးနှင့်ပေါက်ကျော်တို့လည်း ကိုသူသုံးယောက်ကို တစ်နေရာတည်းမှာစုကာ နေစေလိုက်ပြီး—



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ဘယ်မှမသွားကြနဲ့၊ ဒီတောအကြောင်းမသိကြသေးလို့၊ နောက်ထပ်ထင်ရာလျှောက်ပြီးလုပ်ဦးမယ်ဆိုရင် ဆိုးကျိုးတွေ ဆက်တိုက်တွေ့နေရဦးမှာပဲ"

သူတို့သည် နေရာမှာပင် နေနေကြကာ မလှုပ်ရဲကြတော့ပါ။ ကိုဦးကား တအီးအီးဖြင့် ညည်းညူနေဆဲ။ မင်းနောင်သည် ရုပ်တုမယ်ဆီကို တစ်လှမ်းချင်းပင် လျှောက်သွားနေသည်။ သိုးနှင့်ပေါက်ကျော်တို့က မင်းနောင်၏လှုပ်ရှားမှုကို ကြည့်မိလိုက်ကြသည်။ ဘာများဆက်လုပ်ဦးမလို့လဲဟု စိုးရိမ်စိတ်ဝင်သွားမိကြသည်။ စိတ်နာနာနှင့် ရုပ်တုကိုများ ဖျက်ဆီးပစ်လိုက်လေမလားဟု၊ သို့ဆိုလျှင် နောက်ထပ်ဖြစ်ပေါ်လာမည့် ဆိုးကျိုးများကို မစဉ်းစားရဲကြတော့။

"ဒီလူ ... ဘာပြဿနာရှာဦးမလဲမသိပါဘူးကွာ"

"အေးကွာ ... သူများကိုတော့ တားဆီးပြီးတော့"

ဝေဖန်နေကြဆဲမှာပင် မင်းနောင်က ရုပ်တု၏အနားကို ရောက်သွားသည်။

"ကျုပ် ... ဟိုတစ်ခါက သူတစ်ပါးရဲ့နိုင်းစေချက်အရ ရည်ရွယ်ချက်မရှိဘဲ လုပ်မိခဲ့တာပါ၊ အခု လူတစ်စုရဲ့ကြံစည်မှုကို ကာကွယ်၊ တားဆီးပေးခဲ့ပါပြီ၊ သည့်အတွက် ကျေနပ်ပါ၊ တင်ကျန်တဲ့အကြွေးကျေပါတော့"

မင်းနောင်က နှုတ်မှ တောင်းပန်စကားဆိုလိုက်သည်။





ထိုသို့ဆိုလိုက်သည်နှင့် ဖယောင်းမယ်၏မျက်ဝန်းများသည် ပိုပြီးတော့ တောက်ပလာခဲ့သည်။ ဂူလိုဏ်အတွင်းမှာ ပိုပြီးတော့ လင်းထိန်သွားခဲ့လေ၏။ ရုပ်တုနှင့်အနီးကပ်ဆုံးနေရာတွင်ရှိနေသော မင်းနောင်၏မျက်လုံးများထဲသို့ အလင်းရောင်က ပိုမိုရှုလက်တောက်ပပြီးတော့ ဝင်သွားခဲ့လေသည်။ ထိုအလင်းရောင်သည် ဦးခေါင်းထဲအထိတွင်းဖောက်ပြီးတော့ ဝင်သွားခဲ့သည်ဟု ခံစားလိုက်ရသည်။

ထိုအခါ မျက်လုံးထဲတွင် တောရိပ်၊ တောင်ရိပ်များ၊ လူများ၊ စေတီပုထိုးများ၊ ဆင်၊ ကျား အစရှိသည့် သားကောင်များ၏ သဏ္ဌာန်မျိုးစုံတို့ကို မြင်လာခဲ့ရသည်။ သူတစ်ကိုယ်လုံးသည်လည်း ချာချာလည်သွားသလိုထင်ရကာ ယင်းရွှေခင်းများကလည်း သူ့ရှေ့မှ ရိပ်ခနဲ၊ ရိပ်ခနဲဆို တစ်ဟုန်ထိုး လျင်မြန်စွာပင် ပြေးသွားနေကြသည်။ သည့်နောက်မှာတော့ တဖြည်းဖြည်းနှေးကွေးလာခဲ့ကြကာ ပျောက်ကွယ်သွားခဲ့ကြလေသည်။

မင်းနောင်၏ခေါင်းထဲ မိုက်ခနဲတစ်ချက်ဖြစ်သွားပြန်သည်။ မျက်လုံးတွေထဲမှာလည်း အမှောင်ကျသွားခဲ့သည်။ ထို့နောက် ပြန်ပြီးတော့ ကြည်လင်လာခဲ့သည်။

"တင် ... "

သူ အံ့အားသင့်သွားခဲ့သည်။ သူ့မျက်လုံးများရှေ့ရှိ အရာရာကို သဏ္ဌာန်မှု ဝိုးတဝါးမှုမဟုတ်ဘဲ ပြတ်ပြတ်သားသားထင်ထင်မြင်နေ

www.burmeseclassic.com

www.burmeseclassic.com



ရှိမြိုဖြစ်သောကြောင့်ပင်တည်း။

"အစ် ... အစ်ကို ... ဘာဖြစ်သွားတာလဲဗျာ"

သိုးနှင့်ပေါက်ကျော်တို့က မင်းနောင်၏အနားကို ပြေးလာရင်း မေးလိုက်ကြသည်။ မင်းနောင်သည် သူတို့ဘက်ကိုလှည့်လိုက်ကာ ...

"ငါ _ ငါ့မျက်လုံးတွေ လူကောင်းပကတိအတိုင်းပြန်မြင်ရပြီကွ"

"ဟင် ... ဟုတ်လား ... ဝမ်းသာလိုက်တာဗျာ၊ ဟာ အစ်ကို့ အစ်ကို့မျက်လုံးတွေ အဖြူထည်သက်သက်မဟုတ်တော့ဘူး။ နဂိုအတိုင်းပြန်ဖြစ်သွားပြီ၊ ပြောင်းလဲသွားပြီ"

"ဟုတ်တယ် _ မျက်လုံးတွေ အကောင်းအတိုင်းဖြစ်သွားပြီ"

နှစ်ယောက်စလုံး အံ့အားတသင့်နှင့်ပြောလိုက်ကြသည်။

"ဟော ... ဒါ ...! ဒါဆို ... ငါလူစဉ်မီပြန်ဖြစ်သွားပြီပေါ့ ... ငါ ... ငါ လူတောထဲကို တိုးဝင်နိုင်ခဲ့ပြီပေါ့၊ ဝမ်းသာလိုက်တာကွာ"

မင်းနောင်သည်လည်း ဝမ်းသာအားရနှင့် ပြန်ပြီးတော့ ပြောလိုက်လေသည်။ ထို့ကြောင့် သူတို့နှစ်ယောက်ကိုဖက်ကာ–

"ဒါ ... မင်းတို့ရဲ့ကျေးဇူးကြောင့်ပါကွာ၊ မင်းတို့နဲ့သာ ခုလိုမဆုံးဖြစ်ခဲ့ကြရင် ငါ ဒီနေရာကိုနောက်တစ်ခါ ပြန်ရောက်





နိုင်မှာမဟုတ်ပါဘူး"

"တကယ်တော့ _ ကံတရားက အစ်ကို့ကို ပြန်ပြီးတော့ မျက်နှာသာပေးလိုက်တာပါ"

မင်းနောင်သည် ဖယောင်းမယ်ရုပ်တုဆီကို တစ်ဖန်ပြန်ပြီးတော့ ကြည့်မိလိုက်သည်။ ဖော့ဖယောင်းလို ပျော့ပျောင်းသော ကိုယ်ဟန်ရှိသည်။ ဖယောင်းမယ်ရုပ်တုသည် မည်သည့်ကာလ၊ နှစ်အတိအတောက ရှိခဲ့မှန်းမသိသော်လည်း သူ့ကိုဆိုးကျိုးသာ ပေးခဲ့သည်။ ထို့ကြောင့် ဤနေရာကို နောက်ထပ်တစ်ဖန် ပြန်မရောက်ပါစေနှင့်ဟု အခါခါပင် ဆုတောင်းမိလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)
## သွေးသောက်ညီအစ်ကို

သိုး၊ ပေါက်ကျော်နှင့် မင်းနောင်တို့သည် ကိုဦးနှင့် သူ့တပည့်နှစ်ယောက်ကို မိုးမဲ့ရွာလူကြီးများထံ အပ်နှံသည်။ ထို့မှတစ်ဆင့် သက်ဆိုင်ရာအာဏာပိုင်များထံ အပ်နှံကြသည်။ ထိုသူများသည် ရှေးဟောင်းပစ္စည်းများကို တရားမဝင်နည်းဖြင့် ဥပဒေကို ကျူးလွန်ဖောက်ဖျက်ကာ နိုင်ငံရပ်ခြားသို့ ခိုးထုတ်နေသော နာမည်ကြီးဂိုဏ်းတစ်ခုဖြစ်မှန်း သိလိုက်ကြရသည်။

ထို့ကြောင့် ကိုဦးတို့ကို ဖမ်းဆီးအရေးယူထားကြသည်။ သည့်နောက် သူတို့တွေ့ခဲ့ကြသော ရှေးဟောင်းဂူကြီးဆီသို့ သက်ဆိုင်ရာမှ တာဝန်ရှိသူများနှင့်အတူ သွားရောက်ရှာဖွေကြသည်။ ဂူထဲတွင် တိုင်းတစ်ပါးသားတို့၏ ရှေးဟောင်းပစ္စည်းများကို တွေ့လိုက်ကြရသည်။ ထို့အပြင် သေဆုံးနေကြသော ပါပနှင့်လူတစ်ယောက်ကိုပါ တွေ့လိုက်ကြရသည်။ [ယင်းကိစ္စ အတွက် သိုး၊ ပေါက်ကျော်နှင့် မင်းနောင်တို့သည် သက်ဆိုင်ရာ၏ စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ကြရသေးသည်။]





သိုး၊ ပေါက်ကျော်နှင့် မင်းနောင်တို့သည် သက်ဆိုင်ရာ၏ စစ်ဆေးမေးမြန်းခြင်းကို ခံခဲ့ကြရသေးသည်။]

သို့သော် ဖယောင်းမယ်ရုပ်တုထားရှိရာ မြေအောက်ဂူကြီးကိုတော့ ရှာမတွေ့ကြတော့။ ရှေးဟောင်းဂူကြီး၏ ဂူလိုဏ်လမ်းကြောင်းမှတစ်ဆင့် လိုက်သွားပြီး ဖယောင်းမယ်ရုပ်တုဆီကို သွားကြသော်လည်း လမ်းက တစ်နေရာတွင်ပိတ်နေသည်။ လမ်းပျောက်လျက်ရှိသည်။ ယင်းအချိန်ကစပြီး နောင်အခါ ဖယောင်းမယ်ဂူကို မည်သည့်အခါမှ ရှာမတွေ့နိုင်ကြတော့ချေ။

မင်းနောင်သည်လည်း မိဘညီအစ်ကိုနှင့်ပြန်လည်ဆုံတွေ့ခွင့်ရ၍ ပျော်ရွှင်လျက်ရှိကြသည်။ သိုးနှင့်ပေါက်ကျော်တို့က မင်းနောင်ဆီကိုသွားရောက်လည်ပတ်ကြရာ ...

"တောထဲမှာ နှစ်နဲ့ချီပြီးတော့ ကြာခဲ့တာ၊ ခုနေမြန်ပြီးတော့ စဉ်းစားရင် အိပ်မက်ဆိုးကြီးက လွတ်မြောက်လာခဲ့သလိုပါပဲကွာ"

"ဖြစ်ပြီးခဲ့တာတွေကို ပြန်ပြီးတော့ မစဉ်းစားပါနဲ့တော့ဗျာ၊ စိတ်ပင်ပန်းပါတယ်"

"အင်း ... မစဉ်းစားချင်ပေမယ့်လည်း ခေါင်းထဲမှာ တစ်ခါတစ်ခါ ပေါ်လာတော့လည်း ခက်သား"

"ဒါပေမယ့် ဒါကလည်း ခဏပါ၊ နောက်တော့လည်း တဖြည်းဖြည်းနဲ့ ပျောက်သွားမှာပါလေ"

သိုးနှင့်ပေါက်ကျော်တို့က အားပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ အခုလာတဲ့ကိစ္စက အလည်သက်သက် မဟုတ်ဘူးအစ်ကိုရ"

"ဟော ... ပေါက်ကျော်ဆိုစမ်းပါဦး"

"သိုးရဲ့မင်္ဂလာကိစ္စဖိတ်ရင်းနဲ့ပေါ့ဗျာ"

"ဟော ... ဟုတ်လား ... ငါ့ညီက တယ်ဟုတ်ပါလား။ ဖူးစာရှင်တွေ့ပြီပေါ့လေ"

"ဟုတ်ကဲ့ ... အစ်ကို မင်္ဂလာပွဲကို ဆက်ဆက်လာရမှာ နော်"

"ဟာ ... မလာဘယ်ရှိပါ့မလဲ ... မဖိတ်လည်းလာမှာ ပဲ ... မင်းတို့စနိုးမောင်နှံအတွက် ထိုက်ထိုက်တန်တန်ကိုလက်ဖွဲ့ မယ်ကွာ"

"ဟာ ... အစ်ကို့လက်ဖွဲ့က အရေးမကြီးပါဘူး။ အစ်ကို လာဖို့သာလိုရင်း"

"ဆက်ဆက်ကိုလာဖြစ်ဦးမှာ၊ ငါတို့က သူစိမ်းတွေ မဟုတ် ကြတော့ဘူးလေ ... သွေးသောက်ညီအစ်ကိုတွေဖြစ်နေကြပြီပဲ၊ ကဲ ... ကဲ ... ရောက်တုန်းရောက်ခိုက်မှာ မင်းတို့နှစ်ယောက်ကို ငါ့စိတ်ကြိုက်ပြုစုပါရစေကွာ၊ ပျော်ပျော်ပါးပါးပေါ့၊ ခုလို သတိ တရနဲ့လာတာဝမ်းသာတယ်ဟေ့"

မင်းနောင်က အားပါးတရပင်ပြောလိုက်လေသည်။



မိုးမဲရွာတွင် ထူးခြားမှုတစ်ခုဖြစ်ခဲ့သည်ကား အဘမိုးသည် နေအိမ်မှ ပျောက်သွားခဲ့ခြင်းပင်တည်း။ ယင်းမတိုင်မီ တစ်ခုတွင် ဦးမိုးက ရွာလူကြီးအချို့ကိုဖိတ်ခေါ်သည်။ ထို့နောက် သူပိုင်ဆိုင် သော အိမ်နှင့်ခြံဝင်းတို့ သိုးအားအမွေပေးခဲ့သည့်အကြောင်း ယင်းကိစ္စကို သူမရှိတော့မှသာ သိုးကိုအသိပေးပါရန် လျှို့ဝှက် ထားပေးပါရန် စာချုပ်စာတမ်းနှင့်တကွ စီစဉ်ခဲ့သည်။

နောက်ရက်များမကြာမီမှာပင် အဘမိုးသည် ရွာမှ ထူးဆန်းစွာပင် ပျောက်သွားခဲ့သည်။ မည်သူ့ကိုမှအကြောင်း မကြား။ အသိပေးခြင်းမရှိဘဲ အိမ်မှထွက်သွားခဲ့ခြင်းပင်။ နော တစ်လအကြာ၊ အဘမိုး ရွာကိုပြန်မလာတော့သည်ကို ကျိန်းသေ တော့မှ သိုးကို အိမ်ကိစ္စဖွင့်ပြောလိုက်ကြလေသည်။

"အေး ... အဘမိုးက အဲသလိုစီစဉ်ခဲ့တာကွ၊ သူ မင်းတဝရေစက်ရှိခဲ့လို့နဲ့တူပါတယ်ကွာ ... လက်ခံလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဘမိုးဟာ မယုံနိုင်စရာကိစ္စတစ်ခုကို လုပ်ဆောင်ခဲ့တာပဲ ... ဒါပေမယ့်၊ သူ ကျွန်တော့်ကို အရိပ်အမြွက်လောက်တော့ ပြောခဲ့သင့်ပါတယ် ... ဘယ်ကိုထွက်သွားမှန်းလည်းမသိ၊ တစ်နေရာရာကိုသွားတော့မယ်ဆိုရင်လည်း ဖွင့်ပြောခဲ့ဖို့သင့်ပါတယ်"

သိုးက ဝမ်းနည်းစကားပြောသည်။

"သူဟာ ရွာမှာတော့ လူထူးလူဆန်းကြီးတွေတချို့က မြေလျှောက်ဗိဇ္ဇာကြီးလို့လည်း ပြောကြတယ်၊ ဂန္ဓာရီပဲလုပ်သလား၊ ဒါမှမဟုတ် သူ့ရဲ့အလုပ်ကိစ္စအတွက်ပဲ သွားသင့်တဲ့နေရာကို ထွက်သွားသလားမှမသိတာသိုး"

ထင်ကြေးအမျိုးမျိုးနှင့်ပြောဆိုနေကြသည်။ သို့သော် အဘမိုးသည် မည်သည့်အခါမှ မိုးမဲရွာကိုပြန်ရောက်မလာတော့ပါ။



သို့နှင့် ဖွေးဖွေးတို့၏မင်္ဂလာပွဲကို ရွာတွင် ကျင်းပသည်။ မင်းနောင်လည်း ကျောက်သွေးရွာမှ သုံးရက်ကြိုပြီးရောက်လာကာ မင်္ဂလာကိစ္စအတွက် ကူညီသည်။ သူနှင့်ပေါက်ကျော်တို့က အပင်ပန်းခံ့ပင်။ လက်ဖွဲ့ငွေကိုလည်း ထိုက်တန်စွာကူညီသွားခဲ့လေသည်။

"ဖွေးဖွေး ... ငါတို့မင်္ဂလာကိစ္စပြီးရင် အဘမိုးရဲ့ခြံကြီးထဲမှာ ပြောင်းနေကြဖို့ နှစ်ဖက်မိဘတွေက တိုက်တွန်းထားတယ်၊ နင် လက်ခံတယ်မဟုတ်လား"

"လက်ခံပါတယ်ဟယ်၊ ခုလောလောဆယ်မှာတော့ မိဘတွေရဲ့အိမ်မှာပဲ တစ်လလောက်နေကြမယ်လေ၊ အဲဒါကိုတော့ နင် သဘောတူလား"

"အေးပါ ... ငါလည်း အဲသလိုပဲ စဉ်းစားထားပါတယ်"

ကြင်စဦးဇနီးမောင်နှံတို့ ပျော်နေကြသည်။ တစ်ရက်တွင် မမျှော်လင့်သောအဖြစ်အပျက်တစ်ခုက ပေါ်လာခဲ့ပြန်လေသည်။ သို့နှင့် ပေါက်ကျော်တို့သည် မိဘများနေထိုင်သောခြံအနောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို ရှင်းလင်းနေကြစဉ် ...

ပေါက်ကျော်က ပေါက်တူးဖြင့် အမာခံတစ်ခုကို ပေါက်မိသည်။

"ဒေါက်"

ကျောက်တုံး၊ ခဲလုံးဟု ထင်မိသည်။ သို့သော် သတိထားကာ ဆက်၍တူးရာ အံ့အားသင့်သွားမိသည်။

"သိုး' ... ဒီကိုလာစမ်း"

တစ်ဖက်သို့လှည့်ကာ ချုံရှင်းနေသောသိုးက ပေါက်ကျော်ဆီကိုရောက်လာခဲ့သည်။

"ဘာလဲကွပေါက်ကျော်"

"မြေအိုးတစ်လုံးကွ"

ပေါက်ကျော်က မြေကြီးထဲတစ်ဝက်တစ်ပြက်ပေါ်နေသော မြေအိုးတစ်လုံးကို လက်ညှိုးထိုးပြသည်။ သိုးစိတ်ဝင်စားသွားသည်။ နှစ်ယောက်ပိုင်း၍ဖော်ကြသည်။ မြေပေါ်ကိုရောက်လာခဲ့သည်နှင့် ချိတ်နှင့်ပိတ်ထားသော မြေအိုးအဖုံးကို ဓားနှင့်ပတ်ပတ်လည်ကော်ပြီးဖွင့်ကြည့်လိုက်ကြသည်။

"ဟင် ..."

"ဟာ ..."

အံ့အားသင့်သွားခဲ့ကြသည်။ မြေအိုးထဲတွင် ရွှေ၊ ငွေ၊ လက်ဝတ်ရတနာများက အပြည့်ပင်တည်း။



ဦးမောက်တူနှင့်ဒေါ်ထားမိတို့သည် မိမိတို့[illegible]ထဲမှ ရရှိခဲ့ကြသည့်ရတနာအိုးတစ်လုံးအတွက် နားမလည်နိုင်အောင် ဖြစ်သွားခဲ့ကြရသည်။

"ဒီမြေအိုးဟာ မြေကြီးအောက်မှာ ဘယ်အချိန်ကတည်းက မြုပ်နေတာလည်းမသိဘူး။ ရှေးလူကြီးတွေက မြှုပ်ထားခဲ့ကြတာလား။ ဒီခြံကြီးဟာ ငါတို့ မိဘဘိုးဘွားတွေမတိုင်မီက နေခဲ့ကြတဲ့သူတွေရဲ့ပစ္စည်းပဲဖြစ်ရမယ်"

ဦးမောက်တူက ဝေ[illegible]နေသည်။ မည်သို့ပင်ဆိုစေ သူတို့မိသားစုသည် ရွာတွင် ချမ်းသာသွားခဲ့ကြပြီဖြစ်သည်။ သို့သော် ဤကိစ္စကိုတော့ မည်သူမှမသိကြစေရန် လျှို့ဝှက်ထားကြသည်။ ပေါက်ကျော်ကိုလည်း နှုတ်ပိတ်ထားစေပြီး တစ်သက်ရှင်းစား၍ ရအောင် ထောက်ပံ့ကူညီပေးထားသည်။

သို့သော် ...

ငွေစကာ၁း၀၁၄ပ

www.burmeseclassic.com



သိုး စဉ်းစားမိထားတာတစ်ခုရှိသည်။

"အမေ ကျွန်တော်တို့ရဲ့ခြံထဲကို ညဘက်ကျရင် သူခိုးဝင်သလို၊ လူရိပ်မြင်သလို ဖြစ်တတ်တယ်နော်"

"အေး ... ဟုတ်တယ် ... ဒါပေမယ့် အခုတော့ အဲဒီလို မမြင် မတွေ့မိတာကြာပြီလေ ... ဘာဖြစ်လို့လဲသား"

"ဘာမှမဖြစ်ပါဘူး ... သတိရမိပြီး ... မေးကြည့်တာပါ"

သိုးသည် သူ ရေထဲမှဆယ်ယူလာခဲ့သည့် ရုပ်တုနှင့်ပတ်သက်ပြီး မည်သူ့ကိုမှမပြောခဲ့။ သို့သော် တစ်ခုခုကို ရန့်မကောင်း။ သက်သာမကောင်းဖြစ်နေမိသည်။ မဆီမဆိုင် အဘမိုးပြောပြဖူးခဲ့သည့် ခိုးသားဓားပြကြီး ငကြွေးနှင့်ပတ်သက်ပြီး ခေါင်းထဲကို ဝင်လာခဲ့ပြန်သည်။

ယန်းရုပ်တုသည် ခိုးသားဓားပြကြီး ငကြွေး၏ရုပ်တုဖြစ်နိုင်သလား။ ခြံထဲမှ ရတနာပစ္စည်းများကို တူးဖော်ရရှိခဲ့ခြင်းသည် ငကြွေး၏အကျိုးဆက်ကြောင့်ပဲလားဟု ...

"အို ... မဖြစ်နိုင်ပါဘူးလေ ... ဒီစိတ်ကူးတွေဟာ အကြောင်းအကျိုးဆက်စပ်မှုမှမရှိတာ"

မရဏစေတမန်ဓားကြီး ပျက်စီးသွားသည့်အတွက် သိုးသားမက တစ်ရွာလုံးဘဝင်ကျသွားခဲ့ကြရသည်။ အစွဲများပြေပျောက်သွားခဲ့ကြသည်။

သိုးနှင့်ဖွေးဖွေးတို့သည် အဘမိုး၏ခြံကြီးထဲကို ပြောင်းရွှေ့





ပြီးတော့ နေကြသည်။ အဘမိုးမရှိတော့သော်လည်း သိုးအတွက်ကတော့ အဘမိုးရှိနေသလိုပင် ခံစားနေရသည်။

တစ်ခါတစ်ရံတွင် အကြောင်းကိစ္စပေါ်လာခဲ့လျှင် ပေါက်ကျော်ကိုခေါ်ကာ မိုးမခတောသို့သွားတတ်ကြသည်။ ထိုအခါ ကျေးရွာသိတတ်သော တောလူခေါ် လူပုသေးသေးလေးများကို တွေ့နိုင်မည်လားဟု မျှော်လင့်မိသော်လည်း မတွေ့ရတော့ပါ။ ညောင်းပင်ကြီးကိုတော့ တွေ့ရတတ်ပါသည်။

တောတွင်းတစ်နေရာရှိ ရှေးမကောင်းပစ္စည်းများတွေ့ရှိရာ ဂူကြီးကိုသော်လည်းကောင်း၊ ရှာမတွေ့တော့သော ဖယောင်းမယ်ဂူကြီးကိုသော်လည်းကောင်း အမြဲတစေအမှတ်ရနေတတ်ကြပါသည်။ ထို့အပြင် ...

မရှိမဲ့ ရှိမဲ့ လက်ဖွဲ့ငွေပေးခဲ့သော မင်းနော်ရှိရာဆီကို ဖွေးဖွေးနှင့်အတူ သွားလည်မည်။ သေမဖော်ရှင်ဖက်အတူရှိခဲ့ကြသော ကိုမင်းနော်၏မိသားစုကိုလည်း ရင်းနှီးစားဖို့ ကူညီထောက်ပံ့မည်ဟု ဆုံးဖြတ်မိခဲ့ပါလေသတည်း။

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ

မင်းစိုးဗြ



www.burmeseclassic.com